www.burmeseclassic.com

## ရွှေဥဒေါင်း ၏

# စုံထောက်ဦးစံရှား

## (ပေါင်းချုပ်)

BURMESE CLASSIC .com

[ တတိယအကြိမ် ]

ပထမ အုပ်

အပိုင်း ၃ / ၈

ခံလှစာပေတိုက်

အမှတ် ၁၀၀၊ ၂၉ လမ်း၊ ရန်ကုန်။
ဖုန်း–၇၀၄၅၉

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


— ။ ပုဂံစာတည်းအဖွဲ့၏ မှတ်ချက် .... ဈ
— ။ ထုတ်ဝေသူ၏ ကျေးဇူးတင်လွှာ .... ဋ
၁ ။ မိတ်ဆက် .... ၁
၂ ။ ဘောင်ဒရီလမ်း လူသတ်မှု .... ၁၆
၃ ။ အစိုးရစာချုပ် ပျောက်ဆုံးမှု .... ၈၂
၄ ။ မဟာဆုဇာတဦးအမှု .... ၁၀၃
၅ ။ ထူးဆန်းသော အိမ်ငှားမှု .... ၁၁၅
၆ ။ စာမေးပွဲ မေးခွန်းစာရွက်များ ပျောက်ဆုံးမှု .... ၁၂၈
၇ ။ ကပ်စေးနှဲသော ရဟူဒီအမှု .... ၁၄၂
၈ ။ ကာဏာရိုဇ်အသင်း .... ၁၅၇
၉ ။ ဝန်ထောက်လူလိမ် အမှု .... ၁၇၃
၁၀ ။ သိရှိခဲ့ရသောကမင်းကြီး တံဆိပ်တော် .... ၁၈၄
၁၁ ။ တိုင်ကပ်နာရီများ ခိုးခံရမှု .... ၂၀၃
၁၂ ။ တဂူကူးကူး .... ၂၁၆
၁၃ ။ ခြေကျိုး ကြောင် .... ၂၃၃
၁၄ ။ အိမ်ထွင်းပုန်း ကုလားမ အမှု .... ၂၄၇
၁၅ ။ မောက်တူး အမှု .... ၂၅၇
၁၆ ။ ပြိုင်မြင်းရှင် မောင်ကြာညွန့်အမှု .... ၂၇၀
၁၇ ။ အာဠဝက မောင်ကလေးအမှု .... ၂၈၆
၁၈ ။ ထူးဆန်းသော နားရွက်ပြတ် နှစ်ခု .... ၃၀၃
၁၉ ။ ကမာရွတ်ရွာ လူသတ်မှု .... ၃၂၁
၂၀ ။ ရည်းစားပျောက် ရှာပုံတော် .... ၃၄၃
၂၁ ။ ပထမဆုံး စုံထောက်ခဲ့သော ဝတ္ထု .... ၃၅၆
၂၂ ။ သိုက်ဆရာတယောက်၏ အမှု .... ၃၇၀
၂၃ ။ ဘင်္ဂါလီ စကားပြန်အမှု .... ၃၈၂


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


၂၄။ ကပ်စေးနှဲ မိုးဇက်အမှု .... ၃၉၆
၂၅။ အင်လျားကန် လူသတ်မှု .... ၄၁၀
၂၆။ တွံတေးအိုး ၆ လုံးကွဲမှု .... ၄၂၃
၂၇။ ထူးဆန်းသော အားကစားသမားအမှု .... ၄၄၀
၂၈။ အင်္ဂလိပ်စစ်ဗိုလ်လင်မယားအမှု .... ၄၅၀
၂၉။ လက်ပြတ် အင်ဂျင်နီယာ .... ၄၆၃
၃၀။ စိန်ဝေလျှံ ပျောက်ဆုံးမှု .... ၄၇၅
၃၁။ သြဇာ သုံးစေ့အမှု .... ၄၉၇
၃၂။ ဗိုလ်ကပြားမလေးတယောက်၏ အမှု .... ၅၁၆
၃၃။ ကျောင်းသားတယောက် ပျောက်ဆုံးမှု .... ၅၃၀
၃၄။ မသင်္ကာသော လင်မယား .... ၅၄၂
၃၅။ စံပဲအဆောင်း တွေ့မှု .... ၅၅၇
၃၆။ အမွေမပေးလိုသော ပထွေးအမှု .... ၅၇၀
၃၇။ ကောလိပ်ကျောင်းသားများနှင့် ဉာဏ်ကစားသည့်အမှု .... ၅၈၈
၃၈။ စင်တာဖော့ဇပ် ဘောသမားပျောက်မှု .... ၆၀၄
၃၉။ ဉာဏ်သမား မောင်မောင်ဦး .... ၆၁၈
၄၀။ အာဇာနည်အသင်း အမှု .... ၆၃၂
၄၁။ ပင်လယ်ကမ်းခြေ လူသတ်မှု၌ စုံထောက်ပုံ .... ၆၆၃
၄၂။ လှေသူကြီး ဦးမိုးသီး .... ၆၈၃
၄၃။ လေးပွင့်ဆိုင် .... ၇၀၁
၄၄။ ရှိမ်းမကားရွာ လူသတ်မှု .... ၇၅၂
၄၅။ ဦးစံရှားအသက်ကို လုပ်ကြံမှု .... ၇၈၆
၄၆။ ကျောက်စိ ခားမြှောင် ပျောက်ဆုံးမှု .... ၇၉၈
၄၇။ ဘုံနန်းရိပ်သာ အိမ်ကြီးနှင့် ပတ်သက်သောအမှု .... ၈၁၂
၄၈။ ပျောက်သောသူ ရှာလျှင်တွေ့ .... ၈၄၁
၄၉။ ဘုရင်ခံကတော်၏ စာပျောက်မှု .... ၈၅၉
၅၀။ ပန်းဆိုးတန်း လူသတ်မှု .... ၈၇၂
၅၁။ လယ်ဝန် ဦးသာလူနှင့် ဇနီး မခင်တင့် သတ်မှု .... ၈၈၆
၅၂။ ထူးဆန်းသော အဆိပ်ခတ်မှု .... ၈၉၅
၅၃။ ပွေလီအင်းခွေးကြီး အမှု .... ၉၀၆


---

www.burmeseclassic.com

www.burmeseclassic.com

# ၁၃။ ခြေကျိုး ကြောင်*

တညသ၌ ကျွန်တော်သည် ဦးစံရှားမရှိခိုက်တွင် မဂ္ဂဇင်းတအုပ်နှင့် အပျင်းဖြေ၍ ၁၁နာရီခွဲသည်နှင့်စာအုပ်ကို ပိတ်ကာ အိပ်ရာသို့ဝင်တော့မည့် အပြုတွင် အိမ်ရှေ့တွင် မြင်းရထားတစီးရပ်၍ လှေကားမှ တစုံတယောက် တက်လာသော ခြေသံကို ကြားရလေ၏။ ခြေသံမှာ ဦးစံရှား၏ခြေသံမဟုတ်သည်နှင့် ကျွန်တော်တို့အခန်းသို့ မဟုတ်ပဲ အပေါ်ထပ်သို့ တက်သွားပါစေဟု ဆုတောင်းမိစဉ် တံခါးခေါက်သံ ကြားသဖြင့် ထ၍ ဖွင့်ပေးရလေ၏။ အခန်းတွင်းသို့ဝင်လာသူမှာ ဆီနိုဘားမားကုမ္ပဏီမှ ငွေစာရင်းကိုင်စာရေးကြီး ကိုဘသန်းမြင့်၏ ဇနီး စိုးစိုးဖြစ်၍ နှလုံးမသာယာသော မျက်နှာဖြင့် ကုလားထိုင်ပေါ်တွင် ပစ်လှဲကာ ထိုင်ချလိုက်လေ၏။

သူတို့လင်မယားမှာ ကျွန်တော်နှင့် တမြို့တည်းသား ဖြစ်ကြသည့်အလျောက် ရံဖန်ရံခါ ကျွန်တော့်ထံ အလည်အပတ် လာရောက်တတ်ကြလေရာ ထိုညဉ့်တွင်ကား စိုးစိုး၏ မျက်နှာထားကို မြင်ရခြင်းအားဖြင့် အလည်သက်သက် လာရောက်ခြင်း မဟုတ်ကြောင်း သိရှိနိုင်ပေ၏။ ကျွန်တော်က မေးမြန်းသဖြင့် စိုးစိုးက ပြောပြသည်မှာ သူ၏ ခင်ပွန်း ကိုဘသန်းမြင့်သည် လွန်ခဲ့သော စနေနေ့ည ကတည်းက အိမ်မှ ထွက်သွားရာ ယခုနေ့ ညတိုင်အောင် ပြန်မလာသေးကြောင်း၊ တနင်္လာနေ့နှင့် အင်္ဂါနေ့များမှာ ခရစ္စမတ်ပွဲအတွက် တိုက်ပိတ်ထားသော်လည်း နက်ဖြန်ဗုဒ္ဓဟူးနေ့၌ တိုက်ဖွင့်မည်ဖြစ်၍ပြန်မလာခဲ့လျှင် အလုပ်ပြုတ်ဖို့ရှိကြောင်း၊ ကိုဘသန်းမြင့်မှာ ဘိန်းရှူတတ်သည်ဖြစ်၍ ကြည့်မြင်တိုင် ကမ်းနားလမ်းရှိ ဘိန်းခန်းတခန်းတွင် ရှိလိမ့်မည် ထင်ကြောင်း၊ သို့ဖြစ်၍ ကျေးဇူးပြုပြီး တွေ့အောင်ရှာဖွေ၍ အိမ်သို့ လိုက်ပို့ပေးပါမည့် အကြောင်းနှင့် တောင်းပန် ပြောဆိုလေ၏။

ကိုဘသန်းမြင့်မှာ ကျွန်တော်နှင့် စတင် သိကျွမ်းစဉ်က ဘိန်းကို မဆိုထားဘိ အရက်မျှပင် နေ့စဉ် သောက်သည့်အထဲက လူမျိုးမဟုတ်ချေ။ တနေ့သ၌ သူငယ်ချင်းသုံးယောက် စု၍ အင်္ဂလိပ် စာရေးဆရာကြီးများအကြောင်း နှီးနှောကြစဉ် ဒီကွင်စီ အမည်ရှိ အင်္ဂလိပ်စာရေးဆရာ ဘိန်းစားကြီးအကြောင်း စကားစပ်မိ၍ ပြောကြယင်း ဘိန်းရှူခြင်းအကြောင်း ရောက်သွားကြ၍ တယောက်က ဘိန်းဆိုသည်မှာ

* ဤဝတ္ထု၏ ပဏာမဦးဆုံးမူမှာ သူရိယမဂ္ဂဇင်း၊ ၁၉၁၇၊ ဩဂုတ်၊ အတွဲ ၁၊ အမှတ် ၆ လာ 'လူတယောက် ပျောက်ဆုံးမှု၌ မောင်စံရှားစုံထောက်ပုံ' ဖြစ်ပါသည်။ 'ခြေကျိုးကြောင်' အမည်နှင့် မြန်မာပြည်စာအုပ်တိုက်မူ ဒုတိယတွဲ တွင် လည်းကောင်း၊ နှလုံးလှစာအုပ်တိုက်မူ ပထမတွဲတွင်လည်းကောင်းတွေ့ရပြီး 'လူတယောက်ပျောက်ဆုံးမှု' အမည် ဖြင့်လည်း မြန်မာပြည်စာအုပ်တိုက်မူ အတွဲ ၁၃ နှင့် နှလုံးလှစာအုပ်တိုက်မူ အတွဲ ၅တို့တွင်လည်း ထပ်မံပါရှိသည်။ မူရင်းမှာ The Man with The Twisted Lip ဖြစ်သည်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာ စွဲတတ်သော အရာဖြစ်ကြောင်း၊ မည်မျှပင် စိတ်ခိုင်လှပါသည်၊ မိမိစိတ်ကို နိုင်လှပါသည်ဆိုစေ ရက်ပေါင်း ၂၀ ခန့်မျှ မှန်မှန်ကြီး ရှူမိပါလျှင် မည်သည့် လူစားမျိုးမှ မခံနိုင်ပဲ အမှန်မုချ ဘိန်းစွဲရမည် ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

ကိုဘသန်းမြင့်မှာ တကယ်စိတ်ခိုင်သော လူတယောက် မဟုတ်သော်လည်း မိမိကိုယ်ကို အလွန် စိတ်ခိုင်သည်ဟူ၍ မှတ်ထင်လေ့ရှိသူတယောက် ဖြစ်ရကား မစွဲစေရဟုပြောလျက် လောင်းတမ်းစားတမ်း ပြုလုပ်ဖို့ ဟိတ်ဟန်ထုတ်နေလေ၏။ ထိုအခါ အခြား သူများက ဖျက်ကြ၏။ သို့သော်လည်း ကိုဘသန်းမြင့်က ကြွားဝါလျက်ပင်ရှိ၏။ သို့ဖြစ်၍ ပထမစ၍ ပြောသူက ငွေ ၅ဝ လောင်းရန် အသင့်ရှိကြောင်းနှင့် ပြောရာ အားလုံးက ဖျက်ကြပါလျက်နှင့်ပင် လောင်းစားဖြစ်ကြလေ၏။ စည်းကမ်းကား တနေ့လျှင် လေးပွဲတိုး နေ့စဉ်မှန်မှန် ရက်ပေါင်း ၂၀ ဘိန်းရှူရမည်။ ၂၁ ရက်မြောက်သော နေ့မှစ၍ ၇ ရက်အတွင်း တကြိမ် တခါမျှ ဘိန်းမရှူပဲ နေနိုင်ခဲ့လျှင် ကိုဘသန်းမြင့်က နိုင်၍ ငွေ ၅ဝ ရရမည်။ အကယ်၍ ထိုရက်အတွင်း ရှူမိခဲ့သော် ကိုဘသန်းမြင့်က ရှုံး၍ ငွေ ၅ဝ ပေးရမည် ဖြစ်လေသည်။

ကိုဘသန်းမြင့်သည် ရက်ပေါင်း ၂၀ ဘိန်းရှူပြီး ၂၁ ရက်မြောက်သော နေ့မှစ၍ ၇ ရက်တိုင်တိုင် ဘိန်းမရှူပဲ နေနိုင်ခဲ့သောကြောင့် လောင်းစားသော ငွေ ၅ဝ ကို အနိုင်ရခဲ့သည်ကားမှန်၏။ သို့ရာတွင် ဘိန်း၏ အရသာကို သိသွားခဲ့လေပြီ။ ရံဖန်ရံခါ အရက်မူးခဲ့သောကြောင့် လည်းကောင်း၊ အပျင်းပြေ သဘောနှင့်လည်းကောင်း၊ စိတ်ညစ်ညူးသောကြောင့် လည်းကောင်း ဘိန်းခန်းသို့ ဝင်မိရာ လောင်းစား ပြီးသည့်နောက် တနှစ်ခန့် အတွင်းတွင် သေသေချာချာ ဘိန်းစွဲသောအဖြစ်သို့ ရောက်ရရှာလေတော့၏။

သတင်းသံ့သံ့ ကြားသိရသည်မှာ ကိုဘသန်းမြင့်နှင့် လောင်းစားသောသူသည် စိုးစိုးကို အပျိုစင် ဘဝက ကိုဘသန်းမြင့်နှင့် ယှဉ်ပြိုင်လှည့်ခဲ့ဖူးရာ စိုးစိုးက ကိုဘသန်းမြင့်ဘက်သို့ ပါသွားသည့်အလျောက် ရန်ငြိုးထားပြီးလျှင် ငွေ ၅ဝ အရှုံးခံ၍ လောင်းစားခြင်းဖြစ်သည် ဆို၏။ ထိုသတင်းအတိုင်း ဟုတ်မှန်ခဲ့ ပါလျှင် ယုတ်မာခြင်း အရာ၌ အတော်ပင်ဉာဏ်သွားသူတယောက်ဟူ၍ ခေါ်ဆိုထိုက်ပါပေသည်။

ကျွန်တော်သည် အဝတ်အစားများ လဲလှယ်၍ စိုးစိုးနှင့်အတူ အလုံရပ်ကွက်ရှိ ယင်းတို့နေအိမ်သို့ လိုက်ပြီးလျှင် စိုးစိုးကို ချထားခဲ့ပြီးမှ မြင်းရထားနှင့် ကြည့်မြင်တိုင်ဘက်သို့ ဆက်လက်သွားလေ၏။ စုရတီ ဈေးကြီး အနီးသို့ ရောက်သောအခါ မြင်းရထားကို လွှတ်လိုက်၍ တက္ကစီတစီးကို ခေါ်ပြီးလျှင် ဘိန်း ခန်းသို့ မောင်းနှင်ခိုင်းလေ၏။

ကမ်းဘက်ကို ကျောခိုင်းလျက် ဆောက်ထားသော နှစ်ထပ်အိမ်ကြီး တအိမ်သို့ ရောက်သောအခါ တက္ကစီ သမားက ရပ်တန့်၍ "ဒီအိမ်ပဲ ဆရာ" ဟု ပြသဖြင့် ကျွန်တော်သည် ကားခပေးပြီးနောက် အိမ် ထဲသို့ ဝင်သွားလေ၏။ ခါးလောက်မြင့်သော စင်ကလေးကို အပေါ်ထပ် ပြုလုပ်၍ အထက်က တထပ်၊ အောက်က တထပ်ဖြင့် တရုတ်စာများကို ခင်းကျင်းကာ ကြွေခေါင်းအုံးများနှင့် ပြင်ဆင်ထားသော အခန်း ကြီး၊ လေးခန်းတွင် ညစ်စုတ်ပေရေသော တရုတ်များ၊ မြန်မာများနှင့် ကုလားများသည် စီတန်းကာ ဘိန်း ရှူလျက်ရှိကြ၏။ ကျွန်တော်ကဲ့သို့ အသင့်အတင့်ပြောင်ပြောင်လက်လက် ဝတ်စားထားသောလူမျိုးဝင်လာ ခဲ့သည်ဖြစ်၍ ဘိန်းရှူသော လူများသည် ယစ်မျိုးအရာရှိ ဖြစ်လေသလော ဟူသော ကြည့်ခြင်းမျိုးဖြင့် ကျွန်တော့်အား ဦးခေါင်းထောင်၍ ကြည့်ကြ၏။ တခုသောထောင့်၌ စင်ကလေး၏ အောက်ထပ်တွင် ဝါးဖျာတချပ်ပေါ်၌ ကြွေခေါင်းအုံးနှင့် မှိန်းလျက်ရှိသော ကိုဘသန်းမြင့်ကို တွေ့မြင်ရလေ၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ကိုဘသန်းမြင့်သည် တရှုတ်တယောက် ထိုးပေးနေသော ပြောင်းကိုတွန်းဖယ်လျက် "အလိုလေးဗျာ၊ ကိုသိန်းမောင်ကြီးပါကလား။ အိုင်ဆေး ကိုသိန်းမောင်၊ ဘယ်နှစ်နာရီလောက် ရှိပြီလဲဗျာ" ဟု မဖွင့်ချင့် ဖွင့်ချင် မျက်လုံးများကို ပွတ်လျက် မေးလေ၏။

"၁၁ နာရီ ထိုးပြီးပြီဗျ"

"ဒီနေ့ ဘာနေ့လဲဗျ"

"အင်္ဂါနေ့လေ။ ဒီဇင်ဘာလ ၂၅ ရက်။ အင်္ဂါနေ့ဗျ။

"အလိုလေးဗျာ။ ကျုပ်က တနင်္ဂနွေနေ့ မှတ်နေတယ်။ ဟုတ်ပါတယ်လေ၊ တနင်္ဂနွေနေ့ပါ၊ ခင်ဗျား က လူတဘက်သားကို ထိတ်အောင် လန့်အောင် ဘာကြောင့် လုပ်နိုင်ရတာလဲဗျာ"

"မဟုတ်ဘူး ဆရာရဲ့၊ ဒီကနေ့ အင်္ဂါနေ့ဗျ။ နက်ဖြန် ခင်ဗျားတို့ တိုက်ဖွင့်တော့မယ်၊ စိုးစိုးလဲ ခင်ဗျားကို တမျှော်တည်း မျှော်နေရှာတယ်။ ကိုယ့်ကိုယ်ကို မရှက်ဘူးလား ကိုဘသန်းမြင့်ရယ်။ ခင်ဗျားဟာ လွန်လွန်းတယ်"

"လွန်တာတော့ မပြောနဲ့တော့ဗျာ။ ကျုပ်လောက်မိုက်တာ၊ ခွေးပဲရှိတော့တယ်။ ဒီလောက်များ ကြာတယ် မထင်မိဘူးဗျာ။ ကြုတ်ကလေး သုံးကြုတ်၊ လေးကြုတ်၊ ငါးကြုတ်၊ ဘယ်နှစ်ကြုတ်လို့ မမှတ် မိပါဘူးလေ။ ပြောင် စိုးစိုး စိုးစိုး၊ လင်ဆိုးမယား တဖားဖားဆိုတာလို ဖြစ်နေရှာတာပဲ။ ဒါထက် ကျွန်တော့် ထူပါအုံးဗျ။ တဆိတ်လိုက်ပို့ပါအုံးနော် ကိုသိန်းမောင်"

"ပို့ပါ့မယ်၊ လာပါ"

"ဒါထက် ပိုက်ဆံ ဘယ်လောက်ကျသလဲ မေးလိုက်စမ်းပါအုံးဗျာ။ ကျွန်တော်တော့ ဟင်းရွက် ပြုတ်ဖတ်လို တကိုယ်လုံး ပျော့နေကုန်ပါပြီ။ ကြည့်လုပ်စမ်းပါအုံးဗျ"

"နေအုံး။ ကျုပ် သွားမေးအုံးမယ်"

ကျွန်တော်သည် ပြောင်းကိုယ်စီနှင့် ရှုလျက်ရှိကြသော အထက်နှင့် အောက် လူလေးတန်းတို့၏ အကြားမှဖြတ်၍ ဘိန်းရောင်းသော တရုတ်၏ အခန်းကလေးသို့ သွားသောအခါ အောက်ထန်းတတန်းတွင် တိုင်ကိုမှီလျက် ထိုင်နေသော အရပ်မြင့်မြင့်လူတယောက်ကို ကျော်လွန်မိသည်နှင့် တပြိုင်နက် ခြေသလုံးကို ရုတ်တရက် ခြစ်ကုတ်ခြင်းခံရပြီးနောက် "ရှေ့လျှောက်သွားပြီး ပြန်လှည့်ကြည့်လိုက်စမ်း" ဟု တိုးတိုး ပြောလိုက်သံကို ကြားရလေ၏။ ထိုကဲ့သို့ပြောလိုက်သော အသံမှာ ပြောင်းကို လက်တဘက်တွင် ကိုင်လျက် တိုင်ကိုမှီကာ ငိုက်နေသော ပိန်ပိန်ရှည်ရှည် ပါးရည်များတွန့်လိမ်လျက်ရှိသည့် ဇရာဒုဗ္ဗလအရွယ် အဘိုးကြီး ၏ ပါးစပ်မှ ထွက်လာသည်ဟု ကျွန်တော်ထင်မှတ်ရ၏။ နှစ်လှမ်းခန့် လှမ်းပြီးနောက် လှည့်၍ ကြည့်လိုက် သောအခါ ကျွန်တော့်မှာ အံ့ဩလှသောကြောင့် လွတ်ကနဲမအော်မိစေခြင်းငှာ နှုတ်ခမ်းကို ကိုက်ထား လိုက်ရသေး၏။ အကြောင်းသော်ကား ယခင်က အဘိုးအို၏ ပိန်ခွက်သော ပါးများသည် ပြည့်ဖြိုးဖောင်းပွ လာရုံမျှမက တွန့်လိမ်ပျော့ခွေသော အသားအရေများသည်လည်း တင်းမာ ချောမွေ့လာပြီးလျှင် အဘိုးကြီးစင်စစ်က ဦးစံရှားဖြစ်လာသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။

"ဦးစံရှား၊ ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ"

"တိုးတိုးဆရာရဲ့၊ တိုးတိုး။ ကျုပ်နားကောင်းပါတယ်။ ခင်ဗျားလူကို မြန်မြန်ပြန်လွှတ်လိုက်စမ်း ပါ။ ခင်ဗျားနဲ့ တိုင်ပင်စရာလေးရှိလို့ပါ"

ကျွန်တော်သည် ကိုဘသန်းမြင့်အတွက် ကျသင့်သော ငွေကို တရုတ်ထံ ပေးချေပြီးနောက် ကိုဘသန်းမြင့်နှင့်အတူ ဘိန်းခန်းမှ ထွက်လာခဲ့၍ မြင်းလှည်းတစီးပေါ်သို့ ယင်းအား တင်လွှတ်လိုက်ပြီးလျှင်

တတိယအကြိမ်
www.burmeseclassic.com

www.burmeseclassic.com



အပြင်မှ စောင့်ဆိုင်းနေလေ၏။ ၅ မိနစ်ခန့် ကြာသောအခါ လူအိုတယောက်မှာ ဘိန်းခန်းထဲမှ ကုန်းကုန်းကုန်းကုန်းနှင့် ထွက်လာ၍ ကျွန်တော်နှင့်အတူ တလမ်းနှစ်လမ်းမျှ ကျော်လွန်သည့် တိုင်အောင် ထိုနည်းအတိုင်းလျှောက်လာပြီးမှ ခါးကို ဆန့်တန်း၍ ခါးကိုင်း ဦးစံရှား၏ အသွင်အတိုင်း ပြောင်းလဲလိုက်ပြီးလျှင် အားရပါးရ ရယ်မောနေလေ၏။

"ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ကျုပ်ကို တိတ်တိတ်ပုန်း ဘိန်းစွဲနေပြီလို့များ မထင်လိုက်မိဘူးလား"

"ဒီလိုတော့ မထင်ပါဘူး။ နို့ပေမယ့် ဒီနေရာမှာ တွေ့ရတာ သိပ်အံ့ဩတာပဲ"

"ကျုပ်ကလဲ ခင်ဗျားအံ့ဩသလိုပဲ အံ့ဩနေတာပဲ"

"ကျွန်တော်က မိတ်ဆွေတယောက် တွေ့ရအောင် လာရှာတာကိုးဗျ"

"ကျုပ်ကလဲ ရန်သူတယောက် တွေ့ရအောင် လာရှာတာပဲ"

"ဘယ်လို ရန်သူလဲဗျ"

"ကျုပ် အလုပ်က ရာဇဝတ်ကောင်ဆိုယင် ရန်သူပေါ့ဗျ။ ကျုပ် စုံထောက်နေတဲ့ အမှုကလေးနဲ့ ပတ်သက်ပြီး သဲလွန်စကလေးများ ရမလားလို့ စနည်းနာကြည့်တာပဲ။ ကျုပ်မှန်းသိယင် အရှင်လတ်လတ် တူးမြှုပ်ပစ်မယ့်လူ သုံးလေးယောက်ရှိတယ်။ အမှုကလေး တမှုတုန်းက ကျုပ်လုပ်လိုက်တာ ထောင်ထဲမှာ အတော် နာ်နာသွားလေဘော့ ဘိန်းခန်းက ဂျပိုးတွေက ကျုပ်ကို တွေ့ရာသင်္ချိုင်းပဲလို့ ကြိမ်းဝါးထားသတဲ့ဗျ။ ဒါကြောင့် ရုပ်ဖျက်ပြီး ဝင်ရတယ်"

"ပြောတိုင်းလုပ်နိုင်ယင် ခက်ကုန်ရောပေါ့ဗျာ"

"ဩော် ကိုသိန်းမောင်က ကြည့်မြင်တိုင် ဘိန်းခန်းအကြောင်း မသိသေးပဲကိုး။ ဒီဘိန်းခန်း နောက်က မြစ်ထဲချလို့ ပုဒ်မှ ပေါ်လာတဲ့ အလောင်းပေါင်း ဘယ်နှစ်လောင်းရှိပြီး မှတ်နေသလဲ။ တလောင်းကို ငွေဘာရာ ရယင် ကျုပ်တို့ သဌေးကြီးတွေ ဖြစ်နေပြီ"

ကျွန်တော်တို့သည် ပြောယင်းဆိုယင်း ကမ်းနားလမ်းတလျှောက် လျှောက်လာကြ၍ ဦးစံရှားက လက်ညှိုးတချောင်းကို ခွေပြီး လေချွန်လိုက်သည်တွင် ပြန်၍ လေချွန်သံတချက် ကြားရပြီးနောက် တက္ကစီတစီးသည် ကျွန်တော်တို့ ရှေ့သို့ ရောက်လာလေ၏။

ကားပေါ်သို့ တက်ကြပြီးနောက် "ကျုပ်တို့ ဒီတနေ့ည ခုနစ်မိုင်ခြံထဲမှာ အိပ်ကြရလိမ့်မယ်ဗျို့"

"ဘယ်သူ့ခြံလဲဗျာ"

"ကိုဘလှသိန်းရဲ့ ခြံလေ။ သူ့အမှုကို ကျုပ် စုံထောက်နေရတယ်ဗျ"

"လင်းစမ်းပါအုံးဗျ။ ကြားစမ်းပါရစေအုံး"

"ဒီလိုဗျ။ လွန်ခဲ့တဲ့ လေးငါးရှစ်နှစ်လောက်က ပိုက်ဆံ တော်တော် ရှိပုံရတဲ့ ကိုဘလှသိန်းဆိုတဲ့ လူတယောက်ဟာ ခုနစ်မိုင်မှာ ခြံတခြံဝယ်၊ အိမ်ကြီးတလုံး သပ်သပ်ရပ်ရပ် ဆောက်ပြီး အစေခံ သုံးလေးယောက်နဲ့ တော်တော် သားသားနားနား နေထိုင်တယ်ဗျ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ကြို့ကုန်းက ပင်စင် အငြိမ်းစား ဝန်ထောက် တယောက် သမီးနဲ့ အကြောင်းပါပြီး သားတယောက် သမီးတယောက် ရခဲ့တယ်။ သူ့အလုပ်အကိုင်ကတော့ အသက်အာမခံ ကုမ္ပဏီ ကိုယ်စားလှယ်တဲ့။ နံနက်တိုင်း ရန်ကုန်ကို မီးရထားနဲ့ သွားပြီး ညနေတိုင်း မီးရထားနဲ့ ပြန်တတ်တယ်။ အရွယ်က သုံးဆယ်ကျော်။ လူပုံက သနားကမားအမျိုး ကောင်း။ အပေါင်းအသင်းဆံ့။ သားမယား သားသမီးကိုလဲ အင်မတန် ဂရုစိုက်သတဲ့။ အသောက်အစား အကစား မရှိ။ တည်တည်တံ့တံ့ နေထိုင်ပြီး လူချစ် လူခင်လဲ တော်တော်



www.burmeseclassic.com

www.burmeseclassic.com


ပေါများသတဲ့။ ကြွေးမြီဆိုလို့လဲ မရှိ။ သူ့နာမည်နဲ့ အင်ရီယယ် ဘဏ်တိုက်မှာ ငွေနှစ်ထောင်ကျော် ရှိနေတဲ့အတွက် ငွေရေး ကြေးရေး ဈေးကြပ်တည်းလို့ရယ်လို့လဲ တွေးစရာ မရှိဘူးဗျ”

“ဆိုပါအုံးဗျ”

“ဒါနဲ့ လွန်ခဲ့တဲ့ တနင်္လာနေ့က ခါတိုင်းထက် ခပ်စောစော အိမ်က ထွက်ပြီး မထွက်ခင်ကလဲ အရေးကြီးတဲ့ ကိစ္စကလေးနှစ်ခု ရှိတယ်လို့ သူ့မိန်းမကို ပြောသွားသတဲ့။ ပြီးတော့ သူ့သားကလေး ကစားဖို့ သံပတ် မော်တော်ကားကလေး တခု ဝယ်ခဲ့မယ်လို့လဲ ပြောသွားသေးသတဲ့။ ကိုဘလှသိန်း ထွက်သွားပြီးတဲ့နောက် သူ့မိန်းမ မခင်တင့်က သူ့မိဘများနေတဲ့ ကြို့ကုန်း သွားလည်တုန်း မန္တလေးမြို့ အဒေါ်တယောက်ဆီက ကြေးနန်းတစောင် ရသတဲ့။ ဘာကြေးနန်းလဲဆိုတော့ မခင်တင့် မှာထားတဲ့ မန္တလေးပစ္စည်းများကို သေတ္တာနဲ့ ရိုက်ပြီး ကြည့်မြင်တိုင် ကမ်းနားလမ်းက ပွဲစားတယောက် လက်သို့ လူကြုံနဲ့ ပို့လိုက်ပြီဆိုတဲ့ အကြောင်း၊ ထိုပွဲစားဆီ သွားယူဖို့ အကြောင်းကို အိမ်နံပါတ်နဲ့တကွ ရိုက်ကြားလိုက်သတဲ့။ ဒါနဲ့ မခင်တင့်က အဲဒီ တနင်္လာနေ့မှာကြို့ကုန်းက ကြည့်မြင်တိုင်ကို မီးရထားနဲ့လိုက်၊ ကမ်းနားလမ်းက ပစ္စည်းကိုသွားယူ၊ ယူပြီးတော့ လန်ချားနဲ့ ခုနစ်မိုင်ကို ပြန်ခဲ့သတဲ့။ နားလည်ရဲ့လား”

“နားလည်ပါ့ဗျာ”

“ဒါနဲ့ ကမ်းနားလမ်းတလျှောက် လန်ချားစီးပြီး လာခဲ့တုန်း နှစ်ထပ်အိမ် တအိမ် အပေါ်ထပ်ကို မော့ကြည့်လိုက်တော့ သူယောကျ်ား ကိုဘလှသိန်း မျက်နှာကို ပြတင်းပေါက်က ကွက်ကနဲ မြင်လိုက်ရပြီး တယောက်ယောက်က နောက်ကနေပြီး ဆွဲချလိုက်သလိုဖြုတ်ဆိုကွယ်ပျောက်သွားရှာတဲ့ဗျ။ ကိုဘလှသိန်းရဲ့ မျက်နှာထားကလဲ ကြောက်အား လန့်အားကြီးနေသလိုလို စိတ်မှာထင်ရသတဲ့။ ဟိုနေ့နံနက်က ကိုဘလှသိန်း ဟာ သက္ကလတ်နက် အင်္ကျီနဲ့ ခေါင်းပေါင်းနဲ့ အိမ်က ထွက်သွားသော်လဲ သူမြင်လိုက်ရတဲ့ အခါတုန်း ကတော့ စွပ်ကျယ် အင်္ကျီကလေးနဲ့။ ခေါင်းပေါင်းလဲ မပါဘူးတဲ့”

“ဆိုပါအုံးဗျ”

“မခင်တင့် စိတ်ထဲမှာ သူ့ယောကျ်ားဟာ ရန်သူ တမျိုးတမည် လက်တွင်း ကျရောက်နေပြီလို့ မှတ်ထင်ပြီး လန်ချားကို ရပ်၊ အိမ်ပေါ်ကို အတင်း တက်တာကိုးဗျ။ ကျုပ်တို့ ခုနင်က ထွက်လာခဲ့တဲ့ ဘိန်းခန်းပဲကိုးဗျ။ အောက်ထပ်က ဘိန်းခန်း၊ အပေါ်ထပ်က ထောင်ကဲနေသတဲ့။ ဒါနဲ့ မခင်တင့်က အပေါ် ထပ် တက်မယ် လုပ်တော့ တရုတ်တွေက လှေကားရင်းက နေပြီး အတင်းဆီးတားသတဲ့။ ခမျာက လင်ရေး ဆိုတော့ မကြောက်နိုင်တော့ပဲ အတင်း တိုးတက်တော့ တရုတ်တွေကလဲ အတင်း တွန်းထုတ်လို့ ပြန်ထွက် လာရရှာတဲ့။ မခင်တင့်မှာ အကြံရ ကျပ်ပြီးနေတုန်း ကံအားလျော်စွာ ဌာနာအုပ်နဲ့ ပုလိပ် နှစ်ယောက် အခန့်သင့်ရောက်လာပါရော။ မခင်တင့်က ဌာနာအုပ်ကိုအကျိုးအကြောင်းပြောပြလို့ ပုလိပ်ရော မခင်တင့်ပါ အိမ်ပေါ်တက်ရှာ။ ရှာပေမယ့် ဘာမှမတွေ့ဘူးတဲ့။ နောက်ဖေးခန်းမှာ ခြေကျိုးသူတောင်းစားတယောက်ပဲ တွေ့သတဲ့။ ဒါနဲ့ ခုချက်ချင်းဘယ်ပျောက်နိုင်စရာရှိပါ့မလဲလို့အတွေးရခက်ပြီးနေတုန်း စားပွဲကလေးပေါ်မှာ စက္ကူသေတ္တာကလေးတလုံးကို မခင်တင့်တွေ့လို့ ဖွင့်ကြည့်လိုက်တော့ ကလေး ကစားစရာ မော်တော်ကား ကလေးတဲ့ဗျ။ ဒီတော့ သေချာပြီ။ ကိုဘလှသိန်းကို မြင်လိုက်တာ အမှန်ပဲလို့ ယူဆပြီး သေသေချာချာ လိုက်ကြည့်ကြပြန်တော့ နောက်ဖေး ပြတင်းပေါက်မှာ သွေးစက်တွေ၊ ကြမ်းပေါ်မှာလဲ သွေးစက်တွေ နဲ့လို့တဲ့ဗျ။ ပြီးတော့လဲ လိုက်ကာစုတ်တခုရဲ့နောက်မှာ ကိုဘလှသိန်းရဲ့ နောက်ပိတ်ဖိနပ်ရယ်၊ ခြေအိတ်ရယ်၊ ပဝါရယ်၊ ခြင်းရယ်၊ အဝတ်အစားတွေ အားလုံးကို ထည့်ထားတာ တွေ့ရပါရောတဲ့ဗျ။ လူကိုမတွေ့ရပဲနဲ့ အဝတ်အစားချည်း တွေ့ရတော့ ဘိန်းခန်းဟာကလဲ မြစ်ဘက်ကို ကျောခိုင်းပြီး ဆောက်ထားတဲ့အိမ်ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



တော့ နောက်ဖေး ပြတင်းပေါက်က နေပြီး ကိုဘလှသိန်းကို ရေထဲ ပစ်ချလိုက်ပြီလို့ တွေးစရာရှိတော့ တာပဲကိုးဗျ''

''ဟုတ်မှာပါပဲ။ ရက်စက်တဲ့ လူစုပဲဗျ''

''ကိုင်း ဒီအိမ်အတွင်းက မသင်္ကာစရာကောင်းတဲ့ လူတွေအကြောင်း ပြောပြအုံးမယ်။ ဘိန်းခန်းရှင် ထောင်ကဲက ကရုတ်ထဲမှာ အတော် နာမည်ကြီးတဲ့လူဗျ။ ထောင် လေးငါးခါ ကျဖူးတယ်။ သို့သော် မခင်တင့်ရဲ့ စကားအရ အိမ်ထဲကို သူဝင် သွား သွားချင်း ထောင်ကဲကို လှေကားရင်းမှာ တွေ့ရတယ်တဲ့။ ဒီတော့ကာ ကိုဘလှသိန်းကို ဖျောက်ဖျက်တဲ့လူစုထဲမှာ သူမပါနိုင်ပေဘူး။ အလိုတူ အလိုပါလောက်သာ ဖြစ်နိုင်လိမ့်မယ်။ သူ့ကို စစ်ဆေးကြည့်တော့ ကိုဘလှသိန်း ဆိုတာ မသိရပါဘူးတဲ့။ သူ့အဝတ်တွေ ဘယ်နည်းနဲ့ ရောက်နေသလဲ ဆိုတာကိုလဲ သူ မပြောနိုင်ဘူးတဲ့။ အစစအရာရာမှာ လုံးလုံးကြီး ဘူးကွယ်တဲ့ အထဲကဗျ''

''ကွယ်လိမ့်မယ်လေ ဒါတော့''

''ကိုင်း ခြေကျိုး သူတောင်းစားအကြောင်း ပြောရအုံးမယ်။ သူ့နာမည်ရင်းက ဘကြိုင်တဲ့ဗျ။ သို့သော် သူ့ကို 'ကြိုင်ကျိုး' လို့ခေါ်ကြတယ်။ ရွှေတိဂုံဘုရား ရောက်ဖူးတဲ့လူတိုင်း မြို့ဘက်စောင်းတန်းမှာ သူ့ကို မြင်ဖူးကြပါလိမ့်မယ်။ သူ့မျက်နှာမှာ နဖူးကစပြီး မေးစေ့ရောက်ကရော၊ ထောင့်ဖြတ် အမာရွတ်ကြီးနဲ့။ အောက်နှုတ်ခမ်းက အောက်ကိုတွဲ၊ အထက်နှုတ်ခမ်းက အထက်ကိုလန်နေလေတော့ အမြဲ သွားဖြဲနေသလို သိပ်ပြီးအမြင်ဆိုးတာပဲ။ နို့ပေမယ့် လူက လျှာသွက် အာသွက်နဲ့ အချက်ကျအောင် ရယ်စရာ မောစရာ ပြောတတ်လေတော့ ပေးချင် ကမ်းချင်တဲ့လူ အင်မတန်များတယ်ဗျ။ သူ့ရှေ့မှာ ခင်းထားတဲ့ အဝတ်ကလေးပေါ်မှာ မူးစေ့ မတ်စေ့တွေ ဖွေးနေတာ ကျုပ် ခဏခဏ မြင်ရဖူးတယ်။ ဆံပင်ကလဲ နီလိုက်တာ တွတ်လို့၊ ပြောင်းဖူးမွေး။ အသားကလဲ မင်သုတ်ထားသလား အောက်မေ့ရတယ်။ နက်လိုက်တာ ပြောင်လို့။ အရောင်တဖိတ်ဖိတ် တောက်နေတာပဲ''

''ဩော် သိပြီဗျို့။ အလယ်ပစ္စယံက သစ်သားတံတားပေါ်မှာ ထိုင် ထိုင် တောင်းတတ်တဲ့ လူဟာ မဟုတ်လား''

''အစစ်ပဲ။ ဒီက မော်တော်ကားကလေးကို မခင်တင့်တွေ့သွားတော့ သူ့မှာ မနေတတ် မထိုင်တတ် ကယောင်ချောက်ချားဖြစ်လို့တဲ့။ ဘယ်နည်းနဲ့မဆို ဘိန်းခန်း အပေါ်ထပ်က နောက်ဖေးခန်းမှာ ဟိုအခါက သူနေခဲ့လတော့ ကိုဘလှသိန်းရဲ့အကြောင်းကို ကေန်မုချ သူသိမယ် မဟုတ်လားဗျ''

''သိရမှာပေါ့။ ဒါထက် သူက ဘယ်နည်းနဲ့ ဒီနေရာ ရောက်နေသတဲ့လဲ''

''သူက ဒီအခန်းမှာ တလ ငါးကျပ်ပေးပြီးနေသတဲ့ဗျ''

''သူ သိလို့ရှိယင်လဲ သိရုံလောက် သိမှာပေါ့ဗျ။ သူကိုယ်တိုင်က မစွမ်းမသန်ဆိုတော့ လူတယောက် ဖျောက်ဖျက်ဖို့ ခဲယဉ်းလိမ့်မယ် ထင်ပါရဲ့''

''သူ မစွမ်းမသန်တာက ခြေထောက်ကျိုးလမ်းလျှောက်တာလောက်ရှိတယ်ဗျ။ လက်တွေ ဘာတွေက သူလိုငါလိုတောင် မကဘူး။ တော်တော် ဗလကောင်းတဲ့ အကောင်ဗျ''

''ဆိုပါအုံးဗျာ''

''မခင်တင့်မှာတော့ သွေးစက်တွေမြင်ကတည်းက သူ့လင်သေပြီဆိုပြီး မူးမေ့သွားလို့ ပုလိပ်များက မော်တော်ကားနဲ့တင်ပြီး အိမ်လိုက်ပို့လိုက်ရရော ဆိုပါတော့ဗျာ။ ပုလိပ်အရာရှိက ကြိုင်ကျိုးကို မသင်္ကာမှုနဲ့ ဖမ်းရော။ မဖမ်းမီ သူ့ကိုယ်ထဲမှာ ထုံးစံအတိုင်းရှာတော့ ဘာမှတော့ မတွေ့ရဘူးတဲ့ဗျ။ သူ့စွပ်ကျယ်

www.burmeseclassic.com



အင်္ကျီလက်မောင်းမှာ သွေးစက်တွေတွေ့တော့ သူ့လက်မှာ ခေါးရှတဲ့ ဒဏ်ရာတခုပြပြီး ဒီဒဏ်ရာက စွန်းပေကြောင်း ပြောတဲ့အပြင် ပြတင်းပေါက်နဲ့ ကြမ်းပေါ်မှာ တွေ့ရတဲ့ သွေးစက်တွေဟာလဲ ဒီဒဏ်ရာက သွေးစက်တွေပါပဲလို့ သူကပြောပြသတဲ့ဗျ။ သူက ကိုဘလှသိန်းကိုလဲ မသိရ၊ လိုက်ကာနောက်က အဝတ်အစားတွေ အကြောင်းကိုလဲ ဘာမှ မသိရပါဘူးလို့ ပြောသတဲ့ဗျ။ ဒါနဲ့ ကြောင်ကျိုးကို ဖမ်းပြီး ဌာနခေါ်သွားရော။ ဌာနအုပ်ကတော့ ရေကျတဲ့အခါမှာ အိမ်နောက်ဖေးမှာ ဘာများ တွေ့ရအုံးမလဲလို့ မျှော်လင့်ချက်နဲ့ စောင့်ကြည့်နေသေးသတဲ့ဗျ”

“နို့ တွေ့သလား”

“တွေ့တော့ တွေ့တယ်၊ အလောင်း မဟုတ်ဘူး။ ကိုဘလှသိန်းရဲ့ အပေါ်အင်္ကျီ။ အိတ်တွေထဲမှာ ဘာတွေပါတယ် ထင်သလဲ”

“စာများလားဗျာ”

“ဘာဟုတ်လိမ့်မလဲ။ ကြေးပိုက်ဆံတွေနဲ့ ဖောင်းလို့ဗျ။ တအိတ်မှာ ပိုက်ဆံ ၁၉၅ ပြား၊ တအိတ်မှာ ၂၃၃ ပြား တွေ့သတဲ့ဗျ”

“တန်တော့ဗျို့။ ပိုက်ဆံတွေကြောင့် အင်္ကျီလေးလို့ ကျွတ်ကျနေရစ်ပြီး အလောင်းကတော့ ရေထဲမျောပါသွားဟန်ရှိတယ်။ ဒါထက် နေပါအုံးဗျ။ ဒီ့ပြင်အဝတ်တွေတော့ အခန်းထဲမှာတွေ့ပြီး အလောင်းမှာ အင်္ကျီတခုတည်း ဝတ်လျက်နဲ့ ပါသွားနိုင်ပါ့မလားဗျာ”

“မှန်တယ်။ သို့သော်လဲ ဒီလို တခု တွေးဖို့ရှိတယ်။ ကြောင်ကျိုးက ကိုဘလှသိန်း အလောင်းကို ပစ်ချပြီးတဲ့နောက် သဲလွန်စ မကျန်ရစ်ရအောင် အဝတ်အစားတွေပါ ပစ်ချဖို့ စိတ်ကူးပေါ်လာလိမ့်မယ်။ ဒီတော့ကာ အင်္ကျီကို ရှေးဦးစွာယူပြီး ပစ်ချမယ်လုပ်တော့ ပေါလောကြီး ပေါ်နေမှာကို သူ စဉ်းစားမိလိမ့်မယ်။ ဒီတော့ကာ သူ့မှာ အလွယ်ရှိတဲ့ ကြေးပိုက်ဆံတွေကို အိတ်နှစ်ဘက်ထဲ ကပျာကရာ သွန်ထည့်။ ဒီတော့ အတွင်းမှာ အစောင့်လုပ်တဲ့ လူက ပုလိပ်တွေလာနေပြီလို့ ပြောလိမ့်မယ်။ ဒီတော့ ကိုယ့်လူမှာ ကတိုက်ကရိုက်နဲ့ မြန်မြန်သွန်လောင်းထည့်ပြီး အင်္ကျီကို ပစ်ချလိုက်ကာရှိသေး၊ ပုလိပ်တွေ တက်လာကြလို့ ဒီ့ပြင်အဝတ်တွေကို ပစ်ချဖို့ အချိန်မရ။ တွေ့ကရာ ချောင်ထဲကို သွင်းထားလိုက်ရတယ် ဆိုယင်ကော”

“ဟုတ်တယ်ဗျို့။ ဖြစ်နိုင်လောက်တဲ့ အလုပ်ပဲ”

“ကြောင်ကျိုးတော့ဖြင့် အချုပ်ထဲ ရောက်နေပြီ။ သို့သော် ပြေပြေပြစ်ပြစ် ခိုင်ခိုင်မာမာဆိုလို့ ဘာတခုမှ သူ့ကို စွပ်စွဲစရာမရှိဘူးဗျ။ အလျင်က ပြစ်ချက်ရှိခဲ့ဖူးတဲ့ လူလဲမဟုတ်ဘူး။ ကျုပ်တို့ စုံစမ်းဖို့အချက်က ဘာလဲဆိုတော့ ကိုဘလှသိန်းဟာ ဘိန်းခန်းထဲမှာ ဘာလုပ်နေသလဲ။ ဘာဖြစ်သွားသလဲ။ အခုဘယ်ရောက်သွားသလဲ၊ သူပျောက်နေခြင်းနဲ့ ကြောင်ကျိုးနဲ့ ဘယ်လိုဆက်သွယ်ခြင်း ရှိသလဲ။ အဲဒီအချက်တွေကို ကျုပ်တို့ အမှန်သိရဖို့ အရေးကြီးတယ်။ အမှုက ရှင်းမလိုလိုနဲ့ တော်တော်ရှုပ်တဲ့ အမှုပဲဗျို့”

ကျွန်တော်တို့သည် ခုနစ်မိုင်တွင်ရှိသော ကိုဘလှသိန်း၏ ခြံသို့ ရောက်လာကြလေပြီ။ အချိန်မှာ ၁၂ နာရီခန့် ရှိလေသည်။ ကိုဘလှသိန်း၏ဇနီး မခင်တင့်သည် အိပ်ရာသို့ မဝင်သေးပဲ ကျွန်တော်တို့၏ ကားသံကြားသည်နှင့် တပြိုင်နက် ဝရံတာသို့ထွက်၍ ကြိုလေ၏။ ဦးစံရှားသည် တက္ကစီသမားကို ငွေရှင်းပေး၍ လွှတ်လိုက်လေ၏။

လှေကားမှ တက်မိကြသည်နှင့် တပြိုင်နက် လည်ပင်းဆန့်တန်းလျက်ရှိသော မခင်တင့်က—

“သတင်းကောင်း ပါပါစရှင်”

“မပါဘူးဗျို့”



www.burmeseclassic.com

www.burmeseclassic.com



"သတင်းဆိုးတော့ မပါပါစေနဲ့ရှင်"

"အဆိုးလဲ မပါပါဘူး"

"တော်ပါသေးရဲ့ရှင်။ ဝင်ကြပါ၊ဝင်ကြပါ။တနေ့လုံး တော်တော် ပင်ပန်းနေရောပေါ့။ကော်ဖီကို ဓာတ်ဗူးနဲ့ ကျွန်မ ထည့်ထားပါတယ်။ သုံးဆောင်ကြပါအုံး"

"ဒီဟာက ကျွန်တော့်မိတ်ဆွေ ကိုသိန်းမောင်တဲ့။ ကံအားလျော်စွာ အဆင်သင့်တွေ့လာလို့ အဖော်ရအောင် ခေါ်လာခဲ့ရတယ်"

"ဝမ်းသာပါတယ်ရှင်။ အလိုက်အထိုက်ပဲ သည်းခံပြီး နေကြ ထိုင်ကြပါတော့။ ကျွန်မမှာ စိတ်ပူလိုက်ရတာက သိတော်မူကြတဲ့အတိုင်း…."

"ကျွန်တော်တို့က အရေးရှိယင် မြေကြီးပေါ်မှာတောင် အိပ်လာခဲ့တဲ့ လူစုတွေကပဲ။ ကျွန်တော်တို့ အတွက် ဒုက္ခရှာဖို့ မလိုပါဘူး"

"ဒါထက် ဦးစံရှား။ကျွန်မ တခွန်းနှစ်ခွန်း မေးစရာကလေး မေးပါရစေရှင်။ မှန်မှန်ပြောပါနော်"

"စိတ်ချပါ"

"ကျွန်မဟာ စိတ်ခိုင်တဲ့ မိန်းမပါ။ တက်လား မူးလား မဖြစ်တတ်ပါဘူး။ မှန်မှန်သာ အမိန့်ရှိပါ"

"မေးပါ၊ မေးပါ"

"ဦးစံရှားရဲ့ စိတ်ထဲမှာ ကိုဘလှသိန်းဟာ အသက်ရှင်လျက် ရှိသေးတယ်လို့ ထင်ပါရဲ့လားရှင်"

ဦးစံရှားမှာ အကျပ်ကျနေသည့် လက္ခဏာနှင့် ဆုတ်ဆိုင်းလျက်ရှိ၏။

"မှန်မှန်ပြောပါရှင် နော်"

"မှန်မှန်ပြောရမှာဖြင့် ကျွန်တော်တော့ မထင်တော့ဘူးဗျာ"

"သေပြီလို့ ထင်သလား"

"ဟုတ်တယ်"

"လူသတ်လို့ သေတယ် ထင်ပါသလား"

"ဟုတ်ကဲ့"

"ဘယ်နေ့က သေတယ် ထင်ပါသလဲ"

"တနင်္လာနေ့က"

"ဒါဖြင့် ဦးစံရှားရယ်၊ သူ့ဆီက ဒီစာကို ဒီကနေ့ ကျွန်မ ဘယ်လိုနည်းနဲ့ ရနိုင်ပါသလဲ။ တဆိတ်လောက် ရှင်းပြောစမ်းပါအုံးရှင်"

ဦးစံရှားသည် အလွန် တုန်လှုပ်ခဲလှသူတယောက် ဖြစ်သော်လည်း ထိုစကားကို ကြားရသောအခါ၌ ကုလားထိုင်မှ ဝေါက်ကနဲ ထလိုက်လေ၏။

"ဟုတ်ပါ့မလားဗျ"

"ဟုတ်ပါတယ်ရှင်။ ဟောဒီမှာ သူ့စာပါပဲ"

"ကြည့်ပါရစေဗျာ တဆိတ်လောက်"

"ကြည့်ပါရှင်၊ ကြည့်ပါ"

ဦးစံရှားသည် စာအိတ်ကိုယူ၍ ဒူးပေါ်တွင်ဖြန့်ခင်းကာ ကြည့်လျက်ရှိရာ ကျွန်တော်လည်း ထိုင်ရာမှ ထ၍ ကြည့်မိလေ၏။

"လက်ရေးဟာ တယ်ကြမ်းပါကလား။ ကိုဘလှသိန်းလက်ရေး ဟုတ်ကဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



“စာအိတ်ပေါ်က လက်ရေးကတော့ သူ့လက်ရေး မဟုတ်ဘူး။ အထဲကစာကတော့ သူ့လက်ရေး အစစ်ပါပဲ”

“ဪ သူ့လက်စွပ်လဲ ထည့်ပေးလိုက်သကိုး”

“ကိုင်း ကိုင်း၊ စာကို ကြည့်ရအောင်”

ချစ်နှမကြီး

ဘာမှ မစိုးရိမ်ပါနှင့်။ အရေးလည်း၍ အပတ်စေ့သောအခါ အားလုံး ရှင်းလင်းသွားပါလိမ့်မည်။ သည်းခံ၍ စောင့်ပါအုံး။

ဘလှသိန်း

ဦးစံရှားသည် စာအိတ်ရော စာကိုပါ သေချာစွာ လှန်လှော ကြည့်ရှုပြီးနောက်—

“စာအိတ်ကို လိပ်စာတတ်တဲ့သူဟာ လိပ်ကို အသေအချာမသိလို့ တပိုင်းတစရေးပြီးမှ သွားမေးရဟန် တူတယ်”

“ရှင် ဘယ့်နှယ် သိသလဲ”

“ပထမစာကြောင်းက နာမည်ဟာက သူ့ဘာသာခြောက်ရတဲ့မင်မို့လို့ မဲလို့၊ အောက်က စာကြောင်းတွေမှာတော့ မင်နှိပ်သုံးထားလို့ ပြာနှမ်းနှမ်းအရောင် ဖြစ်နေတယ်။ အစအဆုံး တခါတည်း ဆက်ပြီး ရေးခဲ့လို့ရှိယင် အားလုံး မင်တရောင်တည်း ဖြစ်ရမယ်။ အခုတော့ ပထမစာကြောင်းရေးပြီး အောက်က လိပ်ကို တယ်မသေချာတာနဲ့ ထမေးရပြီးမှ တဖန် ဆက်ရေးဟန်တူတယ်၊ သေးတော့ အသေးအနုပ်ပဲ။ နို့ပေမယ့် တခါတလေ အသေးအနုပ်ကလေးတွေက သိပ်အရေးပါချင် ပါတတ်တယ်ဗျ။ ဒါကြောင့် ကျွန်တော်တော့ ဘယ်ဒင်းမှ မလွှတ်ဖူး”

“အထဲက စာအကြောင်းကောရှင်”

“စက္ကူက စာရေးစက္ကူ သက်သက် မဟုတ်ဘူး။ ဗလာစာအုပ်က ဆုတ်ပြီး ခဲတံနဲ့ ရေးတဲ့ စာပဲ။ ကြည့်မြင်တိုင် စာတိုက်က ဒီကနေ့ ထည့်လိုက်တဲ့စာပဲ၊ စာထည့်တဲ့ လူရဲ့လက်က ပေလို့။ စာအိတ်ကို ပိတ်တဲ့လူဟာ ဆေးငုံတတ်ဟန် တူတယ်။ ကော်ကို လျှာနဲ့လျှက်ပြီး ပိတ်လိုက်တာ စာအိတ်ကို ဆေးရွက်စော်နံနေတာပဲ”

“အသက်ရှင်လျက် ရှိသေးတယ်ဆိုတာ စိတ်ချရပြီလားရှင်”

“သူ့လက်ရေး မှန်ရဲ့နော်”

“မှန်ပါတယ်”

“လက်ရေးတူအောင် ရေးနိုင်တဲ့လူ မရှိဘူးဆိုယင်တော့ စိတ်ချရမလောက် ဖြစ်နေတာပေါ့”

“လက်စွပ်လဲ ရှိသေးတာပဲရှင်”

“လက်စွပ်ကတော့ ခက်သားပဲဗျာ။ သူ့လက်က ချွတ်ယူပြီး ထည့်လိုက်ယင်လဲ ဖြစ်နိုင်တာပဲကိုး”

“လက်ရေးကတော့ သေချာပါတယ်ရှင်။ သူ့လက်ရေးကို ကျွန်မ ကောင်းကောင်းသိပါတယ်။ ဒီဟာ သူ့လက်ရေး အစစ်ပါ”

“သို့သော် တချက် ရှိသေးတယ်။ စာကို တနလာနေ့ကရေးပြီး ဒီကနေ့မှ ထည့်လိုက်ယင်လဲ ဖြစ်နိုင်သေးတယ်ဗျ”

“ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ ရှိကြီးခိုးပါရဲ့ ဦးစံရှားရှင်။ ကျွန်မအားလျော့အောင် မပြောစမ်းပါနဲ့။ ကျွန်မယောကျ်ား မသေသေးပါဘူး။ ကျွန်မ သိပါတယ်။ ဟိုနေ့က အိမ်နောက်မှာ သူ့လက်ကို ဓားရှတာ



www.burmeseclassic.com

www.burmeseclassic.com


ကိုတောင် ကျွန်မက အိမ်ရှေ့ကနေပြီး သိသေးတာပဲ။ သူ့မှာ သေလောက် ပျောက်လောက် တခုခု ဖြစ်တယ် ဆိုယင် ကျွန်မ မသိပဲ နေပါ့မလားရှင်။ ကျွန်မတို့ လင်မယားဟာ စိတ်ခေတ်ချင်း တူပါတယ်"

"တခါတလေ မိန်းမများ စိတ်က ထင်ချက်ဟာ ကျွန်တော်တို့ စုံထောက်တွေ အကျိုးအကြောင်းနဲ့ ဆင်ခြင်ချက်ထက်တောင် တပ်တပ်အပ်အပ် မှန်တတ်လွန်းလို့ ခင်ဗျ။ စကားကို ပေါ့ပေါ့ဆဆ ကျွန်တော် မထားပါဘူး။ စိတ်သာချပါ။ နို့ပေမယ့် အသက်ရှင်နေရုံမျှမက စာတွေဘာတွေတောင် ရေးနိုင်လျက်ကနဲ့ ခုထက်ထိ တိမ်းရှောင်နေတာ အစဉ်းစားရ ခက်လိုက်ဘိပါဗျာ"

"ကျွန်မလဲ မစဉ်းစားတတ်အောင် ဖြစ်နေတာပဲ"

"ဟိုနေ့က သူမသွားခင် ဘာများ မှာထား သွားသေးသလဲ"

"ဘာမှ မမှာခဲ့ဘူး ရှင်"

"ကြည့်မြင်တိုင်မှာ သူ့ကိုမြင်လိုက်ရတော့ ခင်ဗျား အံ့သြသွားတယ် ဟုတ်စ"

"သိပ် အံ့သြတာပဲ"

"ပြတင်းပေါက် ဖွင့်လို့လား"

"ဟုတ်ကဲ့ရှင့်"

"သူက ခင်ဗျားကို လှမ်းခေါ်လိုက်တာလား"

"ဒီလိုပဲ မှတ်ပါတယ်"

"မပီမသနဲ့ အော်လိုက်တယ်ဆို"

"မှန်ပါတယ်"

"လာပြီး ကယ်ဆယ်ဖို့ သဘောနဲ့ ခေါ်လိုက်ပုံမျိုးလား"

"ဟုတ်ကဲ့ရှင့်။ လက်ယပ်ခေါ်တယ်လို့ ထင်လိုက်ရတာပဲ"

"ခင်ဗျားကို မမျှော်လင့်ပဲနဲ့ မြင်လိုက်ရလေတော့ အံ့သြပြီး လက်မြှောက်လိုက်တာ ဖြစ်နိုင်သလား"

"ဒီလိုလဲ ဖြစ်နိုင်ပါတယ်"

"နောက်ကနေပြီး တယောက်ယောက်က ဆောင့်ဆွဲလိုက်တယ်လို့ ထင်သလား"

"ရုတ်ကနဲ ပျောက်သွားတာပဲရှင့်"

"သူ့ဘာသာ နောက်ကို ခုန်လိုက်ခြင်းလဲ ဖြစ်နိုင်တာပေါ့။ အခန်းထဲမှာ သူ့ပြင် ဘယ်သူ့မှ မမြင်ရ ဘူးလား"

"ခြေကျိုးကြီးကတော့ အခန်းထဲမှာ သူပဲ ရှိပါတယ်လို့ ပြောတာပဲ"

"ဝတ်ထားတာကတော့ စွပ်ကျယ်အင်္ကျီဆို"

"မှန်ပါတယ်"

"ကြည့်မြင်တိုင် ဘိန်းခန်း အကြောင်းကို အလျင်က တခါမှ မပြောဖူးဘူးလား"

"တခါမှ မပြောဖူးပါဘူး"

"ဘိန်း ရှူတတ်တယ်လို့ ထင်သလား"

"မရှူတတ်ပါဘူးရှင်"

"ကိုင်း ကိုင်း၊ တော်လောက်ပါပြီဗျ။ အိပ်ချေပါတော့။ နက်ဖြန် အလုပ်သိပ်များမှာမို့လို့ ဒါမေးချင်လို့ ကျွန်တော်တို့ ဒီလာ အိပ်ရတာပဲ။ ကိုင်း ကိုင်း၊ အိပ်ချေပါတော့"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့သည် ကော်ဖီနှင့် ဘီစကွတ်များကို စားသောက်ကြပြီးနောက် ဆင်ဝင်အောက်တွင် အစေခံများ ခင်းကျင်းပြင်ဆင်ထားသော 'ကင့်ကော့' နှစ်ခုရှိရာသို့ ဝင်ကြလေ၏။ ဦးစံရှားမှာမူ ပက်လက်ကုလားထိုင်ကြီးပေါ်တွင် ခေါင်းအုံးများ၊ ဖုံများကို စုပုံခင်းကျင်း၍ ဆေးတံ၊ မီးခြစ်နှင့် ဆေးဗူးများကို လက်တန်းပေါ်တွင် အဆင်သင့် တင်ထားခြင်းကို မြင်သဖြင့် နက်နဲ ခက်ခဲသော အမှုများကို တွေးတော စိတ်ကူးသည့်အခါ ပြုလုပ်လေ့ရှိသော ထုံးစံအတိုင်း တညဉ့်လုံး စဉ်းစားချေတော့မည်ဟု သိရှိရလေ၏။

ကျွန်တော်သည် 'ကင့်ကော့' တခုပေါ်သို့ လှဲအိပ်၍ ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးငွေ့တထောင်းထောင်းထအောင် ရှိုက်ဖွာလျက်ရှိသော ဦးစံရှားကိုကြည့်ယင်း အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ နံနက်လင်းသဖြင့် မျက်စိဖွင့်ကြည့်လိုက်သောအခါ ဦးစံရှားမှာ ညဉ့်ကအတိုင်း ဆေးတံ တဖွားဖွားသောက်လျက် ရှိနေသေးသည်ကို တွေ့မြင်ရလေ၏။

"နိုးပြီလားဗျို့ ကိုသိန်းမောင်"

"ဟုတ်ကဲ့"

"လမ်းလျှောက် လိုက်မလား"

"လိုက်တာပေါ့"

"ကိုင်း ဒါဖြင့် ထဗျာ။ အဝတ်လဲပေတော့"

ပြည်လမ်းကြီးတလျှောက် လျှောက်လာကြစဉ် "ဦးစံရှား၊ ဦးစံရှားနဲ့ ခင်ဗျား မြောက်တာနဲ့ ကျုပ်လဲ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး တော်တော် ပျက်စီးနေပြီ ကိုသိန်းမောင်။ လူပါးကြီး လုပ်နေလိုက်တာ ဒီတခါမှ အပေ့ကွာ၊ ထူလို့အော်ပြီး ကိုယ့်ထိပ်ကိုယ် လက်သီးနဲ့ထိုးဖို့ ကောင်းတော့တာပဲ။ တချက် နှစ်ချက်တောင် ကျုပ်ထိုးခဲ့မိသေးတယ်"

"နို့ နေပါအုံးဗျ။ အခုတော့ ဒီအမှုကို ခင်ဗျားတွေးလို့ ရပြီလား"

"ရပြီလို့ ထင်တာပဲ။ ဟုတ် မဟုတ် ဟိုကျတော့ သိရောပေါ့ဗျာ။ လာပါ"

ထိုအချိန်မှစ၍ ဦးစံရှားသည် အမှု အကြောင်းကို ဆက်၍ မပြောတော့ပဲ အခြားအကြောင်းအရာများကိုသာလျှင် အမျှင်မပြတ်အောင် ပြောလေတော့၏။

ယူနီဗာစီတီအနီးသို့ ရောက်လာသောအခါ အင်းစိန်မှ လာသော ဘတ်စကားတစီးနှင့် တွေ့၍ တက်စီးကြပြီးလျှင် ရန်ကုန်သို့ လိုက်လာကြလေ၏။ သိမ်ကြီးဈေးသို့ ဆိုက်သောအခါ ဦးစံရှားသည် မြင်းရထားတစီးကို ခေါ်၍ စတူးဝပ် အချုပ်ထောင်သို့ မောင်းနှင်စေ၏။

အချုပ်ထောင် အရာရှိများသည် ဦးစံရှားကို သိကြသဖြင့် ကြည့်မြင်တိုင်ဌာနမှ လူသတ်မှုနှင့် ဖမ်းပို့ထားသည့် တရားခံ ခြေကျိုး ဘကြိုင်ကို တွေ့လိုကြောင်းနှင့် ဦးစံရှားက ပြောရာတွင် ထောင်မှူးကိုယ်တိုင် အချုပ်ခန်းသို့ လိုက်၍ ပို့လေ၏။ အချုပ်ခန်းတံခါးဝသို့ ရောက်သောအခါ ထောင်မှူးသည် သံတိုင်ကြားမှ လှမ်း၍ပြသဖြင့် ကျွန်တော်ကြည့်လိုက်ရာတွင် အကျဉ်းသမားသည် ကျွန်တော်တို့ဘက်သို့ မျက်နှာမူကာ အိပ်ပျော်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။ အသား သပိတ်ရောင်နှင့် ဝက်နှုတ်ခမ်းကဲ့သို့ ထော်လျက် ထွက်နေသော နှုတ်ခမ်းများ၏ အထက်တွင် တမိုက်ခန့်ရှိသော အမာရွတ်ကြီးသည် မျက်နှာ တခုလုံးကို ထောင့်ဖြတ်ကြီး ဖုံးလျက် ရှိရကား ဤမျှလောက် အမြင်ဆိုးသော မျက်နှာမျိုးကို တွေ့ရခဲလှပေလိမ့်မည်။

"ကျုပ်တို့လူက လူချောဗျနော် ဦးစံရှား"

"ဆေးလိုက် ကြောလိုက်ရယင် ဒီလောက်တောင် အရုပ်ဆိုး မထင်ပါဘူးဗျာ။ မှန်းစမ်း၊ တံခါးဖွင့်စမ်း။ ကျုပ် လုပ်ပေးစမ်းမယ်"

www.burmeseclassic.com

ဘတိယအကြိမ်

www.burmeseclassic.com



ယောင်မှူးသည် ပါးမကြီးယောက်ကို ဖွင့်လျက်ရှိစဉ် ဦးစံရှားသည် အင်္ဂလိပ်တံထဲ၌ ထည့်၍ ယူဆောင်ခဲ့သော အဝတ်ထုပ်ကလေးကို ယူလိုက်လေ၏။ အကျဉ်းသမားသည် တချက်မျှ လွန့်ပြီးနောက် ပက်လက်လှန်လျက် ဆက်လက်အိပ်ပျော်သွားပြန်လေ၏။ ဦးစံရှားသည် အကျဉ်းသမားအနီးတွင်ရှိသော ရေချိုင့်ထဲသို့ အဝတ်ကြီးကို နှစ်ပြီးနောက် ၎င်းကြိုင်၏ အနီးတွင် ဒူးထောက်၍ မျက်နှာကို ရေစိုသော အဝတ်ကြီးနှင့် နှစ်ချက် သုံးချက် ပွတ်တိုက်ပြီးမှ—

"ဤ မိုင်တာ ကိုဘလှသိန်း ဆိုတာ သူပါပဲဗျ" ဟု ကျွန်တော်တို့ဘက်သို့ လှည့်၍ ပြောလိုက်၏။

ကျွန်တော်တို့မှာ အလွန်အံ့ဩဖွယ်ကောင်းလှသော အခြင်းအရာကို တွေ့မြင်ကြရလေ၏။ ခြေကျိုးကြိုင် ဆိုသူ၏ မျက်နှာသည် သစ်သီးကို အခွံနွှာလိုက်ဘိသကဲ့သို့ ကွာကျသွားပြီးလျှင် သပိတ်ရောင်ထနေသော အသားသည် လည်းကောင်း၊ ထော်ငေါ်လျက် ထွက်နေသော နှုတ်ခမ်းများသည် လည်းကောင်း၊ ထောင့်ဖြတ် အမာရွတ်ကြီးသည်သည်းကောင်း၊ နီတွတ်သော ဆံပင်သည်လည်းကောင်း တခါတည်း ပျောက်ကွယ်သွားပြီးလျှင် မွဲမွဲရည်ရည် သနားကမားနှင့် အသားအရည် ချောမွတ်သော လူတယောက်သည် အိပ်ချင်မူးတူးရှိသော မျက်လုံးများကို လက်နှစ်ဘက်ဖြင့် ပွတ်လျက် ထိုင်နေလေ၏။ ထို့နောက်မှ မိမိ၏ အဖြစ်ကို သတိရသန့်ဖြင့် ကိုဘလှသိန်းသည် မျက်နှာကို ခေါင်းအုံးပေါ်သို့ မှောက်ကာ ညည်းတွားလျက် ရှိလေ၏။

ကျွန်တော်နှင့် ထောင်မှူးတို့မှာ အံ့ဩခြင်း မပြေပျောက်နိုင်သေးပဲ တယောက် မျက်နှာကို တယောက်ကြည့်လျက် ရှိကြစဉ် ဦးစံရှားသည် ကိုဘလှသိန်း၏ ပခုံးကို လက်ဖြင့် ပုတ်လျက်—

"ကိုယ့်သူနယ်ဗျား၊ ကိုယ့်မိန်းမကို ဖွင့်ပြီး ပြောထားယင် ပြီးရောပေါ့ဗျ"

"မိန်းမကြောင့် မဟုတ်ပါဘူးခင်ဗျ။ သားသမီးကလေးတွေ ကျွန်တော်ရှက်လွန်းလို့ပါ။ သူတို့အဖေ လူတောင်းစားကြီးဆိုတာ သိကုန်ကြတော့မယ်။ အမလေး၊ ကျွန်တော် ဘယ့်နှယ်လုပ်ရပါ့မယ်"

"ဒီလို သူဝါနေတော့ ပုလိပ်ကို ခင်ဗျားက ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောပါ။ ခင်ဗျား အပေါ်မှာ စွဲချက်တင်ရော အကြောင်းရှိရင် ခင်ဗျားအမှုကို ရုံးပြင်ကနား တင်ပို့ဖို့ မလိုပါဘူး မှတ်တယ်။ ဒီလိုဆိုယင် ခင်ဗျားအမှုကို သတင်းစာထဲ မပါစေရအောင် ဖုံးဖိပြီး တိုင်းသိပြည်ကြား အရှက်တွဲခြင်းက သက်သာရာ ရကောင်းပါလေရဲ့ဗျ"

ကိုဘလှသိန်းသည် ဦးစံရှား၏ လက်ကို ဆွဲယမ်းလှုပ်ခါလျက် "မောင်မင်းကြီးသား ခုပြောတဲ့အတိုင်း နေရာကျအောင် တသက်တခါ ကျေးဇူးပြုပေးတော်မူပါ ဦးစံရှားခင်ဗျာ။ ကျွန်တော် ရှက်လိုက်ပုံတော့ မပြောပါနဲ့တော့။ ဦးစံရှားသာ မဖော်နိုင်လို့ရှိယင် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို ဖော်မပြတော့ပဲ ဘလှသိန်းကို သတ်မှုနဲ့ ခြေကျိုးကြိုင် ဖြစ်နေပဲ ဇက်တိုင်တက်ဖို့တောင် ကျွန်တော် ဆုံးဖြတ်ထားပါတယ်။ ရှက်ဖို့ကောင်းလိုက်တာခင်ဗျာ"

"နေပါဦး ဒီလောက်နဲ့ အသက်မွေးဖို့အကြောင်းတော့ ခင်ဗျားကို တိုက်တွန်းဖို့ မလိုတော့ပါဘူး ထင်ပါရဲ့"

"မိတ်ဆွေ ဦးစံရှား ကြားပြီ တာ လွန်ပါစေ။ ဘယ်တော့မှ ကျွန်တော်မလုပ်တော့ပါဘူး။ ကျွန်တော်လဲ စွန့်လွှတ်ချင်ပေမဲ့ ရည်းစားဆဲသာ သက်သက်မဲ့ အရှက်ကွဲချင်လို့ မစွန့်သေးပဲ ဆက်လုပ်နေမိတာပါပဲ ခင်ဗျ"

"ကိုဘလှ ဘယ်လိုဖြစ်ပုံ ပြောစမ်းပါအုံး"

"ဒီလိုပါ ခင်ဗျ။ ကျွန်တော့် အဖေက ကျောင်းဆရာ။ ကျွန်တော်လဲ အင်္ဂလိပ်ကျောင်းမှာ ဆယ်တန်းအထိ သင်ခဲ့ပြီး ဘယ်လို ကျောင်းက ထွက်ပြီး ဘိုင်စကုတ်ထဲမှာ မင်းသားကြမ်းဘက်က နှစ်နှစ် သုံးနှစ်

www.burmeseclassic.com



လုပ်။ ဒီကမှ တခါ သတင်းစာတိုက်မှာ သတင်းထောက်လုပ်။ တနေ့တော့ အယ်ဒီတာလုပ်တဲ့လူက ရန်ကုန်မြို့မှာ သူတောင်းစားတွေ အင်မတန် ပေါနေတယ်၊ သူတို့အကြောင်းကို အထူးသဖြင့် စုံစမ်းပြီး သတင်းစကား ရေးစမ်းလို့ ကျွန်တော့်ကို ခိုင်းပါလေရောခင်ဗျ။ ကျွန်တော်က ဒီတော့ ဘယ်လို အကြံရသလဲ ဆိုတော့ ကိုယ်တိုင် ရုပ်ဖျက်ပြီး တောင်းစမ်းရယင် သူတို့အကြောင်း ကောင်းကောင်းကြီး သတင်းရေးနိုင်လိမ့်မယ်လို့ စဉ်းစားမိတယ်။ နကိုက ဘိုင်စကုတ်ထဲမှာ အမျိုးမျိုး ရုပ်ဖျက်ပြီး မင်းသားကြမ်း လုပ်ခဲ့ဖူးလေတော့ ကိုယ့်ကိုယ်ကို ခင်ဗျားတို့ မြင်တဲ့ နည်းအတိုင်း ရုပ်ဖျက်ပြီး တနေ့ တောင်းစမ်းကြည့်လိုက်တယ် ခင်ဗျ။ တနေ့တည်းနဲ့ ငွေ ကိုးကျပ်ကျော်ကျော် ရပါတယ်"

"တယ်ရပါကလား"

"ဒါနဲ့ ဟိုတုန်းက အယ်ဒီတာလိုတဲ့ သတင်းကို ရေးပေးပြီး ကျွန်တော်လဲ ဒီအကြောင်း မစဉ်းစားတော့ပဲ မေ့မေ့လျော့လျော့ နေလိုက်တော့တာပါပဲ။ တနေ့တော့ မိတ်ဆွေတယောက် ငွေချေးရာမှာ တွဲဖက်သက်မှတ် ထိုးမိတာနဲ့ ကျွန်တော့်အပေါ်မှာ ငွေ ၁၅၀ ဝရမ်းထုတ် ခံရပါရောခင်ဗျာ။ ဒီတော့မှ အကြံရပြီး တိုက်က အရက် ၂၀ ခွင့်ခံ၊ ကြေးရှင်ကို ခွင့်တောင်း၊ ရွှေတိဂုံဘုရားမှာ ဖော့နည်းအတိုင်း တောင်းလိုက်တာ ၁၃ ရက်တည်းနဲ့ ငွေ ၁၅၀ ရပါရောခင်ဗျာ။ ရရချင်း ကြွေးဆပ်၊ အလုပ်ပြန်ဝင်၊ အေးအေး နေပြန်ပါရော ခင်ဗျာ"

"ဆိုစမ်းပါအုံးခင်ဗျ။ ကောင်းမှန်းသိ မယ်အိတစိုစို ဖြစ်ကရောလား"

"အစစ်ပါပဲခင်ဗျ။ သတင်းထောက် လုပ်ရတာက တနေ့လုံး ပင်ပန်းကြီးစွာ ပြေးရ လွှားရ၊ ရေးရသားရတာမှ တလ ၄၅ ကျပ် ရတယ်။ ဟိုအလုပ်က အရိပ်ထဲမှာ ငြိမ်ငြိမ်ထိုင်ပြီး အဝတ်ကလေး ရှေ့မှာ ခင်းထားလိုက်ရုံနဲ့ လေးငါးရက်မှာ ဒီငွေလောက် ရနိုင်တာကိုးခင်ဗျ။ ဒီတော့ ဘာမှ မပြောနဲ့တော့၊ သတင်းထောက်အလုပ်က ထွက်ပြီး ခြေကျိုး ကြောင်အမည်နဲ့ သူတောင်းစား လုပ်လိုက်ပါရောခင်ဗျာ။ ကျွန်တော့်အကြောင်းကို ကြည့်မြင်တိုင် ဘိန်းခန်းက ထောင်ကဲ တယောက်တည်းပဲ သိတယ်။ သူ့အခန်းကလေးအတွက် ကျွန်တော်က တလ သုံးဆယ် ပေးထားတော့ သူကလဲ နှုတ်လုံနေတာပေါ့ခင်ဗျ"

"လူတိုင်းပဲ ခင်ဗျားလို ရသလား"

"ဘာဟုတ်လိမ့်မလဲခင်ဗျာ။ တချို့သူတောင်းစားများမှာ တမတ် သုံးမူးရအောင် လျှာထွက်မတတ် တောင်းရပါတယ်။ ကျွန်တော့်မှာတော့ သူတောင်းစားမှော် အောင်ထားလို့လေလား၊ လူများနားထောင်နိုင်အောင် စကားရွှန်း ပြောတတ်လို့လေလား မပြောတတ်ပါဘူး။ သုံးလေးနှစ် တောင်းလိုက်ယင်ပဲ ခြံမြေနဲ့ အိမ်နဲ့ ယာနဲ့ သားနဲ့ မယားနဲ့ ဖြစ်လာကုန်တော့တာကိုးဗျ"

"ဒါထက် ဟိုနေ့က အဖြစ်အပျက် ပြောစမ်းပါအုံး"

"တနလ်ာနေ့ကတော့ တောင်းရမ်းပြီး ပြန်လာလို့ ဘိန်းခန်းအပေါ်ထပ်မှာ အဝတ်လဲနေတုန်း ကျွန်တော့်မိန်းမက ယမ်းပေါ်ကနေပြီး ကျွန်တော့်ကို ပြတင်းပေါက်က မြင်သွားပါရောခင်ဗျာ။ ဒီတော့ ကျွန်တော်လဲ အံ့အားသင့်ပြီး မျက်နှာကို ရုတ်တရက် လက်နဲ့ဖုံး။ ဘိန်းဆိုင်ရှင် ထောင်ကဲကြီးကို အကျိုးအကြောင်း ပြေးပြောပြပြီး အိမ်ပေါ်ကို ဘယ်သူမှမတက်စေနဲ့လို့မှာထား။ ဒီအတောအတွင်းမှာ ကျွန်တော့်မိန်းမအသံကို အိမ်အောက်မှာ ကြားရတယ်။ ကြားပေတဲ့ အိမ်ပေါ်တော့ သူ မတက်နိုင်ဘူးလို့ အောက်မေ့မိတယ်။ နို့ပေမယ့် စိတ်ချရအောင် သူတောင်းစား အဝတ်ကို ကပျာကရာပြန်ဝတ်။ မျက်နှာကို ရုပ်ဖျက်။ ဘာလှသိန်းအဖြစ်နဲ့ ဝတ်တဲ့ အဝတ်အစားတွေကို ဖျောက်ဖျက်ဖို့စိမ်တုန်းမှာ ပြတင်းပေါက်ကို ပျာယီးပျာယာ ဖွင့်မိလို့ လက်ညပ်သွားပြီး ဓားရှထားတဲ့ အနာဟောင်းက သွေးတွေထွက်။ ဘာလှသိန်းအဖြစ်နဲ့ ဝတ်တဲ့

www.burmeseclassic.com



အင်္ကျီထဲ ကြေးပိုက်ဆံတွေ လောင်းထည့်၊ ပြတင်းပေါက်ကနေပြီး ရေထဲပစ်ချ။ လုံချည်တွေ ဖိနပ်တွေလဲ ဒီနည်းအတိုင်း ပစ်ချမယ်လုပ်တုန်း ဗြုန်းဆို ပုလိပ်တွေနဲ့ မခင်တင့်တို့ တက်လာကြလို့ လိုက်ကာနောက် ထိုးပစ်ထားလိုက်ရတာကိုး ခင်ဗျ။ ကျွန်တော်က ဘာပူနေသလဲဆိုတော့ ကျွန်တော့်ကို ဘလှသိန်းမှန်း သိသွားမှာ ပူပန်နေတယ်။ ပုလိပ်တွေက ဘာလုပ်သတုံးဆိုတော့ ကျွန်တော့်ကို ဘလှသိန်း သတ်မှုနဲ့ ဖမ်းလိုက်ပါလေရော ခင်ဗျာ"

"စာကို ဘယ့်နှယ် ထည့်လိုက်သလဲ"

"ပုလိပ်တွေ အလစ်မှာ စာတစောင် ကတိုက်ကရိုက် ခြစ်ပြီး လက်စွပ်နဲ့တကွ ထောင်ကဲလက်ထဲ အပ်လိုက်ရတာပါပဲ ခင်ဗျာ"

"မနေ့ကမှ ခင်ဗျားစာ ရောက်သွားတယ်"

"ဟာ အကျိုးနဲ့၊ ပူနေရှာတော့မှာပဲ"

ထောင်မှူးသည် ကိုဘလှသိန်း၏ စကားကို အံ့သြစွာ နားထောင်ပြီးနောက်—

"ခင်ဗျား မိန်းမနဲ့ သားသမီးကလေးများကို သနားတဲ့အတွက် ဒီအမှုကို သိုသိုသိပ်သိပ် စီမံသွားကြဖို့ ကျုပ် ကူညီမယ်။ သို့သော် ဒီအလုပ်တော့ ခင်ဗျား စွန့်ရလိမ့်မယ်နော်"

"စိတ်ချပါခင်ဗျာ။ မှတ်လောက်သားလောက် ကျွန်တော် စိတ်ညစ်ပြီးရပါပြီ။ မလုပ်ဝံ့တော့ပါဘူး"

"နောက်ကို ဒီအလုပ်နဲ့ ခင်ဗျားကို တွေ့ရယင် ဒီအကြောင်းတွေ ကျုပ်တို့ အကုန်ဖော်ရလိမ့်မနော်"

"သဘောရှိ ပြုပါခင်ဗျာ"

"ကိုင်း ဒါဖြင့် ရှိစေ။ ဒါထက် ဦးစံရှားက ဘယ်နည်းနဲ့ ပေါ်အောင် ဖော်နိုင်ပါလိမ့်။ သိချင်စမ်းပါဘိဗျာ"

"ကျုပ် ဖော်တဲ့ နည်းလား။ ခေါင်းအုံးလေးလုံးပေါ် ဆင့်ထိုင်ပြီး ဆေးတံ ၁၂ ဆုံ ကုန်အောင် ဖွာတာပဲ ရှိတယ်။ ဗျို ကိုသိန်းမောင်၊ ကျုပ်တော့ ကော်ဖီ ဆာနေပြီဗျ။ ပြန်လိုက်ကြအုံးစို့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com

# ၁၄။ အိမ်တွင်းပုန်း ကုလားမ အမှု*

တခုသော တပေါင်းလပြည့်နေ့၌ ကျွန်တော်သည် ဘုရားကုန်းတော်ပေါ်မှ ပြန်အလာ အိမ်သို့ ရောက်သော အခါ ယခင်က 'ထူးဆန်းသော အိမ်ငှားမှု' အကြောင်းနှင့် စပ်လျဉ်း၍ ဖော်ပြခဲ့ဖူးသော ဒေါ်စိန်ညွန့်သည် ကျွန်တော်တို့၏ အခန်းသို့ ရောက်နေ၍ ဦးစံရှားနှင့် စကားပြောဆိုလျက် ရှိကြသည်ကို တွေ့ရသဖြင့် ကျွန်တော်က "ဘယ့်နှယ်လဲ ဒေါ်စိန်ညွန့်ရဲ့၊ လာရလှချေကလား။ ထူးထူးဆန်းဆန်း အိမ်ငှားများ ရောက်နေပြန်ပြီလားဗျာ" ဟု မထိုင်ပဲနှင့် လှောင်ပြောင်၍ မေးလိုက်ရာ ဒေါ်စိန်ညွန့်က "မပြောချင်ပါဘူး မောင်ရင်ရယ်၊ ရန်ကုန်မြို့ပေါ်မှာ အိမ်ငှားစားကြတဲ့လူတွေ အသီးသီး ရှိကြပါရဲ့။ အဒေါ်တယောက်မှပဲ ထူးထူးဆန်းဆန်းတွေနဲ့ချည်း တွေ့နေရပါတယ်" ဟု ပြောသဖြင့် ဦးစံရှား၏ မျက်နှာကိုကြည့်ရာ အံ့သြလျက် ရှိနေလေ၏။

ဒေါ်စိန်ညွန့်ဆိုသူမှာ ယခင်က ရေးသား ဖော်ပြခဲ့ဖူးသည့်အတိုင်း ၃၂ လမ်း၌ တိုက်တလုံးကို ငှားရမ်း၍ တခန်းကို မိမိတို့လင်မယား သားအမိတစု နေထိုင်ပြီးလျှင် ကျန်အခန်းများကို အခန်းအလိုက် တဆင့် ငှားခြင်းဖြင့် လည်းကောင်း၊ စာရေး စာချီ ကျောင်းသား သူငယ် စသည်တို့ကို ထမင်းလခနှင့် ကျွေးမွေး၍ အိပ်ရာ နေရာ ပေးခြင်းဖြင့်လည်းကောင်း ပြုလုပ်လျက်ရှိသော စာရေးကြီးကတော်တယောက် ဖြစ်လေသည်။

ရှား။ ။"ကိုင်း ဒေါ်စိန်ညွန့်၊ ဒီက ကိုသိန်းမောင်လဲ ကြားရအောင် တခါပြန်ပြီး ပြောပြစမ်းပါအုံးဗျာ။ ဒါထက် အဒေါ့်ကုလားမဆီ ကျွန်တော် လိုက်ရမယ်ဆိုယင် သက်သေ တယောက်တော့ ကျွန်တော် ခေါ်ခဲ့ရလိမ့်မယ်ဗျနော်။ သက်သေမပါယင် ကျွန်တော် မလိုက်နိုင်ဘူး။ အခုကတည်းက ကျွန်တော် ပြောထားမယ်"

ညွန့်။ ။"တယောက် မကပါဘူး ဦးစံရှားရယ်၊ ဆယ်ယောက်ခေါ်ခဲ့ချင်ယင်လဲ ခေါ်ခဲ့ပါ။ ခမျာကဦးစံရှားနဲ့ကို တွေ့ချင်လွန်းလို့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ပါအောင် ခေါ်ခဲ့ပါလို့ မှာလိုက်ရှာပါတယ်"

ရှား။ ။"ဒါဖြင့် ကျွန်တော်တို့ ညနေလောက်ကို လာခဲ့မယ်။ အဒေါ် ပြောပုံတော့ ဒီကုလားမဟာ အဒေါ့်တိုက်ကို ငှားပြီးနေတာ တနှစ်လောက်ရှိပြီ။ ဒီအတွင်းမှာ သူ့မျက်နှာကို တခါသာ မြင်ရဖူးတယ်။ ဟုတ်စ"

ညွန့်။ ။"တကြိမ်မြင်မိတာကို အဒေါ်ဖြင့် တသက်လုံး မေ့နိုင်တော့မယ် မဟုတ်ပါဘူး ဦးစံရှားရယ်။ အိပ်ရာဝင်လို့ သူ့မျက်နှာ သွားသတိရယင် အဒေါ် တညလုံး အိပ်လို့ မပျော်နိုင်ဘူး"

---

* ဤဝတ္ထုကို မည်သည့်မဂ္ဂဇင်းတွင် ပထမဆုံး ထည့်သွင်းဖော်ပြခဲ့ကြောင်း မသိရသေး။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၇ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၃ တို့တွင် ဖော်ပြပါရှိသည်။ မူရင်းမှာ The Veiled Lodger ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"အင်မတန် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသလား ခင်ဗျာ"

ညွန့်။ ။"ရုပ်ပျက်ဆင်းပျက် ဖြစ်နေရုံလောက် ဘာကမလဲ ဦးစံရှားရယ်။ မျက်နှာလို့သာ ခေါ်ရတယ်။ မျက်နှာနဲ့တောင် မတူတော့ပါဘူး။ ဟိုနေ့က နွားနို့ကုလားတယောက် တိုက်ရှေ့ကနေပြီး သူ့မျက်နှာကို ပြတင်းပေါက်က မြင်လိုက်လို့ နွားနို့ပုံး လွှတ်ကျပြီး တလမ်းလုံး နွားနို့တွေ ဖွေးလို့ ပါလား ဦးစံရှားရဲ့။ ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာသာ ချင့်ကြည့်ပါတော့။ အဒေါ်မလဲ အဲဒီ သူ့မျက်နှာ မြင်ရတဲ့နေ့က ထမင်းကို မစားနိုင်တော့ဘူး။ အဒေါ် မြင်သွားမှန်း သိတော့ ကုလားမက ကပျာကရာ မျက်နှာကို ဖုံးတဲ့ပြီး 'ဒါကြောင့် ကျွန်မမျက်နှာကို လူမြင်မခံတာပါ အမေ့ါရယ်' တဲ့ ပြောပြရှာတယ်"

ရှား။ ။"သူ့အတ္ထုပ္ပတ္တိကော အဒေါ် သိလား"

ညွန့်။ ။"မေးလဲ မမေးမိဘူး၊ ပြောလဲ မပြောဖူးဘူး ဦးစံရှားရဲ့"

ရှား။ ။"အိမ်လခရော မှန်မှန်ပေးရဲ့လား"

ညွန့်။ ။"မှန်ရုံခကရှာဘူးရှင်ရယ်၊ သုံးလအတွက်ကို တင်ကူးပြီး ပေးထားရှာတယ်။ ဒီသုံးလ စေ့ယင် နောက်သုံးလအတွက် ကြိုတင်ပြီး ပေးထားတာပဲရှင့်"

ရှား။ ။"အဒေါ် ပြောတဲ့ အတိုင်းဖြင့် ဒီကုလားမက ခေါင်းမြီးခြုံ အိမ်တွင်းပုန်း ကုလားမ မျိုးလဲ မဟုတ်ဘူးပေါ့"

ညွန့်။ ။"အိမ်တွင်းပုန်း ကုလားမမျိုး အဒေါ် သိပါတယ်။ ဒီ အမျိုးထဲကလဲ မဟုတ်ပါဘူး။ အိမ်တွင်းပုန်း ကုလားမမျိုးက မျက်နှာ တခုလုံး လုံအောင်ခြုံပြီး မျက်စိမှာ အပေါက်ကလေး ဖောက်ထားတာကပဲ"

ရှား။ ။"သူကတော့ကော ခင်ဗျာ"

ညွန့်။ ။"သူကတော့ မျက်နှာ အထက်ပိုင်းကို အဝတ်နဲ့ အုပ်ပြီး ပါးစပ်က မေးစေ့ကိုတော့ ဖော်ထားတယ် ဦးစံရှားရဲ့"

ရှား။ ။"ဗမာစကား တတ်သလား"

ညွန့်။ ။"မတတ်ဘူး။ အဒေါ်ပြောတော့ ဟိန္ဒူစတန်နီ စကားနဲ့ ပြောတယ်။ အဒေါ်က ကုလားစကား နဲ့နဲ့ပါးပါး ထမင်းစားရေသောက် ပြောနိုင်တာကိုး ဦးစံရှားရဲ့"

ရှား။ ။"အင်္ဂလိပ်လိုကော တတ်သလား"

ညွန့်။ ။"တတ်တယ်လို့ ပြောတယ်"

ရှား။ ။(မေးကို ကိုင်ကာ စဉ်းစားနေပြီးနောက်) "အင်း၊ ထူးတော့ဖြင့် နည်းနည်း ထူးဆန်းတာပဲ။ ထူးဆန်းတဲ့အတွက် ဒီအကြောင်းကို အဒေါ် သိချင်လို့ လာခဲ့တယ်လား"

ညွန့်။ ။"မသိချင်ပါဘူး ဦးစံရှားရယ်။ အဒေါ်က သိချင်လို့မဟုတ်ပါဘူး။ ဟိုအမှုတုန်းကတော့ အသက်ဘေးများ ရန်ရှာသလားလို့ လာပြီး တိုင်လား တောလား လုပ်ရတာပါ။ သူ့သဘောနဲ့သူ ဘယ်လို နေနေ"

ရှား။ ။"ဒါဖြင့် ဘာဖြစ်လို့ ကျွန်တော့်ဆီ လာသေးသလဲ ခင်ဗျာ"

ညွန့်။ ။"လာတာက ဒီလို ဦးစံရှားရဲ့။ ဟိုတနေ့က ခမျာက မီးယပ်ပူထလို့ အဖျားသွေးကလေး တက်နေတုန်း ကယောင်ကတမ်းတွေ ပြောတာကိုးရှင့်။ ပြောသမျှကိုတော့ အဒေါ် အကုန်မကြားရပါဘူး။ သို့သော် တခွန်းနှစ်ခွန်းတော့ ယောင်ပြီး အော်လိုက်လို့ အဒေါ် ကြားလိုက်ရတယ်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ဘယ်လို ကြားလိုက်သလဲဗျာ"

ညွန့်။ ။" 'သေမှ ကောင်းတယ်။ မိုက်လှတဲ့အကောင်၊ သေမှ ကောင်းတယ်'တဲ့။ ပြီးတော့ 'သတ်သာ သတ်၊ လုပ်သာ လုပ်၊ ရိုက်သာ ရိုက်၊ သေအောင် ရိုက်'တဲ့။ လန့်ပြီး အော်လိုက်ကာ တတိုက်လုံး ဆူညံသွားတာပဲ။ အဒေါ်ဖြင့် ကြောက်များတောင် ကြောက်တယ်။ ဒါနဲ့ မနက်ကျလို့ အဒေါ် အမေး အမြန်းသွားတော့ ကုလားမက 'အဒေါ်ကြီးရယ်၊ ကျွန်မ မသေခင် ကျွန်မဝမ်းထဲရှိတာတွေ အကုန်ဖွင့်ပြီး ပြောခဲ့ချင်တယ်'လို့ ပြောပါရောရှင်။ ဒီတော့ အဒေါ်က 'ပြောချင် ပြောတာပေါ့'ဆိုတော့ 'အဒေါ် ကြီးကို မပြောချင်ဘူး'တဲ့။ 'နို့ ဒါဖြင့် ဘယ်သူ့ကိုမှ ပြောချင်သလဲ' မေးတော့ 'စုံထောက် ဦးစံရှား ဆိုတာ ကျွန်မ တခါတုန်းက ကြားဖူးတယ်'တဲ့။ ဒီလူ ရှိသေးသလား'တဲ့။ ရှိရုံမကဘူး၊ အဒေါ်နဲ့ မိတ်ဆွေ ဖြစ်ကြောင်း ပြောပြတော့ 'ဟန်ကျလိုက်တာရှင်။ မရရအောင် တဆိတ်လောက် ခေါ်ပေးပါ'တဲ့။ တကယ်လို့များ မလိုက်ချင်ဘူးဆိုယင် ကျွန်မနာမည်ကို ပြောပါ'တဲ့"

ရှား။ ။"နာမည်က ဘယ့်နှယ်ခေါ်သလဲ အဒေါ်"

ညွန့်။ ။"မစ္စစ် ဘနာဂျီတဲ့"

ရှား။ ။"ဘနာဂျီ၊ ဘနာဂျီ။ သူ့ယောကျ်ားကကော ဘာလုပ်လဲ"

ညွန့်။ ။"ဆပ်ကပ်ပွဲမှာ ကျားတို့၊ ခြင်္သေ့တို့ပြတဲ့ တိရစ္ဆာန် ဆရာကြီး ဆိုပါကလားရှင်"

ရှား။ ။"ဩော်၊ ရိပ်မိပြီဗျို့၊ ဟိုတုန်းက မန္တလေးမြို့မှာ သူတို့ ဆပ်ကပ်ပွဲ ရောက်စဉ်က ခြင်္သေ့ ကိုက်ပြီး သေတယ်ဆိုတဲ့ ဘနာဂျီ မှတ်တယ်။ ကောင်းပြီ။ ကျွန်တော်တို့ လာခဲ့မယ်လို့ ပြောလိုက်ပါ ဒေါ်စိန်ညွန့်ရယ်။ ဒီကမိတ်ဆွေ ကိုသိန်းမောင်နဲ့ တိုင်ပင်စရာလေးရှိတာ တိုင်ပင်ပြီး ညနေ ၄ နာရီလောက် တော့ ကျွန်တော်တို့ နှစ်ယောက် ရောက်အောင် လာခဲ့ပါ့မယ် ခင်ဗျ"

ဒေါ်စိန်ညွန့် ဆင်းသွားသည်နှင့် တပြိုင်နက် ဦးစံရှားသည် သတင်းစာများမှ ကတ်ကြေးဖြင့်ညှပ်၍ ကော်ဖြင့်ကပ်ထားသော ဖိုင်တွဲများကို ကြွက်လျှောက်ပေါ်မှ ချပြီးလျှင် တခုပြီးတခု လှန်လှော ရှာဖွေ လျက် ရှိလေ၏။ ထို့နောက် မိမိရှာဖွေသည့် အရာကို တွေ့သည့်လက္ခဏာဖြင့် ဦးစံရှားသည် တခုသော ဖိုင်တွဲကို သူ၏ ဒူးပေါ်၌တင်လျက် ကြမ်းပေါ်တွင် တင်ပျဉ်ခွေထိုင်ယင်း ဖတ်ပြီးနောက်—

ရှား။ ။"ဟိုတုန်းကတည်းကိုက ကျုပ် ဒီအမှုကို နည်းနည်းမှ စိတ်မကျေနပ်ဘူးဗျ။ ဖြတ်ပိုင်း နဲ့ဘေးက ကျုပ် မှတ်ချက်ရေးထားတာ ကြည့်ပါလား။ ကေန်မုချ ပုလိပ်ထင်မြင်ချက်က မှားတယ်လို့ ဟိုတုန်းကတည်းက ကျုပ် ထင်နေတယ်။ ဆပ်ကပ်ပွဲတခု လွန်ခဲ့တဲ့ ၅ နှစ်လောက်က မန္တလေးရောက်လာ တယ်။ တိရစ္ဆာန် ဆရာကြီးတယောက် ခြင်္သေ့ပုတ်လို့ သေတယ်ဆိုတာ ခင်ဗျား ကြားလိုက်မိတယ် မဟုတ်လား"

ကျွန်။ ။"ကြားတော့ ကြားလိုက်မိပါရဲ့ ခင်ဗျာ"

ရှား။ ။"ဟိုတုန်းက ကျုပ်မကျေနပ်ပေမယ့် ဘယ်ဘက်ကမှ ကျုပ်ကိုမငှားလေတော့ ဒီအတိုင်းပဲ နေလိုက်ရတယ် ကိုသိန်းမောင်ရဲ့။ ရော့၊ ဟောဒီမှာ သတင်းစာတွေ။ ဖတ်ကြည့်စမ်း"

ကျွန်။ ။"လိုရင်း အချုပ်လောက်ကိုသာ ကျွန်တော့်ကို ကြည့်ပြီး ပြောပြပါတော့ဗျာ"

ရှား။ ။"ကိုင်း ဒါဖြင့် ဒီလိုဗျာ။ ဟိုတခါတုန်းက ဘင်္ဂလားဆပ်ကပ်ပွဲတခု ရောက်ပြီးလာတယ်။ တိရစ္ဆာန်တွေ ဘာတွေလဲ အင်မတန်စုံလို့၊ လူကြည့်လဲ အင်မတန်များတယ်။ အချို့က ကုလားဆပ်ကပ် ဖြစ်ပေမယ့် ဟန်မဆင် ဆပ်ကပ်ထက်တောင် ကြည့်လို့ကောင်းသေးတယ်လို့ ပြောကြတယ်"

ကျွန်။ ။"ဒင်္ဂါးကို ချီးပြီးပြတဲ့ လူတယောက်ပါတဲ့ ဆပ်ကပ် မဟုတ်လား"

---

ဆတ်တိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"အစစ်ပဲ။ သူတို့ပါတဲ့ တောတိရစ္ဆာန်တွေထဲမှာ အာဖရိကတိုက်က ခြင်္သေ့ကြီး တကောင်လဲ ပါတယ်ဗျ။ အင်မတန်လဲ ဆိုးတယ်။ သူ့ကိုပြတဲ့အခါမှာလဲ တိရစ္ဆာန်ဆရာကြီး ဘနာဂျီတို့ လင်မယားက ပြရတယ်။ လင်က ပါးစပ်ကို ဖြဲပြီးပေး။ မယားက ပါးစပ်ထဲကို ခေါင်းလျှိုထည့်။ ဒါမျိုး တွေပေါ့ဗျာ။ ဟောဒီမှာ သူတို့ပြပုံ ဓာတ်ပုံတောင် ရှိသေးတယ်။ ဟုတ်စ။ ဘနာဂျီက အရုပ်ဆိုးဆိုး၊ ပုပုဝဝ၊ မယားလုပ်တဲ့ ကုလားမက တော်တော်ချောတယ်ဗျ။ မြင်လား"

ကျွန်ုပ်။ ။"ဟုတ်တယ်ဗျ"

ရှား။ ။"တိရစ္ဆာန်ဆရာကြီးများဟာ သူတို့ပြတဲ့ တိရစ္ဆာန်တွေကို သူတို့ကိုယ်တိုင် အစာကျွေး တယ်။ အခိပ္ပာယ်ကတော့ အစာကျွေးတဲ့လူကို ချစ်လဲ ချစ်အောင်၊ ကြောက်လဲ ကြောက်အောင်၊ ဒီလိုကိုး ဗျ။ အထူးသဖြင့် ဆိုးတဲ့ တိရစ္ဆာန်များကို သာပြီး ဒီလိုလုပ်ရသေးတယ်။ ဒါနဲ့ ဘနာဂျီ လင်မယားဟာလဲ ခြင်္သေ့ကို သူတို့ကိုယ်တိုင် အစာကျွေးသတဲ့ဗျာ။ တညမှာတော့ ပွဲမကပဲ နားနေတဲ့အခါမှာ ခြင်္သေ့ထားတဲ့ လှောင်အိမ်ဆီက ခြင်္သေ့ဟိန်းသံရော ဘနာဂျီမိန်းမ အော်သံရော ဆူညံသွားလို့ သူတို့ ဆပ်ကပ်ထဲကလူတွေ မီးခွက်တွေနဲ့ ပြေးသွားကြတော့ လား လား၊ ဘနာဂျီလဲ လှောင်အိမ်နဲ့ အတောင် ၂၀ ကွာလောက်က မြေကြီးပေါ်မှာ အလျားမှောက်လို့တဲ့ဗျ။ နောက်စေ့မှာ ခြင်္သေ့ပုတ်တဲ့ ဒဏ်ရာကြီးက မြင်မကောင်း ဘူးတဲ့။ လှောင်အိမ်နားမှာတော့ ဘနာဂျီ မိန်းမက ပက်လက်ကြီးလန်ပြီး ခြင်္သေ့က အပေါ်က ဟိန်းပြီး နေသတဲ့။ မျက်နှာမှာလဲ ခြင်္သေ့ ကုတ်ဖဲ့ပြီး ထားလိုက်တာ ဘာမှ ရုပ်ရာမရှိဘူးဗျ။ ဒီတော့ ဆပ်ကပ်ထဲက လူတွေက ဝါးလုံးကိုင်သူက ကိုင်၊ တုတ် ကိုင်သူက ကိုင်၊ ဆွဲမိဆွဲရာ ဆွဲပြီး တညီတညာတည်း ညာသံပေးပြီး ခြောက်တော့မှ ခြင်္သေ့က လှောင်အိမ်ထဲကို ပြန်ဝင်သွားသတဲ့။ ဒီတော့မှ လှောင်အိမ်တံခါးကို ပိတ်ပြီး ဘနာဂျီလင်မယားကို ကြည့်တော့ လင်မှာတော့ အသက်မရှိတော့ဘူးတဲ့။ မယားမှာတော့ မျက်နှာမှာ စိစိညက်ညက် ကြေနေလေတော့ ဆေးရုံကို ပို့လိုက်ရတယ်တဲ့"

ကျွန်ုပ်။ ။"ခြင်္သေ့က ဘယ်ပုံလွတ်ပြီး ထွက်လာသတဲ့လဲဗျာ"

ရှား။ ။"ဘယ်ပုံထွက်ပြီး လာတယ်လို့ကို ဘယ်သူမှ အမှန် မပြောနိုင်ဘူးဗျ။ ပြောနိုင်တဲ့လူကလဲ ဘနာဂျီ မိန်းမတယောက်ပဲရှိတယ်။ သူကလဲ ဒဏ်ရာအနာတရနဲ့ ဆေးရုံတက်နေရလို့ အမှုအတွင်းမှာ ဘာမှ အစစ်မခံနိုင်ဘူး"

ကျွန်ုပ်။ ။"ပုလိပ်က ဘယ်ပုံတွေးသလဲ"

ရှား။ ။"ပုလိပ်နဲ့တကွ ဆပ်ကပ်ထဲကလူတွေအားလုံးတွေးကြတာကတော့ လင်မယားနှစ်ယောက် ခြင်္သေ့ကို အစာကျွေးမလို့ လှောင်အိမ်ကို ဖွင့်လိုက်ခါရှိသေး။ တခါတည်း ခုန်ထွက်ပြီး တယောက်ကို သတ်ပုတ်၊ တယောက်ကို ကုတ်ဖဲ့တယ်လို့ တွေးကြတာပဲ။ ထူးဆန်းတဲ့အချက်ကတော့ မိန်းမက ဆေးရုံမှာ ရှိစဉ် သတိလစ်ပြီးနေတုန်း 'သရဲဘောနည်းတဲ့ အကောင်၊ ကြောက်ချေးအိုး' လို့ မကြာမကြာ ယောင်ပြီး အော်သတဲ့ဗျ"

ကျွန်ုပ်။ ။"မိန်းမက ဘယ်တော့လောက်မှ အစစ်ခံနိုင်သလဲဗျာ"

ရှား။ ။"ဖြစ်ပြီးတဲ့နောက် ၆ လလောက် ကြာမှ အစစ်ခံနိုင်တဲ့ အခြေအနေလောက် ရောက် သတဲ့ဗျ။ ဒီတော့လဲ အမှုက ပိတ်ပြီးပြီ"

ကျွန်ုပ်။ ။"တွေးတဲ့အတိုင်းလဲ မှန်ဟန် ရှိပါရဲ့ဗျာ"

---

ဆာတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ပြောစရာပလေ။ သို့သော် အင်စပက်တော်ကလေး ကိုထွန်းဦးကတော့ တယ်ပြီး မကျေနပ်ဘူးဗျ။ ဒီအမှုကို ဟိုတုန်းက သူ ကိုင်ရတယ်။ တော်တော် ပါးရည်နပ်ရည်ရှိတဲ့ လူငယ်ကလေး တယောက်။ ကျုပ်လဲ သူပြောလို့ ဒီအမှုဟောင်းကို ဟိုတုန်းက နည်းနည်း ဂရုစိုက်မိတယ်"

ကျွန်။ ။"လူကလေး ပိန်ပိန်ရှည်ရှည်၊ နှုတ်ခမ်းမွှေးရေးရေးနဲ့ တခါတခါဒီဝင်ဝင်လာတဲ့လူဟာ မဟုတ်လား"

ရှား။ ။"ဟုတ်တယ်။ ခင်ဗျား မှတ်မိသကိုး"

ကျွန်။ ။"သူ မကျေနပ်ပုံ ပြောပြစမ်းပါအုံးဗျာ"

ရှား။ ။"သူတွင် မကဘူး၊ ကျုပ်လဲ မကျေနပ်ဘူး။ ကိုင်း အမှုမှာ ခြသေ့်လုပ်ပုံကို ခင်ဗျားသတိထားပြီး ကြည့်စမ်း။ ခြသေ့်ကို တံခါးဖွင့်ပြီး လွှတ်လိုက်ပါရောတဲ့။ အပြင်ရောက်ရောက်ချင်း ခြသေ့်က ဘာလုပ်သတဲ့လဲ။ လှောင်အိမ်နဲ့ အတောင် ၂၀ လောက် ကွာတဲ့ ဘနာဂျီဆီကို ပြေးပြီးသွားတော့ ဘနာဂျီ အပြေးမှာ နောက်ကနေ သတ်ပုတ်ပြီးတော့ ဘာလုပ်ပြန်သလဲ။ တခါတည်း လွတ်အောင်တော့ ထွက်မပြေးသေးဘူးဗျ။ လှောင်အိမ်နားလာပြီး ဘနာဂျီမယားကို ကုတ်ဖဲ့ပြန်သဗျ။ မထူးဆန်းဘူးလားဗျာ။ ပြီးတော့ တချက်က ဘာလဲဆိုတော့ ဘနာဂျီမယားဟာ အလူးအလဲ ခံနေရတဲ့အခါမှာ တခါတခါ သတိလစ်ပြီး 'သရဲဘောနည်းတဲ့အကောင်၊ ကြောက်ချေးအိုး'လို့ အော်ရတာ ဘယ့်နှယ်အဓိပ္ပာယ်လဲဗျာ။ တကယ်ဆိုတော့ ဘနာဂျီမျာမှာ ခြသေ့်သတ်ပုတ်လို့ သေပြီးတဲ့နောက် သရဲဘော နည်းတယ်လို့တော့ စွပ်စွဲဖို့မရှိပါဘူးဗျာ။ ကျုပ်အထင်တော့ စွပ်စွဲလောက်တဲ့အကြောင်း တစုံတခုတော့ အမှန်ရှိလို့ သူ့စိတ်ထဲမှာ စွဲပြီး ကယောင်ကတမ်း အော်တယ်လို့ ထင်တာပဲ ကိုသိန်းမောင်"

ကျွန်။ ။"ထင်ဖို့ ရှိပေတယ်ဗျာ"

ရှား ။ ။"နေအုံး။ ပြီးတော့ တချက်က ရှိသေးတယ်။ အမှုအတွင်းတုန်းက တချို့က ဘယ်လို အစစ်ခံသလဲဆိုယင် မိန်းမအော်သံနဲ့ ခြသေ့်ဟိန်းသံကို ကြားရစဉ်အခါက ယောကျ်ားတယောက်လဲ လန့်အော်သံလိုလို ကြားရတယ်လို့ အစစ်ခံကြတယ်ဗျ"

ကျွန်။ ။"ဒီအော်သံကတော့ ဘနာဂျီအော်သံ ဖြစ်မှာပေါ့ဗျာ"

ရှား။ ။"ဦးခေါင်းကို ကြေမွပြီး ဦးနှောက်တွေထွက်နေတဲ့လူက အော်နိုင်ပါအုံးမလားဗျာ"

ကျွန်။ ။"အကုန်လုံးက လန့်ပြီးအော်တာနဲ့ ရောရောနှောနှော ကြားမိတာ ထင်ပါရဲ့ဗျာ။ ကျွန်တော်ကတော့ ဒီပုံတွေးတယ်ဗျ။ ဦးစံရှားရဲ့"

ရှား။ ။"ဆိုစမ်းပါအုံးဗျာ"

ကျွန်။ ။"ခြသေ့်လွှတ်တဲ့အခါမှာ သူတို့ နှစ်ယောက်လုံးဟာ လှောင်အိမ်နဲ့ အတောင် ၂၀ ကွာမှာ ရှိကြတယ်။ ဘနာဂျီက လှည့်ပြီး ပြေးလေတော့ ခြသေ့်က နောက်ကနေပြီး ပုတ်သတ်လိုက်တယ်။ ဒီတော့ မိန်းမက လှောင်အိမ်ထဲဝင်ပြီး တံခါးပိတ်ထားလိုက်ယင် လွတ်လေရဲ့လို့ အကြံရပြီး လှောင်အိမ်ဆီ ပြေးသွားလို့ အနားအရောက်မှာ ခြသေ့်က လိုက်ပြီး ပုတ်ပြန်တယ်။ သူ့ယောကျ်ားက ခြသေ့်ကို မခုခံပဲ လှည့်ပြီးပြေးတဲ့အတွက် ဒီလိုဖြစ်ရတယ်ဆိုပြီး သရဲဘောနည်းတယ်လို့ စွပ်စွဲတယ်။ ကိုင်း ဒီလိုမဟုတ်ပေဘူးလားဗျာ"

ရှား။ ။"တော်ပေ့ဗျာ။ သို့သော် ခင်ဗျားတွေးချက်က အပြစ်ကလေးတချက်ပဲ ရှိတယ်"

ကျွန်။ ။"ဘာလဲဗျာ"


www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။“လင်မယားနှစ်ယောက်စလုံး လှောင်အိမ်နဲ့ အတောင် ၂၀ ကွာလောက်မှာ ရှိကြယင် ခြင်္သေ့ကို ဘယ်သူက လွှတ်လိုက်လို့ ထွက်လာနိုင်သလဲဗျာ”

ကျွန်။ ။“သူတို့ကို မုန်းတဲ့လူတယောက်က ဖွင့်ပြီး လွှတ်လိုက်ယင်ကောဗျာ”

ရှား။ ။“သူတို့ခိုင်းသမျှ လုပ်နေကျ၊ အစကျွေးနေကျ လင်မယားကို ဘယ့်နှယ်ကြောင့် ဒီလို လုပ်ရသတဲ့လဲဗျာ”

ကျွန်။ ။“ခုနင်က ကျွန်တော်ပြောတဲ့ ရန်သူ တယောက်ယောက်က ခြင်္သေ့ကို စိတ်ဆိုးအောင် လုပ်ပြီး ထားမတဲ့ဗျာ”

ရှား။ ။(အတန်ကြာအောင် စဉ်းစား စိတ်ကူးနေပြီးနောက်) “ခင်ဗျားတွေးတဲ့အတိုင်း ဘနာဂျီ ဟာ ရန်သူကတော့ တော်တော်များတဲ့ လူပဲတဲ့ဗျ၊ ဆပ်ကပ်ထဲက လူတွေနဲ့ သူနဲ့ ဘယ်သူနဲ့မှ မတည့်ဘူး တဲ့။ အရက်ကလဲ အစဉ်မူး၊ မူးယင်လဲ အင်မတန် ရမ်းကားချင်တဲ့လူဗျ။ သို့သော် ရန်သူပင် များစေကာမူ, ခင်ဗျား တခုစဉ်းစားပြီး ကြည့်စမ်း။ သူတို့လင်မယား အစာကျွေးတဲ့အခါမှာ ရန်သူက ခြင်္သေ့လှောင်အိမ် ကို သွားပြီး ဖွင့်ပေးဝံ့ဖို့ မခဲယဉ်းပေဘူးလား။ တကယ်လို့ ခြင်္သေ့က ကိုက်စရာရှိယင် ငါ့ကိုသာ ကိုက်ဆိမ့် မယ်လို့ ရန်သူက မထင်ပေဘူးလားဗျာ။ ခင်ဗျားဖြင့် လုပ်ဝံ့ပါ့မလား”

ကျွန်။ ။“ဒါလဲ ဟုတ်တယ်ဗျို့”

ရှား။ ။“ကိုင်း ကိုသိန်းမောင်၊ ညဏ်တွေ ထုတ်ရတာ တော်တော် ပင်ပန်းသွားပြီ မှတ်တယ်။ အပန်းကလေးများ ပြေသွားအောင် လက်ဖက်ရည်ကလေး တခွက်စီ သောက်ကြအုံးစို့ဗျာ”

ထိုနေ့ညနေ ၄ နာရီထိုးသည်နှင့် တပြိုင်နက် ကျွန်တော်နှင့်ဦးစံရှားတို့သည် ၃၂ လမ်းရှိ ဒေါ်စိန်ညွန့် ၏ တိုက်ရှေ့မြင်းရထားတစီးပေါ်မှ ဆင်းသက်၍ တိုက်တွင်းသို့ ဝင်သွားကြရာ ဒေါ်စိန်ညွန့်မှာ ကျွန်တော် တို့ လာမည်ကို စောင့်ဆိုင်း ကြိုဆိုလျက်ရှိလေ၏။ ကျွန်တော်တို့အား နှုတ်ခွန်းဆက်ပြီးနောက် ဒေါ်စိန်ညွန့် သည် ကျွန်တော်တို့ကို တိုက်အပေါ်ထပ်သို့ ခေါ်ငင်၍သွားလေရာ ကုလားမမှာ မိမိ၏အခန်းကို လုံခြုံစွာ ပိတ်ဆို့ ကာရံလျက်ရှိသည်ကို တွေ့ရှိသဖြင့် တိရစ္ဆာန်များကို လှောင်အိမ်၌ သွပ်သွင်းပိတ်ဆို့ခြင်းအားဖြင့် အသက်မွေးမြူခဲ့မိသည့်အတွက် ယခု အခန်း၌ပင် ချက်ချင်း ဝင်ရှုလည်သည်ဟူ၍ ကျွန်တော်၏ စိတ်၌ တွေးတောမိလေ၏။

အခန်းတွင်းသို့ရောက်လျှင် ကုလားမသည် ထိုင်ရာမှ ထပြီးနောက် ကျွန်တော်တို့အား နေရာထိုင်ခင်း ပေး၍ ဧည့်ခံလေရာ ကျွန်တော်သည် ကုလားမ၏ ရုပ်လက္ခဏာကို အကဲခတ်လျက် ရှိလေ၏။

ယင်းကုလားမမှာ အထက်နှုတ်ခမ်းမှသည် ဦးခေါင်းသို့တိုင်အောင် အဝတ်နက်ကြီးတခုဖြင့် လုံခြုံစွာ ခေါင်းမြီးခြုံလျက်ရှိရာ မေး၊ ပါးစပ်၊ သွားတို့၏ လှပခြင်းကိုလည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်၏ အချိုး အစား ကျနပြေပြစ်ခြင်းကို လည်းကောင်း ထောက်ချင့်ရသော် အတော်အတန် ရုပ်ရည် လှပခဲ့ဖူးသူ ဖြစ်မည့်အကြောင်းကို ချက်ချင်းဗင် ခန့်မှန်းမိလေ၏။

သူ၏ အသံမှာလည်း အေးအေးချိုချိုရှိ၍ သာယာနာပျော်ဖွယ်ရှိလေရာ ဦးစံရှားနှင့် ကျွန်တော်တို့ အား မှားယွင်းခြင်းမရှိပဲ ဦးစံရှား၏ဘက်သို့ တခါတည်း လှည့်၍ အင်္ဂလိပ်ဘာသာဖြင့်—

ကု။ ။“ကျွန်မနာမည်နဲ့ ကျွန်မအကြောင်းကိုတော့ ဦးစံရှား ကြားဖူးပါလိမ့်မယ် မှတ်တယ်”

ရှား။ ။“ကြားဖူးပါတယ်။ သို့သော် ကျွန်တော် ကြားဖူးကြောင်း ခင်ဗျား ဘယ့်နှယ် အတတ် သိသလဲ”

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကု။ ။"ကျွန်မ ဆေးရုံက သင်းဆင်းချင်း အင်စပက်တော် ကိုထွန်းဦးနဲ့တွေ့လေတော့ ကျွန်မတို့ အမှုအကြောင်းကို စုံထောက်ကြီး ဦးစံရွှားက အရေးယူနေတဲ့အကြောင်း သူပြောလို့ ကျွန်မ ကြားဖူးပါ တယ်ရှင်။ သို့သော် ဟိုတုန်းက ကျွန်မ သူ့ကို အကြောင်းမျိုးစုံ ကုန်အောင် မပြောလိုက်မိပေဘူးရှင့်။ ကွယ်တန်သလောက် ကွယ်ပြီး ကျွန်မ ပြောလိုက်မိပေတယ်"

ရှား။ ။"ဘယ့်နှယ်ကြောင့် အကြောင်းစုံ မပြောပဲ ကွယ်ပြီး ပြောလိုက်ရသလဲ"

ကု။ ။"ဟိုတုန်းက ကျွန်မက အကြောင်းစုံ ပြောလိုက်ရယင် လူတယောက်ကို ထိပါးမှာစိုးလို့ ညှာတာမိတဲ့အတွက် ကွယ်ဝှက်ပြီး ပြောမိပါတယ်ရှင်။နည်းနည်းမှ ကောင်းတဲ့လူတယောက် မဟုတ်ပါဘူး။ သို့သော် ကိုယ်နဲ့ ချစ်ခင်ဖူးတဲ့ လူတယောက်ဟာ ကိုယ့်ပယောဂနဲ့ ဒုက္ခဖြစ်သွားတာ မမြင်ချင်တာနဲ့ ကွယ်မိပါတယ်ရှင်"

ရှား။ ။"ခုတော့ မှန်မှန်ပြောနိုင်တဲ့ အခြေကို ဘယ်လိုနည်းနဲ့ ရောက်ခဲ့သလဲ"

ကု။ ။"ခုတော့ ဟိုလူ မရှိဘူးရှင့်။ သေရှာပြီ"

ရှား။ ။"ဒါဖြင့် ခင်ဗျားပြောစရာရှိသမျှ ပုလိပ်ကို ပြောပါတော့လား"

ကု။ ။"သူ့အသက်ကို ငဲ့စရာ မရှိပေမယ့် ကျွန်မအရှက်ကို ငဲ့ရသေးတာကိုးရှင့်။ ပုလိပ်ကို ပြောလိုက်ယင်ဖြင့် ကျွန်မအရှက်ကို နိုင်ငံနဲ့တဝန်း ဖော်ပြီးပြောသလို ဖြစ်နေတော့မှာပေါ့ရှင်။ ကျွန်မလဲ လူ့ပြည်မှာ ကြာကြာနေရဖို့ မရှိလှပါဘူးရှင်။ မသေခင်ကလေး ကျွန်မ အရှက်မကွဲပါရစေနဲ့။ သို့သော် ရှင့်အကြောင်းကို ကျွန်မ ကြားရဖူးလေတော့ ရှင့်တယောက်ကိုဖြင့် မသေခင် အကျိုးအကြောင်း အကုန် ပြောခဲ့မယ်လို့ ကျွန်မ အောက်မေ့လို့ ခေါ်ရခြင်း ဖြစ်ပါတယ်ရှင်"

ရှား။ ။"ကျွန်တော်လဲ တာဝန်ရှိတဲ့ လူတယောက်ပဲ မစ္စစ်ဘနာဂျီ။ ကျွန်တော်လဲ အကြောင်း မျိုးစုံ ကြားရတဲ့အခါမှာ ပုလိပ်ကို မတိုင်တန်းပါဘူးလို့ တာဝန်မခံနိုင်ပါဘူးဗျ။ တိုင်သင့်ယင်လဲ တိုင် ရလိမ့်မယ်"

ကု။ ။"တိုင်သင့်တယ် ထင်ယင်လဲ တိုင်တာပေါ့ရှင်။ မတိုင်ရဘူးလို့ ကျွန်မက မဆိုပါဘူး။ သို့သော် ကျွန်မ မသေခင် ရှင်လိုလူတယောက်ကို အမှုနဲ့ပတ်သက်လို့ ကျွန်မသိသမျှ ဖွင့်ပြောလိုက်ရယင် ကျွန်မရင်ထဲမှာ ရှင်းပြီးသွားလိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်"

ရှား။ ။"ပြောပါဗျာ။ ဒီက မိတ်ဆွေနဲ့ ကျွန်တော်နဲ့ နားထောင်ပါ့မယ်"

ထိုအခါ မစ္စစ်ဘနာဂျီသည် ထိုင်ရာမှထပြီး စားပွဲအံဆွဲတခုမှ ဓာတ်ပုံတခုကိုယူ၍ ကျွန်တော်တို့အား ပြ၏။ ယင်း ဓာတ်ပုံမှာ ကြွက်သားမျှား ဖုထစ်လျက်ရှိ၍ အလွန်တရာ အားခွန်ဗလနှင့် ပြည့်စုံသည့် ကုလား လူမျိုး ယောကျ်ားတယောက်၏ အထက်ပိုင်းကို ရိုက်ထားသောပုံ ဖြစ်လေသည်။ ယင်း၏ မျက်နှာမှာ လွန်မင်းစွာ မချောမောလှသော်လည်း အတော်အဘန် ကြည့်၍ကောင်းသော လူတယောက်ဖြစ်လေသည်။

ကု။ ။"အဲဒါ ဘီဟာရီလာ ပုံပါပဲရှင်"

ရှား။ ။"ဒင်္ဂါးကို ချိုးနိုင်တယ်ဆိုတဲ့ သူဟာ မဟုတ်လား"

ကု။ ။"ရော့၊ ဟောဒါက ကျွန်မယောကျ်ား ပုံပါပဲ"

ထိုသူမှာ နှုတ်ခမ်းထော်ထော်၊ မျက်ခုံးထူထူ၊ ရွှေသွားကျဲကျဲ၊ ပုပုဝဝနှင့် အတော်ပင် ပုံမကျသော ကုလားလူမျိုးတယောက် ဖြစ်ပေသည်။

ယင်းဓာတ်ပုံ နှစ်ခုကို ယှဉ်၍ ကြည့်ကြပြီးနောက် မစ္စစ် ဘနာဂျီက ဆက်လက်၍ "အကြောင်းက ဒီလိုပါရှင်။ကျွန်မက အင်္ဂလိပ်ကျောင်းကထွက်ပြီး ဒီအလုပ်မျိုး ဝါသနာဗပါတာနဲ့ ဆပ်ကပ်ထဲမှာ ကြိုးတန်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တဲ့အလုပ်နဲ့ ကျွန်မလိုက်ခဲ့တာကိုးရှင့်။ ကျွန်မတို့ဆပ်ကပ်မှာ ဘနာဂျီက ပိုင်ရှင်လဲဖြစ်တယ်၊ တိရစ္ဆာန်ဆရာကြီးလဲ ဖြစ်တယ်။ ဒါနဲ့ တိုတိုပြောတော့မယ်။ ကံနိမ့်တဲ့ တနေ့မှာ ကျွန်မက ဘနာဂျီနဲ့ အကြောင်းပါပါရောရှင်။ အကြောင်းပါပြီးနောက် တလ နှစ်လ လွန်ပြီးတဲ့ဘက်မှာဖြင့် ကျွန်မမှာ ရေပြည်ကို အရှင်လတ်လတ် ရောက်ရတာနဲ့ မခြားနားပါဘူးရှင်၊ အမျိုးမျိုးနဲ့ကြံပြီး ကျွန်မကို နှိပ်စက်တယ်ရှင့်။ သူနှိပ်စက်တဲ့အကြောင်းတော့ ဒီဆပ်ကပ်ထဲကလူတွေ အားလုံးသိကြပါတယ်ရှင်။ ကြိုးနဲ့တုပ်ပြီး ကြာပွတ်နဲ့ရိုက်တာက ဘယ်နှစ်ကြိမ်လဲ မရေတွက်နိုင်ဘူး။ ကျွန်မအသားကို မီးနဲ့ရှို့တာလဲ လေးငါးခါရှင့်။ ဒီ့ပြင် ကန်ကျောက်တာ၊ ထိုးတာ ကြိတ်တာတွေတော့ မပြောပါနဲ့တော့ရှင်။ နေ့စဉ်နဲ့အမျှပါပဲ။ သို့သော် တခုမေးစရာရှိတယ်။ ကျွန်မက မျောက်မများထားမိလို့ ဒီလိုအလုပ်ခံရသလားလို့ မေးစရာရှိတယ်။ ကျွန်မ သေခါနီးပါပြီရှင်။ အခုတော့ ကွယ်ဝှက်ပြီး မပြောပါဘူး။ ဘနာဂျီ မသေမီ တလလောက်အထိမှာ ကျွန်မဟာ တပါးယောကျ်ားနဲ့ ဖြစ်မှားမိခဲ့လို့ ရှိယင် ရေပြည်က ဘယ်တော့မှ မကျွတ်ပဲ အမြဲခံရပါစေရှင်”

ရှား။ ။“ယုံပါပြီဗျာ။ ထပ်မကျိန်ပါနဲ့တော့”

ကု။ ။“ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မကို အခုပြောသလို အမျိုးမျိုး နှိပ်စက်ဖန်များတော့ တဖွဲ့လုံးက သူ့ကို မုန်းကြတာကိုးရှင့်။ မုန်းပေမယ့် သူ့ကို ဘယ်သူမှ မပြောဝံ့ဘူး။ ပြေးပြန်မှဖြင့် နိုင့်ထက်စီးနင်း လုပ်လွန်းတဲ့ သူ့ကို အကုန်လုံးက ကြောက်နေတာကိုးရှင့်။ ဒီအတောအတွင်းမှာ ဘီဟာရီလာ ပေါက်လာပါရောရှင်။ သူကလဲ ကျွန်မ အနှိပ်စက်ခံနေရတာတွေမြင်တော့ ဝင်ပြီး ပြော၊ ပြောတော့ သူ့တယောက်တော့ ဘနာဂျီက နည်းနည်းရှိဘယ်ရှင့်။ ရှိလေတော့ သူ့ကိုတော့ ဘာမှ ပြန်မပြောပဲ ကျွန်မကိုသာ ရှေ့ကထက်တိုးပြီး နှိပ်စက်ပြန်တာကိုးရှင့်။ ဒါနဲ့ တစတစနဲ့ ကရုဏာသက်ရာကစပြီး နောက်ဆုံးကျတော့ ဘီဟာရီလာနဲ့ ကျွန်မနဲ့ စုံမက်ကြပါရောရှင့်။ ကျွန်မ အမှန်ပြောပါရစေ။ ကျွန်မဟာ ဆက်ဆောင့်တတ်တဲ့ သဘောနဲ့ မဟုတ်ရပါဘူးရှင်၊ နှိပ်စက်လွန်းအားကြီးလွန်းလို့ ဒီလူကိုလဲ သူတယောက်တည်းပဲရှိင်တယ်လို့ အားကိုးပြီး စုံမက်မိခြင်း မှန်ပါတယ်ရှင်။ ဒါနဲ့ တနေ့ဟာတော့ ကျွန်မကို ဘနာဂျီက ခြေနဲ့ကန်လိုက်တာ လွင့်သွားတော့ ဘီဟာရီလာက ဝင်ပြီးပြောတော့ လူနှစ်ယောက် သတ်ကြတော့မလို ဖြစ်သွားသေးတယ်။ ဒီတော့မှ ကျွန်မတို့နှစ်ယောက် တိုင်ပင်ပြီး ဒီလူကို အရှင်ထားလို့ မဖြစ်ဘူး၊ သေစေမှ တော်မယ်လို့ ဆိုပြီး သေကြောင်းကြံကြတာကိုးရှင့်”

ရှား။ ။“ဆိုစမ်းပါဦးဗျာ”

ကု။ ။“ဘီဟာရီလာက ဘာလိုလိုနဲ့ တော်တော် ဉာဏ်သွားတဲ့လူရှင့်။ ဘယ်လိုလဲ ဆိုတော့ တုတ်ကြီးတချောင်း တဘက်က ခဲသွင်းပြီး ခဲသွင်းထားတဲ့ဘက်က သံချွန်တွေရိုက်ပြီးထားတယ်။ ဒီဟာနဲ့ရိုက်လို့ရှိယင် သံချွန်တွေက ခြသေ့လက်သည်းရာနဲ့တူလေတော့ ခြသေ့ ပုတ်တဲ့ဒဏ်ရာပဲလို့ ထင်စရာရှိတာကိုးရှင့်”

ရှား။ ။“တော်ပါပေ့ဗျာ”

ကု။ ။“ဒါနဲ့ ဟိုညက ကျွန်မယောကျ်ားနဲ့ ကျွန်မနဲ့ ခြသေ့ကို အစာကျွေးဖို့ ခါတိုင်းလို သွားကြတာကိုးရှင့်။ ညကလဲတော်တော်မှောင်တဲ့ညရှင့်။ ကျွန်မလဲ အမဲသားတွေကို သွပ်ပုံးနဲ့ထည့်လို့ လက်ကဆွဲပြီး နှစ်ယောက်သား မိုးကာတဲထဲ ဝင်သွားကြတော့ ဘီဟာရီလာက မိုးကာတဲအတွင်း အပေါက်ဝက ကွယ်ပြီး စောင့်နေတယ်။ ကျွန်မတို့ဝင်ဝင်ချင်း သူက လက်နှေးနေတာနဲ့ တော်တော်ကလေး လွန်သွားမှ ခြေဖျားထောက်ပြီး တုတ်နဲ့ တချက်တည်းချလိုက်တာ သူ့အားကြီးနဲ့ဆိုတော့ ပွဲချင်းပြီး သေပါရောရှင့်။ ဒီတော့မှ ကျွန်မက ခြသေ့လှောင်အိမ်ဆီသွားပြီး တံခါးဖွင့်ပေးလိုက်ပါရောရှင်”

ရှား။ ။“ဆိုစမ်းဗျာ”

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကု။ ။"ခြသေ့်ဆိုတဲ့ အကောင်မျိုးဟာ ရှင်တို့ကြားဖူးတဲ့အတိုင်း သွေးနံ့ရယင် ချက်ချင်းစိတ်ကြွပြီး လာတာကိုးရှင့်၊ ဒီတော့ လှောင်အိမ်ထဲက ထွက်ထွက်ချင်း ဟိန်းတဲ့ပြီး ကျွန်မကို တခါတည်း ပုတ်လှဲလိုက်တာကိုးရှင့်။ တကယ်လို့သာ ဒီနေရာမှာ ဘီဟာရီလာက သူ့လက်ကတုတ်နဲ့ အတင်းဝင်ရောက် ရိုက်လိုက်မယ်ဆိုယင် ခြသေ့်ဟာ လန့်ပြီး လှောင်အိမ်ထဲ ပြန်ဝင်သွားဖို့ မဟုတ်လားရှင်၊ အခုတော့ သူက ကြောက်အားလန့်အားနဲ့ အော်ပြီး ကျွန်မပစ်ပြေးပါရောရှင်။ ကျွန်မနဲ့ခြသေ့် နှစ်ယောက်သည်းအကျန်မှာ ခြသေ့်ကလဲ ကျွန်မမျက်နှာကိုချည်း ကုတ်လိုက် ခြစ်လိုက်၊ ကိုက်လိုက်နဲ့ ခဲလိုက်တာ ဘာရစရာရှိမလဲရှင်။ ကျွန်မကလဲ တတ်အားသမျှ ပါးစပ်ကလဲ အော်၊ လက်ကလဲ သူ့ပါးစပ်ကြီးကို အတင်းတွန်းပြီး မြောသွားပါရောရှင်။ သတိရလို့ ကျွန်မမျက်နှာကို ကျွန်မ မှန်ထဲကြည့်လိုက်တော့ ဘယ်မှာမြင်ဝံ့စရာ ရှိတော့မလဲရှင်၊ သူများမြင်ဖို့မဆိုထားနဲ့ ကိုယ့်မျက်နှာ ကိုယ်မြင်ရတာတောင် လန့်ပါသေးရဲ့။ ဒီကတည်းကစပြီး ကျွန်မလဲ လူမြင်သူမြင်မခံပဲနဲ့ ကျန်ရစ်တဲ့ ပစ္စည်းကလေးများထုခွဲပြီး တခန်းကတခန်း ရွှေ့ပြောင်းပြီး အောင်းလိုက်တာ ကနေ့ထိရှိပါရောရှင်။ ကိုင်း ဒါပါပဲ ဦးစံရှားရှင့်"

မစ္စစ်ဘာနဒါဂျီ၏ စကားအဆုံး၌ ဦးစံရှားသည် ကရုဏာသက်သော မျက်နှာထားဖြင့် ထိုမိန်းမအား အတန်ကြာအောင် စိုက်ငေး၍ ကြည့်ပြီးနောက် "ဖြစ်ရလေဗျာ၊ ဒုက္ခ၊ ဒုက္ခ။ ဒါထက် ဘီဟာရီလာကော ဘယ့်နှယ် ဖြစ်သွားသလဲ"

ကု။ ။"ဟိုကတည်းကစပြီး သူ့ဆီက ဘာမှ အကြောင်းမကြားရဘူးရှင့်၊ မကြားရတာကလဲ သူ့ကို အဆိုးဆိုဖို့ မရှိပါပေဘူးရှင်။ ခြသေ့်ဝါးထားတဲ့ ဒီမျက်နှာကြီးနဲ့ မိန်းမကို ဘယ်ယောကျ်ားက ချစ်ခင်နိုင်အုံးမှာလဲရှင်။ သို့သော်လဲ ကျွန်မကို သူက ခြသေ့်လက်အောက်မှာ ပစ်သွားသော်လဲ ကျွန်မလို မိန်းမက သူရက်စက်သလို မရက်စက်ချင်လို့ ဒီကနေ့ထိ သူ့အပြစ်ကို ကျွန်မ ဖုံးဖိမိခဲ့ပါတယ်ရှင်"

ရှား။ ။"သူ အခု မရှိဘူး သေပြီဆို"

ကု။ ။"ဗာရာဏသီမြို့မှာ ရေနစ်ပြီး သေတယ်ရှင့်"

ရှား။ ။"အဲဒီတုတ်ကြီးကို သူ ဘယ့်နှယ်လုပ်ပစ်သလဲ"

ကု။ ။"ကျုံးထဲပစ်ချဖို့ အစကတည်းက သူပြောထားတယ်ရှင့်၊ ကျုံးထဲမှာ ရှိလိမ့်မယ်"

ရှား။ ။"အရေးမကြီးပါဘူးဗျာ။ အမှုလဲ ပိတ်ပြီးပါပြီ"

ကု။ ။"ကိုင်း ဘယ့်နှယ်လုပ်မလဲ ဦးစံရှား။ ပုလိပ်ကို တိုင်ထိုက်တယ်လို့ ထင်သလား"

ရှား။ ။(မေးကိုကိုင်ကာ အဝေးသို့ မျှော်၍ကြည့်နေသော မျက်နှာထားနှင့်) "ခင်ဗျားအမှုက ကျွန်တော်တို့ ဆုံးဖြတ်ဖို့ မလိုပါဘူးထင်တယ်၊ အပြစ်ရှိယင်လဲ ချမ်းသာမပေးတတ်တဲ့ ကမ္ဘာမင်းကြီး ရှိနေပြီကော"ဟု ပြော၍ ကျွန်တော်တို့သည် ထိုင်ရာမှထ၍ အခန်းမှ ထွက်မည်အပြုတွင် ဦးစံရှားသည် တစုံတခုကို ရိပ်ကနဲ မြင်လိုက်သည်နှင့် ရုတ်တရက်လှည့်၍ "မလုပ်နဲ့လေ၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာအတိုင်း အဖန်ငါးရာ ငါးကမ္ဘာ ဆိုတာ မကြားဘူးလား" ဟု မေးရာ ထိုမိန်းမသည် အဆိပ်ပုလင်းကို လက်တွင်ကိုင်လျက် "နေလို့ ဘာအကျိုးရှိသလဲရှင်။ အခုလို အိမ်ခေါင်းထဲ တသက်လုံး အောင်းနေရတာထက် သေရတာက မြတ်ပါလိမ့်မယ်ရှင်။ ကျွန်မ မနေပါရစေနဲ့"

ရှား။ ။"ဒီလိုလုပ်ပြီးသေယင် ဒီ့ထက်ဆိုးတဲ့အပြစ် ရောက်မယ်ဆိုတာမသိဘူးလား၊ မလုပ်ပါနဲ့။ တောင်းပန်ပါရစေ၊ အကျိုးမရှိဘူးရယ်လို့ ဘယ်သူသိနိုင်မလဲ၊ တသက်ပတ်လုံး စိတ်ကောင်းနှလုံးကောင်း ထားပြီး...."

ဇာတ်သိမ်းအကြံ့မ်

www.burmeseclassic.com

www.burmeseclassic.com


ကု။ ။''ရှင်တို့ပြောတော့ လွယ်တယ်ရှင့်။ ကျွန်မအဖြစ် ကြည့်ကြပါအုံး''ဟုပြောလျက် ကုလားမသည် မိမိ၏ မျက်နှာဖုံးကို ရုတ်တရက် ဖွင့်လိုက်ရာ နှုတ်ခမ်း၏ အထက်မှသည် နဖူးသို့တိုင်အောင် လူ၏ မျက်နှာနှင့်မတူပဲ ရှုံ့တွ တွန့်လိမ်လျက်ရှိသော အရေတို့ဖြင့် အုပ်ဖုံးလျက် ယင်းတို့၏ အတွင်းမှ သနားစဖွယ်ကောင်းသော မျက်လုံးနှစ်လုံးတို့သည် ကျွန်တော်တို့အား ကြည့်လျက်ရှိရာ ကျွန်တော်တို့မှာ ကြာရှည်စွာ မကြည့်ရဲပဲ အခန်းပြင်သို့ လျင်မြန်စွာ ထွက်လာခဲ့ကြလေ၏။

ထို့နောက် နှစ်ရက်ခန့်ကြာသောအခါ ဦးစံရှား၏အမည်နှင့် စာတိုက်မှ အထုပ်ငယ်တခု ရောက်၍ လာရာ ဦးစံရှားသည် အထုပ်ကိုဖြေ၍ ကြည့်သည်တွင် အဆိပ်ပုလင်းနှင့် စာတစောင်ကို တွေ့ရှိရလေ၏။

ထိုစာမှာ—

ကျွန်မသည် ဦးစံရှား၏ အမှုအရာကို တွေ့မြင်ရ၍ ဗုဒ္ဓဘာသာတရားကို သက်ဝင် ယုံကြည်ပါသည်။ သို့ဖြစ်၍ ဤစာကို သင်ရသော အချိန်၌ ကျွန်မသည် စစ်ကိုင်းချောင်တွင် ဗုဒ္ဓဘာသာ သီလရှင်အဝတ်ကို လဲလှယ်ပြီး ဖြစ်ပါလိမ့်မည်။

ကျေးဇူးတင်သူတယောက်

စာကို ဖတ်ပြီးနောက် ဦးစံရှားက ''ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ပုလိပ်ကို တိုင်တာထက် ချမ်းသာပေးလိုက်တာက သာပြီးကောင်းတယ် မဟုတ်ဘူးလား''

ကျွန်။ ။''ဟုတ်ပါပေတယ် ခင်ဗျာ''

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၁၅။ ငမောက်တူး အမှု*

ကျွန်တော်နှင့် ဦးစံရှားတို့သည် နံနက်စာ စားသောက်ပြီးကြသဖြင့် ပက်လက် ကုလားထိုင် တလုံးစီတွင် ဆေးပြင်းလိပ် ကိုယ်စီ ဖွာလျက် ထိုနေ့နံနက်ထုတ် သတင်းစာများမှ စိတ်ဝင်စားဖွယ်သော အကြောင်းအရာများကို စားမြုံ့ပြန်လျက်ရှိစဉ် အသက် ၂၅ နှစ်ခန့်ရှိ အိန္ဒိယ တိုင်းရင်းသားတယောက် တက်လာ၍ အင်္ဂလိပ်ဘာသာဖြင့်—

"ခွင့်ပြုပါခင်ဗျာ။ ကျွန်တော် စကားနည်းနည်းပြောပါရစေ"ဟု ခွင့်တောင်းသည်နှင့် ဦးစံရှားက ကုလားထိုင် တလုံးကို ညွှန်ပြလေသည်။

"ကျွန်တော့်နာမည် ချန္ဒရာပါတဲ့ခင်ဗျ။ အရှေ့တိုင်း ရတနာကုမ္ပဏီကပါ"

ရှား။ ။"ဩော် မဂိုလမ်း ဘာဘူတိုက်မှတ်တယ်။ ပြောပါ၊ ပြောပါ"

ချန်။ ။"ဒီလိုပါ ခင်ဗျာ။ ကျွန်တော်တို့ အဖေက မိုးကုတ် ပတ္တမြားတလုံး ဝယ်ပြီး ပြီးချင်း ပျောက်သွားပါတယ်။ အချင်းချင်းတွေဖြစ်လေတော့ ပုလိပ်ကိုတိုင်ယင် ကုမ္ပဏီပါ အရှုက်ကွဲပြီး နာမည်ပျက်ဖို့ ရှိလေတော့ ပြန်ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ လူမသိစေပဲ တိုးတိုးတိတ်တိတ် အလုပ် လုပ်စေချင်လို့ ဦးစံရှားကို ကျွန်တော့်အဖေက စုံစမ်းပေးပါလို့ တောင်းပန်ခိုင်းလိုက်ပါတယ်"

ရှား။ ။"မောင့်အဖေက ဘာကြောင့် သူကိုယ်ကိုင် မလာသလဲ"

ချန်။ ။"ဒီလိုပါခင်ဗျာ။ ဒီပတ္တမြား ပျောက်တဲ့ အချိန်ကစပြီး ကျွန်တော့်အဖေက ဘယ်သူ့မှ မယုံကြည်နိုင်ဘူးဆိုပြီး ပျောက်တဲ့အခန်းထဲက မထွက်တော့ပါဘူး။ ဒါကြောင့် ဦးစံရှားပဲ အဖေ့ကို သူ့အခန်းထဲမှာ လိုက်ပြီး တွေ့စေလိုပါတယ် ခင်ဗျာ။ ပြန်တွေ့သည်ဖြစ်စေ၊ မတွေ့သည် ဖြစ်စေ ကျွန်တော်တို့ ကုမ္ပဏီက ဦးစံရှားကို ထုံးစံအတိုင်း...."

ရှား။ ။"ဒါ နောက်မှ ပြောပါ။ မောင့်အဖေက ဘယ်လမ်းမှာ နေသလဲ"

ချန်။ ။"လန်ကာတ်စတာလမ်းမှာ နေပါတယ် ခင်ဗျာ။ ကျွန်တော့်မှာ ကားပါပါတယ်"

ရှား။ ။"လာဗျာ ကိုသိန်းမောင်။ လိုက်ကြည့်စမ်းအုံးစို့"

ကျွန်တော်တို့သည် ချန္ဒရာနှင့်အတူ လိုက်သွား၍ လန်ကာတ်စတာလမ်းသို့ ရောက်သောအခါ ကျယ်ဝန်းသော ဝင်းကြီးတခုသို့ ချိုးဝင်၍ အလွန်ကြီးကျယ်သော နှစ်ထပ်အိမ်ကြီး တဆောင်ရှေ့၌ ရပ်တန့်

---

* ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၊ ၁၉၅၂၊ နိုဝင်ဘာ၊ အမှတ် ၆၆ တွင် 'ငမောက်တူး ပျောက်ဆုံးမှု' အမည်ဖြင့် ရေးသားခဲ့သည်။ ဤဝတ္ထုကိုပင် မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၈ နှင့် နှလုံးလှ စာအုပ်တိုက်မှ အတွဲ ၄ တို့တွင် 'ငမောက်တူး အမှု' အမည်ဖြင့် ပြန်လည် ပုံနှိပ်သည်။ မူရင်းကို ကိုနှင်ဒိုင်း ဝတ္ထုတို့တွင် မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com


လေသည်။ ကားပေါ်မှ ဆင်းကြသောအခါ သပ်ရပ်စွာ ဝတ်ဆင်ထားသည့် အိန္ဒိယတိုင်းသူ အစေခံမကလေးက ဆီးကြို၍ အိမ်ရှင်ရှိသော အခန်းကြီးသို့ လိုက်ပို့လေသည်။

အခန်းဝသို့ ရောက်သည်နှင့်တပြိုင်နက် ကုလားထိုင်တလုံးပေါ်တွင် ထိုင်လျက်ရှိသော ဗိုက်ပူကြီးနှင့် အိမ်ရှင် ဘာဘူကြီး ထလာရာ ချန္ဒရာက—

"ကျွန်တော့်အဖေ မိုတီလာ ဘာဘူပါခင်ဗျာ။ ဦးစံရှား လိုက်လာတယ် အဖေ"ဟု မိတ်ဆက်ပေးသည်နှင့် ဘာဘူကြီးသည် ကျွန်တော်တို့အား နေရာထိုင်ခင်းပေး၍ သား ချန္ဒရာအား—

"မင်း သွားတော့" ဟု အမိန့်ပေးလိုက်လေသည်။

ကျွန်တော်တို့သည် ကုလားထိုင်တွင် ထိုင်ကြ၍ အခန်းအခြေအနေကို ကြည့်မိကြလေသည်။

အခန်းမှာ အိမ် ကျယ်ဝန်းသလောက် ကျယ်ဝန်း၍ တနေရာတွင် ကတ္တီပါဖုံးထားသည့် စပရင်ကုလားထိုင်ကြီး လေးလုံးသည် ထိပ်တွင် မှန်ဖုံးထားသည့် စားပွဲတလုံးကို ဝိုင်းရံလျက် ရှိ၏။

အခန်း အလယ်၌ကား ခေတ်မီးလုံး သုံးပွင့်ဆိုင်နှင့် လေယပ် တွဲလျက် အထက်မှ ဆွဲချိတ်ထားလေသည်။

နံရံတဘက်၌မူ စားပွဲဝိုင်းကလေးတခုရှိ၍ စားပွဲတင် ခေတ်မီးတပွင့်လည်း တည်ရှိ၏။

ကပ်ထားသော နံရံနှင့် မျက်နှာချင်းဆိုင်လျက်ရှိသော နံရံတွင် မီးခံသေတ္တာတလုံး မှီကပ်လျက်ရှိရာ မီးခံသေတ္တာမှာ အရွယ်မကြီးသော်လည်း နောက်ဆုံးပေါ် အမျိုးအစားဖြစ်၍ အထူးတလည် ခိုင်လုံအောင် ပြုလုပ်ထားသဖြင့် အဖိုးတန်သည့် လက္ခဏာရှိ၏။

ထိုအခန်းသို့ ဝင်ရန်မှာ ကျွန်တော်တို့လူစု ဝင်လာခဲ့သော အပေါက် တခုတည်းသာ ရှိ၍ ပြတင်းပေါက်မှာ သံတိုင်များ တပ်ထားလေသည်။

ကျွန်တော်တို့အား နေရာထိုင်ခင်း ပေးပြီးနောက် မိုတီလာသည် စိတ်ရှုပ်သော အမူအရာနှင့် နဖူးကို လက်ဖြင့် ပွတ်လျက်—

မို။ ။"မနေ့ညတုန်းက ပတ္တမြား ပျောက်သွားတာ ဒီအခန်းပါပဲ ခင်ဗျာ"

ရှား။ ။"ဘယ်အချိန်လောက်မှာလဲ"

မို။ ။"၉ နာရီခွဲလောက် ရှိပါပြီ။ ပျောက်ရပုံကလဲ အလွန်ထူးဆန်းပါတယ်"

ရှား။ ။"အစအဆုံး ပြောစမ်းပါအုံး"

မို။ ။"ငမောက် ပတ္တမြားဆိုတာ ဦးစံရှားတို့ ကြားဖူးရဲ့ မဟုတ်လား"

ရှား။ ။"ဟုတ်ကဲ့။ သိပေါ့ဘုရင် လက်မှာလို့ ကြားရဖူးတာပါပဲ"

မို။ ။"ယခု ပတ္တမြားဟာ အဲဒီလောက်နီးနီး ကြီးပြီး အရည်ချင်း တူတယ်လို့ မိုးကုတ်သားများက ယူဆလို့မို့ "ငမောက်တူး'လို့ နာမည်မှည့်ထားကြတယ်။ ဒုတိယ ငမောက် ဆိုချင်တာပေါ့ဗျာ။ ခင်ဗျားတို့ ဗမာလူမျိုးက ဒုတိယကို 'ကျောင်း'လို့ မခေါ်ပဲ 'တူး'လို့ ခေါ်လေ့ရှိတယ် မဟုတ်လား။ 'ဝင်းသိန်းတူး'ဆိုတဲ့ မြင်းလိုပေါ့ဗျာ"

ရှား။ ။"နားလည်ပါပြီ"

မို။ ။"ကျွန်တော်တို့ကုမ္ပဏီမှာ ကျွန်တော်မှတပါး အစုရှင် လေးယောက်တည်း ရှိပါတယ်။ ကျွန်တော်တို့က ဒီပတ္တမြားကို ဝယ်ဖို့ စေ့စပ်နေတာ တော်တော်ကြာပါပြီ။ အဖိုးက အလွန်များလေတော့ ရုတ်တရက် မဝယ်ဝံ့ကြဘူးဗျ။ ဟိုက်ဒရာဘတ်နယ်(နိုင်ဇမ်)မဟာရာဇာဆီကလူနဲ့ စကား ကမ်းလှမ်း

www.burmeseclassic.com


ရပါသေးတယ်။ ဒီကိစ္စမျိုးကို ဘယ်သူ့မှ အသိမပေးပါဘူး။ ကျွန်တော်တို့ အစုရှင် ငါးဦးမှတပါး သားမယားများကိုတောင်မှ မသိစေရအောင် လျှို့ဝှက်စွာ စီမံခဲ့ကြရပါတယ်”

“လွန်ခဲ့တဲ့ ရက်သတ္တပတ်မှာ မိုးကုတ်က ပိုင်ရှင်ရောက်လာပြီး နောက်ဆုံးမှာ ဈေးတည့်ကြလို့ ကျွန်တော်က ငွေချေလိုက်ရပါတယ်။ ပတ္တမြားကို မဂိုလမ်းဆိုင်မှာ မီးခံသေတ္တာထဲ ထည့်သိမ်းပြီးတဲ့နောက် အစုရှင်လေးယောက်ထံ တယ်လီဖုန်းနဲ့ အကြောင်းကြားလိုက်ပါတယ်။ လျှို့ဝှက်ချင်လွန်းလို့ ကျွန်တော်က အစုရှင်များထံ ပတ္တမြားအကြောင်းကိုတောင်ထည့်မပြောဘူး။ ဒီအိမ်ကိုည ၇ နာရီခွဲတိတိမှာ ရောက်အောင် လာကြပါလို့ မှာလိုက်ပါတယ်။ ပတ္တမြားကိစ္စလို့ တယ်လီဖုန်းမှာ မပြောပေမယ့် သူတို့လူစုကတော့ သိပြီးသားပါ ခင်ဗျ”

ရှား။ ။“ပတ္တမြားကြည့်ရအောင် ခေါ်တယ်လို့ သူတို့သိပြီးသား ဆိုပါတော့”

မိုး။ ။“မှန်ပါတယ်”

ရှား။ ။“တယ်လီဖုန်းဆက်တာ ဘယ်အချိန်လဲ”

မိုး။ ။“၃ နာရီ ကျော်ကျော်လောက်မှာပါ။ ၄ နာရီခွဲလောက်ကျတော့ ကျွန်တော်က ပတ္တမြားကို မီးခံသေတ္တာထဲက ထုတ်ယူပြီး အိမ်ပြန်လာ။ ရောက်ရောက်ချင်း ဟောဒီ မီးခံသေတ္တာထဲမှာ ထည့်ထားလိုက်ပါတယ်။ ၇ နာရီခွဲလောက်မှာ အစုရှင်လေးယောက် ရောက်လာကြပါတယ်”

ရှား။ ။“အတူတူ လာကြသလား”

မိုး။ ။“မဟုတ်ပါ။ နှစ်ယောက်က ကားကိုယ်စီနဲ့ လာပါတယ်။ နှစ်ယောက်က အင်းစိန် လော်ကယ်ရထားနဲ့ ပါလာကြပါတယ်။ သူတို့ကို ညစာကျွေးပြီး ၉ နာရီလောက်မှာ ထမင်းစားခန်းက ထပြီး ဒီအခန်းထဲ ဝင်လာကြပါတယ်။ ဒီအချိန်မှာ ပန်ကာနဲ့ ဆက်ထားတဲ့ ဟောဒီ ခေါင်မိုး သုံးပွင့်ကို ထွန်းထားပါတယ်။ စားပွဲတင် မီးလုံးကိုတော့ မထွန်းရသေးပါဘူး။ ဟောဟိုခလုတ်နှစ်ခုအနက် လက်ယာဘက်က ပန်ကာအတွက်၊ လက်ဝဲဘက်က မီးပွင့်သုံးလုံးအတွက်၊ စားပွဲတင် မီးအိမ်အတွက်တော့ ပလပ်ထိုး သွင်းရပါတယ်။

“ဟိုညက ပြတင်းပေါက် ပိတ်ထားပါတယ်။ သံတိုင်တွေလဲ ရှိပါတယ်။ မှန်ပြတင်းမှာ ခန်းဆီးလဲ ချထားပါတယ်။ ကျွန်တော်က ပတ္တမြား ဝယ်ယူပုံအကြောင်းကို အသေးစိတ် ပြောပြယင်း သူတို့ လေးယောက်က ခင်ဗျားတို့ ထိုင်နေတဲ့ ကုလားထိုင် လေးလုံးမှာ ထိုင်ကြပါတယ်။ ကျွန်တော်က ဟောဒီ မတ်တတ် ကုလားထိုင်မှာ ထိုင်ပါတယ်။

“အစုရှင်များ နာမည်ကတော့ မူကာဂျီ၊ ရှိုင်း၊ ဘိုစ်၊ နာဆာရူဒင်ပါတဲ့။ ရှိုင်းက တံခါးပေါက်နဲ့ အနီးဆုံးထိုင်ပါတယ်။ သူ့အနားမှာ မူကာဂျီရှိပါတယ်။ ကျွန်တော်က အလယ်က။ ဟိုဘက်မှာတော့ ဘိုစ်နဲ့ နာဆာရူဒင် ထိုင်ကြပါတယ်။ ဝယ်ခြမ်းပုံနဲ့ ဈေးဆစ်ပုံ အကြောင်းတွေ ပြောပြပြီးတဲ့နောက် ကျွန်တော်က မီးခံသေတ္တာဖွင့်ပြီး ပတ္တမြားကို ထုတ်ယူပါတယ်။ ပတ္တမြားဟာ ဂရာမာဖုန်း ခွေးတံဆိပ် အပ်ဗူးကလေးထဲမှာ ဂွမ်းနဲ့ထည့်ထားပါတယ်။ အရွယ်က မန်ကျည်းစေ့လောက်ပဲ။ သို့သော် အရည် ကောင်းလွန်းလို့ ဖွင့်လိုက်ယင် ဗူးတခုလုံး ရဲရဲနီနေပါတယ်။

“ကျွန်တော်က ဗူးကလေးဖွင့်ပြီး ကျွန်တော့်အနားမှာထိုင်တဲ့ မူကာဂျီ လက်ထဲကို ကမ်းလိုက်ပါတယ်။ မူကာဂျီက မျက်စိနည်းနည်းမှုန်လေတော့ ‘စားပွဲတင်မီးလုံး ဖွင့်စမ်းပါအုံးဗျာ။ သေသေချာချာ ကြည့်စမ်းပါရစေ။ ဒီ ပတ္တမြားမျိုး မြင်ရခဲပါတယ်’ဆိုပြီး သေတ္တာကလေးကို စားပွဲပေါ် လှမ်းတင်လိုက်ပါတယ်။ ကျွန်တော်က ထိုင်ရာက ထပြီး စားပွဲတင် မီးလုံး ပလပ်ကို သူ့အပေါက်မှာ လျှိုလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လျှိုလိုက်လို့ ချောက်ကနဲ မြည်သွားတာနဲ့ တပြိုင်နက် ပန်ကာအောက်က မီးသီးလုံးမှုန်ပြီး မျက်ချင်း ငြိမ်းသွားပြီး တခန်းလုံး မှောင်သွားပါတော့တယ်''

ရှား။ ။''တယ်ဟုတ်ပါလား၊ ဆိုပါအုံးဗျာ''

မို။ ။''အဲသလို တခန်းလုံး မှောင်သွား သွားချင်း လူတိုင်းဟာ ငမောက်တူးကို သတိရပြီး စိုးရိမ် မကင်း ဖြစ်လို့မို့ ရှုပ်ယှက်ခတ် ဖြစ်သွားတော့တာပေါ့ ခင်ဗျာ။ ကျွန်တော်က ပန်ကာ မီးခလုတ်ကို လက်နဲ့ စမ်းပြီး ဖွင့်သေးတယ်။ ခလုတ်ကတော့ ဖွင့်လျက်နဲ့ပဲ။ မီးကတော့ မလင်းလာဘူး။ ဒီအခါမှာ မူကာ ဂျီရဲ့ 'ဟေ့ ဘယ့်နှယ်ဖြစ်တာလဲ၊ ဘာလုပ်ကြတာလဲ'လို့ အော်သံ ကြားလိုက်ရပါတယ်။

''ဒီ အတောအတွင်းမှာ တံခါးပေါက်နဲ့ အနီးဆုံးထိုင်တဲ့ ရှိုင်းက တံခါးကို ထပြီး ဖွင့်ပါတယ်။ သူ့အသင်က တံခါးဖွင့်လိုက်ယင် အပြင်က အလင်းရောင်များ ဝင်လာမလားပေါ့ခင်ဗျာ။ နို့ပေမယ့် ဆောင်ကူးလမ်းကြားမှာ မီးထွန်းပြီး မရှိလေတော့ မှောင်လျက်အတိုင်းပဲ ခင်ဗျ။ ဘယ်က အလင်း ရောင်မှ ဝင်မလာဘူး။

''ဒီတော့မှ ရှိုင်းက 'ဖယောင်းတိုင် မရှိဘူးလား။ယူခဲ့ကြစမ်းပါ'လို့ အော်ပြောလိုက်သေးတယ်။ ဒီအတော အတွင်းမှာ ကျွန်တော်တို့လူစုဟာ ကိုယ့်အိတ်ထဲမှာ မီးခြစ်ပါလေမလားလို့ အသီးသီး စမ်းကြ တာပေါ့ ခင်ဗျာ။

''နောက်ဆုံးမှာ နာဆာရူဒင်က ဘီဒီသမားမို့ သူ့အိတ်ထဲက ဓာတ်မီးခြစ် ထုတ်ပြီး ခြစ်လိုက် တော့မှ လင်းလာတော့တာကိုး။ ကျွန်တော့်အထင်တော့ ခုနင်က မှောင်နေတဲ့ အချိန်ဟာ မိနစ် ဝက်လောက် ရှိလိမ့်မယ် ထင်တယ်။ မီးခြစ်ကို နာဆာရူဒင်က မြှောက်ပြလို့ ကျွန်တော်တို့အားလုံး စားပွဲ ကလေးဘက် ကြည့်လိုက်ကြတော့ သေတ္တာကလေးချည်း ရှိတော့တယ်၊ ပတ္တမြား မရှိတော့ပါဘူး ခင်ဗျ''

ရှား။ ။''ဟုတ်ပါ့မလားဗျာ၊ ဆိုပါအုံး''

မို။ ။''ဒီအခါမှာ ကျွန်တော်တို့အားလုံး ပါးစပ်တွေ ဟပြီး တယောက်မျက်နှာကို တယောက် ကြည့်နေမိကြတော့တာပေ ခင်ဗျာ။ ဒီအချိန်မှာ ခုနင်က ခင်ဗျားတို့ တွေ့ခဲ့တဲ့ အစေခံ မိန်းကလေး ဒေဝီလာက ရှိုင်းခေါ်လိုက်တဲ့အသံ ကြားလို့ အခန်းဝ ရောက်လာတာကိုး။

''ကျွန်တော်က မေးကြည့်တော့ ဆောင်ကူး လမ်းကြားက လွဲလို့ ဒီ့ပြင်က မီးလုံးတွေ ဘာမှ မဖြစ်ပါဘူးတဲ့ ဒါနဲ့ ကျွန်တော်က ဖယောင်းတိုင်ယူလာခဲ့ပါလို့ ခိုင်းပြီး ဒေဝီလာက ဖယောင်းတိုင် ယူ လာတော့ ကျွန်တော်က အခန်းဝမှာ စောင့်ပြီး သူ့လက်က ဖယောင်းတိုင်ကို လှမ်းယူလိုက်ပါတယ်။ ဒေဝီလာ ပြန်သွားတဲ့နောက် ကျွန်တော်တို့ ငါးယောက်ဟာ ကုလားထိုင် ကိုယ်စီထိုင်ပြီး တယောက်မျက်နှာ တယောက် ကြည့်နေမိကြသေးတယ်။

''သေချာတာ တချက်ကတော့ ဒီပတ္တမြားဟာ ဒီအခန်းထဲမှာပဲ ရှိရအုံးမယ်။ ပြတင်းပေါက်က ပစ်ချလို့လဲ မရဘူး၊ အခန်းပေါက်က လွှင့်ပစ်လို့လဲ မဖြစ်နိုင်ဘူး။ ဒီပတ္တမြားကို ကိုင်တွယ်ဖူးတာလဲ မူကာဂျီ တယောက်တည်းပဲ ရှိတယ်။ ဒီတော့ကာ ကျွန်တော်တို့ ရှေးဦးစွာ တခန်းလုံး နှံ့အောင် ရှာကြည့် တယ်။ ဘယ်မှာမှ မတွေ့ဘူး။ ပတ္တမြားကလဲ ရဲနေတော့ မီးရောင်မှာဆိုယင် မီးခဲလုံးကလေးလို ရဲရဲနီနေလို့ ကောင်းကောင်းကြီး မြင်ရမှာပဲ။ ဘယ်နေရာမှာမှ မတွေ့ရလို့ နောက်ဆုံးမှာ လက်လျှော့လိုက်ရတယ်။

''ဒီအခါမှာ ရှိုင်းက အကြံပေးတယ်။ 'ကျုပ်တို့ ဒီလိုနေလို့ မဖြစ်ဘူး။ တယောက်စီ ကိုယ်မှာ ရှာ ကြည့်ကြရအောင်။ ကိုင်း၊ ကျုပ်က စပြီး ရှာကြပေတော့'တဲ့။ ပြောပြောဆိုဆိုနဲ့ သူ့တောင်းဘီ အင်္ကျီ



www.burmeseclassic.com

 www.burmeseclassic.com 

တွေကို တခါတည်း ချက်ချလိုက်တယ်။ သူ့ကို ရှာပြီးတဲ့နောက် တယောက်တလှည့်စီ အဖွဲ့တည့်ချိတ်ပြီး ရှာကြည့်ဘယ်။ ဘယ်သူ့ဆီမှာမှ မတွေ့ရဘူး။ ဒီတော့ဖြင့် ကျွန်တော်တို့အထဲမှာ သူခိုး မရှိဘူးဆိုတာ သေချာသွားတယ်။

"ဒီနောက်မှာ ကိုယ့်နေရာကိုယ် ထိုင်ပြီး တိုင်ပင်ကြတော့ ဒီ ပတ္တမြားဟာ ကျွန်တော့်အိမ်မှာ ပျောက်ခြင်း ဖြစ်လေတော့ ကျွန်တော်က လျော်ရမယ်လို့ ဆုံးဖြတ်ကြတယ်။ ကျွန်တော်လဲ မငြင်းနိုင်ဘူး။ တကယ်လို့ ကျွန်တော်တယောက်တည်းသာ လျော်ရယင် ကျွန်တော်တော့ မွဲရှာရှိတော့တာပဲ။ တချက်ကလဲ ဒီ ပတ္တမြားကို ဝယ်ဘာရော၊ ရောင်းဖို့ရော လူမသိစေပဲ လျှို့ဝှက်စွာ စီမံကြခြင်း ဖြစ်တဲ့အတွက် ဒီကိစ္စကို ပုလိပ်မတိုင်ပဲ လျှို့ဝှက်တဲ့နည်းနဲ့ ရှာကြဖို့ ဆုံးဖြတ်ကြတယ်။ ဒီတော့ကာ ဦးစံရှားမှတပါး ကျွန်တော်တို့ ဘယ်သူ့မှ အားကိုးစရာ မရှိပါဘူးခင်ဗျာ"

ရှား။ ။"ဟာကယ်လို့ ခင်ဗျားတို့ အထဲက တယောက်ယောက်က ဒီပတ္တမြားကို ရသွားလို့ရှိယင် မဟာရာဇာဆီကို ရောင်းလို့ ဖြစ်နိုင်ပါသလား"

မို။ ။"ဖြစ်နိုင်မှာပေါ့ခင်ဗျာ။ ဟိုဘက်က ပွဲစားက ငမောက်တူးကို လိုချင်လွန်းလို့ ဘယ်သူ့ဆီကပဲ ရရ လက်သိပ်ထိုး ဝယ်မှာပါပဲ"

ရှား။ ။"အခန်းထဲမှာ ရှာတုန်းက မတွေ့သင့်တဲ့ ပစ္စည်းမျိုး တွေ့ကြရပါသေးသလား"

မို။ ။"မဖြစ်လောက်ပါဘူး ခင်ဗျာ။ ငွေမှုးစေ့အပွန်းကလေး တခုတော့ တွေ့ပါတယ်၊ ဘယ်သူ့အိတ်ထဲကကျတယ် မဆိုနိုင်ပါဘူး။ ကျွန်တော် ကောက်ယူပြီး စားပွဲပေါ် တင်ထားလိုက်တာ ဟောဟိုဟာပါပဲ"

ဦးစံရှားသည် ထိုင်ရာမှ ထသွား၍ ငွေမှုးစေ့ကလေးကို ကောက်ယူကြည့်ရှုရာ တဘက်မျက်နှာတွင် အနက်ကွက်ကလေး စွန်းပေနေခြင်းမှတပါး ထူးခြားခြင်းမရှိသော်လည်း မှုးစေ့ကို အိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

ရှား။ ။"မခန္တညတုန်းက အစုရှင် လေးယောက်အပြင် ဒီအိမ်မှာ ဘယ်သူများ ရှိပါသေးသလဲ"

မို။ ။"အပေါ်ထပ်မှာ ကျွန်တော့်သမီး သိတာရှိပါတယ်။ ထမင်းစားခန်းထဲမှာတော့ ဒေဝီလာက ပန်းကန်တွေ သိမ်းနေလို့ ရှိုင်း ခေါ်လိုက်သံကို ကြားတယ်လို့ ပြောပါတယ်။ ထမင်းချက်ကတော့ မီးဖိုချောင်မှာ ရှိပါတယ်။ ကျွန်တော့်သားချန္ဒရာကိုတော့ ဒီကိစ္စ မသိစေချင်တဲ့အတွက် ကျွန်တော်က ဘိုင်စကုတ်ကြည့်ခွင့် ပေးလိုက်ပါတယ်။ ချန္ဒရာက ဘိုင်စကုတ် သိပ်ကြိုက်တာပဲ။ ကြည့်ခွင့်ရတိုင်း သွားကြည့်တဲ့ကောင် ခင်ဗျ"

ရှား။ ။"ထမင်းချက်နဲ့ ဒေဝီလာတို့ ဒီအိမ်ရောက်လာတာ ဘယ်လောက် ကြာပြီလဲ"

မို။ ။"ထမင်းချက်ကတော့ ကြာပါပြီ။ ဒေဝီလာကတော့ တနင်္ဂနွေ နှစ်ပတ်လောက်ပဲ ရှိသေးတယ်။ ဒီအိမ်ကြီးပြောင်းလာမှ သတင်းစာထဲမှာ ကြော်ငြာပြီး လျှောက်ကြတဲ့အထဲက ရွေးယူပါတယ်"

ရှား။ ။"အစုရှင် လေးယောက်ကကော ဒီအိမ်ကို ရောက်ဖူးကြတယ် မဟုတ်လား"

မို။ ။"မဂိုလမ်းဆိုင် အပေါ်ထပ်မှာ ကျွန်တော်တို့ နေကြတုန်းကတော့ ရောက်ကြပါတယ်။ ဒီအိမ်ကြီး ပြောင်းလာမှတော့ မနေ့က ပထမအကြိမ် ရောက်ကြခြင်းပါပဲ"

ရှား။ ။"ဒီလူတွေကို ညစာကျွေးဖို့ ဖိတ်တာကို ခင်ဗျားသမီးက ဘယ်တုန်းက သိသလဲ"

မို။ ။"တရက် ကြိုတင်ပြီး ပြောထားပါတယ်"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ဘယ့်နှယ်လဲဗျ။ ပတ္တမြားဝယ်တာက မနေ့ကမှ ဝယ်တယ်။ ဝယ်ပြီးမှ ဒီလူတွေဆီ တယ်လီဖုန်း ဆက်ပြီး ဖိတ်ယူတယ်ဆို။ ထမင်းကျွေးဖို့ဟာ ဘယ်နည်းနဲ့ တရက်ကြိုတင်ပြီး စီစဉ်ဖို့ အချိန်ရနိုင်ပါသလဲ"

မို။ ။"ဒီလိုပါခင်ဗျာ။ မိုးကုတ်ကလူ ရောက်နေပြီဖြစ်လို့ မနေ့ကတော့ ကေန်မုချ ဝယ်ဖြစ်တော့မှာပဲလို့ ကျွန်တော် သိတာနဲ့ သမီးကို ညစာ စီမံဖို့ တမြန်နေ့ကတည်းက ကျွန်တော် အမိန့်ပေးထားပါတယ်။ မဝယ်ဖြစ်ပဲ နေမလားခင်ဗျ။ ကျွန်တော် ဆစ်ထားတဲ့ဈေး မရယင် သူဆိုထားတဲ့ဈေးအတိုင်း ပေးဝယ်ဖို့ ကျွန်တော် ဆုံးဖြတ်ပြီးဟာကိုး"

ရှား။ ။"ဘယ်လောက်ဆိုလို့ ဘယ်လောက် ဆစ်ထားသလဲ"

မို။ ။"ပထမဦးစွာ ဆိုတဲ့ ဈေးနဲ့ ဆစ်တဲ့ဈေးတွေ ဖယ်ထားပြီး နောက်ဆုံးဆိုတာက သုံးသိန်း ငါးသောင်း ဆိုပါတယ်။ ကျွန်တော်က သုံးသိန်း လေးသောင်း ပေးပါတယ်။ နောက်ဆုံးမှာ သုံးသိန်း လေးသောင်း ငါးထောင်နဲ့ တည့်ပါတယ်။ သူက မလျှော့ယင်လဲ သူဆိုတဲ့အတိုင်း ပေးဝယ်ဖို့ ဆုံးဖြတ်ပြီးပါပဲ။ ဒါ့ကြောင့် သူတို့ကို ခေါ်ပြယင် ညစာကျွေးဖို့ဟာက မလွဲတော့ဘူးဆိုပြီး သမီးကို စီမံခိုင်းရခြင်း ဖြစ်ပါတယ်"

ရှား။ ။"ဒီပတ္တမြား ဝယ်မယ့်အကြောင်းကိုတော့ သမီးလဲ မသိဘူးပေါ့"

မို။ ။"သမီးလဲ မသိဘူး။ သားလဲ မသိဘူး။ အစုရှင် လေးယောက်က လွဲပြီး ဘယ်သူမှ မသိပါဘူး"

ရှား။ ။"အစုရှင်တွေကို အိမ်မှာခေါ်ပြီး ပြတဲ့ ထုံးစံ ရှိပါသလား"

မို။ ။"ဒီ့ပြင် ကျောက်တွေ၊ စိန်တွေ၊ မြတွေ ဝယ်တုန်းကတော့ မပြပါဘူး။ ကျွန်တော် တယောက်တည်းနဲ့ ကိစ္စပြီးတာပါပဲ။ 'ငမောက်တူး' ဆိုလို့ သူတို့က ကြည့်ချင်တယ် ဆိုလို့ပါ"

ရှား။ ။"အစုရှင်လေးယောက်ပြန်သွားကြတဲ့နောက် ဒီအခန်းထဲကို ဘယ်သူဝင်လာသေးသလဲ"

မို။ ။"ဘယ်သူမှ မဝင်စေရပါဘူး။ ကျွန်တော်ကိုယ်တိုင် ဟောဟို ဆိုဖာပေါ်မှာ စောင့်အိပ်ပါတယ်။ မနက်လင်းတော့မှ ဒရိုင်ဘာကိုခေါ်ပြီး မီးပျက်ခြင်းအကြောင်းကို စုံစမ်းခိုင်းပါတယ်။ သူပြောတာကတော့...."

ရှား။ ။"ကိစ္စမရှိပါဘူး။ ဒရိုင်ဘာကို ကျွန်တော်ကိုယ်တိုင် စစ်ဆေးပါရစေ။ ဒီ့ပြင်ကော ဒီအခန်းထဲ ဘယ်သူ ဝင်သေးသလဲ"

မို။ ။"ဘယ်သူမှ မဝင်ပါဘူး။ အခုမှ ခင်ဗျားတို့ ဝင်လာတာပါပဲ"

ရှား။ ။"နေပါအုံးဗျ။ တခု မေးပါရစေအုံး။ ခင်ဗျားက ပလပ်ကို တပ်လိုက်တာနဲ့ တပြိုင်နက် မီးပျက်သွားတယ် ဆိုတာ သေချာရဲ့လား"

မို။ ။"သေချာပါတယ်။ ချောက်ကနဲ မြည်မြည်ချင်း ငြိမ်းသွားတာပါပဲ"

ရှား။ ။"ကိုင်း ဒါဖြင့် ဒရိုင်ဘာ ခေါ်ပေးပါဗျာ၊ မေးကြည့်ရအောင်"

မိုတီလာသည် စားပွဲပေါ်ရှိ ခေါင်းလောင်းကလေးကို နှိပ်လိုက်ရာတွင် ဒေဝီလာသည်အခန်းတွင်းသို့ ဝင်လာ၍ ဒရိုင်ဘာကို လွှတ်လိုက်ရန် အမိန့်ပေးလေသည်။

မကြာမီ အသက် ၃၀ ကျော် အရွယ်ရှိ ကုလားတယောက် ဝင်လာ၍ မိုတီလာက–

"ကိုင်း ဂိုပလန်း၊ ဟောဒီ ဘရားဆပ်က မေးစရာ ရှိတယ်။ ကောင်းကောင်း ဖြေပါ"

ရှား။ ။"ခုတ်မီးပျက်တာကို စုံစမ်းခိုင်းတော့ မင်း ဘာ လုပ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



လန်း။ ။"ရှေးဦးစွာ ဘတ်သီးတွေကို ကျွန်တော် ဖြုတ်ကြည့်ပါတယ်။ ဘတ်သီးတွေကောင်းပါတယ်။ ဒီ့နောက် ဖြူ(စ်)ကျွမ်းတယ်ထင်လို့ ဖြူ(စ်)သေတ္တာကို ကျွန်တော် သွားကြည့်ပါတယ်"

ရှား။ ။"ဖြူ(စ်)သေတ္တာ ဘယ်မှာလဲ"

လန်း။ ။"မီးဖိုဆောင်မှာပါ။ဖွင့်ကြည့်တော့ ကျွန်တော်ထင်တဲ့အတိုင်း ဖြူ(စ်)ကျွမ်းနေပါတယ်"

ရှား။ ။"ဒီမီးတွေနဲ့ တလိုင်းတည်း ဆက်ထားတဲ့ ဒီ့ပြင် မီးများ ရှိသလား"

လန်း။ ။"ဆောင်ကူးလမ်းကြားက မီးပွင့်နဲ့ တလိုင်းတည်း ဆက်နေပါတယ်"

ရှား။ ။"ဒီ့ပြင် အခန်းက မီးတွေကတော့ လိုင်းတခြားပေါ့"

လန်း။ ။"မှန်ပါတယ်"

ရှား။ ။"ဖြူ(စ်)ကျွမ်းတာ ဘာကြောင့် ထင်သလဲ"

လန်း။ ။"မပြောတတ်ပါ။ တခါ တခါ ဖြစ်တတ်ပါတယ်"

ရှား။ ။"ဖြူ(စ်) သေတ္တာကို နှောင့်ယှက်ထားတာများ တွေ့ရသလား"

လန်း။ ။"မတွေ့ရပါ။ ကောင်းပါတယ်"

ရှား။ ။"ဖြူ(စ်) ပြန်ပြင်ပြီး မီးကို မင်း စမ်းကြည့်သေးသလား"

လန်း။ ။"စမ်းကြည့်ပါတယ်။ ကောင်းပါတယ်။ ကြည့်ပါ ခင်ဗျာ"

ဂိုပလန်းသည် နံရံ၌ တပ်ထားသော မီးခလုတ်ကို နှိပ်လိုက်ရာ ပန်ကာ မီးလုံးများ ပွင့်လာ၏။ ထို့နောက် ပလပ်ကို ထိုးလိုက်သောအခါ စားပွဲတင် မီးလုံးလည်း လင်းလာတော့သည်။

ရှား။ ။"စားပွဲတင် မီးလုံးက တယ်လင်းပါကလားဗျ"

မို။ ။"ဟုတ်ကဲ့။ ဖယောင်းတိုင် ၁၀၀ အား တပ်ထားပါတယ်။ ကျောက် ကြည့်ဖို့ အတွက် တမင် တပ်ဆင်ထားပါတယ်"

ထို့နောက် ဒရိုင်ဘာကို လွှတ်လိုက်၍ ထမင်းချက်ကို ခေါ်စေရာ အသက် ၄၀ ကျော် အရွယ်ရှိ ကုလားကြီးတယောက် ဝင်လာလေသည်။

မို။ ။"ဂုပတား၊ ဘရားဆပ် မေးချင်တယ်။ ကောင်းကောင်းပြောပါ"

ရှား။ ။"မနေ့ည ၉ နာရီမှာ ဘာဖြစ်သလဲ"

ဂု။ ။"ကျွန်တော် မီးဖိုထဲမှာ ပစ္စည်းတွေ သိမ်းနေပါတယ်၊ ဒေဝီလာဖို့ ညစာ ပြင်ထားပါတယ်။ ဒေဝီလာက ထမင်းစားခန်းမှာ ပန်းကန်တွေ သိမ်းနေပါတယ်။ မီးဖိုချောင်က ခတ်မီးဟာ လက်ကနဲဖြစ်လို့ ကျွန်တော် လန့်သွားပါသေးတယ်။ ခဏကြာတော့ ဒေဝီလာ ပြေးဝင်လာပြီး မာစတား အခန်းထဲမှာ မီးတွေပျက်လို့ ဖယောင်းတိုင် လိုချင်တယ်လို့ ပြောပါတယ်"

ရှား။ ။"မီးပျက်တာကို ဒေဝီလာက ဘယ်လို သိတယ် ပြောသလဲ"

ဂု။ ။"ထမင်းစားခန်းထဲမှာ ဖန်ခွက်တွေ ပွတ်နေတုန်း မာစတား အခန်းတံခါး ပွင့်လာပြီး ညွှသည့်တယောက်က ဖယောင်းတိုင်ယူခဲ့ဖို့ အော်တောင်းလိုက်တယ် ပြောပါတယ်။ သူသွားကြည့်တော့ ဆောင်ကူးလမ်းကြားရော၊ မာစတား အခန်းရော မှောင်မိုက်နေတာကို တွေ့ရတယ် ပြောပါတယ်"

ရှား။ ။"ကျေးဇူးတင်တယ် ဂုပတား။ တော်ပါပြီ"

ဂုပတား ထွက်သွားသောအခါ ဦးစံရှားသည် စားပွဲတင် ခတ်မီးလုံးကို ဖြုတ်ယူ၍ သေချာစွာ ကြည့်ရှုနေရာ မိုတီလာမှာ စိတ်မရှည်နိုင်သော အမူအရာနှင့် ကုလားထိုင်ပေါ်တွင် တွန့်လိမ်လျက် ရှိရာမှ—

မို။ ။"ဘယ့်နှယ်လဲခင်ဗျ။ ပြန်တွေ့ဖို့များ မျှော်လင့်စရာ ရှိပါသေးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ငမောက်တူးလား။ ဟုတ်ကဲ့။ ပျောက်ပုံ ပျောက်နည်းတော့ဖြင့် တွေးတတ်ပါပြီ။ ဘယ်ပုံဘယ်နည်း ပြန်ရအောင် လုပ်ရမယ် ဆိုတာလောက်သာ စဉ်းစားဖို့ လိုပါတော့တယ်။ ကိုင်း၊ ဒါထက် ဘာတူကြီးရဲ့ ကားနဲ့ ဒရိုင်ဘာ ဂိုပလန်းကို ဒီကနေ့ ကျွန်တော့် ငှားလိုက်ပေအုံးဗျာ။ ဟောဒီ စားပွဲတင် မီးလုံးကိုလဲ ကျွန်တော် ယူသွားချင်တယ်"

မို။ ။"သဘောရှိပါခင်ဗျာ။ ပြန်ရအောင် ကြိုးစားပေးနိုင်ယင်...."

ရှား။ ။"ကြိုးစားတာကတော့ ကြိုးစားမှာပါပဲလေ။ ကုသိုလ်ကံကောင်းယင်လဲ ပြန်ရဖို့ပေါ့။ ဩော် ဒါထက် မနေ့တုန်းက အစုရှင်လေးယောက်ဆီကို တယ်လီဖုန်းဆက်ပြီး ပြောတယ်ဆို မဟုတ်လား။ သူတို့ရဲ့ နံပါတ်တွေ ကြိုတဆိတ်သိပါရစေဗျာ"

မိုတီသာသည် နာမည်နှင့် နံပါတ်များ စာရွက်ပေါ်တွင်ရေး၍ ဦးစံရှားသို့ ပေးအပ်ပြီးနောက်—

မို။ ။"ဒီ့ပြင်ကော ဘာများ အလိုရှိပါသေးသလဲ"

ရှား။ ။"မလိုပါဘူး။ တော်ပါပြီ။ ခင်ဗျားလဲ ဒီအခန်းမှာ စောင့်နေဖို့ မလိုတော့ပါဘူး။ ပတ္တမြားဟာ ဒီအခန်းထဲမှာ မရှိတော့ပါဘူး။ ဩော် ဒါထက် မနေ့ညက ဒီအခန်းမှာ အစုရှင်တွေ ထိုင်ကြတော့ ခင်ဗျားက နေရာချထားသလား။ သို့မဟုတ် သူတို့ဘာသာ ထိုင်ချင်ရာမှာ ထိုင်ကြသလား"

မို။ ။"သူတို့ဘာသာ ထိုင်ကြပါတယ်"

ရှား။ ။"ကိုင်း တော်လောက်ပါပြီ၊ ဒါပါပဲ"

ကျွန်တော်တို့သည် အခန်းထဲမှ ထွက်လာကြသောအခါ ဆောင်ကူးလမ်းကြားတွင် မိန်းကလေး တယောက်နှင့်တွေ့၍ ချန္ဒရာနှင့် မျက်နှာချင်းဆင်သည်ကို မြင်ခြင်းအားဖြင့် သမီး သီတာဖြစ်သည်ဟု တွေးဆနိုင်ပေသည်။

ရှား။ ။"မနေ့က တနေ့လုံး အိမ်မှာရှိပါသလား မိန်းကလေး"

သီ။ ။"ရှိပါတယ်။ ဘယ်မှ မသွားပါဘူး"

ရှား။ ။"တယ်လီဖုန်းများ မခေါ်ဘူးလား"

သီ။ ။"ဒေဝီလာကို သူ့အစ်ကိုတယောက်ကတော့ တယ်လီဖုန်း ဆက်ပြောတယ်။ သူ့အမေ မကျန်းမာတာ တော်တော်သက်သာပါပြီလို့ ပြောလိုက်ပါတဲ့။ ခုတလောမှာ သူ့အစ်ကိုက ဒေဝီလာဆီ ခဏခဏ တယ်လီဖုန်းဆက်ပါတယ်"

မိုတီသာသည် ဒရိုင်ဘာ ဂိုပလန်းအား ကားပြင်ခဲ့ဖို့ ပြောထားသည်နှင့် ကျွန်တော်နှင့် ဦးစံရှား တို့သည် အသင့် ဆိုက်ထားသော ကားပေါ်သို့တက်ကြ၍ ဦးစံရှားက စီအိုင်ဒီ ရုံးသို့ မောင်းရန် အမိန့် ပေးလေသည်။ ရုံးသို့ ရောက်သောအခါ ဦးစံရှားသည် ဝန်ကလေးအခန်းသို့ဝင်၍ ကိစ္စကလေးတခု စုံစမ်း ပေးရန် တောင်းခံရာ ဝန်ကလေး ဦးသန်းတင်က မကြာမီ ကျွန်တော်တို့အိမ်သို့ တယ်လီဖုန်းဆက်၍ အဖြေပို့လိုက်ပါမည်ဟု ကတိထားလိုက်၏။

ထို့နောက် ဦးစံရှားသည် ယူနီဗာစီတီသို့ မောင်းစေ၍ ဓာတုဗေဒ ပရော်ဖက်ဆာအား စားပွဲတင် မီးအိမ်မှ မီးလုံးကိုပြပြီးလျှင် ဓာတ်ဆက်သော နေရာကလေး နှစ်ကွက်ကို သေချာစွာ စစ်ဆေးကြည့်ရှုဖို့ အပ်နှံထားခဲ့၏။ ထို့နောက် ဦးစံရှားသည် ကျွန်တော်တို့ကို နေအိမ်သို့ လိုက်ပို့စေပြီးမှ ကားကို ပြန်လွှတ် လိုက်လေသည်။

တိုက်ခန်းသို့ ပြန်ရောက်ကြသောအခါ ကျွန်တော်မှာ ဦးစံရှား၏ ဝါသနာကို သိပြီးဖြစ်သည့် အတိုင်း မေးမြန်းခြင်းမပြုပဲ စာတအုပ်ကို ကောက်ယူဖတ်ရှုလေရာ ဦးစံရှားမှုကား ကြွက်လျှောက်ပေါ်မှ


www.burmeseclassic.com

www.burmeseclassic.com



တယောက်ကိုလှမ်းယူ၍ မျက်စိမှေးလျက် ဇိမ်နှင့် တယောထိုးနေလေတော့သည်။ လက္ခဏာမှာ ဤကိစ္စအတွက် ဆက်လက်စဉ်းစားရန် မလိုတော့။ အဖြေကို စောင့်ရန်သာ ရှိတော့သည်ဟု ယူဆဟန် တူလေသည်။

ညနေခင်းတွင် လူငယ်တယောက်တက်လာ၍ ဓာတ်မီးလုံးနှင့် စာတစောင်ပေးအပ်ရာ ဦးစံရှားသည် စာကိုဖတ်ကြည့်၍ အိတ်ထဲသို့ ထည့်ထားလိုက်၏။ မကြာမီ တယ်လီဖုန်း ခေါ်သံကြား၍ စီအိုင်ဒီ ရုံးမှ ဦးစံရှားသို့ တစုံတခု ပြောလိုက်သည် ဟူ၍သာ ကျွန်တော် သိလိုက်ရလေသည်။ ဦးစံရှားမှုကား ကျေနပ်သော မျက်နှာထားဖြင့် မိုတီလာထံသို့ တယ်လီဖုန်းဆက်ပြီးလျှင်—

ရှား။ ။"မိုတီလာ ဘာဘူလား။ ဟုတ်ကဲ့။ ကျွန်တော် ဦးစံရှားလေ။ ခင်ဗျားအစုရှင် လေးယောက်ကို ဒီကနေ့ည ၈ နာရီတိတိအချိန်မှာ ခင်ဗျားအိမ်ကို ဆက်ဆက်ကြီး ရောက်ကြဖို့ တယ်လီဖုန်းဆက်ခေါ်ထားလိုက်ပါ။ အရေးကြီးတယ်လို့၊ မလာပဲမနေပါနဲ့လို့ ပြောလိုက်နော်။ ပတ္တမြားကို ဘယ်သူခိုးတယ်ဆိုတာ ပုလိပ်က သိရပြီးပြီတဲ့ဗျ။ သို့သော် ပတ္တမြားတော့ လက်ထဲ မရောက်သေးဘူး။ ဒီကနေ့ည ၉ နာရီအချိန်မှာ ပတ္တမြားသူခိုးကို ခင်ဗျားအိမ်မှာ ပုလိပ်က လက်ရဖမ်းဆီးလိမ့်မယ်။ ဒီအချိန်မှာ ခင်ဗျားတို့ အစုရှင်တွေအားလုံး အစုံအညီရှိကြဖို့ အရေးကြီးတယ်တဲ့ဗျ။ ဒီအကြောင်းကို အစုရှင်တွေမှတပါး ဘယ်သူ့မှ မပြောနဲ့နော်။ ပြီးတော့ ခင်ဗျား တယ်လီဖုန်းကို ဒီကနေ့အဖို့ ဘယ်သူမှ မသုံးစေနဲ့။ ခင်ဗျား စောင့်ကြည့်နေပါနော်"

ထိုညဉ့် ၇ နာရီအချိန်တွင် ကျွန်တော်နှင့် ဦးစံရှားတို့သည် လန်ကတ်စတာလမ်း မိုတီလာ၏နေအိမ်သို့ ဆိုက်ရောက်ကြလေရာ မိုတီလာသည် သိချင်အားကြီးနှင့် မေးခွန်းများ မေးမည်ပြုသော်လည်း ဦးစံရှားက ပြောပြမည့်ပုံမရှိပဲ မိမိမှာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ပြီးပါပြီလောဟူ၍သာ မေးမြန်းလေသည်။ အစုရှင်လေးဦးလုံး လာကြပါလိမ့်မည်ဟူသော အဖြေကိုရပြီးသည့်နောက် ဦးစံရှားသည် စားပွဲတင်မီးလုံးကို ပြန်တပ်၍ ပတ္တမြားအကြောင်းကို စကားမစပ်ပဲ မဟတ္တမဂန္ဒီနှင့် ဂျဝါဟာလာ နေရူး စသော ပုဂ္ဂိုလ်များ အကြောင်းကိုသာ ဆွေးနွေးတော့ပေရာ မိုတီလာမှာ နေမထိ ထိုင်မထိ ဖြစ်နေသော်လည်း သည်းခံနေလေတော့သည်။

၈ နာရီ ထိုးချိန် နီးသောအခါ အစုရှင်များသည် တယောက်စီ ဆိုက်ရောက်လာကြ၍ မိုတီလာက ဦးစံရှားနှင့် ကျွန်တော်တို့ကို ထိုလူများနှင့် မိတ်ဆက်ပေးလေသည်။ ထိုလူများကား မကျေနပ်ခြင်း၊ မသက်သာခြင်းတို့ ရောစပ်လျက်ရှိသော မျက်နှာထားများနှင့် ကျွန်တော်တို့ကို အကဲခတ်လျက်ရှိကြလေသည်။ လူစုံ၍ ၈ နာရီထိုးသည်နှင့် တပြိုင်နက် ဦးစံရှားသည် အကြီးအကဲဖြစ်သော လူတယောက်၏ အမူအရာမျိုးနှင့် ထိုင်ရာမှ ထလျက်—

ရှား။ ။"ကိုင်း နားထောင်ပါ မိတ်ဆွေများ။ ပုလိပ်အရာရှိများ မရောက်လာမီ မနေ့ညက ဖြစ်ပျက်ပုံအတိုင်း တဖန် ယပ်ပြီး ဇာတ်ခင်းပြလိုပါတယ်။ ကုလားထိုင်တွေရော ဘာရော အားလုံး မနေ့ညတုန်းကအတိုင်း စီစဉ်ထားပါတယ်။ မစ္စတာ မိုတီလာက ပတ္တမြားထည့်တဲ့ သေတ္တာငယ်လေးကို စားပွဲပေါ်မှာ ညတုန်းကအတိုင်း ပြန်တင်ထားလိုက်ပါ။ အဲ ဟုတ်ပြီ။ ကိုင်း မိတ်ဆွေများကလဲ မနေ့ညတုန်းက ထိုင်ကြတဲ့ နေရာအတိုင်း ကိုယ့် ကုလားထိုင်မှာ ကိုယ် အသီးသီးထိုင်ကြစမ်းပါ"

လူများသည် ဦးစံရှား၏ ကြံရွယ်ချက်ကို နားမလည်၊ ရိပ်မိဟန်လည်း မတူစေကာမူ ငြင်းဆန်ရန် မဟတ်နိုင်ပဲ ခိုင်းသည့်အတိုင်း လိုက်နာကြရလေသည်။ ထိုအချိန်၌ ပန်ကာအောက်ရှိ ဓာတ်မီးသုံးပွင့်သည် ထွန်းလင်းလျက်ရှိ၍ လူများ၏ အရိပ်များသည် အချို့နေရာများတွင် ကွက်ကျားပေါ်ထွက်နေ၏။ ဤတွင် ဦးစံရှားသည် ဘဲလ်ကို လက်ဖြင့်နှိပ်လိုက်ရာ မကြာမီ တံခါးပွင့်လာ၍ လူတိုင်းသည် ပုလိပ်ကို အချက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည့်အထင်နှင့် တံခါးဘက်သို့ လှည့်ကြ၏။ သို့သော် ဝင်လာသူမှာ အခြားမဟုတ်၊ ဒေဝီလာသာ ဖြစ်၏။ ဒေဝီလာသည် အခန်းဝတွင် ရပ်လျက် မိမိ၏သခင် မိုတီလာသို့ လှမ်းကြည့်နေ၏။

မို။ ။“ဘာလဲ ဒေဝီလာ”

ဒေ။ ။“မာစတား ခေါ်သလားလို့”

မိုတီလာက မခေါ်ကြောင်း ပြောမည်ပြုဆဲတွင် ဦးစံရှားသည် အင်္ကျီအိတ်ထဲမှ ငွေမှုးစေ့ကလေးကို ထုတ်လျက်—

ရှား။ ။“ခဏဆိုင်းပါအုံး မိန်းကလေး။ ဟောဒီမှာ မှုးစေ့တစေ့ တွေ့ထားတယ်။ မိန်းကလေး ပစ္စည်း ဖြစ်လိမ့်မယ်။ ဒီအခန်းထဲမှာ အဖိုးတန်ပစ္စည်းတခု ပျောက်သွားတဲ့အချိန်မှာ ဒီဟာကို ကြမ်းပေါ်မှာ တွေ့ရလေတော့ ပုလိပ်က မိန်းကလေးကို စစ်ဆေးချင်တယ် ပြောတယ်”

ဒေဝီလာမှာ အံ့အားသင့်သောအမူအရာနှင့် ငေးကြည့်လျက်ရှိရာ ဦးစံရှားကမူ ဒေဝီလာကို မကြည့်ပဲ အစုရှင်များ၏ မျက်နှာကို တယောက်စီ အကဲခတ်လျက်ရှိ၏။ ထိုလူစုမှာလည်း ဒေဝီလာကဲ့သို့ပင် အံ့အားသင့်သော မျက်နှာထား ရှိနေကြလေသည်။ ထိုအချိန်တွင် တံခါးပေါက်နှင့် အနီးဆုံး ထိုင်လျက်ရှိသော ရှိုင်းသည် ထိုင်ရာမှ ထ၍ တစုံတခု ပြောမည်ပြု၏။

သို့ရာတွင် ဦးစံရှားသည် ရှိုင်းအား စကားပြောခွင့် မပြုပဲ တင်းမာသော မျက်နှာထားဖြင့် ကုလားထိုင်ကို လက်ညှိုးညွှန်ကာ ပြန်ထိုင်စေလျက်—

ရှား။ ။“ပုလိပ်များရောက်ဖို့ အချိန်နည်းနည်း လိုပါတော့တယ်။ ဒေဝီလာ ခဏလောက်စောင့်နေပါအုံး။ ကိုင်း မစ္စတာမိုတီလာ၊ မနေ့ညတုန်းက ဖြစ်ပျက်တဲ့အတိုင်း တဖန်ထပ်ပြီး ဇာတ်ခင်းကြရအောင်။ စားပွဲတင်မီးအိမ်ကို မီးဖွင့်လိုက်စမ်းပါ”

မိုတီလာသည် ဦးစံရှားခိုင်းသည့် ခလုတ်မီးပွင့်အတွက် ပလပ်ထိုးလိုက်သည်တွင် ပန်ကာမီးပွင့်များသည် ရုတ်တရက်ငြိမ်း၍ တခန်းလုံး မှောင်သွားသည်နှင့် အံ့သြလျက်ရှိလေသည်။ ဤတွင် အစုရှင်များသည် လှုပ်လှုပ်ရွရွဖြစ်လာကြ၍ ယမန်ညဥ့်က ပြုလုပ်ကြသည် ဆိုသည့်အတိုင်း မီးခြစ်ရှာသူက ရှာ၍ မြည်တမ်းကြလေသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း ဦးစံရှားက ကြိုတင် သင်ပြထားခြင်း မရှိသဖြင့် အင်္ကျီအိတ်ထဲမှ ခလုတ်မီးခြစ်ကို ထုတ်မည်ပြုသေးရာ ဦးစံရှားက လက်မောင်းကို ဆွဲထားသည်နှင့် ငြိမ်ဝပ်စွာ နေလိုက်ရလေသည်။

နောက်ဆုံး၌ တစုံတယောက်က မီးခြစ်လိုက်သည်နှင့် ဘွားကနဲ လင်းလာရာတွင် ကျွန်တော်သည် စားပွဲကလေးဘက်သို့ မျက်နှာလှည့်လျက်ရှိသည်ဖြစ်၍ စားပွဲပေါ်၌ ရဲကနဲနီသော အရောင်တခု မြင်လိုက်ရ၏။ နောက်တခဏ၌ မိုတီလာသည် ထိုင်ရာမှ ရုတ်တရက် ခုန်ထလျက် “ဟော ငမောက်တူး ပြန်တွေ့ပြီ” ဟု ဆိုကာ သေတ္တာကလေးကို လှမ်းယူလိုက်လေသည်။

ထိုအချိန်တွင် ဦးစံရှားသည် ကျွန်တော်၏လက်မောင်းကို ကိုင်ထားရာမှ ဆွဲယူသည်နှင့် ကျွန်တော်လည်း ထလိုက်ပေရာ ပထမ မီးခြစ်ဆံတချောင်း ငြိမ်း၍ ဒုတိယ တချောင်း မခြစ်ရသေးမီ ဦးစံရှားသည် ကျွန်တော့်အား အခန်းအပြင်ဘက်သို့ ခေါ်ထုတ်သွားခဲ့လေပြီ။ အိမ်ရှေ့လှေကားမှဆင်းကြစဉ် ဦးစံရှားက—

“ကျုပ်တို့နေဖို့ မလိုပါဘူး ကိုသိန်းမောင်၊ သူတို့အရှုပ်ကို သူတို့ဘာသာ ရှင်းရစ်ကြပါစေတော့” ဟု ဆိုကာ ဝင်းပြင်သို့ ထွက်လာကြလေတော့သည်။

x x x

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းသို့ ပြန်ရောက်ကြ၍ ဦးစံရှားသည် လက်ချာပေးသော ကျောင်းဆရာ၏ အမူအရာဖြင့် တဗည့်ဖြစ်သူ ကျွန်တော့်အား ရှင်းလင်းပြောပြရန် ကုလားထိုင်ကိုယ်စီ ထိုင်မိကြသောအခါ—

ကျွန်။ ။"ဦးစံရှား စုံထောက်တဲ့ အမှုတွေဟာသမျှ အံ့သြစရာကလေးတွေချည်းပါပဲ။ နို့ပေမယ့် ဒီတမှုကတော့ဖြင့် ဒီ့ပြင်ဟာတွေထက် အံ့စရာပိုတယ်လို့ ထင်မိပေသဗျာ။ ကျွန်တော်ဖြင့် လုံးလုံး မရိပ်မိပေဘူး"

ရှား။ ။"သိပ်တော့ မဆန်းလှပါဘူးဗျာ။ ကျုပ်အဖို့မှာတော့ ကြမ်းပေါ်က တွေ့ရတယ်ဆိုတဲ့ ငွေမှုးစေ့ အပွန်းကလေး မြင်ရကတည်းက ရိပ်မိပါပြီ"

ကျွန်။ ။"ကျွန်တော်ဖြင့် ငွေမှုးစေ့ ပွန်းတာက ဒီဇာတ်ထုတ်မှာ ဘယ်ပုံ စခန်းသွားတယ်လို့ လုံးဝ မတွေးတတ်ပါဘူး ခင်ဗျာ"

ရှား။ ။"ဒီအမှုက ရုတ်တရက် ခေတ်မီးငြိမ်းသွားတယ်ဆိုတဲ့ အပေါ်မှာ အခြေတည်ပြီး စဉ်းစားတာကိုးဗျ။ ဖြု(စ်)ကျွမ်းတယ်ဆိုတာ အလကားဖြစ်တာမျိုး မဟုတ်ဘူး။ အကြောင်းတခုခု ရှိရတာချည်းပဲဗျ။ အများအားဖြင့်တော့ 'ရှော့ဆာကစ်'ကြောင့် ဖြစ်တတ်တယ်လို့ လျှပ်စစ် အလုပ်သမားတိုင်း နားလည်တယ်။ ရှော့ဆာကစ်ဖြစ်စေနိုင်တဲ့ အကြောင်းအမျိုးမျိုးအနက် ခေတ်မီးလုံး (ဘတ်သီး)ကို ဖြုတ်ပြီး ပြန်မစွပ်မီ သတ္တုစတခုခု ထိုးခုပြီးမှ ပြန်စွပ်လိုက်ယင် ရှော့ဆာကစ် ဖြစ်နိုင်တာကိုးဗျ။ ခုသွင်းပေးတဲ့ သတ္တုစဟာ ခပ်ပါးပါးဆိုယင် ဘတ်သီးကိုပြန်စွပ်ထည့်လို့ ဖြစ်နိုင်တယ်ဗျ။ ငွေမှုးစေ့ ပွန်းကလေးဆိုတော့ ဒါကိစ္စအတွက် သိပ်နေရာကျတာပဲ။ နားလည်လား"

ကျွန်။ ။"ကောင်းကောင်း မရှင်းသေးဘူး ခင်ဗျာ"

ရှား။ ။"ကျုပ်ဆိုလိုတာက ခေက်မီးပွင့်တခုက ဘတ်သီးကို ဖြုတ်၊ မှုးစေ့ပွန်းကလေး ထိုးသွင်းပြီး ပြန်တပ်ထား၊ ဒီ့နောက် မီးဖွင့်လိုက်တဲ့အချိန်မှာ ရှော့ဆာကစ်ဖြစ်ပြီး ဖြု(စ်) ကျွမ်းလို့ မီးငြိမ်းရမယ်လို့ ပြောလိုတယ်။ ရှင်းပြီလား"

ကျွန်။ ။"ရှင်းပါပြီ ခင်ဗျာ"

ရှား။ ။"မှုးစေ့ကလေး မျက်နှာတဘက်မှာ နည်းနည်းကလေး မည်းနေတယ်။ ဘတ်သီးကို ယူနီဗာစီတီက ဓာတုဗေဒဆရာကိုပြကြည့်တော့ ခေတ်ဆက်တဲ့ နေရာကလေးမှာ ငွေရောင်တလေး အနည်းငယ် တွေ့ရတယ်လို့ အကြောင်းပြန်လိုက်တယ်။ အဓိပ္ပာယ်က ဒီလိုဗျ။ ဘတ်သီးနောက်မှာ မှုးစေ့ထိုးသွင်းပြီး မီးဖွင့်လိုက်ယင် ခေတ်အားအရှိန်ကြောင့် ငွေမှုးစေ့က ငွေအနည်းငယ်ကူးသွားပြီး ဘတ်သီးမှာ ရောက်သွားမယ်။ မှုးစေ့မှာလဲ နည်းနည်းကလေးမည်းသွားတယ်။ နောက်တခဏမှာ ရှော့ဆာကစ်ဖြစ်ပြီး ဖြု(စ်)ကျွမ်းတယ်လို့ ကျုပ်တို့ ဗမာလို ခေါ်ကြတာပဲ။ နားလည်လား"

ကျွန်။ ။"နားလည်ပါပြီ ခင်ဗျာ"

ရှား။ ။"ကောင်းပြီ။ မီးလုံးမှာ မှုးစေ့ကို ဘယ်သူထိုးထည့်ထားသလဲတဲ့။ မိုတီလာရဲ့အခန်းကို ဝင်ထွက်နိုင်တဲ့ အိမ်သားတယောက်ယောက် ဖြစ်ရမှာပဲ။ သို့သော် မောက်တူး ဝယ်ယူတဲ့ အကြောင်းကို အိမ်သားထဲက ဘယ်သူမှ မသိစေဘူးလို့ဆိုတယ်။ ဒီနေ့မှာ ထုတ်ပြမယ်ဆိုတာကို အိမ်သားထဲက ဘယ်သူမှ မသိစေဘူးလို့ဆိုတယ်။ အစုရှင်များကတော့ ပတ္တမြားကို ဝယ်ပြီးပြီးချင်း ပြလိမ့်မယ်ဆိုတာကို သိကြတယ်။ သို့သော် ဝယ်ပြီးတဲ့အကြောင်းကိုတော့ ဟိုနေ့က သုံးနာရီကျော်မှ သိကြရတယ်။

"ဒီတော့ကာ ဘာ ထင်ရှားသလဲဆိုတော့ အစုရှင်ထဲက တယောက်ယောက်နဲ့ အိမ်သားထဲက တယောက်ယောက်နဲ့ အဆက်အသွယ်ရှိရမယ်ဆိုတာ ထင်ရှားတယ်။ သူတို့ချင်း ဆက်သွယ်ပြီး ပတ္တမြားကို



www.burmeseclassic.com

www.burmeseclassic.com



လစ်ဖို့ အစီအစဉ်လုပ်ကြတာ ဖြစ်ရမယ်။ ဘယ်နေ့ ဘယ်ရက် ဆိုတာကို အစုရှင်တယောက်က အိမ်သားတယောက်ကို အချက်ပေးရမယ်။

"ဒါကြောင့် ကျုပ်က မစွသိတာကို တယ်လီဖုန်းအကြောင်း စုံစမ်းကြည့်တယ် မဟုတ်လား။ အဲဒီနေ့က ဒေဝီလာ့ဆီကို သူ့အစ်ကိုက တယ်လီဖုန်းဆက်တယ်ဆို မဟုတ်လား။အဲဒါ အချက်ပေးတာ ဖြစ်ရမယ်။ ကောင်းပြီ။ ဒေဝီလာ့ဆီကို ဟိုနေ့က အစုရှင်တွေထဲက ဘယ်သူ တယ်လီဖုန်း ဆက်သလဲ။ ဒီအတွက်တော့ စုံထောက်ရုံးက မိတ်ဆွေ ဝန်ကလေး ဦးသန်းတင်က အကူအညီပေးပေတယ်။

"ကျုပ်က မိုတီလာပေးလိုက်တဲ့ တယ်လီဖုန်းနံပါတ်တွေကို ဦးသန်းတင်ပြပြီး ဦးသန်းတင်က သူ့တပည့်တွေကို တယ်လီဖုန်းရုံးလွှတ်ပြီး နံပါတ်တွေနဲ့ စုံစမ်းတော့ ဟိုနေ့က လန်ကာတ်စတာလမ်း မိုတီလာ့အိမ်ကို တယ်လီဖုန်းဆက်တာ ဒီလေးဦး အနက်က ရှိုင်းတဦးတည်းသာ ဆက်တယ်လို့ သိရတယ်။ ဒီတော့ကာ ရှိုင်းနဲ့ ဒေဝီသာနဲ့ အဆက်အသွယ် လုပ်တာကို သိရပြီ။ လက္ခဏာမှာတော့ မိုတီလာ့အိမ်မှာ ဒေဝီလာက အလုပ်မလျှောက်မီကတည်းက သူတို့နှစ်ယောက် အစီအစဉ်လုပ်ထားကြဟန်တူတယ်။ ဒီပတ္တမြားကို ဝယ်မလို့ မိုးကုတ်က ပိုင်ရှင်နဲ့ စကားကမ်းလှမ်းခဲ့ကြတာက အတော်ကြာသွားပြီ ဆိုပဲဗျ။ မိုတီလာ့အိမ်က အစေခံတယောက် အလိုရှိတယ်လို့ ကြော်ငြာကတည်းက ဒီအကြံနဲ့ ဒေဝီလာ ရောက်လာခြင်း ဖြစ်ရမယ်။ ခင်ဗျား မြင်တဲ့အတိုင်း ဒေဝီလာရဲ့ ဥပဓိရုပ်ကလေးဆာလဲ အင်မတန် ကောင်းကိုး။ သပ်သပ်ရပ်ရပ် ဖျတ်ဖျတ် လတ်လတ်နဲ့ ရုပ်ရည် သနားကမားဆိုတော့ ဘယ်အိမ်ရှင်ကမဆို မြင်လိုက်ယင် ရွေးပြီးသားပေါ့။

"ဒီအတောအတွင်းမှာ ရှိုင်းနဲ့ ဒေဝီလာနဲ့ဟာ တယ်လီဖုန်းဆက်ဖို့ အကြောင်းရှာပြီး မိခင်နေမကောင်းလို့ အစ်ကိုဖြစ်သူက အကြောင်းကြားတဲ့ဟန် အစီအစဉ် လုပ်ထားကြတာကိုးဗျ။မနေ့တုန်းကတော့ ဒေဝီသာက ရှိုင်းဆီက တယ်လီဖုန်းနဲ့ အချက်ပေးလိုက်ရာမှာ မူလက စီစဉ်ထားတဲ့အတိုင်း ဘယ့်နှယ်လုပ်သတဲ့လဲ။

"ထမင်းစားခန်းထဲမှာ မိုတီလာနဲ့ အစုရှင်များ ညစာစားပြီးအချိန်မှာ ဒေဝီလာက ပတ္တမြားပြမယ့် အခန်းထဲကို တိဘ်တိတ်ကလေးဝင်။ စားပွဲဘင်မီးလုံးမှာ ငွေမှုးစေ့ ထိုးသွင်းထည့်။ ပြတင်းပေါက်မှာ သက္ကလတ်ခန်းဆီးနောက်က ပုန်းနေ။ မိုတီလာတို့ ဝင်လာကြပြီးတဲ့နောက် မီးငြိမ်းလို့ တခန်းလုံး မှောင်သွားခိုက်မှာ ပတ္တမြားကို ယူ။ ဘတ်သီးနောက်တာ မူးစေ့ကို ထုတ်။ လက်ချော်ပြီး မူးစေ့ လွှတ်ကျ။ တံခါးပေါက်ဆီသွား။ ရှိုင်းက တံခါးဖွင့်ပြီး ဖယောင်းတိုင်ယူခဲ့ဖို့ အော်ပြော။ ဒေဝီလာက ခုမှ ရောက်လာဟန် တံခါးဝမှာ ရပ်နေ။ဘယောက်က မီးခြစ်လိုက်တဲ့အချိန်ကျတော့ ဒေဝီလာက အခန်းဝမှာ ရပ်လျက် ရှိနေပြီကိုးဗျ"

ကျွန်။ ။"ဒါဖြင့် ပတ္တမြားဟာ ဒေဝီလာ့ လက်ထဲမှာပေါ့"

ရှား။ ။"ဟိုအချိန်ထိတော့ ဟုတ်တယ်၊ သို့သော် ရှိုင်းတို့လူစု ပြန်ခါးနီးမှာ ရှိုင်းလက်ထဲကို ထည့်လိုက်ဟန် တူတယ်"

ကျွန်။ ။"ဒီကနေ့ည အဖြစ်အပျက်ကလေး ရှင်းစမ်းပါအုံး ခင်ဗျ"

ရှား။ ။"မိုတီလာ့ ဆန္ဒက အချင်းချင်း ကိစ္စဖြစ်တဲ့အတွက် လူသိမခံလိုဘူးဆို မဟုတ်လား။ ဒီတော့ကာ တိတ်တိတ်ဆိတ်ဆိတ် ပြန်ရအောင် လုပ်ဖို့လိုတယ်။ မိုတီလာက ကျုပ် သွန်သွင်ချက်အတိုင်း ရှိုင်းတို့လူစုကို တယ်လီဖုန်းပြောတဲ့အခါမှာ ရှိုင်းကတော့ နားလည်မယ်။ ဒေဝီလာကို ပုလိပ်ကဖမ်းတော့မှာပဲလို့ သူ နားလည်မယ်။ ဒီတော့ကာ ဒီလိုမဖြစ်စေရအောင် ပတ္တမြားကို ပြန်ပေးမှပဲလို့ သူ စဉ်းစားမိလိမ့်မယ်။ ကျုပ်က ဒေဝီလာကို ခေါ်ပြီး ပြောပြတဲ့အခါမှာ ရှိုင်းက ရိပ်မိလေတော့ စကားပြောဖို့ လွှတ်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



သေးတယ် ဟုတ်လား။ ဖြောင့်ချက်ပေးတော့မလို့နဲ့ တူတယ်။ ဒီအခါမှာ ကျုပ်က ရှိုင်းကို စကားပြောခွင့် မပေးပဲ ပတ္တမြားကို မူလအတိုင်း သူ့နေရာမှာ ပြန်ထားဖို့ အခွင့်ရအောင် အစီအစဉ်ကလေး လုပ်ပေးလိုက်တယ် မဟုတ်လား။ ရှိုင်းကလဲ လူပါးဆိုတော့ ကျုပ်အကြံကို ရိပ်မိပြီး မှောင်သွားတဲ့အခိုက်မှာ ပတ္တမြားကို ပြန်ထည့်ထားလိုက်တာပေါ့ဗျ”

ကျွန်။ ။“မှောင်သွားအောင် ဘယ့်နှယ်လုပ်လိုက်သလဲ”

ရှား။ ။“သူတို့အတိုင်း စားပွဲတင် မီးလုံးအောက်မှာ မှုးစေ့ကလေး ထိုးသွင်းထားလိုက်တာပေါ့ဗျ။ မိုတီသာက မှုးစေ့တွေ့တဲ့အခါမှာ အမှုသွား အမှန်ကို တွေးကောင်း တွေးနိုင်မလားတော့ မဆိုနိုင်ဘူး”

နောက်တနေ့တွင် ချန္ဒရာ ရောက်လာ၍ ဦးစံရှားလက်သို့ စာအိတ်ပေးသွားရာ စာအိတ်ကို ဦးစံရှားသည် ဖွင့်ကြည့်သောအခါ သုံးထောင်တန် ချက်လက်မှတ်တစောင် တွေ့ရှိရလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ၁၆။ ပြိုင်မြင်းရှင် မောင်ကြာညွန့် အမှု*

တနေ့သော နံနက်၌ ကျွန်တော်သည် အိပ်ရာမှ ထလာသောအခါ ဦးစံရှားမှာ နံနက် စောစောထ၍ ဂျိုရိယာဒ်ပုထ် မျှအောင် လမ်းလျှောက် ပြန်လာသည့် လက္ခဏာနှင့် အဝတ်အစား လဲလှယ်ပြီး ရှိလျက် အိမ်ရှေ့ခန်းတွင် ထိုင်ကာ ဆေးတံ အဟောင်း တချောင်းကို သေချာစွာ ကိုင်တွယ် ကြည့်ရှုလျက်ရှိသည်ကို တွေ့မြင်ရသောအခါ—

ကျွန်။ ။"ဘာများ ဒီလောက် ကြည့်နေသလဲ ဦးစံရှားရဲ့။ ဟိုတနေ့ကတော့ ဘုရင်ခံက ဆေးတံ တချောင်း ဆုချလိုက်တယ်။ ဒီကနေ့တော့ ဘယ်သူကများ ဆေးတံလက်ဆောင် ပေးလိုက်ပြန်ပြီလဲဗျ"

ရှား။ ။"စောစောစီးစီး လမ်းလျှောက်သွားယင်း ဆေးတံတချောင်း ကောက်ရလာခဲ့တယ်ဗျာ။ ကိုင်း၊ ရေ့ဗျာ ကိုသိန်းမောင်။ ခင်ဗျား ကျုပ်နည်းတွေ တော်တော် ရိပ်မိနေပြီမဟုတ်လား။ ဆေးတံကို ကြည့်ပြီး ခင်ဗျား သိသလောက် ပြောပြစမ်းဗျာ"ဟုပြော၍ ဆေးတံကို ကျွန်တော့်အား ပေးအပ်လေ၏။

ကျွန်တော်သည် ဦးစံရှားအနီးရှိ ကုလားထိုင် တခုပေါ်တွင် ထိုင်၍ ဆေးတံကို သေချာစွာ ကြည့်ရှုရာ ယင်းမှာ အရိုးကောက်ကောက်နှင့် ရွှေကွပ်လျက် ရွှေကွပ်တွင် အပ့် အနည်းငယ် ပါရှိကြောင်း၊ ထို့ပြင် ဆေးတံမှာ အမျိုးကောင်းသည့် လက္ခဏာရှိကြောင်းကိုသာ တွေ့ရသည်နှင့် မည်သို့ပြောရမည်ကို စဉ်းစားလျက်ရှိစဉ် ဦးစံရှားက—

"ဘယ့်နှယ်လဲဗျ။ ဒီဆေးတံရှင် အကြောင်းကို ခင်ဗျား ရိပ်မိသလောက် ပြောပြစမ်းပါ" ဟု ပြောသဖြင့် ကျွန်တော်သည် မည်သို့မျှ အကဲမခတ်နိုင်သည်နှင့်—

"ဒီဆေးတံရှင်ဟာ တော်တော် ပေါ့ပေါ့ဆဆနိုင်တဲ့ လူတယောက်ပဲဗျ။ ပေါ့ပေါ့ဆဆနိုင်လို့သာ သူ့ဆေးတံကို လမ်းမှာ ချပြီး ဖျောက်ခဲ့တာပေါ့ဗျ"ဟု ပြောလေလျှင် ဦးစံရှားက—

"ကိုယ့်လူ တော်တော် တိုးလာပါပြီကော။ ဒီ့ထက်တိုးယင် ဆေးရုံပို့လိုက်ဖို့ပဲ ရှိတော့တယ်" ဟု ပြောဆို ရယ်မောကြပြီးနောက် ဦးစံရှားသည် ဆေးတံကို တဖန် တောင်းယူ၍—

ရှား။ ။"ဒီဆေးတံရှင်ဟာ ဗယ်သန်ပဲဗျ။ သွားလဲ မကောင်းဘူး။ အထူးသဖြင့် ရှေ့သွားနဲ့တဲ့ လက္ခဏာရှိတယ်။ တခါတုန်းကတော့ တော်တော် ကောင်းစားဖူးတယ်။ အခုတော့ဖြင့် နည်းနည်းနွမ်းပါးတဲ့ လက္ခဏာရှိတယ်။ ပြီးတော့ ဆေးတံကိုလဲ ကတ္တီပါအိတ်နဲ့ ထည့်ပြီးထားတတ်တဲ့ လက္ခဏာ ရှိတယ်။ အသက်လဲပဲ တော်တော်ကြီးပြီ"

* ဤဝတ္ထုကို မည်သည့်မဂ္ဂဇင်းတွင် ဦးစွာပုံနှိပ်ခဲ့ကြောင်း မသိရသေး။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၈ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၄ တို့တွင် တွေ့ရသည်။ မူရင်းဝတ္ထုကို ကိုနန်ဒွိုင်း ဝတ္ထုများတွင် ရှာမတွေ့သေး။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်။ ။"လွှန်လွှန်းလှချည့်ကလားဗျာ"

ရှား။ ။"မလွန်လွန်းနဲ့။ မှန်ဘီလူးနဲ့ကြည့်ရယင် ကျုပ် ဒီ့ထက်တောင် ပြောနိုင်ဖို့ ရှိသေးတယ်"

ကျွန်။ ။"ဒီလောက်ဆိုလဲ ရှင်းပြီး ပြောစမ်းပါအုံးဗျာ။ ကျွန်တော်ဖြင့် အခု ခင်ဗျားကဖွင့်ပြောတာတောင် မရိပ်မိသေးပါဘူးဗျာ။ ကိုင်းဗျာ ဗယ်သန်ဆိုတာ ဘယ်အတွက်ကြောင့်လဲဗျ"

ရှား။ ။"မီးခြစ်ခြစ်တဲ့အခါမှာ မီးခြစ်ဆံကို ခင်ဗျား ဘယ်ဘက်က ကိုင်ခြစ်သလဲ"

ကျွန်။ ။"ညာဘက်က ကိုင်ခြစ်တာပေါ့ဗျာ"

ရှား။ ။"ကောင်းပြီ။ ဒီဆေးတံမှာ အိုးထိပ်ဝကို သေသေချာချာကြည့်စမ်း။ ဗယ်ဘက်က မီးကျွမ်းသလား။ ညာဘက်က မီးကျွမ်းသလား"

ကျွန်။ ။"ဗယ်ဘက်က ကျွမ်းပါတယ်ဗျာ"

ရှား။ ။"ရော့! ဟောဒီက ကျုပ်ဆေးတံကို ကြည့်စမ်း ဘယ်နေရာက ကျွမ်းသလဲ"

ကျွန်။ ။"ညာဘက်က ကျွမ်းပါတယ်ဗျာ"

ရှား။ ။"အဲ ဟုတ်ပြီ။ ညာဘက်နဲ့ မီးခြစ်ဆံကို ကိုင်ပြီး ညှိယင် ဆေးအိုးမှာ ညာဘက်က ကျွမ်းရတယ်။ ဗယ်ဘက်က ကျွမ်းယင်ဖြင့် ဗယ်နဲ့ မီးခြစ်ဆံကို ကိုင်ပြီး ညှိလို့ပဲ။ ဗယ်လက်နဲ့ မီးခြစ်ဆံကို ကိုင်ယင် ဒီလူဟာ ဗယ်သန် မဟုတ်လားဗျ"

ကျွန်။ ။"ဟုတ်ပါပေတယ်ဗျာ။ နို့ နေပါအုံးဗျ။ သွားမကောင်းဘူး၊ ရွှေသွားများ နဲ့နေတယ် ဆိုတာကကောဗျာ"

ရှား။ ။"ဒီဆေးတံဟာ ဆေးထည့်ပြီးသောက်တာ ဘယ်လောက်ကြာပြီလို့ ခင်ဗျားထင်သလဲ"

ကျွန်။ ။"ငါးနှစ်လောက်တော့ ရှိတဲ့ လက္ခဏာပဲ"

ရှား။ ။"ဘာကြောင့်လဲဗျာ"

ကျွန်။ ။"ဆေးအိုးဟာက မည်းပြီးနေတဲ့ပြင် အိုးဝမှာလဲ မီးတော်တော် လောင်ထားတယ်ဗျ"

ရှား။ ။"ကိုယ့်လူ တော်သားပဲ ဒီလိုတော့။ ကိုင်း ဒီတော့ ဒီဆေးတံဟာ တော်တော်ကြာပါလျက်နဲ့ ဆေးတံရိုးကို ကြည့်စမ်း။ သွားကိုက်ရာ ရှိရဲ့လား"

ကျွန်။ ။"တယ်မထင်ရှားဘူးခင်ဗျ"

ရှား။ ။"ကျုပ် ဆေးတံကို ကြည့်စမ်း။ တနှစ်ကျော်ကျော်သာ ရှိသေးတယ်။ တွေ့ရဲ့လား သွားကိုက်ရာတွေ"

ကျွန်။ ။"ဟုတ်တယ်ဗျို၊ တွေ့တယ်"

ရှား။ ။"ဒီတော့ ငါးနှစ် ခြောက်နှစ် သောက်နေတဲ့ ဆေးတံဟာ သွားကိုက်ရာ မရှိဘူးဆိုယင် သွားကို ညှာတဲ့အတွက် ဆေးတံကို မကိုက်ပဲ သောက်လို့သာပေါ့"

ကျွန်။ ။"ဆေးတံက အရိုးများ လဲထားလို့လားဗျာ"

ရှား။ ။(ဦးခေါင်းကိုယမ်းလျက်)"မဟုတ်ဘူးဗျ။ ကျွန်တော့်ဆေးတံရိုးနဲ့ ယှဉ်ပြီးကြည့်။ ဘယ်ဒင်းက ဟောင်းသလဲဗျာ"

ကျွန်။ ။"သူ့ဟာက ဟောင်းတယ်ဗျို။ ဟုတ်တယ်"

ရှား။ ။"ဟောင်းတဲ့အပြင် ဒီအရိုးမျိုးဟာ လဲလို့ တယ်မရဘူးဗျ။ဆေးတံနဲ့အတူပါတဲ့အရိုးပဲ"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ ။“နို့ ဒါဖြင့် တခါတုန်းကတော့ ကောင်းစားဖူးတယ်၊ အခုတော့ နွမ်းပါးတယ်ဆိုတာ ဘယ်အဘွက်ကြောင့်လဲဗျာ”

ရှား။ ။“ဆေးတံကို သေသေချာချာကြည့်စမ်း။ အမျိုးကောင်းလား၊ အမျိုးညံ့လား”

ကျွန်။ ။“ဆေးတံကတော့ အမျိုးကောင်းနဲ့ တူတယ်ဗျ”

ရှား။ ။“အမျိုးကောင်းသမှ ဆယ့်ငါးကျပ်ထက်မနည်း ပေးရမယ့် ဆေးတံမျိုးဗျ။ ရွှေကလေးများတောင် ကွပ်ပြီးထားလိုက်သေးတယ်”

ကျွန်။ ။“ဒါကြောင့် တော်တော် ပိုက်ဆံရှိတဲ့လူမှ ဝယ်နိုင်တယ်ပေါ့လေ။ နို့ နေပါအုံးဗျာ။ အခုတော့ နွမ်းပါးတယ်ဆိုတာကတော့ကော”

ရှား။ ။“ရွှေကွပ်ကို ကြည့်စမ်း။ ဘယ့်နှယ်ဖြစ်နေသလဲ”

ကျွန်။ ။“နည်းနည်းတွန့်ပြီးတော့ ပဲ့လဲနေတယ်ဗျ”

ရှား။ ။“ကိုင်း ဒီတော့ ဒီလောက်ဆေးတံအဖိုးထိုက် အဖိုးတန်ကို ဝယ်ပြီး သောက်နိုင်တဲ့အပြင် ဟန်ဟန်ပန်ပန် သပ်သပ်ရပ်ရပ်လဲ ရှိစေချင်တဲ့အတွက် ရွှေများတောင် ကွပ်ပြီးသောက်နိုင်တဲ့ လူတယောက်ဟာ ဒီရွှေကွပ် တွန့်ပြီး ပဲ့နေတာကို တကယ်ဆိုတော့ ပြန်မကွပ်ပဲ နေပါ့မလားဗျ။ ပြန်ကွပ်မှာပေါ့။ သို့သော် ယခုအခါမှာ လက်ထဲမှာ ပိုက်ဆံပြတ်နေတဲ့အခါမို့လို့ မပြင်နိုင်ပဲ သောက်ပြီး နေတာပေါ့ဗျ”

ကျွန်။ ။“ဟုတ်ပါပေ့ဗျာ။ နို့ ကတ္တီပါအိတ်နဲ့ ထည့်ပြီးထားတဲ့ အကြောင်းကတော့ကောဗျာ”

ရှား။ ။(မိမိဆေးတံကို လှမ်းပေးလျက်) “ကျုပ်ဆေးအိုး ဟိုဘက်ပါး ဒီဘက်ပါးကိုကြည့်စမ်း။ မြင်ရဲ့လား။ မီးရောင်မှာ သောင်ကြည့်လေ။ ဟုတ်စ”

ကျွန်။ ။“ဟိုဘက်ပါး ဒီဘက်ပါးမှာ တော်တော်ပွန်းနေတယ်ဗျို့”

ရှား။ ။“ဒါ ဘာကြောင့် ပွန်းတာလဲ”

ကျွန်။ ။“ဆေးတံကို သောက်ပြီး စားပွဲပေါ် ဘာပေါ် ချထားလို့ ပွန်းတာပေါ့ဗျာ”

ရှား။ ။“သူ့ဆေးတံကို ကြည့်စမ်း”

ကျွန်။ ။“ခင်ဗျားဆေးတံလောက် မပွန်းဘူးဗျို့”

ရှား။ ။“ကျုပ်ဆေးတံက တနှစ်လောက်နဲ့ဒီလောက်ပွန်းတယ်။ သူ့ဆေးတံက လေးငါးခြောက်နှစ်နဲ့တောင် ကျုပ်ဟာလောက် မပွန်းဘူး။ ဒီတော့ကာ ကျုပ်ဆေးတံလို စားပွဲပေါ် ဘာပေါ်မှာ မထားပဲ သူ့အိတ်နဲ့သူ ထည့်ထားလို့ပေါ့ဗျာ”

ကျွန်။ ။“နို့ အသက်ကြီးတာကတော့ကောဗျာ”

ရှား။ ။“ဆေးတံပုံကိုကြည့်စမ်း။ ဒီပုံမျိုးကို လူတော်တော်ကြီးကြီးထဲကမှ သောက်လေ့ရှိတယ်ဗျ။ ကျောင်းသားသောက် လူငယ်သောက်ပုံမျိုးထဲက မဟုတ်ဘူး” ဟု ပြောလျက် ဦးစံရှားသည် နာရီကို ကြည့်ပြီးလျှင်—

“ကျုပ်လူ ပေါ်လာခဲ့လိုက်တာဗျာ။ ဩော် ဒါထက် ကိုသိန်းမောင်၊ ခင်ဗျား ဟိုတနှစ်တုန်းက အခွင့်ခံပြီး ဝါးနက်ချောင်းရွာက ဘုန်းတော်ကြီးကျောင်းမှာ ဥပုသ်ရက်ရှည် စောင့်နေတုန်းက ပြိုင်မြင်းများမွေးတဲ့ ကိုကြာညွန့်ဆိုတာ ကြားခဲ့ဖူးရဲ့ မဟုတ်လား”

“ကြားဖူးပြီလားဗျာ။ ကျွန်တော် ဟိုမှာတုန်းက ဒီ ကိုကြာညွန့်ပေါ့ဗျ။ ချစ်တီးတယောက်က ကျွေးတောင်းလာတာ ခေါင်းကိုရိုက်ဖောက်လို့ မနည်းတောင်းပန်ပြီး ယူရပါလား။ တော်တော်စိတ်ဆတ်တဲ့ လူဘယောက်ပဲလို့ ပြောသံကြားတယ်”

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ဒီ့ပြင်ကောဗျာ"

ကျွန်။ ။"ဒီ့ပြင်တော့ မြင်းလဲ မြင်းစီးကောင်းတဲ့ဗျာ။ တခါတခါ ဂျော်ကီလုပ်ပြီး သူ့မြင်းကို သူစီးသတဲ့။ လက်ဝှေ့လဲ လက်ဝှေ့သတ်ကောင်းတဲ့။ ရည်းစားလဲ တော်တော်များတယ်လို့ သတင်းကြားဖူးတယ်။ တော်တော်စုံတဲ့ လူတယောက်ပဲဗျို"

ရှား။ ။"သူ့မှာ သားမယား မရှိဘူးပေါ့လေ"

ကျွန်။ ။"အသက်တော့ သုံးဆယ်ကျော်လောက် ရှိပြီဗျ။ သားမယားလဲ မယူသေးဘူး။ သားမယား မယူပေမယ့် ဒီလူမျိုးက မိန်းမကို အလဲလဲသုံးနေဆို ထင်ပါရဲ့ဗျ"

ရှား။ ။"သူနေတော့ ဘယ်သူနဲ့နေသလဲ"

ကျွန်။ ။သူ့နှမ မုဆိုးမ ဗိုလ်ကတော် တယောက်နဲ့ နေတယ်ဆိုထင်ပါရဲ့ဗျာ။ သူ့နှမယောကျ်ားက သင်္ဘောတိုက်မှာကိုယ်စားလှယ်ကြီးပဲတဲ့။သေခါနီးမှာ သေတမ်းစာ ရေးပစ်ခဲ့တယ်တဲ့။ ရေးပုံကဘယ်လိုလဲဆိုတော့ ဘဏ်တိုက်မှာ အပ်ထားတဲ့ သူ့ငွေများအတွက် ရသမျှအတိုးကို သူ့မိန်းမ မသေမချင်း စားသောက် သုံးစွဲစေ၊ အိမ်နဲ့ဟာကွ ဝင်းခြံကြီးကို မသေမချင်း နေထိုင်စေ၊ မိန်းမ သေဆုံးတဲ့အခါ ဘိလပ်မှာရှိတဲ့ သူ့ညီဖြစ်စေ၊ သူ့ညီအနွယ်အဆက်များဖြစ်စေ ရရှိစေတဲ့ဗျ။ ဟိုတုန်းက ဒီသေတမ်းစာအတွက် တော်တော် ဆူဆူပူပူ ဖြစ်သွားသေးတာပဲ"

ရှား။ ။"ဒီတော့ ဒီကိုကြာညွန့်ဆိုတဲ့ လူက သူ့နှမနဲ့အတူနေပြီး ဘဏ်တိုက်ကအတိုးကို ကူညီပြီး ဖြုန်းပေးနေတာပေါ့လေ"

ကျွန်။ ။"ဒါနဲ့ တူပါရဲ့ဗျာ။ ဒါထက် ဒီ ကိုကြာညွန့်က ဘာဖြစ်လို့လဲဗျာ"

ရှား။ ။"သူ့ပြိုင်မြင်းများကို ကျင့်ပေးတဲ့ ကိုရန်ကင်းဆိုတဲ့ လူက ကျုပ်ဆီ စာရေးလိုက်လို့ပါဗျာ။ ဘာဖြစ်တယ် မဖြစ်တယ်တော့ သူကိုယ်တိုင် ပြောပြပါလိမ့်မယ်။ လှေကားက တက်လာတာ သူ့ခြေသံနဲ့ပဲ တူပါရဲ့"

ထိုခဏ၌ လူတယောက် တိုက်ပေါ်သို့ တက်လာသည့် ခြေသံများကို ကြားရပြီးနောက် တံခါးခေါက်သံ ကြားရပြန်လေရာ ကျွန်တော်က ထ၍ တံခါးကို ဖွင့်ပေးလိုက်သည်တွင် အသက်လေးဆယ်ခန့်ရှိ လူတယောက်သည် အခန်းတွင်းသို့ ဝင်လာရာ—

ရှား။ ။"ကိုရန်ကင်းမှတ်တယ်"

ကင်း။ ။"မှန်ပါတယ်ခင်ဗျာ။ ကျွန်တော့်စာ ရပါသလား"

ရှား။ ။"ရပါရဲ့ဗျာ။ သို့သော် ဘာမှ အကြောင်း မစုံပါတလားဗျာ"

ကင်း။ ။"မစုံဆို အမှုကလေးကလဲ နည်းနည်းရှုပ်ပြန်ဖြစ်လေတော့ လူကိုယ်တိုင်တွေ့မှပဲ သေသေချာချာ ပြောတော့မယ်လို့ စာထဲမှာ အမြွက်ကလေးလောက်သာ ကျွန်တော် ရေးလိုက်ရပါတယ်"

ရှား။ ။"ကိုင်း ဒါဖြင့် ပြောပြပေတော့ဗျာ"

ကင်း။ ။"ကျွန်တော် ရှေးဦးစွာ ပြောချင်တဲ့အချက်ကတော့ ကျွန်တော်တို့ဆရာ ကိုကြာညွန့်ဟာ စိတ်နည်းနည်း ကတောက်ကဘက် ဖြစ်နေတယ်ထင်တယ် ဦးစံရှားရဲ့"

ရှား။ ။"ဒါဖြင့် ကျွန်တော်နဲ့ ဆိုင်တဲ့အလုပ် မဟုတ်၊ ဆရာဝန်နဲ့ ဆိုင်တဲ့အလုပ် ထင်ပါရဲ့ဗျာ။ သို့သော် ခင်ဗျားထင်ပုံအကြောင်းကို ပြောပြစမ်းပါဦးဗျာ"

ကင်း။ ။"ဒီလို ဦးစံရှားရဲ့။ လူဆိုတာမျိုးဟာ တခု အတော်ထူးထူးဆန်းဆန်း ပြုယင်တော့
5 ဒီလောက် အံ့သြစရာ မရှိသေးဘူးပေါ့ ခင်ဗျာ။ သို့သော် ပြုတိုင်း ပြုတိုင်း ပြုရိုးပြုစဉ်မဟုတ်ပဲနဲ့ ထူးထူး

ဒုတိယအကြိမ်

www.burmeseclassic.com



ဆန်းဆန်းချည်းပြုလာပြီ ဆိုမှဖြင့် ဒီလူဟာ စိတ်မှ နှံ့ပါလေရဲ့လားလို့ တွေးဖို့ရှိတယ်။ မဟုတ်လားခင်ဗျ။ ကျွန်တော့် အထင်တော့ သမိုင်းညွန့်နဲ့ ဒါဘီပွဲအတွက် ကျွန်တော့်ဆရာ သွေးရူး သွေးတန်း ဖြစ်နေတယ် ထင်တယ်''

ရှား။ ။''သမိုင်းညွန့်ဆိုတာက ဒါဘီကပ်ပွဲမှာ ပြေးမယ့် ကိုကြာညွန့်မြင်း မှတ်တယ်''

ကင်း။ ။''မှန်ပါတယ် ခင်ဗျာ။ ဦးစံရှားတို့ ဆိုတော့ ယုံကြည်ရတဲ့ လူမို့လို့ ကျွန်တော်ဖွင့်ပြီး ပြောရ ပါတော့မယ်။ ကျွန်တော့်ဆရာ ကိုကြာညွန့်မှာ ဒီပွဲကို နိုင်ယင်နိုင်မှ မနိုင်ယင် ဒုက္ခ အကြီးအကျယ် တွေ့ဖို့ပဲခင်ဗျ။ ချစ်တီးကြွေးရော၊ တရုတ်ကြွေးရော၊ ဗမာကြွေးရော ကြွေးတွေ ဝိုင်းနေတာပဲ ခင်ဗျ။ ဒီတခါ ကော်ယင် ကော်မှပဲလို့ ဆိုပြီး ချေးငှားလို့ ရသမျှ၊ ပေါင်နှံလို့ ရသမျှ အကုန် သိမ်းကျုံးပြီး ဒီမြင်း အပေါ်မှာ လောင်းထားတာပဲ။ အလေးကျောလဲ တော်တော်ကောင်းတယ် ခင်ဗျ။ အခုတောင် ၁ိ ကို ၄ဝိ ပေးသေးတယ်။ သူလောင်းစတုန်းက အလေး ၁၀ဝိ တောင်ရတယ် ခင်ဗျ''

ရှား။ ။''ဘယ့်နှယ်လဲဗျာ။ နိုင်လောက်တဲ့မြင်းဖြစ်ယင် ခင်ဗျာ့ဥစ္စာ အလေးများလှချီကလား''

ကင်း။ ။''အလေးများဆို ဒီမြင်းက လျှိုမြင်း ခင်ဗျ။ ဒီမြင်း ခြေရှိကြောင်းကို ပရိသတ်က မရိပ်စားမိဘူး ခင်ဗျ။ မရိပ်မိဘူးဆို ကိုကြာညွန့်ကလဲ အင်မတန်ပါးတယ်။ သမိုင်းညွန့်နဲ့ တဖအေတည်း ကျတဲ့ မြင်းတကောင်ရှိတယ်။ အဲဒီမြင်းက သမိုင်းညွန့်လိုပဲ နှာရောင်ကျားနဲ့၊ သွေးတူ မွေးတူ။ ဒေါက်လဲ တူတယ်ဗျ။ ဒီတော့ တာပတ်မှာ သွားပြီး စတင်းတိုက်တဲ့အခါကျယင် ဒီမြင်းနဲ့ ထုတ်ပြီးတိုက်တယ်။ တိုက်တဲ့အခါကျယင် ကွင်းဂျပိုးတို့က သမိုင်းညွန့်မှတ်ပြီး စတင်း ခိုးတိုက်ကြပါရော ခင်ဗျ။ စင်စစ်မှာတော့ အဲဒီမြင်းကို သမိုင်းညွန့်က တဖာလုံမှာ မြင်းနှစ်လျားလောက် ဖြတ်နိုင်တယ်ခင်ဗျ။ ဒီတော့ ကျွန်တော့် ဆရာ ကိုကြာညွန့်မှာ မြင်းခြေကောင်းလျက်နဲ့ ခြေကို လူမသိလို့ အလေးကျောတွေ သိပ်ရတာပေါ့ခင်ဗျ။ ဒီတခါနိုင်ယင်လဲနိုင်၊ မနိုင်ယင်လဲ ပြေးဖို့ ရှိတော့တာပဲ ခင်ဗျ။ လောင်းထားလိုက်တာတွေကလဲမနည်းဘူး''

ရှား။ ။''ကြောက်စရာပဲဗျို့။ သို့သော် ခင်ဗျားဟာ ရူးတာက ဘယ်မလဲဗျ''

တင်း။ ။''သူ့ကိုမြင်တော့ သိပါလိမ့်မယ်ခင်ဗျ။ မအိပ်နိုင် မစားနိုင် နေ့လဲမြင်း၊ ညလဲမြင်း မြင်းနှာကာကို မခွာဘူးခင်ဗျ။ ပြီးတော့ အခုတလော မမစိန် အပေါ်မှာ သူပြုမူပုံကလဲ အင်မတန် ထူးဆန်းနေပါတယ် ခင်ဗျ''

ရှား။ ။''မမစိန် ဆိုတာ သူ့နှမ ဗိုလ်ကတော် မဟုတ်လား''

ကင်း။ ။''ဟုတ်ပါတယ် ခင်ဗျ။ ဟိုတုန်းကတော့ သူတို့မောင်နှမဟာ စိတ်တူ သဘောတူ အင်မတန် သင့်မြတ်ကြပါတယ်။ မောင်က မြင်းမွေးယင် နှမကလဲ မြင်းဝါသနာ ပါတော့တာပဲ။ သမိုင်းညွန့်ကိုလဲ သူ အင်မတန် ချစ်တယ်။ အစာကျွေးယင်လဲ သူကိုယ်တိုင်ကျွေးရမှ စိတ်ကျေနပ်တယ်။ မြင်းကလဲ အင်မတန် ကြမ်းတဲ့မြင်းခင်ဗျ။ ဘယ်သူမှ အကိုင်မခံဘူး။ မမစိန် တယောက်ပဲ သူ့ကို ကိုင်ဝံ့ တယ်။ သူ ခေါ်မှဖြင့် နောက်က တကောက်ကောက် လိုက်တော့တာပဲ။ အခုတော့ ဒီလို မဟုတ်ကြဘူး ခင်ဗျ''

ရှား။ ။''ဘယ့်နှယ်ကြောင့်လဲဗျ''

ကင်း။ ။''အခု သုံးလေးရက်အတွင်းမှာဖြင့် မမစိန်ဟာ မြင်းဇောင်းနားက ဖဲ့ားဖြတ်စီးသွား တာတောင် မြင်းဇောင်းဘက်ကို လှည့်လို့မှ မကြည့်ဘူး။ မြင်းဇောင်းကိုလဲ တခေါက်မှ မလာဘူး ခင်ဗျ''

ရှား။ ။''သူတို့မောင်နှမ ရန်ဖြစ်ကြတယ်လို့ ခင်ဗျား ထင်သလား''

ဒုတိယ အကြိမ်

www.burmeseclassic.com



ကင်း။ ။"ရန်ဖြစ်တာမှ အကျိတ်အခဲ မကျေနိုင်အောင် ဖြစ်ကြတယ်လို့ ကျွန်တော် ထင်မိတယ်။ ကြည့်ပါအုံးတော့ခင်ဗျာ။မမစိန်က သူ့သမီးကလေးလို ချစ်နေတဲ့'စပင်နီရယ်'ခွေးမလေးကို ကိုကြာညွန့်က ရက်ရက်စက်စက် လက်ဖက်ရည်ဆိုင်က ဏာကာ ကုလားကို ပေးပစ်လိုက်တယ် ခင်ဗျ"

ရှား။ ။"အင်း ဒါကတော့ တော်တော် ထူးဆန်းတယ်ဗျို။ ဒီ့ပြင်ကောဗျာ"

ကင်း။ ။"ကျွန်တော်တို့ မမစိန်က နှလုံးတုန်တဲ့ရောဂါ ရှိလေတော့ ဟိုတုန်းကဆို ကိုကြာညွန့်က မမစိန်အခန်းသွားပြီး သတင်းစာ ဖတ်ပြလား၊ ဝတ္ထုဖတ်ပြလားနဲ့ အင်မတန်အရေးလုပ်တာပဲ။ အနေမျိုး ဖြင့် တခေါက်မှ သွားတာမမြင်ဘူးဗျ။ ဒါထက် ပြောပါရစေတော့၊ မောင်ကို စိတ်ဆိုးတာနဲ့ထင်ပါရဲ့။ မမစိန် အရက်တွေသောက်နေဆို ထင်ပါရဲ့ ခင်ဗျ။ တနေ့ကို တပုလင်းလောက် ကုန်တယ်လို့ စားပွဲထိုးက ပြောတယ်"

ရှား။ ။"အလျှင်က သူ သောက်တတ်သလား"

ကင်း။ ။"သူ့ယောကျ်ား ဗိုလ်ကြီးရှိတုန်းကတော့ နည်းနည်းပါးပါး မြည်းကြည့်ဖူးတယ်ဆို ထင်ပါရဲ့ ခင်ဗျာ။ ကျွန်တော်တို့နဲ့ နေမှဖြင့် ဒီလိုသောက်တယ်လို့ တခါဘူးမှ မကြားဖူးပါဘူး။ ပြီးတော့ ထူးဆန်းတဲ့ အချက်တခုက ညတိုင်ကျပြီဆိုမှဖြင့် ကိုကြာညွန့်ဟာ သင်္ချိုင်းဇရပ်ကို သွားသွားပြီး လူတယောက်နဲ့ တိုင်ပင်ကြတယ် ခင်ဗျ။

"ဟိုညက သန်းခေါင်လောက်ကြီးမှာ မိုးတွေကလဲ ရွာသနဲ့၊ မှောင်ကလဲ မိုက်သနဲ့ ရှိနေတဲ့ အထဲမှာ ကိုကြာညွန့်က တယောက်တည်း ကုပ်ကုပ် ကုပ်ကုပ်နဲ့ ထွက်သွားတော့ စားပွဲထိုး ဖိုးမှိုက မြင်လိုက်တာကိုး ခင်ဗျ။ နောက်တညကျတော့ ကျွန်တော်နဲ့ ဖိုးမှိုက သူ့နောက်က တိတ်တိတ်ကလေး လိုက်ပြီး ချောင်းကြ တာကိုး ခင်ဗျ။ ချောင်းရတာလဲ တော်တော် ကျပ်တဲ့အလုပ်ခင်ဗျ။ မိမျှားသွားယင်တော့ ဘယ်သူသော ဘယ်ဝါသော ညှာမယ့်လူ မဟုတ်ဘူး။ လက်သီးကလဲ ပြင်းပါဘိသနဲ့ ခင်ဗျာ။ ဒါနဲ့ ကျွန်တော်တို့က ခပ်လှမ်းလှမ်းက ခြေသံမကြားအောင် လိုက်ပြီးသွားတော့ ကိုကြာညွန့်က သင်္ချိုင်းဇရပ်ထဲဝင်သွားပါရော ခင်ဗျာ။ ဇရပ်ထဲကလဲ လူတယောက် စောင့်နေတယ်ခင်ဗျ။ တစ္ဆေမကြောက် ဘာမကြောက်နဲ့ သူတို့မို့ ကြံကြံစည်စည် ဒီနေရာမှာ အချိန်းအချက် ပေးပါပေရဲ့ ခင်ဗျာ"

ရှား။ ။"နေပါအုံး။ ဇရပ်ထဲမှာ သူနဲ့တွေ့တဲ့လူက ခင်ဗျား သိတဲ့လူထဲက မဟုတ်ဘူးလား"

ကင်း။ ။"ကျွန်တော်သိတဲ့ လူထဲကလဲ မဟုတ်ဘူး ခင်ဗျ"

ရှား။ ။"ဘယ့်နှယ်ကြောင့် ခင်ဗျား ဒီလိုပြောနိုင်သလဲ"

ကင်း။ ။"ပြောနိုင်ဆို ကျွန်တော့်မျက်စိနဲ့ သေသေချာချာ မြင်လိုက်ရတာကိုးခင်ဗျ။ ဟိုညက ကျွန်တော်တို့က သစ်ပင်ကွယ်ပြီး ချောင်းကြည့်နေကြလေတော့ လကလေးကလဲ သာလေတော့ ကျွန်တော် တို့ကို မြင်သွားမှာလဲ ကြောက်ရသေးကိုး ခင်ဗျ။ ဒါနဲ့ ကိုကြာညွန့်ကလဲ သူတို့ကိစ္စပြီးလို့ ထင်ပါရဲ့၊ ကျွန်တော်တို့အနားက ဖြတ်ပြီး ပြန်သွားပါရော။ ကျွန်တော်တို့ကလဲ ဟိုလူကိုတော့ မကြောက်တာနဲ့ လမ်းလျှောက်ယောင်ယောင် ဘာယောင်ယောင်နဲ့ ဟိုလူကို မိမိချင်း 'ဗျို့ဆရာကြီး၊ ခင်ဗျားဘယ်သူလဲ' လို့ မေးလိုက်ယင်ပဲ ဟိုလူက လန့်အော်ပြီး တင်ပါးနဲ့ဖဝါး တသားတည်းကျအောင် ပြေးပါရော ခင်ဗျာ။ ကျွန်တော်တို့လဲ ဘယ်သူ ဘယ်ဝါရယ်လို့ ကောင်းကောင်း မသဲကွဲပါဘူး ခင်ဗျာ"

ရှား။ ။"လရောင်နဲ့ ဆိုတော့ ခင်ဗျား သူ့မျက်နှာကို မြင်လိုက်ရမှာပေါ့"

ကင်း။ ။"ဟုတ်ကဲ့။ ကျွန်တော့် အသိထဲက မဟုတ်ဘူးဆိုတာတော့ သိလိုက်ပါရဲ့ ခင်ဗျာ။ ဒီ့ပြင်တော့ ညစ်ညစ်စုတ်စုတ်နဲ့ ကိုကြာညွန့်ရဲ့ ဂိုဏ်းရည်တူထဲက မဟုတ်ဘူးဆိုတာလောက်တော့ ရိပ်မိ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါရဲ့။ ကျွန်တော် အံ့ဩတာက ကိုကြာညွန့်ဟာ တော်တော်စိတ်ကြီးဝင်တဲ့ လူတယောက်ဖြစ်လျက် သားနဲ့ ဒီလူမျိုးနဲ့ အတက်လုပ်ပြီး ဘာများတိုင်ပင်နေတယ်ဆိုတာ ကျွန်တော် အံ့ဩလိုက်တာပါပဲ ခင်ဗျာ'' ဟု ပြောသောအခါ ဦးစံရှားသည် ဆေးတံကို ရှူရှိုက်ကာ အတန်ကြာ စဉ်းစားစိတ်ကူးနေပြီးမှ—

ရှား။ ။''မစိန်မှာ မိန်းမဖော်များ မရှိဘူးလား''

ကင်း။ ။''မဖွားမေဆိုတဲ့ သူငယ်မတယောက်တော့ အနားမှာ အမြဲရှိတာပဲ''

ရှား။ ။''မဖွားမေရောက်တာ ဘယ်လောက်ကြာပြီလဲ''

ကင်း။ ။''နှစ်နှစ်ကျော် သုံးနှစ်ခန့်ရှိပါပြီ''

ရှား။ ။''ဘယ်လို တော်စပ်သလဲ''

ကင်း။ ။''ဆွေမျိုးတော့ မတော်ပါဘူး''

ရှား။ ။''တော်တော် ခင်ခင်မင်မင်ပဲလား''

ကင်း။ ။''ခင်တော့ ခင်မင်ပါရဲ့ ခင်ဗျာ။ သို့သော် ဘယ်သူ့ကို ခင်မင်တယ် ဆိုတာတော့ ကျွန်တော် မပြောပါရစေနဲ့ ခင်ဗျာ''

ရှား။ ။(အနည်းငယ်ပြုံးလျက်)''ကျုပ်ရိပ်မိပါပြီလေ။ ဒီက ကိုသိန်းမောင်ပြောပုံတော့ ခင်ဗျား ဆရာ ကိုကြာညွန့်က ချဉ်ပေါင်ရွက်သည် မောင်မှိုင်းတို့ လူစားမျိုးထဲက ဖြစ်လေတော့ ဒီအတွက်နဲ့ ပတ်သက်ပြီး မောင်နှမ စကားများဟန် တူပါရဲ့''

ကင်း။ ။''ဒီသတင်းကတော့ တော်တော်ပဲ ရိုးနေပါပြီခင်ဗျာ''

ရှား။ ။''ရိုးနေပေမယ့် မစိန်ကတော့ အခုမှ ရိပ်မိတယ်ထင်ပါရဲ့။ ကျုပ်ကတော့ ဒီလိုထင်တယ်။ မစိန်က ဒီအကြောင်း ရိပ်မိလေတော့ ဖွားမေကို အိမ်ကမောင်းထုတ်ချင်တယ်။ ကိုကြာညွန့်က မောင်းထုတ်တာကို သဘောမတူဘူး။ မစိန်ကလဲ ခင်ဗျားပြောပုံ ဂိသာနပုဂ္ဂိုလ်ဖြစ်လေတော့ ကိုယ်ဆေးမာန်ပါ ကိုယ်ထင်သလို ပြုရဲတဲ့လက္ခဏာ မရှိဘူး။

''ဒီတော့ကာ ဖွားမေကို မောင်းလဲ မထုတ်နိုင်၊ ထားလဲမထားချင်နဲ့ စိတ်ကောက်ပြီး ပြုမိပြုရာ ပြုနေထင်ပါရဲ့။ ကိုကြာညွန့်ကလဲ စိတ်ဆိုးပြီး သူ့နှမချစ်တဲ့ ခွေးလေးကို ပေးလား ကမ်းလား လုပ်ပစ်လိုက်ထင်ပါရဲ့ဗျာ။ ဒီလိုဆိုယင်ကော မကိုက်ပေဘူးလား''

ကင်း။ ။''ကိုက်သလောက်တော့ ကိုက်ပါရဲ့ခင်ဗျာ''

ရှား။ ။''မှန်တယ်။ ကိုက်သလောက်သာ ကိုက်တာ။ ညတိုင်း သင်္ချိုင်းမှာ ဟိုလူနဲ့ စကားပြောတယ် ဆိုတဲ့အချက်က ရှိနေသေးတယ်''

ကင်း။ ။''ဒါတင်မကသေးဘူး ခင်ဗျ။ ဘယ်လိုအဓိပ္ပာယ်နဲ့ ကိုကြာညွန့်ဟာ မြှုပ်ပြီးသား အလောင်းကို ဖော်ယူရတာလဲခင်ဗျ''ဟု ပြောသောအခါ ဦးစံရှားသည် ပက်လက်ကုလားထိုင်တွင် မှီကာ ထိုင်နေရာမှ ငေါက်ကနဲ ထ၍ ထိုင်လေရာ–

ကင်း။ ။''မနေ့ညက ဦးစံရှားဆီ စာရေးထည့်ပြီးတဲ့နောက်မှ ဒီအကြောင်းကို ထပ်ပြီးတော့ သိရပါတယ်ခင်ဗျာ။ မနေ့ညတုန်းက ကိုကြာညွန့်က မြို့ထဲသွားလေတော့ ဖိုးမှီနဲ့ ကျွန်တော် ကိုကြာညွန့်တို့ ဟိုလူနဲ့ စကားပြောတဲ့ ဇရပ်ကိုသွားပြီး ကြည့်လေတော့ ဇရပ်ထောင့်မှာ လူရိုးတွေ တပိုင်းတစ တွေ့ရပါတယ်ခင်ဗျာ''

ရှား။ ။''ပုလိပ်ကို ခင်ဗျားတို့ မတိုင်ဘူးလား''

ကင်း။ ။''ဦးခွံရိုး အဆွေးတွေတွေ့တာ ပုလိပ်ကိုတိုင်ယင် ပုလိပ်က ဘာအရေးယူမှာလဲခင်ဗျ''

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ရှား။ ။"အရိုးတွေက ဒီအတိုင်း ပုံထားသလား"

ကင်း။ ။"ပျဉ်ပြား အတိုအစကလေးတွေနဲ့ ဖုံးလို့ ဖိလို့ ခင်ဗျ"

ရှား။ ။"အရိုးတွေကို ခင်ဗျားတို့ ဘယ်နှယ် လုပ်ခဲ့သလဲ"

ကင်း။ ။"ဘယ့်နှယ်မှ မလုပ်ပါဘူးခင်ဗျာ။ ဒီအတိုင်းပဲ ထားခဲ့ပါတယ်"

ရှား။ ။"နေရာကျသဗျို။ ဒါနဲ့ ကိုကြာညွန့်လဲ မနေ့က အိမ်မှာ မရှိဘူးဆို။ ပြန်လာပြီလား"

ကင်း။ ။"မလာသေးဘူးခင်ဗျ။ ဒီနေ့ လာလိမ့်မယ်"

ရှား။ ။"ကိုကြာညွန့်က ခွေးမကလေးကို ဘယ်တုန်းက ပေးပစ်လိုက်သလဲ"

ကင်း။ ။"သုံးလေးရက်လောက် ရှိပါပြီခင်ဗျာ။ ခွေးမလေးက ဟိုပြေးဒီပြေး အူလိုက် ဟောင်လိုက် လုပ်နေတာ မာလီကုလားခေါ်ပြီး ကာကာဆိုင် သွားပို့ချေလို့ လည်ကုပ်ကကိုင်ပြီး ပစ်ပေးလိုက်တာကိုး ခင်ဗျ။ ရက်စက်လိုက်တဲ့လူခင်ဗျာ"

ထိုစကားကို ကြားသိရသောအခါ ဦးစံရှားသည် ပက်လက်လှန်ကာ တိုက်ခေါင်မိုးကို စိုက်၍ ကြည့်ကာ ဆေးတံကို အတန်ကြာအောင် ဖွာပြီးမှ—

ရှား။ ။"ဒီကိစ္စမှာ ကျုပ်က ဘယ်လိုနေရာက ဆောင်ရွက်စေချင်တယ်ဆိုတာ တယ်ပြီး မရှင်းသေးပါဘူး ကိုရန်ကင်းရယ်။ ဒီထက်ရှင်းအောင် တဆိတ်ပြောပြစမ်းပါအုံး"ဟု ပြောသောအခါ ကိုရန်ကင်းသည် စက္ကူနှင့်ပတ်ထားသော အရာဝတ္ထုတခုကို ထုတ်ယူပြီးလျှင်—

"ဒီဟာကိုမြင်ယင်ဖြင့် ဘယ်လိုဘက်က ဆောင်ရွက်ရမယ်ဆိုတာ ရှင်းကောင်းပါရဲ့လားခင်ဗျာ"ဟု ပြော၍ ဦးစံရှားအား ပေးလိုက်ရာ ဦးစံရှားသည် စက္ကူကိုဖြေ၍ ကြည့်သည်တွင် မီးလောင်ထားသော အရိုးစတချောင်းကို တွေ့မြင်ရလေ၏။

ရှား။ ။"ဒီဟာ ခင်ဗျား ဘယ်ကရသလဲ"

ကင်း။ ။"ကိုကြာညွန့် အဂ္ဂိရတ်ထိုးတဲ့ တလဖုတ်တဲ့ထဲက ရတယ်ခင်ဗျ"

ရှား။ ။(အရိုးကို သေချာစွာကြည့်လျက်)"ရော့ဗျာ ကိုသိန်းမောင်။ ကြည့်စမ်း။ ဒီဟာ ဘာရိုးထင်သလဲဗျာ"

ကျွန်။ ။"ဟာ ဒီဟာ လူမေးရိုးကြီးကပဲဗျာ"

ရှား။ ။"ဒီဟာ ဖိုထဲက ရတယ်မှတ်တယ်။ ဘယ်သူ တွေ့ခဲ့သလဲ"

ကင်း။ ။"တံမြက်စည်းကုလား တွေ့လေတော့ ကျွန်တော့်လာပေးလို့ ကျွန်တော်လဲ မသင်္ကာတာနဲ့ ယူလာခဲ့တာပဲခင်ဗျ"

ရှား။ ။"ဒီအမှုဟာ တဖြည်းဖြည်းနဲ့ အရေးကြီးလာပြီဗျို။ ဒါထက် ကိုကြာညွန့် အိမ်မှာ မရှိဘူးဆို"

ကင်း။ ။"မရှိဘူးခင်ဗျ"

ရှား။ ။"တံမြက်စည်းကုလားက တလဖုတ်တဲ့ထဲမှာ နေ့တိုင်း ရှင်းသလား"

ကင်း။ ။"မှန်ပါတယ်ခင်ဗျာ"

ရှား။ ။"အရိုးတွေ့တာက ဒီကနေ့မှ တွေ့တယ် ဟုတ်စ"

ကင်း။ ။"ဟုတ်ပါတယ် ခင်ဗျာ"

ရှား။ ။"ဒါဖြင့် ဒီအရိုးတွေကို ဖိုကျင်ထိုးတဲ့လူဟာ ကိုကြာညွန့် မဟုတ်ဘူးပေါ့"

ကင်း။ ။"ဒါနဲ့ တူပါတယ်ခင်ဗျာ"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ခွေးမလေးကို ပေးလိုက်တဲ့ လက်ဖက်ရည်ဆိုင် ကာကာကုလားက ဘယ်အနားဆီမှာလဲဗျာ"

ကင်း။ ။"ဘူတာရုံက အဆင်း လက်ဦးတွေ့တဲ့ လက်ဖက်ရည်ဆိုင်ပါပဲ ခင်ဗျာ"

ရှား။ ။"တော်လောက်ပါပြီ ခင်ဗျာ။ ကိုရန်ကင်း၊ ခင်ဗျား သွားနှင့်ပေတော့။ တစုံ တရာ အကြောင်းထူးယင် ကာကာ လက်ဖက်ရည်ဆိုင်ကိုသာ လာခဲ့ပေတော့"

ထိုနေ့ နေ့လယ်ချိန်၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် ဝါးနက်ချောင်း ဘူတာသို့ မီးရထားနှင့် ဆိုက်ရောက်ကြ၍ ကိုရန်ကင်း ညွှန်ကြားခဲ့သော ကာကာ လက်ဖက်ရည်ဆိုင်ကို တွေ့ရှိသဖြင့် လက်ဖက်ရည်များကို မှာယူ သောက်သုံးလျက်ရှိစဉ် ဦးစံရှားသည် ကာကာ ကုလားနှင့် မိတ်ဖွဲ့လျက် စကားလက်ဆုံ စင်နေကြလေသည်။

ဦးစံရှားသည် လက်ဖက်ရည် ဆိုင်ရှင် ကုလားကိုလည်းကောင်း၊ လက်ဖက်ရည်သောက် လာသော ကာလသားများကို လည်းကောင်း ကိုကြာညွန့်၏ အကြောင်းများကို အပျင်းပြေ စကားစပ် ပြောသည့် အနေဖြင့် ထောက်လှမ်း မေးမြန်းရာ အလွန်တရာ စိတ်ဆတ်၍ ထင်မိလင်ရာ ပြုတတ်သော လူတယောက် ဖြစ်ကြောင်းကို အားလုံးကပင် ထွက်ဆိုကြလေ၏။

ထို့နောက် သံကြိုးချည်ထားသော ခွေးမတကောင်ကို မြင်သဖြင့်—

ရှား။ ။"ဟေ့ ကာကာ၊ ဟိုခွေးကလေးက တယ်လှတဲ့ ခွေးမလေးပဲ။ ဘယ်လောက်ပေးရသလဲ။ ငါ့ကို ရောင်းပါကွယ်"

ကာ။ ။"မရောင်းပါဘူး ဆရာကြီး။ ကြာညွန့်ဆပ် ပေးတဲ့ ခွေးကို ကျွန်တော် မရောင်းဝံ့ဘူး ဆရာကြီး။ ခွေးမက မွေးယင် ကျွန်တော့်ကို တကောင်ပေးပါလို့ တောင်းတယ်။ ကြာညွန့်ဆပ်က ခွေးမကို ပေးလိုက်တယ်"

ရှား။ ။"ဘာပြုလို့ သံကြိုးနဲ့ ချည်ထားသလဲကွယ့်"

ကာ။ ။"လွှတ်မထားနိုင်ဘူး ဆရာကြီး။ လွှတ်ထားယင် တခါတည်း ပြေးသွားမယ် ဆရာကြီး"

ထို့နောက် ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့ကြ၍ ရွာကို လှည့်လည် ကြည့်ရှုယင်း ဦးစံရှားသည် ကျွန်တော့်အား အမှုအကြောင်းကို နှီးနှော တိုင်ပင်လျက်ရှိရာ—

ရှား။ ။"အမှုက တယ်ကြီးတော့ မလွယ်လှဘူး ကိုသိန်းမောင်ရေ့၊ တော်တော်ကလေး အရှုပ်သားပဲ။ သို့သော် ကိုကြာညွန့်လဲ မပြန်လာသေးဘူးလို့ ကြားတယ်။ ဒီကနေ့ည သူ မပြန်သေးလို့ ရှိယင် ကျုပ်တို့ ပေါ်ရုံလောက် တတ်နိုင်ဖို့ အကြောင်းတော့ ရှိတာပဲ"

ကျွန်။ ။"ခင်ဗျား တစုံတခု တွေးတော့ဖြင့် တွေးမိပြီ ထင်တယ်"

ရှား။ ။"တစုံတခုတော့ ထူးထူးဆန်းဆန်း ဖြစ်ရိုး အမှန်ပဲဗျ။ ဘယ်လို တစုံတခုမျိုးထဲကလဲ ဆိုတာ တွေးဖို့ ကျန်သေးတာပေါ့။ သို့သော် ဖြစ်ပုံက ထူးဆန်းလေတော့ တယ်ပြီး မခဲယဉ်းတန်ဘူး ထင်ပါရဲ့ဗျာ။ ကျုပ် အယင်က ပြောဖူးတယ်မဟုတ်လား ကိုသိန်းမောင်။ စုံထောက်တဲ့အခါမှာ ထူးထူး ဆန်းဆန်း အခြင်းအရာများပါယင် လွယ်တယ်၊ ရိုးရိုးကလေး ဖြစ်နေတဲ့ အမှုမျိုးဆိုယင် စုံထောက်ဖို့ ကျပ်တယ်လို့ ကျုပ် ပြောဖူးတယ်မဟုတ်လား။ အမှုဆန်းလာပြီဆိုမှဖြင့် သဲလွန်စက အလိုလိုပေါ်နေတတ်တာကိုးဗျ။ ကိုင်း အခု ဒီအမှုမှာ ကျုပ်တို့ ဘာများတွေ့ရသလဲ။ ကိုကြာညွန့်ဟာ သူ့နှမ ခွေးကို သူများ ပေးပစ်လိုက်တယ်တဲ့။ ပေးတဲ့ တိရစ္ဆာန်က ဒီ့ပြင်တိရစ္ဆာန် မဟုတ်ဘူး။ ခွေးတဲ့ဗျ။ ခင်ဗျား ဘာများ တွေးလို့ရသလဲ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ ။"ကျွန်တော်ဖြင့် ဘာမှ မတွေးတတ်ဘူးဗျ"

ရှား။ ။"ခွေးကို ပေးခြင်းဟာ နှစ်မျိုး တွေးဖို့ ရှိတာကိုးဗျ။ သို့သော် ဒီဟာကို အသာထား လိုက်အုံး။ မောင်နဲ့နှမ ရန်ဖြစ်မယ့်ဆီက စပြီး အဖြစ်အပျက်ကို တခုစီ စစ်ဆေးကြည့်ကြစို့။ မစိန်ဟာ ရန်ဖြစ်ပြီးတဲ့နေ့ကစပြီး ရှေးက နေပုံထိုင်ပုံမျိုး မဟုတ်ဘူးတဲ့။ ဟုတ်စ။ အခန်း အင်မတန် အောင်းတယ်တဲ့။ အပြင်ကို တခါတခါ ထွက်ယင်လဲ ဖွားမေကို ခေါ်ပြီး မော်တော်ကားနဲ့သာ ထွက်တယ်တဲ့၊ မြင်းဇောင်းနား ရောက်လို့ မြင်းဇောင်းဘက်ကို လှည့်လို့မှ မကြည့်ဘူးတဲ့။ အရက်များလဲ သောက်တယ်တဲ့။ ဟုတ်စ"

ကျွန်။ ။"အရက်မှ တပုလင်းလောက် ကုန်အောင် သောက်တယ် ဆိုပါကလားဗျ၊ လွန်လွန်းလှ ချေကလား"

ရှား။ ။"မှန်တယ် ကိုသိန်းမောင်၊ ဒါလဲ အင်မတန်ထူးဆန်းတဲ့ အချက်တခုပဲ"

ကျွန်။ ။"သင်္ချိုင်း ဇရပ်က အချက်က ရှိပါသေးကလားဗျာ"

ရှား။ ။"နေအုံးဗျ။ ဒါကတခြား။ ဒီအမှုမှာ နှစ်မျိုးခွဲပြီး စဉ်းစားဖို့ရှိတယ်။ တမျိုးနဲ့တမျိုးကို မရောစပ်နဲ့နော် ကိုသိန်းမောင်။ ပထမ စဉ်းစားဖို့ အချက်က မစိန်နဲ့ ပတ်သက်တဲ့ အချက် ဖြစ်တယ်။ မစိန်ရဲ့ အခုတလော ပြုပုံ မူပုံ နေပုံ ထိုင်ပုံ ကြားရတာ သူ့အတွက် စိုးရိမ်ဖို့စိတ် မဖြစ်ဘူးလားဗျာ"

ကျွန်။ ။"ကျွန်တော်ဖြင့် မစိုးရိမ်တတ်ဘူးဗျာ"

ရှား။ ။"ကိုင်း ဒါဖြင့် ရှိစေ။ သူ့အကြောင်း အသာထားလိုက်အုံး။ ကိုကြာညွန့်နဲ့ ပတ်သက်တဲ့ အကြောင်းကို စဉ်းစားကြအုံးစို့။ ကိုကြာညွန့်ဟာ ဒါဘီပွဲကိုနိုင်ဖို့ အင်မတန် စိတ်အားထက်သန်နေတယ်။ သူ့မှာ ချစ်တီးကြွေးတွေ ဝိုင်းပြီးနေလို့ ဘယ်အချိန် တယ်အခါမဆို ကြွေးရှင်များက မြင်းရော လူရော ဝရမ်းဖမ်းသွားမှာကို စိုးရိမ်နေတယ်။ လူကလဲ စိတ်ကြမ်း ကိုယ်ကြမ်းဗျ။ စားသောက် နေထိုင်တော့လဲ နှမဆီမှာ ကပ်ရပ် စားသောက် နေထိုင်ရတယ်။ မစိန်နဲ့ အတူနေတဲ့ ဖွားမေကလဲ သူနဲ့ ကြံဖော် စည်ဘက် ဖြစ်တယ်။ ဒီတော့ မှန်ရဲ့ မဟုတ်လား ကိုသိန်းမောင်"

ကျွန်။ ။"နို့ သင်္ချိုင်းဇရပ်က ဟာကကောဗျာ"

ရှား။ ။"မှန်တယ်၊ သင်္ချိုင်းဇရပ်ကလဲ ရှိပေတယ်။ ကိုင်း ဒီတော့ ကျုပ်တို့က ဟုတ်လို့ ဟုတ်ငြား တခုတွေးကြစို့ဗျာ။ ကိုကြာညွန့်ဟာ သူ့နှမ မစိန်ကို ဖျောက်ဖျက်ပစ်လိုက်တယ် ဆိုပါတော့ဗျာ"

ကျွန်။ ။"ဟာ မဟုတ်နိုင်ပါဘူးဗျာ"

ရှား။ ။"မဟုတ်နိုင်ဘူး မဆိုနိုင်ဘူးဗျ။ ကိုကြာညွန့်တို့ဟာ မျိုးရိုးတော့ မျိုးရိုးကောင်းနဲ့တူတယ်။ မိဘများကလဲ ဂုဏ်နဲ့ ဒြပ်နဲ့ပဲ။ မစိန်ဟာ ဗိုလ်ကို ယူတယ် ဆိုသော်လဲ လက်ထပ်မယားကြီး အဖြစ်နဲ့ ယူပေတယ်။ သို့သော် မျိုးရိုးကောင်းပေမယ့် ဖောက်တဲ့လူလဲ ဖောက်တတ်သေးတာကိုးဗျ။ ကိုင်း ဒီတော့ ကျုပ်ပြောတဲ့အတိုင်း မှန်ခဲ့ယင် ကိုကြာညွန့်ဟာ ထွက်ပြီးပြေးသော်လဲ သူ့မြင်းကိစ္စက မပြီးသေးလို့ ငွေမရှိလို့ မပြေးနိုင်ဘူး။ ဘယ်နည်းနဲ့မဆို မြင်းပွဲပြီးအောင်တော့ စောင့်ရအုံးမယ်။ ဒီအတောအတွင်းမှာ အလောင်းကိုလဲ ဖျောက်ဖျက်ရမယ်။ မစိန်နေရာမှာလဲ လူစားထိုးရမယ်။ ဖွားမေကလဲ သူ့လူ ဖြစ်လေတော့ လူစားထိုးဖို့အလုပ်က များများကြီး မခဲယဉ်းလှဘူး။ အလောင်းကိုတော့ တစ္ဆေခြောက်တတ်တယ်ဆိုတဲ့ အုတ်ဇရပ်ပျက်ကြီးမှာ ခဏ ဝှက်ထားပြီး လူမရိပ်မိအောင် တဖြည်းဖြည်း ဖိုကျင်ထိုးပြီး ဖျောက်ဖျက် ပစ်လိုက်ယင်ကောဗျာ။ မဖြစ်နိုင်ဘူးလား"

ကျွန်။ ။"ဖြစ်တော့ ဖြစ်နိုင်ပါရဲ့ဗျာ။ နို့ပေမယ့် ဖြစ်နိုင်မယ် မထင်ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဟုတ်နိုင်မယ် မဟုတ်နိုင်ဘူး ဆိုတာတော့ အသေအချာ သိရအောင် ညနေကျတော့ ကျုပ် တခု စမ်းကြည့်ခယ်ပေါ့ဗျာ"ဟု ပြောပြီးနောက် ဦးစံရှား စကားဆက်လက်၍ မပြောတော့ပဲ ထိုရွာ၏ လူနေအိမ်ခြေများကို ကြည့်စမ်းလျက် တိတ်ဆိတ်စွာ လမ်းလျှောက်နေခဲ့လေ၏။

ညနေစောင်းသည်နှင့် တပြိုင်နက် ကျွန်တော်တို့သည် ကာကာဆိုင်သို့ပြန်လာကြ၍ ဦးစံရှားသည် ကာကာကုလားထံမှ ခွေးမကလေးကို ဥပါယ်တမျိုးနှင့် ငှားရမ်းပြီးလျှင် သံကြိုးဖြင့်ဆွဲလျက် ကိုကြာညွန့်တို့ နေထိုင်ရာ အိမ်တက်သို့ လျှောက်သာကြလေ၏။

ဥဒရာပဘိုက်သားများ နေထိုင်ဘိသကဲ့သို့ ပန်းခြံ ဥယျာဉ်မှ စ၍ လှပတင့်တယ်စွာ စိုက်မျိုး ပြုစု၍ ထားသဖြင့် ခမ်းနားသိုက်မြိုက်စွာရှိသော ဗိုလ်အိမ်ကြီးအနီးသို့ ရောက်လာကြလျှင်—

ရှား။ ။"ကိုင်း ကိုသိန်းမောင်၊ ဒီဟာ ကိုကြာညွန့်တို့ အိမ်ပဲဗျို့။ ညနေတိုင်ယင် မစိန်က မော်တော်ကားနဲ့ လေညင်းခံ ထွက်တတ်တယ်လို့ ကျုပ်ကြားတယ်။ တကယ်လို့ ကားနဲ့ ထွက်လာလို့ရှိယင် ခင်ဗျားက ကားမောင်းသမားကို ခဏလောက်ရပ်ပြီး မေးစရာ စကား တခွန်းနှစ်ခွန်းကို ကြံဖန်ပြီး မေးပေတော့။ ကျုပ်က ခွေးနဲ့ ဟောဒီက သစ်ပင်ကွယ်ပြီး စောင့်နေမယ်"ဟု ပြောပြီးလျှင် ဦးစံရှားသည် ဝင်းပေါက်အနီး၌ ပေါက်ရောက်လျက်ရှိသော မန်ကျည်းပင်ကြီးမှ ကွယ်လျက် ခွေးနှင့် စောင့်နေရာ ကျွန်တော်မှာ ဝင်းပေါက်အနီးတွင် ဝင်းထရံကိုမှီလျက် ဆေးလိပ်သောက်ကာ စောင့်ဆိုင်း၍ နေလေ၏။

ကျွန်တော်တို့ စောင့်ဆိုင်းနေချိန် ၁၅ မိနစ်ခန့် ရှိသည်နှင့် တပြိုင်နက် 'ပေါ်ပေါ်'ဟု ကားသံကြားသဖြင့် ကြည့်လိုက်ရာ အိမ်ဝင်းအတွင်းမှ ကားတစီးသည် ဝင်းပေါက်ရှိရာသို့ မောင်းနှင် လာနေသည်ကို တွေ့ရှိရလေ၏။

ကားပေါ်၌ကား ကြောင်ကြောင်ကျားကျားနှင့် ပြောင်ပြောင်လက်လက်ရှိသော အဝတ်အစား များကို ဝတ်ဆင်လျက် ရုပ်ရည် သနားကမားရှိသော သူငယ်မတယောက် လိုက်ပါ၍လာလေရာ ယင်းနှင့် အတူယှဉ်လျက် မကျန်းမမာရှိသည့် လက္ခဏာနှင့် စောင်ကြီးခြုံကာ လိုက်ပါလာသူမှာမူ မိန်းမကြီး တယောက်နှင့် သဏ္ဍာန်တူသည်ကို တွေ့ရှိရလေသည်။

ယင်းသဏ္ဍာန်မှာ မျက်နှာကို စောင်ဖြင့် ဖုံး၍ထားသည်ဖြစ်သောကြောင့် ကောင်းစွာ မမြင်နိုင် သော်လည်း အဝတ်အစားကို ကြည့်ခြင်းအားဖြင့် 'မိန်းမကြီး'ဟူ၍ တွေးထင်ဖွယ်ရာ ရှိပေသည်။

ကားသည် ဝင်းပေါက်သို့ ဆိုက်ရောက်သည်နှင့် တပြိုင်နက် ကျွန်တော်သည် ဝင်းပေါက်အနီး လမ်းပေါ်မှ တည့်တည့်ရပ်လျက် လမ်းလျှောက်တုတ်ကို ဝင့်ကာ မော်တော်ကားမောင်းသမားအား လက် ပြ၍ ကားကို ရပ်စေပြီးလျှင် ကိုကြာညွန့်ရှိပါသလားဟု မေးမြန်းလိုက်ရာ ထိုအချိန်မှာပင် ဦးစံရှားသည် ပုန်းအောင်းနေရာမှ ရုတ်တရက် ထွက်လာ၍ ခွေးမကလေးကို လွှတ်လိုက်လေသည်။

ခွေးမကလေးလည်း မိမိသခင်၏ ကားကိုမြင်သဖြင့် အားရဝမ်းသာ အမြီးထောင်လျက်ပြေးလာ ပြီးလျှင် ကားပေါ် ခုန်တက်ပြီးနောက် စောင်ခြုံထားသောသူကို ခွေးတို့ဘာဝ နမ်းရှုပ်ရာ အနံ့ခံမိသည်နှင့် တပြိုင်နက် ရုတ်တရက် ဟိန်းဟောင်ပြီးလျှင် စိတ်ဆိုးသော အမူအရာကို ပြလေ၏။

ထိုခဏ၌ စောင်ခြုံလျက်ရှိသောသူက ခက်ထန်သောအသံဖြင့်—

"ဟေ့၊ မောင်းလကွယ်။ ဘာလုပ်နေတာလဲ"ဟု မော်တော်ကား မောင်းသမားအား ငေါက်ငမ်း ကာ ပြောလိုက်သည်တွင် ကားမောင်းသမားသည် ရုတ်တရက် စက်ကို ဖွင့်လိုက်သည်နှင့် ကျွန်တော်မှာ မတိုက်မိခိုက်မိစေရန် တိမ်းရှောင်၍ ပေးလိုက်ရလေ၏။

ဒုတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားလည်း ကားပေါ်မှ ခုန်ဆင်းကျန်ရစ်သော ခွေးမကလေးကို ချော့မော့၍ ဖမ်းပြီးနောက်—

ရှား။ ။“ဘယ့်နှယ်ရှိစ ကိုသိန်းမောင်၊ ခွေးက သခင်မ မှတ်လို့ ကားပေါ် ပြေးတက်တော့ သူ့ သခင်မ မဟုတ်ပဲ သူစိမ်းဖြစ်နေလို့ စိတ်ဆိုးသွားတာ မြင်လိုက်ကဲ့မဟုတ်လား။ ခွေးဆိုတဲ့ အကောင်မျိုးဟာ လူမှားတယ်လို့ ထုံးစံမရှိဘူးဗျ”

ကျွန်။ ။“နေပါအုံးဗျ ဦးစံရှားရဲ့။ ကျွန်တော်ဖြင့် အော်လိုက်တဲ့အသံဟာ မိန်းမသံ မဟုတ်ပဲ ယောကျ်ားသံလို့ ကျွန်တော် ထင်နေတယ်”

ရှား။ ။“အစစ်ပေါ့ ကိုသိန်းမောင်။ ကိုင်း ဒီတော့ ကျုပ်တို့ ဒီအမှုမှာ ဒီတထစ် တိုးသွားပြန်တာပေါ့။ ကဲ ကဲ ထမင်းဆာလှပြီဗျာ။ တော်တာကလေး ဝယ်စားကြအုံးစို့။ ဒီကနေ့ညကျယင် ဒီ့ထက် ခရီးရောက်ကောင်းပါလားဗျာ”

ဦးစံရှားမှာ တစုံတခုသောအမှု၌ စုံထောက်ရလျှင် အိပ်မှု စားမှုတွင် အလျှင်း ဂရုမပြုသော လူတယောက်ဖြစ်လေရာ ထိုနေ့ညစာမှာ မုန့်ဟင်းခါးအနည်းငယ်နှင့် တင်းတိမ်ရောင့်ရဲရပြီးနောက် ၉ နာရီအချိန်တွင် ကျွန်တော်တို့သည် ညခင်းအချိန်ကရောက်ရှိခဲ့သောဝင်းတံခါးသို့ သွားရောက်ကြပြန်လေသည်။

တံခါးအနီး၌ကား ကိုရန်ကင်းသည် စောင့်ဆိုင်းလျက်ရှိရာ ကျွန်တော်တို့ကို မြင်သည်နှင့်တပြိုင်နက်—

ကင်း။ ။“ဦးစံရှားပေးလိုက်တဲ့စာကို ရတယ်ခင်ဗျ။ ကိုကြာညွန့်လဲ ဒီကနေ့ပဲ ရောက်မယ်လို့ ကျွန်တော် ကြားပါတယ်။ အခုတော့ဖြင့် မရောက်သေးပါဘူး ခင်ဗျာ”

ရှား။ ။“သုသာန်ဇရပ်က ဒီက ဘယ်လောက် ဝေးသလဲ”

ကင်း။ ။“မဝေးလှပါဘူး ခင်ဗျာ”

ရှား။ ။“ကိုင်း ဒါဖြင့် လိုက်ပြစမ်းပါ”

ကင်း။ ။“ကျွန်တော် မလိုက်ပါရစေနဲ့ခင်ဗျာ။ ကိုကြာညွန့် ရောက်လာလာချင်း မြင်းအကြောင်းမေးဖို့ ကျွန်တော့်ကို ခေါ်ပါလိမ့်မယ်။ သူခေါ်လို့မတွေ့ယင် အင်မတန် ပက်ပက်စက်စက် ပြောတဲ့လူခင်ဗျ”

ရှား။ ။“ကိုင်း ဒါဖြင့် ခင်ဗျားလိုက်ပြရုံ ပြပြီး ပြန်ပါတော့ဗျာ။ ကျွန်တော်တို့ဘာသာ စုံစမ်းပါ့မယ်”

ကျွန်တော်တို့သည် ကိုရန်ကင်းနှင့် လိုက်ပါသွားကြ၍ သုသာန်သို့ ရောက်ကြသည်၌ အလွန်တရာဟောင်းနွမ်းဆွေးမြည့်လျက်ရှိပြီး အသုံးပြုဟန်မရှိသော အုတ်ဇရပ်ပျက်ကြီးတခုကို တွေ့ကြလေလျှင် ကိုရန်ကင်းသည် လက်နှိပ်ဓာတ်မီးထိုးလျက် ရှေ့မှဝင်သွားလေရာ ကျွန်တော်တို့လည်း နောက်မှလိုက်ကြလေ၏။

ဇရပ်တွင်း၌ကား သုတ်သင်ရှင်းလင်းခြင်း မရှိသည်ဖြစ်၍ အမှိုက်သရိုက်မှစ၍ ပျဉ်တို ပျဉ်စတို့သည် စုပုံလျက် ရှိသည်ကို တွေ့မြင်ကြရလေ၏။

ရှား။ ။“ခင်ဗျား လူရိုးတွေ တွေ့တယ်ဆိုတာ ဘယ်မှာလဲဗျ။ ပြစမ်းပါအုံး”

ကင်း။ ။“ဒီပျဉ်ပုံတွေအောက်မှာ တွေ့ပါတယ်ခင်ဗျာ”ဟု ပြော၍ ပျဉ်များကို လှည့်လည်ရှာဖွေသော်လည်း မတွေ့သည်နှင့် အံ့သြလျက်—

“ဟော၊ ဘယ်ရောက်ကုန်ပါလိမ့်။ မရှိတော့ဘူး ခင်ဗျ”ဟု ပြောလေ၏။ ထိုအခါ ဦးစံရှားက—

“ဘယ်ရှိတော့မလဲဗျ။ ခင်ဗျားတို့အိမ်က တလဖုက်တဲ့ထဲမှာ ပြာဖြစ်ပြီးကုန်ပြီကော”

ကင်း။ ။“သခ်ျိုင်းက အရိုးကို ဖိုထိုးလို့ ဘာအကျိုးရှိမလဲ ခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ဘာအကျိုးရှိတယ် မရှိဘူးဆိုတာကို ကျုပ်တို့ စုံထောက်ဖို့ရှိတယ် မဟုတ်လားဗျာ။ ကိုင်း ကိုင်း ခင်ဗျား ပြန်ချင်လဲ ပြန်ပါတော့။ ဒီကနေ့မနက် မိုးမလင်းခင် ဒီအမှုကို ကျုပ်တို့ ပေါ်အောင် စုံထောက်ပြီးပေးမပေါ့။ ကိုင်း ပြန်ပါတော့ဗျာ ကိုရန်ကင်း။ ခင်ဗျားလက်နှိပ်ဓာတ်မီးတော့ ထားခဲ့ဗျာ"

ကိုရန်ကင်း ပြန်သွားပြီးသည့်နောက် ကျွန်တော်နှင့် ဦးစံရှားတို့သည် ဇရပ်ပျက်ကြီးမှ ထွက်လာပြီးလျှင် ဦးစံရှားသည် ပျက်စီးယိုယွင်းလျက်ရှိသော အရိုးဂူများကို တခုပြီး တခု လက်နှိပ်ဓာတ်မီးဖြင့် သေချာစွာ စုံစမ်းကြည့်ရှုလေ၏။

နောက်ဆုံး၌ အလွန်တရာ ယိုယွင်းပျက်စီးလျက် အုတ်ချပ်တို့ ပြိုကျနေသော အရိုးဂူတခုသို့ ဆိုက်ရောက်လေလျှင် ဦးစံရှားသည် ဓာတ်မီးနှင့် ထိုးကြည့်ပြီးနောက် စိတ်မကျေနပ်သည့် အမူအရာနှင့် အုတ်ခဲတို့ကို ဖယ်ရှားစုပုံထားသည်တွင် ခေါင်းတခုသည် ပေါ်၍လာလေ၏။

ဦးစံရှား၏ ညွှန်ကြားချက်အရ ကျွန်တော်သည် ယင်း ခေါင်းကို ဦးစံရှားနှင့်အတူ ဆွဲထုတ်ယူကြရာ အပြင်သို့ ပါလာသည်နှင့် တပြိုင်နက် ဦးစံရှားသည် ခေါင်းကို ဖြည်းဖြည်းချင်း မောင်းချဓားနှင့် ကလန့်၍ ဖွင့်လေ၏။

ယင်းကဲ့သို့ ဖြည်းဖြည်းချင်းဖွင့်သဖြင့် နောက်ဆုံး သံတချောင်းပြုတ်သည်၌ ဦးစံရှားမှာ အလွန် နားပါးသည်ဖြစ်၍ အဝေးမှ ခြေသံကြားသည့် အနေမျိုး လက်နှိပ်ဓာတ်မီးကို ငြိမ်းပြီးလျှင် နားစွင့်လျက် နေလေ၏။

ထိုခဏ၌ အဝေးမှ လျှောက်လာသော လူတယောက်၏ ခြေသံကို အမှန်ပင် ကြားရသည်ဖြစ်ပြီး ခြေသံသည်လည်း တဖြည်းဖြည်း နီး၍ နီး၍ လာလေလျှင် ကျွန်တော်တို့သည် အရိုးဂူကို ကွယ်လျက် ဦးခေါင်းပြူ၍ ကြည့်ကြသည်တွင် ကျွန်တော်တို့နှင့်တူရူသို့ ပျာယီး ပျာယာ လျှောက်လာနေသော လူတယောက်ကို မှုန်မှုန် မွားမွားရှိသော လ၏ အရောင်တွင် တွေ့မြင်ကြရလေ၏။

ထိုသူသည် မိမိ၏ လက်၌ လေးလံမာကျောဟန် လက္ခဏာရှိသော တုတ်ကြီးတချောင်းကို ကိုင်လာလေရာ အနီးသို့ ရောက်သည်နှင့် တပြိုင်နက် လက်နှိပ်ဓာတ်မီးဖြင့် ကျွန်တော်တို့အား ထိုး၍ ကြည့်ပြီး နောက်—

"ဟေ့ အကောင်တွေ၊ ငါ့အဘိုးအရိုးအိုးကို မင်းတို့ ဘာလာလုပ်နေကြတာလဲ။ မင်းတို့ ဘယ်သူတွေလဲ ပြောစမ်း"ဟု ပြော၍ လက်မှတုတ်နှင့် ခြိမ်းခြောက်ကာ အနီးသို့ တိုး၍လာလေရာ ဦးစံရှားသည် အနည်းငယ်မျှ တုန်လှုပ်သည့် အမူအရာမရှိပဲ လက်ပိုက်ကာ ရပ်လျက်—

"ကျုပ်ကလဲ မေးစရာတခုရှိတယ်ဗျ ကိုကြာညွန့်ရဲ့။ ဟိုခေါင်းထဲကဟာ ဘယ်သူလဲ ပြောစမ်း"ဟု ပြောပြီးနောက် ခေါင်း၏အဖုံးကို ဖွင့်လိုက်ရာ ပုပ်တော့မည့်ဆဲဆဲရှိနေသော မိန်းမတယောက်၏အလောင်းကို တွေ့ရလေ၏။

ရှား။ ။"အရိုးအိုးက အဟောင်း၊ အလောင်းက အသစ်။ ခင်ဗျားပြောတော့ အဘိုးကြီးတဲ့။ အလောင်းက မိန်းမငယ်ငယ်အလောင်း။ ဘယ့်နှယ်လဲ ကိုကြာညွန့်"ဟု ပြောလိုက်လျှင် ကိုကြာညွန့်သည် ရှတ်တရက် နောက်သို့ဆုတ်၍ အံ့အားသင့်လျက် ရှိနေပြီးနောက်—

ညွန့်။ ။"ခင်ဗျား ဒီအကြောင်း ဘယ့်နှယ် သိသလဲ။ ခင်ဗျားတို့နဲ့ ဘာဆိုင်သလဲ"

ရှား။ ။"ကျုပ်နာမည်က မောင်စံရှားပါတဲ့။ ခင်ဗျား ကြားဖူးပါလိမ့်မယ်။ ရာဇဝတ်မှုနဲ့ ပတ်သက်တဲ့ အမှုမှန်သမျှ ကျုပ်ဆိုင်တာချည်းပဲ။ ခင်ဗျားလဲ ရာဇဝတ်မှု မကင်းဘူး"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကိုကြာညွန့်သည် ဦးစံရှား၏ တည်ငြိမ်အေးဆေးစွာရှိသော အမူအရာကို တခဏမျှ အကဲခတ်ပြီးနောက်—

"ရာဇဝတ်မှု မဟုတ်ရပါဘူးခင်ဗျာ။ ထင်တော့ဖြင့် အထင်ခံစရာ ဖြစ်ပေတာပဲ။ ဒါပေမယ့် အမှန်အတိုင်း ကျွန်တော် အစစ်ခံပါ့မယ်။ ကျွန်တော်သတ်ရတာ မဟုတ်ဘူးခင်ဗျ"

ရှား။ ။"ကျုပ်လဲ ဒီလိုမဟုတ်ပါစေနဲ့လို့ ဆုတောင်းမိပါတယ်။ ဒါပေမယ့် ခင်ဗျားရှင်းစရာရှိတာ ရှင်းလင်းပြီး ပြောစမ်းပါအုံးလေ"

ညွန့်။ ။"ဒါဖြင့် ကျွန်တော့်အိမ်ကို လိုက်ခဲ့ကြပါအုံးခင်ဗျာ။ ဟိုရောက်တော့ ကျွန်တော့်အကြောင်းစုံကို ပြောပြပါ့မယ်ခင်ဗျာ"

ကိုကြာညွန့်၏ အိမ်သို့ ရောက်ကြလျှင် ကိုကြာညွန့်သည် ကျွန်တော်တို့အား ဧည့်ခန်းတွင် ထားခဲ့ပြီးနောက် အိမ်တွင်းသို့ ဝင်သွား၍ ခဏမျှကြာသော် မိန်းမတယောက်နှင့် ယောကျ်ားတယောက်ကို ခေါ်၍ဝင်လာလေ၏။

မိန်းမဖြစ်သူမှာ မော်တော်ကားပေါ်၌ ညနေခင်းက တွေ့လိုက်ရသူပင်ဖြစ်လေရာ ယောကျ်ားမှာ ပုပုပျပ်ပျပ် သေးသေးသွယ်သွယ် အသက် ၃၀ ကျော်ခန့် ရှိလေသည်။

ကိုကြာညွန့်လည်း ထိုသူနှစ်ဦးတို့အား အကျိုးအကြောင်းဖွင့်ဟ၍ ပြောခဲ့ပြီးသည့် လက္ခဏာမရှိပဲ ထိုသူတို့သည် ကျွန်တော်တို့ကို မြင်လျှင် အံ့အားသင့်လျက် နားမလည်နိုင်သော အမူအရာနှင့် ရှိနေကြလေသည်။

အားလုံး ကုလားထိုင်များပေါ်တွင် ထိုင်ကြမိပြီးနောက်—

ကျွန်။ ။"ဟောဒါက ကိုကြွယ်ကလေးနဲ့ မဖွားမေ လင်မယားပါပဲခင်ဗျာ။ မဖွားမေ ဆိုတာက သူ့လင်နဲ့ကွဲပြီး ကျွန်တော့်နှမ မစိန်နဲ့အတူလာပြီးနေတာ နှစ်နှစ်ကျော် သုံးနှစ်နီးပါးလောက် ရှိသွားပါပြီ။ ကျွန်တော်ပြောသမျှ မယုံကြည်ခဲ့လို့ရှိယင် သူတို့ကိုပါ မေးမြန်းကြည့်ဖို့ ကျွန်တော်ခေါ်ခဲ့ခြင်းဖြစ်ပါတယ်"

မယား။ ။"ဘာလို့ ဖွင့်ပြောရမှာလဲရှင်"

လင်။ ။"ကျွန်တော်တို့ ဒီအမှုမှာ ဘာမှ မပါဘူးဗျနော်။ ဘာမှ ကျုပ်တို့တာဝန်မခံနိုင်ဘူးဗျ"

ညွန့်။ ။(စက်ဆုတ်သောအမူအရာနှင့် ကြည့်ပြီးနောက်) "ကျုပ်တာဝန်နဲ့ကျုပ် ရှိပါစေဗျာ။ ကိုင်း ဦးစံရှား၊ နားထောင်ပါခင်ဗျာ။ မှန်တဲ့အတိုင်း ကျွန်တော် ပြောပြပါ့မယ်"

ရှား။ ။(ဆေးတံကို ဆေးထည့်ယင်း) "ဆိုစမ်းတော့ဗျာ"

ညွန့်။ ။"ဒီလောကသိနေတဲ့ လူတယောက်ကိုတော့ ကျွန်တော့် အဖြစ်အပျက်တွေကို စကားရှည်ရှည်ကြီး ပြောနေဖို့မလိုဘူး မှတ်တယ်ခင်ဗျာ။ အခု ဒါဘီမြင်းပွဲမှာ ကျွန်တော့်မြင်းတကောင် ပြေးမယ်။ ဒီမြင်းနိုင်ယင် ကျွန်တော်ကော်မယ်။ မနိုင်ယင် ဒုက္ခကြီးရောက်မယ်။ ဒီဟာတွေ သိပြီးဖြစ်မယ်ထင်ပါတယ်ခင်ဗျာ"

ရှား။ ။"သိပြီးပါပဲဗျာ"

ကျွန်။ ။"ကျွန်တော်က ကျွန်တော့်နှမဆီမှာ မှီခိုကပ်ရပ်ပြီးတော့ နေရတဲ့လူတယောက်ခင်ဗျ။ နှမမှာ အခုဘူ့ရှိတဲ့ ဥစ္စာပိုင်ဆိုင်မှုဟာ စင်စစ်အားဖြင့် သူပိုင်မဟုတ်ဘူးခင်ဗျ။ သူ့လင်က မစိန်တသက်တာသုံးစွဲဖို့ သေတမ်းစာ ရေးထားခဲ့တယ်ခင်ဗျ။ ကျွန်တော့်မှာတော့ ဟိုတုန်းက မိမွေဖမွေ တော်တော်ကလေးပဲ ရခဲ့ပါရဲ့။ ဒါပေမယ့် မြင်းလောင်းတာနဲ့ မြင်းမွေးတာနဲ့ ဘာနဲ့ ညာနဲ့ ကုန်သလောက်ရှိတဲ့အပြင် အကြွေးတွေလဲ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝိုင်းလည်နေပါရောခင်ဗျာ။ ဒီတော့ ကျွန်တော့်စိတ်ထဲမှာ ဘာကိုစိုးရိမ်နေလဲဆိုတော့ ကျွန်တော့်နှမ သေယင်ဖြင့် ကျွန်တော့်ကြွေးရှင်တွေက မုချ အခုလို မထားဘူး။ လူရော မြင်းရော အကုန်ဝရမ်းဖမ်းမှာပဲ ဆိုတာ အမြဲပူပန်ပြီး နေတော့တာပဲ။ ပူပန်တဲ့အတိုင်းလဲ ကျွန်တော့်နှမဟာ လွန်ခဲ့တဲ့ သောကြာနေ့က ဆုံးပါရော ခင်ဗျာ"

ရှား။ ။"ဒီအကြောင်းကို ခင်ဗျား ဘယ်သူ့မှ မပြောဘူးလား"

ညွန့်။ ။"ပြောလို့ ဘယ့်နှယ်လုပ်မလဲ ခင်ဗျာ။ ပြောယင် ခုတင်က ပြောတဲ့အတိုင်း ကျွန်တော် ဝရမ်းဖမ်း ခံရမှာပေါ့ခင်ဗျ။ ဒီတော့ ဘယ့်နှယ် ကြံရသလဲဆိုတော့ မဖွားမေနဲ့ ကွဲနေတဲ့ ယောကျ်ား ကိုကြွယ်ကလေးကို ခေါ်ပြီး မိန်းမလို ဝတ်၊ ဝတ်ပြီး ကျွန်တော့် နှမယောင်ဆောင်၊ ကျွန်တော့် နှမအခန်းကိုလဲ ဘယ်သူမှ ဝင်လေ့ဝင်ထမရှိ၊ မဖွားမေ တယောက်ပဲ ဝင်တာဖြစ်လေတော့ တခါတခါ ကိုကြွယ်ကလေးက အအေးမိယောင်ဆောင်ပြီး မော်တော်ကားနဲ့ လူယောင်ပြလိုက်ယင် ပြီးတာကိုးခင်ဗျ။ ကျွန်တော့်နှမ သေတာက နှလုံးသွေးပျက်တဲ့ရောဂါနဲ့ သေတာပါ ခင်ဗျာ"

ရှား။ ။"ဒါတော့ ဆရာဝန် တခုပလေ"

ညွန့်။ ။"ဆရာဝန်တွေ အမျိုးမျိုးနဲ့ ကုခဲ့ရလွန်းလို့ သူတို့က သက်သေခံပါလိမ့်မယ် ခင်ဗျာ"

ရှား။ ။"ကိုင်း၊ ခင်ဗျားလုပ်ခဲ့ပုံ ပြောစမ်းပါအုံးဗျာ"

ညွန့်။ ။"မစိန့်အလောင်းကို ကျွန်တော်နဲ့ ဒီကလူ ကိုကြွယ်ကလေးနဲ့ တလဖုတ်တဲထဲမှာ ဆောင့်က်ထားတော့ ခွေးမလေးက အခြေပျက်တာနဲ့ သူ့ကို သူများ ပေးပစ်လိုက်ရပါရော ခင်ဗျာ။ နောက်တနေ့ ကျမှ ကျွန်တော်တို့အဘိုး အရိုးပျက်နေတာ သတိရတာနဲ့ မစိန့်အလောင်းကို ညတိတ်တိတ်ရွှေ့၊ ခေါင်းထဲက အရိုးတွေထုတ်၊ မစိန့်အလောင်းကိုထည့်၊ ထည့်ပြီး ဂူထဲမှာပဲ ပြန်ပြီး ထည့်ထားလိုက်တာပါပဲ ခင်ဗျာ"

ရှား။ ။"မကြံအပ် မကြံရာ တယ်ကြံစည်တဲ့ လူတယောက်ပါပဲကလားဗျို့"

ညွန့်။ ။"သူများကို တရားဟောဖို့တော့ တယ်ပြီး လွယ်တာပဲ ဦးစံရှားရေ့။ ခင်ဗျား ကိုယ်တိုင် ကျွန်တော်လို အကျဉ်းအကျပ်ထဲကျလာယင် ကျွန်တော့်လိုပဲ မလုပ်ဘူးလို့ ဘယ်သူပြောနိုင်မလဲဗျာ။ ဒီတပွဲ ကောသယင်ဖြင့် အားလုံးကြွေးတွေပြေပြီး လူဖြစ်ကရောဟဲ့လို့ အားခဲပြီးနေတုန်း ဖြုန်းဆို နှမကဝင်ပြီး သေတော့ ကြံမိကြံရာ ကြံရတော့တာပေါ့ ဦးစံရှားရဲ့။ ဒီတော့ ကျွန်တော် ပြောခဲ့တဲ့အတိုင်း နှမအလောင်းကို အဘိုးကြီး အရိုးအိုးမှာထည့်ပြီး အဘိုးအရိုးတွေကိုတော့ ဟောဒီက ကိုကြွယ်လေးဖိုကျင်ထိုးပြီး ဖျောက် ဖျက်ပစ်လိုက်တာပဲခင်ဗျာ။ ကိုင်း ဒါပါပဲခင်ဗျာ။ ကျွန်တော်က ကျွန်တော်တို့အကြံ တော်လှပြီရယ်လို့ အောက်မေ့ခဲ့ပါ၊ ခင်ဗျားက ဘယ်ကများ ဘယ်လိုသတင်းရပြီး ပေါက်လာတယ်ဆိုတာ ပြောပဲ ပြောတတ် ပါဘူးဗျာ"

ရှား။ ။"ဒါထက် နေပါအုံး။ ခင်ဗျားကို တကယ်လို့ ကြွေးရှင်တွေက ဝရမ်းဖမ်းစေကာမူ ငွေတွေကလဲ လောင်းပြီး ဖြစ်နေလေတော့ နိုင်ယင် ခင်ဗျားရမှာပဲ မဟုတ်လား။ ဘာလုပ်ဖို့ ဒီလို ကပ်ကပ် သပ်သပ် ကြံနေရသေးသလဲဗျာ"

ညွန့်။ ။"ဝရမ်းဖမ်းယင် လူကိုတင် ဖမ်းမှာ မဟုတ်ဘူးဗျ။ မြင်းကိုပါ သိမ်းမှာ။ ဒီအပေါ်မှာ ကြွေးရှင် ချစ်တီးကို ကျွန်တော်က တခါ ခေါင်းရိုက်ဖူးလေတော့ ဒီတပွဲလဲ ပြေးပါရစေလို့ တောင်းပန်လို့ ရမယ့် အကြောင်း မဟုတ်ဘူးဗျ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ "ကိုင်း ဒီအမှုက ကျုပ်နဲ့ ပြီးနိုင်မယ့် အမှုမဟုတ်ဘူး။ ပုလိပ်ကို တိုင်ချက်ပေးရလိမ့်မယ်။ သူတို့ကျေနပ်အောင် ခင်ဗျားက ထုချေဖို့လိုတယ်။ ခင်ဗျားပြုပုံ တော်သည် မတော်သည် ဆိုတာကတော့ ကျုပ်တော့အလုပ် မဟုတ်ပေဘူး။ ကိုင်း ကိုသိန်းမောင်၊ သွားလိုက်ကြအုံးစို့ဗျာ"

ယင်းအမှုနှင့်ပတ်သက်၍ ကျုပ်တော်တို့ နောက်ထပ် ကြားသိရသည်မှာ ကိုကြာညွန့်၏ မြင်းသည် ဒါဘီကပ်ပွဲ၌ 'ဝင်း'ရသဖြင့် ဆုငွေ အမြောက်အမြား ရရှိသည့်အပြင် ကိုကြာညွန့်မှာ ငွေ ၅၀၀ မျှကို အလေး ၁၀၈ မျှ အလျော်ရကြောင်း။

ကြေးရှင် များကလည်း ကံအားလျော်စွာ မြင်းပွဲ ပြီးသည့် တိုင်အောင် ဆိုင်းငံ့ကြကြောင်း၊ ကြေးများ ပေးဆပ်နိုင်သည့်ပြင် ရင်းနှီးဖို့ငွေပင် အတော်အတန် ကျန်ရစ်ကြောင်း။

မစိန် သေဆုံးသည့် အမှုအတွက်မှာမူ ပုလိပ်များနှင့်တကွ တရားသူကြီးကပါ ညာတာသည်ဖြစ်၍ သေဆုံးသည့်အကြောင်းကို မတိုင်တန်းသည့်အတွက် အပြစ်တင်စကားမျှသာ ပြောကြားပြီးလျှင် အမှုကို ပလပ်လိုက်ကြောင်းများနှင့် ကြားသိရသောအခါ ကိုကြာညွန့်မှာ ဇာတာ အတော် ကောင်းသော သူတယောက် ဖြစ်ချေသည်တကားဟု များစွာ ချီးမွမ်းမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၇။ အာဠဝက မောင်ကလေး အမှု*

တနေ့သ၌ ကျွန်တော်သည် မြို့ထဲတွင် အလုပ်ကိစ္စတခု ဆောင်ရွက်ပြီးစီးခဲ့သဖြင့် နေအိမ်သို့ ပြန်ရောက်လာသောအခါတွင် ဦးစံရှားသည် ဖူးစကက် စာရွက်များ၌ ရေးသားထားသော စာရွက်များကို ဖတ်ရှုလျက်ရှိရာမှ—

"ကိုင်း ကိုသိန်းမောင်၊ ငွေခပ်ချောင်ချောင် ရချင်ယင် 'ဦးဆွမ်းပို' ဆိုတဲ့ နာမည်နဲ့ လူတယောက်ကို တွေ့အောင် ရှာပေတော့" ဟု ကျွန်တော့်အား လှမ်းပြောလိုက်လေ၏။

ကျွန်။ ။"ဘာတဲ့ဗျား၊ ဦးဆွမ်းပိုတဲ့။ နာမည်ကလဲ ကြံကြံဖန်ဖန် ပါလား ခင်ဗျ"

ရှား။ ။"ကြံကြံဖန်ဖန်မို့ ဒီနာမည်မျိုး ရှားလေတော့ တွေ့အောင် ရှာနိုင်ယင် ဆုပေးမယ်လို့ ဆိုတာပေါ့ဗျာ"

ကျွန်။ ။"ဘယ်လိုများတဲ့လဲဗျာ၊ ဘယ်သူက ငွေပေးမှာတဲ့လဲ"

ရှား။ ။"ပြောပြရမှာ တော်တော်ရှည်တယ်ဗျ။ ကျုပ်တို့ဆီရောက်လာတဲ့ အမှုတွေထဲမှာ ဒီအမှုကလေးလောက် ဆန်းကြယ်တာ ခပ်ရှားရှားပဲ။ တော်တော်ကြာတော့ လူကိုယ်တိုင် ရောက်လာပါလိမ့်မယ်ဗျာ။ သူလာမှပဲ ခင်ဗျား နားထောင်ပါတော့။ ဒီအတောအတွင်းမှာ ဒီနာမည်မျိုး ဘယ်မှာ ကြားဖူးသလဲလို့ ခင်ဗျား စဉ်းစားထားနှင့်စမ်းပါအုံး"

ထိုအခါ ကျွန်တော်သည် မြန်မာပြည်၌ သိသင့် သိထိုက်သော ပုဂ္ဂိုလ်များ၏ အမည် နေရပ်တို့ကို ဖော်ပြထားသည့် 'ဗားမားဒါရိုက်ထရီ' ခေါ် စာအုပ်ကြီးကို လှမ်းယူ၍ 'ဆ' အက္ခရာနှင့် စသော နာမည်များကို တလုံးစီ ဖတ်ရှု ရှာဖွေလေ၏။ နောက်ဆုံး၌ ယင်းနာမည်မျိုး တခုကို တွေ့သဖြင့်—

ကျွန်။ ။"ဟော တွေ့ပြီဗျို့ ဦးစံရှား၊ ဟောဒီမှာဗျို့"

ဦးစံရှားသည် စာအုပ်ကို လှမ်းယူ၍ ကျွန်တော် ထောက်ပြသော နာမည်ကို ကြည့်ရှုပြီးနောက်—

ရှား။ ။"ဦးဆွမ်းပို၊ ပင်စင်အငြိမ်းစား၊ မြေစာရင်းအင်စပက်တော်၊ နံပါတ် ၁၃၄၊ ဘိုလိန်းလမ်း ဆိုပါလားဗျ။ မဟုတ်သေးဘူး ကိုသိန်းမောင်၊ ဒီလူက ကျုပ်ဆီ စာရေးပြီး အကြောင်းကြားထားတဲ့ လူပဲဗျ။ ကျုပ်ဖတ်နေတဲ့ ဖူးစကက်စာရွက်တွေဟာ သူ့ဆီကပဲ။ ကျုပ်တို့ လိုချင်တာက ဒီလူနဲ့ နာမည်

* ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၊ ၁၉၄၉၊ ဇန်နဝါရီ၊ အတွဲ ၂၊ အမှတ် ၁၉ တွင် 'အာဠဝကမောင်ကလေးအမှု' ဟု အမည်ပေးသည်။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၈ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၄ တို့တွင် 'ငွေအတုလုပ်မှု' အမည်ဖြင့် ပြန်လည် ပုံနှိပ်သည်။ မူရင်းမှာ Three Garrdeps ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တူတဲ့ လူတယောက်ကို ရှာပေးဖို့ လိုနေတာဗျ။ သူက ခိုင်းထားတဲ့ အလုပ်မှာ သူ့နာမည်ကို ပြန်ပြနေလို့ ဘယ့်နှယ် ဖြစ်မလဲဗျာ”

ထိုခဏ၌ ကျွန်တော်တို့၏ အိမ်စေကလေးသည် စာရွက်ကလေးကို ကိုင်ကာ ဝင်လာ၍ ကျွန်တော့အား ပြသဖြင့် ဖတ်ကြည့်လိုက်ရာတွင်—

‘ဦးဆွမ်းပို့၊ အထက်တန်းရှေ့နေ၊ ရှေဘိုမြို့’ ဟူသော စာလုံးများကို တွေ့မြင်ရလေ၏။

ကျွန်။ ။“ကိုင်းဗျာ ဦးစံရှား၊ အဆင်သင့်ချင်တော့ ပြောယင်း ဆိုယင်း ရောက်လာပါပြီဗျာ။ ရှေဘိုက အမိန့်တော်ရ ရှေ့နေ ဦးဆွမ်းပို့တဲ့ဗျား။ ကျွန်တော်တော့ ကော်ပြီဗျို့။ ငွေအချောင် သုံးရဖို့ လမ်းမြင်နေပြီ”

ဦးစံရှားသည် စာရွက်ကို လှမ်းယူ၍ ဖတ်ကြည့်ပြီးနောက်—

ရှား။ ။“မဟုတ်သေးဘူး ကိုသိန်းမောင်ရဲ့၊ ဒီလူဟာကလဲ ဒီအမှုထဲ ပါနေတဲ့လူပဲ။ ဦးဆွမ်းပို့နှစ်ယောက် တွေ့ပြီးဖြစ်လို့ တတိယတယောက် တွေ့အောင်ရှာဖို့ လိုနေတယ်ဗျ။ သို့သော် ရှေဘိုဦးဆွမ်းပို့က ကျုပ်တို့ဆီ ဘယ်ပုံရောက်လာတယ် မပြောတတ်ဘူး။ ကိုင်းဗျာ၊ သူလာတော့ ကြားကြရောပေါ့”

ထိုခဏတွင် အိမ်စေကလေးသည် ရှေဘိုမှ အမိန့်တော်ရ ဦးဆွမ်းပို့ဆိုသူကို ကျွန်တော်တို့ထံ ခေါ်သွင်းလာခဲ့ရာ ထိုလူမှာ ပုဆိုးတောင်ရှည်၊ အင်္ကျီ လပတ်ကားအင်္ကျီနက်၊ ခေါင်းပေါင်း အုပ်ပေါင်း စသည်တို့ဖြင့် ရှေ့နေများ ထုံးစံအတိုင်း ဝတ်ဆင်၍ မေးရိုးခပ်ကြီးကြီးနှင့် ယောကျ်ား အလွန်ပီသသော မျက်နှာပေါက်ရှိသည့် လူတယောက် ဖြစ်ပေ၏။

ရှေဘိုသားများ၏ ထူးခြားသော အချက် တခုမှာ အခြား အရပ်သားများကဲ့သို့ ကုလားလိုလို၊ တရုတ်လိုလို၊ ရှမ်းလိုလို မရှိပဲ မြန်မာဆိုမှ မြန်မာအစစ်ဖြစ်သည့် အကြောင်းကို နဖူးတွင် ကမ္ပည်းရေးထိုးထားဘိသကဲ့သို့ ထင်ရှားလှခြင်း ဖြစ်ပေ၏။

ထိုသူသည် အသက် ၃၀ ကျော်ခန့် အရွယ်ရှိ၍ ခပ်တုတ်တုတ် ညိုညိုရှိလေရာ သူ၏ မျက်လုံးများမှာ အလွန် တည်ငြိမ် စူးရှ၍ တန်ခိုး ဣဒ္ဓိပါဒ် တမျိုးရှိကြောင်း ထင်ရှားပေ၏။

သို့ရာတွင် လက်ဝဲဘက် မျက်လုံးသည် လက်ယာဘက်ထက် အနည်းငယ် ကျယ်လျက်ရှိသဖြင့် စိတ်ချလောက်သော လူတယောက်၏ အင်္ဂါမျိုး မဟုတ်ဟူ၍ ကျွန်တော် အကဲခတ်မိလေ၏။

ထိုသူသည် ကျွန်တော်နှင့် ဦးစံရှားတို့ကို တလှည့်စီ ကြည့်ကာ အကဲခတ်ပြီးနောက် မှန်သည့်အတိုင်း သိရှိ၍ ဦးစံရှားအား ကြည့်လျက်—

လူ။ ။“ဦးစံရှား မဟုတ်ပါလားခင်ဗျား။ လူကို မမြင်ဖူးပဲနဲ့ ရုပ်ပုံတွေကြည့်ပြီး အကဲခတ်ရတော့တာပါပဲ။ ဒါထက် ကျွန်တော်နဲ့ နာမည်တူ ဦးဆွမ်းပို့ ဆိုတဲ့ လူကြီးတယောက်ဆီက စာတစောင် ရတယ် မဟုတ်ပါလား ခင်ဗျာ”

ရှား။ ။(ဖူးစကက်စာရွက်များကို ကောက်ယူလျက်) “ဒီစာရွက်မှာပါတဲ့ ရှေဘိုက ဦးဆွမ်းပို့ဆိုတာ ခင်ဗျားပေါ့လေ။ ခင်ဗျား ရန်ကုန်ရောက်နေတာ တော်တော်ကြာပြီ မဟုတ်လား”

ဆွမ်း။ ။(ရုတ်တရက် မျက်နှာပျက်သွား၍) “ခင်ဗျား ဘယ့်နှယ်သိသလဲ”

ရှား။ ။“ခင်ဗျား ရုပ်အင်္ကျီမြင်လို့ အကဲခတ်ရတာပဲ”

ဆွမ်း။ ။“ကျွန်တော့ ရုပ်အင်္ကျီ ဘယ့်နှယ် ဖြစ်လို့လဲ”

ရှား။ ။“ရုပ်အင်္ကျီကော်လာမှာ ကြွေရောင်တင်တယ်ဆိုတာ ခင်ဗျားတို့အညာမှာ အတော်အသုံးနည်းတယ်မဟုတ်လား။ ဒီဟာက များသောအားဖြင့် ရန်ကုန် ပင်မင်းတွေမှာ လုပ်ပေးတတ်တဲ့ အလေ့အထ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ မနေ့တနေ့ကမှ ရွှေဘိုက ရောက်လာတဲ့လူဆိုယင် ရုပ်အင်္ကျီကို ရန်ကုန်မှာ ပင်မင်းပေးပြီး ကြွေရောင် တိုက်ခိုင်းဖို့ ခဲယဉ်းတယ်လို့ ကျုပ် ယူဆတယ်။ ဒါကြောင့် ခင်ဗျား ရန်ကုန်ကို နေ့ချင်းညချင်း ရောက်လာတဲ့ ညွှန့်သည် ကယောက် မဟုတ်ဘူးလို့ ကျုပ် ပြောခြင်းဖြစ်ပါတယ်''

ဆွမ်း။ ။(မျက်နှာပျက်သွားရာမှ သွားဖြီးကာ ပြုံးချလိုက်ပြီးနောက်) ''တယ်မျက်စိစူးပါပေ တယ်ဗျာ။ ဒါကြောင့်လဲ ကျော်ကြားပေတာပဲ။ ဆိုပါတော့ခင်ဗျာ၊ ကျွန်တော် ရန်ကုန်ရောက်တာ တော်တော်ကလေး ကြာသွားပြီဆိုပါတော့။ သို့သော် ကျွန်တော်လာရောက်ခြင်း ကိစ္စက ရုပ်အင်္ကျီ ကြွေရောင်တိုက် မတိုက်ကို ပြောချင်လို့ မဟုတ်ပါဘူး။ ဦးစံရှားလက်ထဲက စာအကြောင်းကို ဆွေးနွေးချင်လို့ လာရောက်ခြင်း ဖြစ်ပါတယ်''

ဦးဆွမ်းပို့ဆိုသူမှာ ဦးစံရှားက အင်္ကျီကော်လာ ကြွေရောင်တိုက်ခြင်းနှင့် ပတ်သက်၍ ပြောလိုက်သောစကားကြောင့် စိတ်ထဲ၌ အတော်အတန် ထိခိုက်သွားသည့် အဖြစ်ကို ကျွန်တော် သတိပြုမိသဖြင့် အဘယ်ကြောင့် ဤကဲ့သို့ ဖြစ်ရသည်ကို တွေးတော စဉ်းစားနေမိသေး၏။

ရှား။ ။''သည်းခံပါ မိတ်ဆွေ။ ကျွန်တော်က တခါတလေ အမှုသည်ကိုကြည့်ပြီး အကဲခတ်ခြင်း များဟာ အရေးပါ အရာရောက်တဲ့ အကြောင်းကို ဟောဒီက မိတ်ဆွေကြီး ကိုသိန်းမောင် သိပါတယ်။ သို့သော် ဒါသက် မြေစာရင်းအင်စပက်တော် ဦးဆွမ်းပို့ကောဗျ။ ဘာကြောင့် ခင်ဗျားနဲ့အတူ လိုက်မလာ သလဲ''

ဆွမ်း။ ။''ဟာ ကျွန်တော့်လူက သိပ်ရှော်တဲ့လူပဲခင်ဗျာ။ ရာဇဝတ်မှုလဲ မဟုတ်၊ ယုသတ်မှုလဲ မဟုတ်ပဲနဲ့ ကိုယ့်အချင်းချင်း ကြိတ်ကြံရမယ့် အလုပ်ကို စုံထောက်တွေနဲ့ တိုင်ပင်လား မေးမြန်းလားနဲ့ သိပ်ခွကျတဲ့ လူပဲခင်ဗျာ။ ဒီကနေ့မနက် သူနဲ့တွေ့လို့ ဦးစံရှားဆီ စာရေးထားတဲ့ အကြောင်း ပြောပြလို့ ကျွန်တော်လာခဲ့ရတာပဲ။ ဒီလူလုပ်ပုံ ကျွန်တော်တော့ သိပ်ချဉ်သဗျာ။ နည်းနည်းမှ နည်းလမ်းမကျဘူး''

ရှား။ ။''ဒီလိုပါ မိတ်ဆွေ။ ကျုပ်ဆီကို စာရေးပြီး တိုင်ပင်သော်လဲ ခင်ဗျားအကြောင်းကို တလုံးမှ မကောင်း မရေးပါဘူး။ ခင်ဗျားတို့ နှစ်ယောက်လုံး ကိစ္စအတွက် မြန်မြန် ချောမောသွား အောင်လို့ တိုင်ပင်ခြင်း ဖြစ်ပါတယ်။ ကျုပ်က အတွေ့အကြုံများပြီး နှံ့စပ်တယ်ဆိုတာကို သူသိလေတော့ ကျုပ်ကို တိုင်ပင်ခြင်းဟာ အဆန်းမဟုတ်ပါဘူး မိတ်ဆွေ''

ထိုအခါမှ ဦးဆွမ်းပို့သည် မိမိလူအပေါ်၌ စိတ်တိုမိသည့်အတွက် မှားယွင်းခြင်းကို သတိရသည့် လက္ခဏာနှင့် မျက်နှာထား ပြောင်းလဲသွားလေတော့၏။

ဆွမ်း။ ။''ဒီလိုဖြင့် ရှိပါစေတော့ဗျာ။ ဒီကနေ့မနက် သူနဲ့တွေ့လို့ ခင်ဗျားဆီ တိုင်ကြားထား ကြောင်း ပြောတာနဲ့ လိပ်မေးပြီး ကျွန်တော် လိုက်လာရခြင်း ဖြစ်ပါတယ်။ ကျွန်တော့် သဘောကတော့ ပုလိပ်တွေ၊ စုံထောက်တွေ ဝင်ရှုပ်တာ သိပ်မကြိုက်လှဘူးဗျ။ သို့သော် ဦးစံရှားက ကူညီပြီး ရှာပေးမယ် ဆိုယင်တော့လဲ ကောင်းတာပါပဲခင်ဗျာ''

ရှား။ ။''ကိုင်းဗျာ၊ ခင်ဗျားကိုယ်တိုင် ရောက်လာတဲ့အတူတူ ဟောဒီက မိတ်ဆွေလဲ ကြား ရအောင် ဖြစ်ပျက်ပုံကို ပြောပြစမ်းပါအုံး။ သူက ဘာမှ မသိရသေးပါဘူး''

ဦးဆွမ်းပို့သည် ကျွန်တော်၏မျက်နှာကို လှမ်းကြည့်ပြီးနောက် သဘောမကျသည့် အမူအရာမျိုးနှင့်—

ဆွမ်း။ ။''သူသိဖို့ လိုသေးသလား ဦးစံရှား''

ရှား။ ။''ကျုပ်တို့က နှစ်ယောက်တွဲပြီး အလုပ်လုပ်နေကျ ဖြစ်ပါတယ်ဗျ''

---

ဆာတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

ဆွမ်း။ ။"ဒီလိုဆိုယင် လျှို့ဝှက်ထားဖို့ မလိုပါဘူးလေ။ ဒီလိုပါခင်ဗျာ။ ကျွန်တော်တို့ ရွှေဘိုတောင်ဘက်မှာ စစ်ကဲကြီးရဲ့တူ မြေပိုင်ရှင် ဦးဆွမ်းပို့ဆိုယင် လူတိုင်း သိပါတယ်။ လယ်တွေ ပေါလိုက်တာဆိုတာ တနယ်လုံး လက်ညှိုးထိုးမလွဲဘူးခင်ဗျ။ သူ့မှာ သားမရှိ သမီးမရှိ မုဆိုးဖိုကြီးအဖြစ်နဲ့ တယောက်တည်းနေတဲ့ အဘိုးကြီးခင်ဗျ။ ဆွေမျိုး အရင်းအချာရယ်လို့ မရှိဘူး။ စစ်ကဲကြီး တူဆိုလို့ ဆွေကြီးမျိုးကြီးဖြစ်ပေမယ့် စစ်ကဲကြီးရဲ့ မယားငယ်တယောက်က ပေါက်ဖွားခဲ့တဲ့ အဆက်အနွယ် ဖြစ်လေတော့ ဆွေမျိုးအရင်းအချာရယ်လို့ သူကလဲ အသိအမှတ် မပြုဘူးခင်ဗျ။

"တချို့တလေကတော့ ဒီလူကြီးမှာ အမွေခံ အမွေစား မရှိဘူးဆိုတာ သိလေတော့ မြှူကြ ကပ်ကြ ချော့ကြ မော့ကြ လုပ်ကြသေးတာပေါ့ခင်ဗျ။ ဒါပေမယ့် သူက ဘယ်မိတ်ဆွေ ဘယ်ဆွေမျိုးမှ အကပ်မခံဘူးဗျ။ ဒီလူကြီးမှာ ထူးခြားတဲ့ အချက်တခု ရှိတာက ဘာလဲဆိုတော့ သူ့နာမည်ကို သူသိပ်ပြီး သဘောကျတယ်။ သူ့နာမည်ကို အသားယူပြီး ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လားလို့တောင် ပြောဖူးတယ်ခင်ဗျ။

"တနေ့တော့ ကျွန်တော်က လူသတ်မှုတခုဖြစ်ပွားတဲ့ နေရာကို ကိုယ်တိုင်သွားပြီး စုံစမ်းကြည့်ရှုတဲ့အခါမှာ သူနေတဲ့ရွာ ရောက်သွားပြီး ဒီလူကြီးနဲ့ တွေ့ခဲ့ရတယ် ခင်ဗျ။ လူကြီးက ကျွန်တော်နဲ့တွေ့လို့ သူ့နာမည်နဲ့ တူနေတာကို သိတာနဲ့တပြိုင်နက် ကျွန်တော့်ကို ကျောသပ် ရင်သပ်နဲ့ တူအရင်း သားအရင်းလို ချစ်ပါတယ်ဆိုပြီး ပွေ့လား ဖက်လားတောင် လုပ်သေးတယ် ခင်ဗျ။ အဲဒီ တခေါက်က ကျွန်တော့်ကို သူ့အိမ်မှာ ကျွေးမွေး ပြုစု လွှတ်လိုက်တဲ့အပြင် ကျွန်တော်နေတဲ့ ရွှေဘိုမြို့ကို သူကိုယ်တိုင် မကြာမကြာ လာပြီး ကျွန်တော့်အိမ်မှာ တည်းခို စားသောက်သွားတယ် ခင်ဗျ။

" 'ငါ့တူ ချမ်းသာစေ့မယ်၊ ငါ့သား ချမ်းသာစေ့မယ်' လို့လဲ ခဏခဏ ပြောတယ်ခင်ဗျ။ ကျွန်တော်ကတော့ ကောင်းကောင်း နားမလည်ပါဘူး။ ရိုးရိုး ခင်မင်တယ်လို့ပဲ အောက်မေ့တာပါပဲ။ တနေ့တော့ ကျွန်တော့်ဆီကို လူတယောက် လွှတ်လိုက်ပြီး ချက်ချင်းလိုက်ခဲ့ပါဆိုလို့ ကျွန်တော် လိုက်သွားတော့ အဘိုးကြီး ဖျားနေတာ တွေ့ရတယ်ခင်ဗျ။ ကျွန်တော် ရောက်ရောက်ချင်းပဲ သူ့ရွာသူကြီးနဲ့ လူကြီး ၄–၅ ယောက်ကို ခေါ်ပြီး စာချုပ်တခု ရေးစေတယ် ခင်ဗျ။ ဘယ်လိုလဲဆိုတော့ ကျွန်တော်ဟာတဲ့၊ ကျွန်တော်နဲ့ နာမည်တူတဲ့ အခြား မောင်ဆွမ်းပို့နှစ်ယောက် တွေ့အောင်ရှာနိုင်လို့ရှိယင် သူ့မှာရှိတဲ့ လယ်ကေ ၆၀၀ ကျော်နဲ့ တကွ အိမ်ကြီးသုံးလုံးကို ကျွန်တော်တို့ မောင်ဆွမ်းပို့သုံးယောက် အညီအမျှ ခွဲဝေယူကြရမယ်ဆိုတဲ့ စာတန်းကို လူကြီးစုံရာရှေ့မှာ လက်မှတ်ထိုးပြီး စာချုပ်ကို သူကြီးလက်ထဲ တစောင်၊ ကျွန်တော့်လက်ထဲ တစောင် အပ်ထားခဲ့တယ်ခင်ဗျ။

"နောက် မကြာပါဘူး၊ အဘိုးကြီးကွယ်လွန်သွားရှာတယ်လို့ ကျွန်တော် ကြားရပါတယ်။ ကြားရပေမယ့်လဲ ကျွန်တော့်နာမည်မျိုးနဲ့ လူနှစ်ယောက် တွေ့အောင်ရှာဖို့ဆိုတဲ့ အလုပ်ဟာ မလွယ်ကူတဲ့အဖြစ်ကို ကျွန်တော် သိလေတော့ သူပေးထားတဲ့ စာချုပ်အတွက် ဝမ်းသာစလောက်အောင် မရှိလှဘူးပေါ့ ခင်ဗျာ။ ဒါ့ကြောင့် အမှတ်တမဲ့လိုလို နေလာမိခဲ့တာပါပဲ။ သူ့ပစ္စည်းကတော့ မနည်းဘူးပေါ့ခင်ဗျာ။ အိမ်တွေကို ထားလိုက်ပါအုံး။ လယ်ကေ ၆၀၀ ကိုက တကေ ၁၀၀ နှုန်းနဲ့ပဲတွက်၊ ၆၀,၀၀၀ တန်လေတော့ လူတကိုယ် ၂၀,၀၀၀ ကျစီ ရမှာကို ခင်ဗျ။ ငွေ ၂၀,၀၀၀ အလကားရမယ်ဆိုတာ မနည်းပေဘူးပေါ့ခင်ဗျာ။

"ဒါနဲ့ ဟိုတနေ့က ဘိုလိန်းလမ်းက မြေစာချင်း အင်စပက်တော် ဦးဆွမ်းပို့ဆိုတဲ့ နာမည်ကို ဘုရားကန် သွားတွေ့တာနဲ့ ကျွန်တော်လဲ ရန်ကုန်ကို ဆင်းလာခဲ့တာပဲ။ ဒီပုံဆိုယင် တော်တော်နီးပြီ၊ နောက်ထပ် တယောက်ပဲ တွေ့ဖို့လိုတော့တယ်လို့ အောက်မေ့ပြီး ကျွန်တော် အများကြီး အားရှိသွားတယ်။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် ကိုယ်တိုင် ဘိုလိန်းလမ်းသွားပြီး ပင်စင်စား အင်စပက်တော်ကြီးကို အကျိုးအကြောင်း ပြောပြပါတယ် သူ့ခမျာလဲ ဝမ်းသာရှာပါရဲ့။ နို့ပေမယ့် နောက်ထပ်တယောက်တွေ့ဖို့အရေးက လိုနေသေးတာကို ခင်ဗျ။ ကိုင်း ဒါပါပဲ ခင်ဗျာ။ ဦးစံရှားတို့က အသိအကျွမ်း များလေတော့ ဒီနာမည်မျိုးများ တွေ့ဖူးလေမလား မဆိုနိုင်ဘူး။ တတ်နိုင်ယင် ကူညီကြပါ ခင်ဗျာ။ ကျွန်တော်တို့က တန်ရာတန်ဖိုး ချီးမြှင့်ဖို့ အသင့်ရှိပါတယ်''

ရှား။ ။(ပြုံးလျက်) ''ကိုင်း ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ဒါကြောင့် အင်မတန်ဆန်းပါတယ်လို့ ကျုပ်မပြောဘူးလား။ ဒါထက် နေစမ်းပါအုံးဗျာ။ သတင်းစာတွေထဲမှာ ကြော်ငြာ မစမ်းဘူးလား''

ဆွမ်း။ ။''စမ်းပြီးသား ခင်ဗျာ။ ငွေ ၉၀–၁၀၀ ကုန်သွားပါပြီ။ ဘယ်သူ့ဆီကမှ ပြန်စာ မရပါဘူး''

ရှား။ ။''ဟုတ်လိုက်ပါပေ့ဗျာ။ ခင်ဗျားတို့အမှုက ရယ်စရာလိုလို၊ ပြောင်တာလိုလို၊ နောက်တာလိုလို၊ ပြစ်မှု ဖြင့်ရပလေဗျာ။ ဒါထက် နေစမ်းပါအုံး ဦးဆွမ်းပို့။ ကျွန်တော့်မိတ်ဆွေတယောက် ဦးသိဒ္ဓိဆိုတာ ရွှေဘိုမှာ ရှိသေးသလား မဆိုနိုင်ဘူး။ ချုပ်သင်း ဦးဘသင်တို့နဲ့ သစ်ကုန်ကူးနေတာ အတော်ကြီးပွားနေတယ်လို့ ကြားပါတယ်''

ဆွမ်း။ ။''သစ်ကုန်သည်ကြီး ဦးသိဒ္ဓိလား။ သိတာပေါ့ခင်ဗျာ။ ကျွန်တော်တို့ ဆိုတာက သူ့အိမ်မှာ စားအိမ်သောက်အိမ်ပေါ့။ တူကလေး သားကလေးလို သူက သဘောထားတာပဲ။ ကိုင်း ကျွန်တော် ပြန်အုံးမယ် ခင်ဗျ။ ကျွန်တော်တို့က အကြောင်းထူးရှိယင်လဲ ဦးစံရှားကို သတင်းပေးပါ့မယ်။ ဒီက သဘင်းများ ရလို့ရှိယင်လဲ ကျွန်တော်တို့ဆီ အကြောင်းကြားပါခင်ဗျာ နော်''

ထို့နောက် ဦးဆွမ်းပို့သည် တိုက်ပေါ်မှ ဆင်းသွားလေ၏။

ဦးစံရှားသည် ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ကာ ဆေးတံကိုဖွာယင်း ပြုံးစိစိ မျက်နှာထားနှင့် မီးခိုးများကို ကြည့်နေလေရာ—

ကျွန်။ ။''ဘယ့်နှယ်လဲဗျ ဦးစံရှား''

ရှား။ ။''ကျုပ်လဲ တွေးနေတုန်းပဲဗျ''

ကျွန်။ ။''ဘာများ ခင်ဗျားတွေးနေတာတုံး''

ရှား။ ။''ဒီလူဟာ ဘယ်လိုအကြံအစည်နဲ့ တောက်တီး တောက်တဲ့ ဇာတ်ဆင်ပြီး ကျုပ်တို့ကို လာ ထပ်ရိုက်ရသလဲ ဆိုတာ ကျုပ်တွေးနေတာ။ ခုနင်ကတည်းကိုက တိုက်ရိုက်ဖွင့်ပြော ဖွင့်မေးမလို့ ကြံမိသေးတယ်။ ဒါပေမယ့် နေပါစေအုံးတော့ဆိုပြီး သူပြောတာတွေကို ကျုပ်က ယုံချင်ယောင်ဆောင်နေလိုက်တာ။ ရွှေဘိုသား ဆိုတာကတော့ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။

''ဒါပေမယ့် ရန်ကုန်ရောက်နေတာ အတော်ကြာလို့မို့ ရုပ်ကော်လာ ကြွေတိုက်တွေ၊ ခြင်းစွပ်ခေါင်းပေါင်းတွေနဲ့ ကြော့နေအောင် ဝတ်ထားပြီး ခုမှ အညာက ရောက်လာတဲ့ ရှေ့နေယောင်ယောင် လုပ်လိုက်ချင်သေးတယ်။ ကြော်ငြာမထည့်ဘူးလားလို့ ကျုပ်က မေးတော့ ၉၀–၁၀၀ အကုန်ခံပြီး ထည့်ပြီးပြီတဲ့။ ကျုပ်က သဘင်းစာကြည့်ယင် ဒီလိုအဆန်းတွေ လိုက်ရှာကြည့်နေတဲ့ လူကပဲ။ ဘယ်သတင်းစာမှ သူ့ကြော်ငြာ ကျုပ် မတွေ့ဖူးဘူး။

''သစ်ကုန်သည် ဦးသိဒ္ဓိဆိုတာလဲ ကျုပ်က အလကား ဖြန်းမေးလိုက်တာ။ ဘယ်ဦးသိဒ္ဓိမှ ကျုပ် မသိဘူး။ ဒါနဲ့တောင် သူက တူလိုသားလို နေပြန်သတဲ့ဗျို့။ သူ့ဥစ္စာတွေ မဟုတ်တယုတ် ဆင်လာမှန်းတော့ ကျုပ်တို့ သိရပြီ။ ဒါပေမယ့် ဘယ်လိုအကြံအစည်နဲ့ ဒီလောက် ကပ်ကပ်သပ်သပ် ထွင်လာတယ်ဆိုတာ

www.burmeseclassic.com



တော့ ကျုပ် တွေးလို့မရသေးဘူး။ အလကားသက်သက်တော့ စရိတ်ကုန်ခံပြီး ဟို အင်စပက်တော်ကြီးကို သူသွားညှာမယ် မထင်ဘူး။ ရည်ရွယ်ချက်တခု ကေန်ရှိရမယ်။ လူကတော့ဖြင့် လူရှင်တယောက်ပဲ။ ဒါပေမယ့် တော်တော်ဆန်းကြယ်တဲ့ လူရှပ်တယောက်နဲ့ တူတယ်ဗျ။ ကြံကြီးစည်ရာ တောက်တီးတောက်တဲ့ သူမို့လို့လဲ စိတ်ကူးရတတ်တယ်ဗျာ။ ကိုင်း၊ ဘာပဲဖြစ်ဖြစ် သူတွင်ပဲ ညာသလား၊ ဘိုလိန်းလမ်းက အင်စပက်တော်ကြီးကပါ ညာသလားဆိုတာကို သိရအောင် တယ်လီဖုန်းဆက်ကြည့်စမ်းဗျာ ကိုသိန်းမောင်”

ကျွန်တော်သည် ဘိုလိန်းလမ်း အိမ်နံပါတ် ၁၃၆ ၌ နေထိုင်သော မိတ်ဆွေတယောက်အိမ်တွင် တယ်လီဖုန်းရှိသည်ကို သတိရသဖြင့် ယင်းထံ ဆက်ပြီးနောက် အိမ်နံပါတ် ၁၃၄ မှ ဦးဆွမ်းပို့ကို ခေါ်ပေးရန် မှာထားလေ၏။

ယင်းတယ်လီဖုန်းသို့ ဦးဆွမ်းပို့ရောက်လာသောအခါ ကျွန်တော်သည် ဦးစံရှားကိုခေါ်၍ ပြောစေရာ တဘက်က ပြောသောစကားကို မကြားရစေကာမူ ဦးစံရှားပြောစကားကိုမူ အောက်ပါအတိုင်း ကြားရလေသည်။

ရှား။ ။“ဦးဆွမ်းပို့လား။ ဩော် ဟုတ်ကဲ့ခင်ဗျာ။ သူ လာသွားတယ်၊ သူနဲ့သိတာ ဘယ်လောက်ကြာပြီလဲ၊ နှစ်ရက်တည်းရယ်။ ဩော် ဩော်၊ ဟုတ်ကဲ့၊ ဆန်းပါ့ဗျာ။ သိပ်ဆန်းပါပေ့။ ညနေ ကျုပ်တို့လာခဲ့မယ်။ သူနဲ့မတွေ့ချင်ဘူး။ ခင်ဗျားနဲ့ပဲ တွေ့ချင်တယ်။ ကောင်းပြီ လာခဲ့မယ်။ ဦးသိန်းမောင်လဲ ပါမယ်။ ၆ နာရီလောက်ပေါ့ဗျာ။ သူ့ကို မပြောလိုက်နဲ့နော်။ ဟုတ်ကဲ့။ ဒါပါပဲ”

× × ×

ထိုနေ့ညနေတွင် ကျွန်တော်နှင့် ဦးစံရှားတို့သည် ဘိုလိန်းလမ်းရှိ အင်စပက်တော် ဦးဆွမ်းပို့ နေအိမ်သို့ သွားရောက်ကြလေ၏။ ဦးဆွမ်းပို့၏နေအိမ်မှာ နှစ်ထပ်တိုက်အိုကလေး တလုံး၏ အောက်ထပ်တွင်ဖြစ်၍ တိုက်ရှေ့တွင် ‘အင်စပက်တော် ဦးဆွမ်းပို့’ ဟူသော သစ်သားဆိုင်းဘုတ်ကလေးတခု ချိတ်ဆွဲထား၏။

ဦးစံရှားသည် အလွန်ဟောင်းနွမ်းနေသော သစ်သားဆိုင်းဘုတ်ကို ကြည့်၍—

“ဆိုင်းဘုတ်ကတော့ ရေးထားတာ ကြာပြီဗျ။ ဆေးရောင်တွေတောင် မှိန်နေပြီ။ ဒါကြောင့်မို့ ဒီနာမည်ဟာ သူ့နာမည်အစစ်ဖြစ်ကြောင်း ထင်ရှားတယ်လို့ဆိုရမယ်။ ဒီအမှုမှာ ဒီအချက်ကိုတော့ စိတ်ချလက်ချ ကျုပ်တို့ ယူဆနိုင်တယ်”ဟု ပြောလေ၏။

ကျွန်တော်တို့သည် ဦးဆွမ်းပို့၏ နှစ်ထပ်တိုက် အောက်ထပ်သို့ ဝင်သွားကြသောအခါ ဦးဆွမ်းပို့ ဆိုသူ ပင်စင်စား အင်စပက်တော်ကြီးနှင့် တွေ့၍ အိမ်ရှေ့ခန်းတွင် ထိုင်ကြပြီးနောက် ကျွန်တော်သည် တိုက်ခန် အခြေအနေနှင့် ဦးဆွမ်းပို့ကို အကဲခတ်မိလေ၏။

ဦးဆွမ်းပို့မှာ အသက် ၆၀ ခန့်အရွယ်ရှိ၍ အရုပ်ခပ်မြင့်မြင့် ခါးကိုင်းကိုင်းနှင့် ဒန်ကိုင်းမျက်မှန်ကြီးကို တပ်ထားပြီး အခန်းထဲတွင်လည်း ကုလားထိုင် သုံးလေးလုံးနှင့် စားပွဲတခုမှတပါး တခုသော ထောင့်တွင် ဖားဖိုကြီးတခုနှင့် လုံ၊ မီးညှပ်၊ မီးသွေး၊ ရေအင်တုံ အစရှိသည့် ကိရိယာများကို မြင်ရသဖြင့် အဂ္ဂိရတ်သမားကြီးတယောက် ဖြစ်ကြောင်း အကဲခတ်မိရလေ၏။

ထိုလူကြီးမှာ မနားမနေ ဖိုထို ခြင်းဖြင့် မီးပူခံရသည့်အတွက်ကြောင့် ခြောက်သွေ့သော အသားအရည် ရှိသည့်အပြင် ဓာတ်ကိုရိယာပုထ် မမျှတသည့် အတွက်ကြောင့်လည်း လေးလံထိုင်းမှိုင်းပြီး ကိုင်းတိုင်းတိုင်း ကိုယ်ကာယ ဖြစ်နေရပေသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ဦးဆွမ်းပို့သည် ပြောင်လှအောင် ရိုက်ထားသော ခေါင်းတုံးကြီးတွင် သိုးမွှေးခေါင်းစွပ်တခုကို စွပ်ထား၏။

ဖိုခ၏အခြားဘက်၌ရှိသော ကြွက်လျှောက်ပေါ်၌ကား အင်္ဂလိပ်သမားတို့ အသုံးပြုတတ်သည့် ဒုတ္တာ၊ လက်ချား၊ လုံ အစရှိသည့် ပစ္စည်းများကို တွေ့မြင်ရလေ၏။

အခန်း၏အလယ်၌ကား ဗိုလ်အိမ်များ၌ ခင်းကျင်းလေ့ရှိသည့် သိုးမွှေးကော်ဇောဟောင်းကြီး တချပ် ခင်းထားလေရာ ကော်ဇောကြီးမှာ ဖားဖိုမှ လွင့်စဉ်သော မီးပွားများကြောင့် အပေါက်ပေါက် များစွာ နှင့် ဗလချာစိုင်းလျက် ရှိလေ၏။

အခန်း၏ တဘက်သောထောင့်၌ကား မတ်တတ်ဗီရိုကြီးတလုံးရှိရာ ယင်းမှာ အဆင့်များမပါပဲ ကုတ်အင်္ကျီများချိတ်ရန် ဥရောပတိုက်သားများ အသုံးပြုတတ်သည့် ပစ္စည်းမျိုး ဖြစ်သဖြင့် အဖိုးချောင် ချောင်နှင့် လေလံဆွဲထားခဲ့ဟန် တူလေသည်။

ဗီရိုကြီးမှာ တံခါးဟောင်းလောင်း ဖွင့်ထားသဖြင့် အတွင်း၌ အဝတ်အစားများ ချိတ်မထားပဲ တိုလီမိုလီ ပစ္စည်းများ ထည့်ထားသည်ကိုသာ တွေ့ရလေသည်။

ကျွန်တော်တို့ ဝင်သွားသောအခါ၌ ဦးဆွမ်းပို့သည် ခေါက်လုံးကလေးတလုံးကို မျက်မှန်ပွတ်သော ဆိတ်ရေစဖြင့် ပွတ်တိုက်ကာ အရောင်တင်လျက် ရှိနေရာမှ ကျွန်တော်တို့အား နေရာထိုင်ခင်းပေးပြီး နောက် ဦးစံရှားဘက်သို့ လှည့်၍—

"ခင်ဗျားတို့ ခေတ်ကာလလူတွေကတော့ အင်္ဂလိပ်အလုပ်ကို ယုံကြည်မယ်မဟုတ်ပေဘူး။ ဟောဒီ ခေါက်လုံးဟာ ချိန်ကြည့်ယင် အချိန်နှစ်ကျပ်သားလောက်ပဲ ရှိမယ်။ ဒါပေမယ့် သူ့ကိုကျွေးထားတဲ့ ရွှေက ငါးကျပ်သားထက် မနည်းဘူးခင်ဗျ။ ခင်ဗျားတို့ ဓာတုဗေဒ နည်းနဲ့ဆိုယင် ကျွေးလိုက်တဲ့ ရွှေတွေဟာ ဘယ်ရောက်ကုန်သလဲလို့ ဘယ်နှယ်လုပ်ပြောမလဲ။ ကျွန်တော်တို့ အင်္ဂလိပ်နည်းကတော့ သူစားတဲ့ရွှေကို အစာ ချေပစ်လိုက်တဲ့အတွက် ငါးကျပ်သား ကျွေးထားသော်လဲ မူရင်းခေါက်လုံးရော၊ ကျွေးထားတဲ့ ရွှေငါးကျပ် သားရော စုစုပေါင်း ချိန်ကြည့်လိုက်တော့ နှစ်ကျပ်သားထက် မပိုဘူးခင်ဗျ။

"ဘယ်လောက် အံ့ဩစရာကောင်းသလဲ။ ကျွန်တော့်ခေါက်လုံးက ကိစ္စပြီးဖို့ နီးနေပြီခင်ဗျ။ နောက် ကို ရွှေကျွေးလို့ မဝင်ပဲ ကျွေးတဲ့ ရွှေတခြား၊ သူတခြားဖြစ်လာယင် ကျွန်တော်ဟာ ကိစ္စပြီးတော့တာပဲ။ ဒါကြောင့်မို့ ကျွန်တော်က နေ့ရောညပါ သဲသဲမဲမဲဖိုထိုးလိုက်တာ ဆရာဝန်က ခင်ဗျား ဒီလောက်အညောင်း ခံယင် ပင်စင်ကလေး ကြာကြာမစားရပေဘူးတဲ့။ သူ ပင်စင်မရလဲ ဘာကိစ္စရှိလိမ့်မှာလဲဗျ။ ကျွန်တော်တို့ အာယုဝဍ္ဎနလမ်းက ဘာအစားမှမစားပဲ အရိမေတ္တေယျ မြတ်စွာဘုရားနဲ့ တွေ့နိုင်အောင် အသက်ရှည်နိုင်တဲ့ လမ်းမျိုးကို ခင်ဗျ"ဟု သူ၏ အင်္ဂလိပ်ပညာအကြောင်းကို တောက်လျှောက်ကြီး ပြောပြနေလေ၏။

ရှား။ ။(နားထောင်ယင်း အခန်းအခြေအနေကို ကြည့်ပြီးနောက်) "ခင်ဗျား အိမ်ပြင်ကို ဘယ် တော့မှ မသွက်ဘူး ဆိုပါတော့၊ ဟုတ်ကဲ့လား"

ဆွမ်း။ ။"လခထုတ်ဖို့နဲ့ မီးသွေးလှည်း မလာယင် မီးသွေးအိတ် သွားဝယ်ဖို့မှတပါး ဘယ်ကိုမှ ကျွန်တော်မသွားဘူးခင်ဗျ။ ကိုယ့်အလုပ်နဲ့ကိုယ် ပျော်နေတာပဲ။ ညောင်းတယ် ညာတယ်ဆိုတာ အလုပ် မရှိလို့ ပျင်းနေတဲ့ လူမျိုးသာ ဖြစ်တတ်တာကိုးခင်ဗျ။ ဒါထက် ပြောရအုံးမယ်၊ ဒီလမှာ ခေါက်လုံး ရွှေကျွေးဖို့ ရွှေဝယ်နိုင်တဲ့ အခက်အခဲ ဖြစ်နေတုန်းမှာ ရွှေဘိုကနေ ရောက်လာပြီး ပစ္စည်း အချောင် ရဖို့ သဘင်တခု ပါလာလေတော့ ကျွန်တော့်မှာ ဝမ်းသာမိတာပေါ့ဗျာ။ သူရယ် ကျွန်တော်ရယ်ဆိုယင် ဦးဆွမ်းပို့ နှစ်ယောက်ရပြီ၊ နောက်ထပ် တယောက်တည်း လိုတော့တယ်။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာတပြည်လုံးမှာ ဒီနာမည်မျိုး ထပ်ပြီး တယောက်တလေ မတွေ့ပဲ နေနိုင်ပါ့လားခင်ဗျာ။ ဦးစံရှားက အခုတွေ့အကြုံများပြီး ခပ်ဆန်းဆန်း အမှုတွေ ကိုင်ခဲ့ဖူးတယ်ဆိုလို့ ခင်ဗျားဆီ စာရေးပြီး အကြောင်းကြားလိုက်တာပဲ။ ရွှေဘိုသား ကိုဆွမ်းပို့ကို မတိုင်ပင်မိပဲ ခင်ဗျားဆီကို စာရေးမိတဲ့အတွက် သူက အပြစ်တင်တာလဲ တင်ထိုက်ပါပေတာပဲ။ ဒါပေမယ့် ကျွန်တော်က စေတနာကောင်းနဲ့ တိုင်ကြားခြင်း ဖြစ်ကြောင်း ပြောပြရတော့တာပေါ့ ခင်ဗျာ"

ရှား။ ။"ကျွန်တော့်ကို တိုင်ပင်တာကတော့ ခင်ဗျား မမှားပါဘူး။ ဒါထက် နေပါအုံး ဦးဆွမ်းပို့။ ရွှေဘိုနယ်က လယ်မြေတွေ ရချင်တဲ့စိတ်များ တကယ်ရှိသလား"

ဆွမ်း။ ။"လယ်မြေရပြီး ကျွန်တော်ကိုယ်တိုင် သွားနေရမှာမှ မဟုတ်ပဲခင်ဗျာ။ ကျွန်တော့်အတွက် ဝေစုရယင် သူက ကြည့်ရှောင်းပေးပါ့မယ်လို့ ပြောနေမင့်ဟာ။ ကျွန်တော်ကတော့ ခုတ်လုံးကို ရွှေကျွေးဖို့ ငွေရပြီး ကျွန်တော့် အင်္ဂျက် ကျွန်တော် ထိုးနေရယင် ကျေနပ်ပြီပေါ့ ခင်ဗျာ။ ကျွန်တော့် အတွက် ကော ၂၀၀ ဆိုတာလဲ မနည်းပေဘူးခင်ဗျ။ ကတ်နိုင်ခဲ့လို့ရှိယင် အနောက်နိုင်ငံမှာပေါ်တဲ့ ပလက်တီနမ် ဆေတ္တု ကျွေးယင် ရွှေကျွေးတာထက် အရာရောက်လိမ့်မယ် ခင်ဗျ။ အဲဒီဆေတ္တုက ရွှေထက် တဖိုးတန်သေးတယ်။ ဒီတော့ ဒီအမွေရယင် ဒီဆေတ္တုနဲ့ မီးသွေးအိတ် ၃-၄၀၀ ဝယ်ပြီး ဖိုဆွဲမယ့်သူတယောက်နဲ့ နေ့ရော ညရော ကျွန်တော် ဖိုထိုးနေတော့မှာပေါ့ ခင်ဗျာ"

ဦးဆွမ်းပို့သည် ထိုကဲ့သို့ပြောစဉ် သူ၏ မှေးမှိန်သော မျက်လုံးများသည် ရုတ်တရက် ပြောင်လက်တောက်ပလာသည်ကို တွေ့ရသဖြင့် အမွေရမည့် အတွက်ကြောင့် ထိုသူ၏ စိတ်ထဲ၌ ကြိုတင်၍ စိတ်ကူးယဉ်လျက်ရှိသည့် အဖြစ်ကို ကျွန်တော်တို့ အကဲခတ်နိုင်ပေ၏။

ရှား။ ။"ကျွန်တော်ကတော့ ဦးဆွမ်းပို့နဲ့ သိရအောင် လာခဲ့တာပါ။ ကျွန်တော်တို့အတွက် အလုပ်မပျက်စေချင်ပါဘူး။ ကျွန်တော့်ဝါဒက အမှုတခု ဆောင်ရွက်ရလို့ရှိယင် အမှုသည်နဲ့ ကိုယ်တိုင် တွေ့မှ ကျေနပ်တတ်တဲ့ ဝါသနာရှိလို့ပါ။ ကျွန်တော် မေးစရာ အနည်းငယ်မေးပြီး ကိစ္စပြီးမှာပါပဲ။ ရွှေဘိုကရောက်လာတဲ့ ခင်ဗျားနဲ့ နာမည်တူ ကိုဆွမ်းပို့ဆိုတဲ့လူကို ဒီ့အလျင်က တခါမှ မတွေ့ဖူးဘူးပေါ့"

ဆွမ်း။ ။"မှန်ပါတယ်။ လွန်ခဲ့တဲ့ အင်္ဂါနေ့ကမှ ကျွန်တော့်အိမ် သူလာလို့ ပထမအကြိမ် တွေ့ဖူးရခြင်း ဖြစ်ပါတယ်"

ရှား။ ။"ကျွန်တော့်အိမ် သူလာတဲ့ အကြောင်းကို သူက ခင်ဗျားကို ပြောပြီးပြီလား"

ဆွမ်း။ ။"ဟုတ်ကဲ့၊ နေ့လယ်က ကျွန်တော့်ဆီလာပြီး ဒေါ်နဲ့မောနဲ့ အပြစ်တင်သွားသေးတယ်"

ရှား။ ။"ဘာကြောင့် ဒေါ်နဲ့ မောနဲ့ လုပ်ရတာတဲ့လဲဗျာ"

ဆွမ်း။ ။"သူ့ကို မယုံကြည်လို့ စုံစမ်းရာ ရောက်တယ်တဲ့ ခင်ဗျ။ ဒါပေမယ့် နောက်ဆုံးတော့ ကျွန်တော်ပြောပြလို့ ကျေနပ်သွားပါတယ်"

ရှား။ ။"ဘယ်လို လုပ်ထိုက်တယ်လို့ အကြံပေးသွားသေးသလဲ"

ဆွမ်း။ ။"မပေးပါဘူးဗျာ"

ရှား။ ။"ငွေများကော တောင်းသေးသလား"

ဆွမ်း။ ။"မတောင်းပေါင်ဗျာ"

ရှား။ ။"ဘယ်လို အကြံအစည်များ ရှိကယ်လို့ ခင်ဗျား တွေးမိသလဲ"

ဆွမ်း။ ။"မတွေးတတ်ပေါင်ဗျာ"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား ။ "ယင်းသိဖုန်းနဲ့ ကျွန်တော် ချိန်းလိုက်တာ သူသိသလား"

ဆွမ်း ။ "မှုတ်ကဲ့ ကျွန်တော်ပြောလို့ သူ သိပါတယ်"

ထို့နောက် ဦးစံရှားသည် ဟန်ကြွ စဉ်းစား စိတ်ကူးလျက်ရှိရာ သူ၏မျက်နှာကို ကြည့်ရခြင်းအားဖြင့် အဖြေတွေ့သည့်အမှုကို ကျွန်တော် ရိပ်မိနိုင်ပေ၏။

ရှား။ "ခင်ဗျားဆီမှာ အဖိုးတန်ပစ္စည်းထဲက ဘယ်လိုဟာများ ရှိသလဲ"

ဆွမ်း။ "မရှိပါဘူးခင်ဗျား။ ပင်စင်လခကလေးနဲ့ အနိုင်နိုင် အလျှင်မီအောင် စားနေရတဲ့လူကပဲ။ ဘယ်ကလာ ရှိရမှာလဲ"

ရှား။ "သူခိုးသူဝှက် မကြောက်ရဘူးပေါ့"

ဆွမ်း။ "ကြောက်စရာ မရှိပါခင်ဗျာ"

ရှား။ "ဒီတိုက်ခန်းမှာ ခင်ဗျားနေတာ ဘယ်လောက်ကြာပြီလဲ"

ဆွမ်း။ "ငါးနှစ်နီးပါး ရှိပါပြီ"

ထိုအခါ၌ တိုက်ရှေ့တွင် လန်ချားတစီး ဆိုက်လာပြီးနောက် ရွှေဘိုသား ကိုဆွမ်းပိုသည် ပျာယီးပျာယာ အမူအရာမျိုးနှင့် တိုက်ထဲသို့ ဝင်လာလေ၏။

ထိုသူသည် လက်ထဲ၌ ကိုင်ထားသော သတင်းစာတစောင်ကို စားပွဲပေါ်၌ခင်း၍ အလိုရှိသော စာမျက်နှာကို လှန်ပြီးနောက်—

"ကိုင်း ဆရာတို့၊ ကျွန်တော်တို့တော့ ကောင်ပြီ။ ဒီက ဦးဆွမ်းပိုလဲ မြေကေ ၂၀၀ ရတော့မယ်။ ဦးစံရှားတို့မှာလဲ ကျွန်တော်တို့ကို အကူအညီ မပေးနိုင်စေကာမူ ဒုက္ခခံရတဲ့အတွက် အထိုက်အလျောက် ညာဏ်ပူဇော်ရပေမယ်။ ကိုင်း၊ ကြည့်ကြစမ်းဗျာ။ ဟောဒီမှာ ကျုပ်တို့ ရှာနေတဲ့လူ တွေ့ပြီ ဟု ဆိုကာ သူရိယသတင်းစာ၏ တခုသောထောင့်၌ ထည့်ထားသော ကြော်ငြာကလေး တခုကို ထောက်၍ ပြသဖြင့် ကျွန်ုပ်တို့သည် အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

အာစီဇီတွင်း တူးချင်သလား

အမေရိကန်-အင်္ဂလန်တို့၌ နှစ်ပေါင်းများစွာ သင်ကြားခဲ့၍ နောက်ဆုံးပေါ် ကိရိယာများနှင့် တူးဖော်ပေးနိုင်သည်။ မြေရှာကိုပြရုံနှင့် ပေ မည်မျှ နက်မည်ကို ပြောနိုင်၍ စရိတ်မည်မျှကုန်ကျမည်ကို အက်စတီမိတ် ပေးနိုင်သည်။

ဦးဆွမ်းပို
အာစီဇီတွင်း အင်ဂျင်နီယာ၊
အင်းစိန်လမ်း၊ နံပါတ် ၃၃၊ ကြည့်မြင်တိုင်။

အင်စပက်တော်ကြီးသည် ယင်းကြော်ငြာကို သတင်းစာတွင် မြင်ရသည်နှင့် တပြိုင်နက်—

"ကောင်ပြီဗျို့၊ ကောင်ပြီ။ ကျုပ်ခက်လုံးအောင်တော့မယ်" ဟု ဝမ်းမြောက်ဝမ်းသာပြောလိုက်လေ၏။

ထို့နောက် ရွှေဘိုသားက—

"ခင်ဗျားက ဘယ်မှမသွားပဲ အိမ်မှာ ထိုင်နေပေမယ့် ကျွန်တော်က လျှောက်မွှေနေတဲ့ အကောင်ပါဗျ။ ဒီသတင်းစာ တွေ့တွေ့ချင်း ကြည့်မြင်တိုင် အင်းစိန်လမ်းကို ကျွန်တော်ကိုယ်တိုင် သွားပြီး ဒီလူနဲ့ တွေ့ပြီးပြီ။ နက်ဖြန်မနက် ခင်ဗျားလာပါလိမ့်မယ်လို့ သူ့ကို ကျွန်တော် ပြောခဲ့ပြီးပြီ" ဟု ပြောလေ၏။



www.burmeseclassic.com

ဆွမ်း။ ။"ကျုပ် သွားတွေ့ဖို့ လိုသေးသလားဗျာ"

ရွှေ။ ။"တွေ့မှ ကောင်းမှာပေါ့ဗျာ။ ဟုတ်ဘူးလားခင်ဗျာ ဦးစံရှား။ ကျွန်တော် ဆိုတာကတော့ ရွှေဘိုကရောက်လာတဲ့ ဧည့်သည်ဖြစ်လေတော့ ယုံချင်မှ ယုံမှာခင်ဗျ။ ခင်ဗျားကတော့ ရန်ကုန်မှာ နေတဲ့ အင်စပက်တော်ကြီးတယောက် ဖြစ်တဲ့အတွက် ခင်ဗျားစကားက သာပြီးခြေမြစ်မယ် မဟုတ်ဘူးလား ခင်ဗျာ။ သူ့မျက်နှာထား ကြည့်ရပုံက ကျွန်တော့်အပေါ်မှာ မယုံသင်္ကာ ရှိပုံရတယ်။ ဒါကြောင့် ခင်ဗျားသွားပြီး ကျွန်တော့်စကားကို ထောက်ခံပေးအုံးမှ သူယုံကြည်လိမ့်မယ်။ ကျွန်တော် လိုက်စေချင် ယင်လဲ လိုက်တာပေါ့။ သို့သော် ကျွန်တော့်မှာ ဒီ့ပြင်အလုပ်ကလေးတခု ရှိသေးတယ်။ လိုက်ဖို့လဲ လိုမထင်ပါဘူး။ ခင်ဗျားပြောယင် ပြီးမှာပါပဲ"

ဆွမ်း။ ။"ကျုပ်က ပင်စင်ထုတ်ဖို့ကိစ္စကလွဲလို့ ဘယ်ကိုမှ မသွားတာ ကြာလှပြီဗျ"

ရွှေ။ ။"ငြင်းမနေပါနဲ့ အင်စပက်တော်ကြီး။ ငွေ နှစ်သောင်းကျော် ရဖို့အရေးကို ဒီလောက်မှ ဒုက္ခမခံချင်လို့ ဘယ်ဖြစ်မလဲဗျ။ ကျွန်တော့်မှာ ရွှေဘိုက ရန်ကုန် ရောက်အောင်တောင် လာခဲ့ရပါလျက် ခင်ဗျားက ခရီး လေးငါးမိုင်ဝေးတဲ့ ကြည့်မြင်တိုင်လောက်ကိုမှ မသွားချင်ယင် ဘယ်ဖြစ်နိုင်မလဲ အင်စပက်တော်ကြီးရဲ့။ မဟုတ်ဘူးလားခင်ဗျာ ဦးစံရှား"

ရှား။ ။"မှန်ပေသယ်။ ဒီက မိတ်ဆွေပြောတာ နည်းသခ်းကျပါပေတယ်"

ဆွမ်း။ ။(ဦးခေါင်းကို ကုတ်လျက်) "ခင်ဗျားတို့က သွားသင့်တယ်ဆိုလဲ သွားရတာပေါ့ဗျာ။ ကိုယ့်ကျေးဇူးရှိအောင် ဆောင်ရွက်ပေးတဲ့ လူတယောက်ရဲ့ စကားကို ငြင်းယယ်လို့ ဘယ်ကောင်းပေမလဲ။ သွားတာပေါ့ဗျာ"

ရှား။ ။"ကိုင်း၊ ဒါဖြင့် သဘောတူကြပြီပေါ့။ ခင်ဗျား ပြန်လာတော့ ကျွန်တော့်ဆီကို အကျိုး အကြောင်း စာရေးလိုက်တာပေါ့"

ဆွမ်း။ ။"ဟိုရောက်တော့ ကျုပ်ဘာလုပ်ရမှာလဲ"

ရွှေ။ ။"အရပ်လူကြီးနဲ့ သက်သေတယောက်လောက်ခေါ်ပြီး အဝိစိတွင်းအင်ဂျင်နီယာဦးဆွမ်းပို့ ဆိုသူ ရှိကြောင်းကို သက်သေခံသက်မှတ်ရေးပြီး လက်မှတ်ထိုးယူခဲ့တာပေါ့ခင်ဗျ။ ကိုင်း ဒါဖြင့် ကိစ္စပြီးပြီ နော်၊ ကျွန်တော် သွားတော့မယ်။ နက်ဖြန်မနက် ၈ နာရီလောက်မှာ သွားပေတော့ အင်စပက်တော်ကြီး နော်။ သိပ်နေမြင့်ယင် မကောင်းဘူးဗျ။ ကိုင်း ဦးစံရှားတို့ကော ကျွန်တော်နဲ့လမ်းဆုံသလား။ သြော် ဒါဖြင့် နေရစ်ကြအုံးလေ။ ကိုင်း ကျွန်တော့်ကို ခွင့်ပြုကြပါအုံး"

ရွှေဘိုသား ထွက်သွားပြီးသည့်နောက် ယခင်က အဖြေမပေးနိုင်သကဲ့သို့ ရှိနေသော ဦးစံရှား၏ မျက်နှာမှာ ရုတ်တရက် ကြည်လင်စွာ ဖြစ်လာသည်ကို တွေ့မြင်ရလေ၏။

ရှား။ ။"ဒါထက် ဦးဆွမ်းပို့၊ ဟောဟို ဗီရိုထောင့်ထဲက ပုပ္ပိုက်ကြီးဟာ အင်္ဂလိပ် မှတ်စုတွေ မှတ်တယ်။ ကျွန်တော်က ကိုယ်တိုင်ဖိုထိုးဖို့ ဝါသနာမရှိပေမယ့် အင်္ဂလိပ်ကျမ်းတော့ ကြည့်စမ်းချင်တယ်ဗျာ"

ဆွမ်း။ ။(ရွှင်ပျသော မျက်နှာနှင့်) "ခင်ဗျားလို ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တယောက် အင်္ဂလိပ် နောက်သို့များ လိုက်ရယင် မကြာခင် လမ်းပေါက်မှာပေါ့ခင်ဗျာ။ ကြည့်ပါဗျာ၊ ကြည့်ပါ။ ကျွန်တော်က သူများလို မကွယ်ဝှက်တတ်ပါဘူး"

ဦးစံရှားသည် မတ်တတ်ဗီရိုကြီးထဲမှ ပုရပိုက်ဟောင်းကို ယူ၍ လှန်လှောကာ ကြည့်ရှုပြီး နောက်—

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ရွှား။ ။"နေရောကျလိုက်လေဗျာ။ အချိုရှာ သကာနဲ့တွေ့ ဆိုတာလို ဖြစ်နေပြီကော။ သို့သော် ဒီကနေ့တော့ အချိန်မရှိဘူးခင်ဗျာ။ နက်ဖြန် မနက်တော့ ကျွန်တော် တခေါက် လာခဲ့ပါအုံးမယ်"

ဆွမ်း။ ။"လာခဲ့ပါဗျာ။ လာချင်တဲ့အချိန် လာပြီး ကြည့်ချင်သလောက် ခင်ဗျားကြည့်သွားပါ။ ကျွန်တော်က ဒီပုရပိုက်ကို ငှားလိုက်ဖို့သာ ခဲယဉ်းတာ၊ ကြည့်ရှုကြည့်ဖို့တော့ ခင်ဗျားသဘောရှိဗျာ"

ရွှား။ ။"နက်ဖြန်မနက် ၈ နာရီမှာ ခင်ဗျားသွားမယ်ဆို မဟုတ်လား။ ၈ နာရီ မထိုးခင် ကျွန်တော် ရောက်အောင်လာခဲ့မယ်"

ဆွမ်း။ ။"လာခဲ့ပါဗျာ။ ကျွန်တော် မရှိတုန်း ခင်ဗျား ထိုင်ဖတ်ချင်ယင် သဘောရှိ ထိုင်ဖတ်ရစ်ပါဗျာ။ ကျွန်တော် စိတ်ချပါတယ်"

ရွှား။ ။"ဒါထက် ဒီတိုက်ဟာ အင်စပက်တော်ကြီး တိုက်ပိုင် မဟုတ်ဘူးမှတ်တယ်"

ဆွမ်း။ ။"တိုက်ငှားနေရတာပါဗျာ"

ရွှား။ ။"တိုက်ရှင် ဘယ်သူလဲခင်ဗျ"

ဆွမ်း။ ။"ရေကျော်ရပ်၊ ဗိုလ်ဗဝါလမ်း၊ အိမ်နံပါတ် (၁၂၈)က ဦးထောင်ဘိုပါတဲ့ခင်ဗျာ"

ရွှား။ ။"ကိုင်း ကျွန်တော်တို့ ပြန်လိုက်ပါအုံးမယ် အင်စပက်တော်ကြီး။ ကြည့်မြင်တိုင် သွားရတဲ့ ကိစ္စ တမြောက်အောင်မြင်ခဲ့ပါစေ ခင်ဗျာ"

ကျွန်ုပ်တို့သည် ဘိုသိန်းလမ်းမှ ပြန်၍ ဗိုလ်ဗဝါလမ်း၊ အိမ်နံပါတ် (၁၂၈)သို့ ဝင်ကြသောအခါ အိမ်တံခါးပိတ်ထား၍ အိမ်သူအိမ်သားများ ဘုရားသို့ သွားကြသည်ဟု သိရသဖြင့် နေအိမ်သို့ ပြန်လာခဲ့ကြလေ၏။

ထိုည၌ ညစာထမင်း စားသောက်ပြီးကြသည့်နောက် ဦးစံရွှားနှင့် ကျွန်တော်တို့သည် ပတ်လက်ကုလားထိုင် တလုံးစီတွင် ဆေးလိပ်သောက်ကာ ထိုင်ကြယင်း ယင်းအမှုအကြောင်းကို ဆက်လက်ဆွေးနွေးကြလေ၏။

ရွှား။ ။"အမှုကတော့ အဆုံးရောက်ခါနီးနေပါပြီ။ ကိုသိန်းမောင်လဲ နည်းနည်းပါးပါးတော့ ရိပ်မိရဲ့ မဟုတ်လား"

ကျွန်။ ။"ကျွန်တော်ဖြင့် လုံးလုံးကို မရိပ်မိပေါင်ဗျာ။ ဘယ်လို အဓိပ္ပာယ်မျိုးလဲကို မပြောတတ်ပါဘူး"

ရွှား။ ။"ဒါထက် ရွှေဘိုသားလာပြတဲ့ကြော်ငြာမှာ ထူးခြားတဲ့အချက်တခု သတိမပြုမိဘူးလား"

ကျွန်။ ။"အစိစိ ဆိုတဲ့စကားမှာ သတ်ပုံသတ်ညွှန်း မှားထားတာတော့ ကျွန်တော်သတိပြုလိုက်မိပါရဲ့"

ရွှား။ ။"ဒီ့ပြင်ကောဗျာ"

ကျွန်။ ။"မဟုတ်မှ လွဲရော၊ ကျွန်တော့် အထင်တော့ ဒီကြော်ငြာကို ရွှေနေဆိုတဲ့ ရွှေဘိုသား ထည့်လိုက်တာ မှတ်တာပဲ။ ဘယ်လို ရည်ရွယ်ချက်နဲ့ ထည့်လေသလဲတော့ ကျွန်တော် မစဉ်းစားတတ်ဘူး"

ရွှား။ ။"ကိုယ့်လူ ကိုသိန်းမောင် တော်လာပြီဗျို့။ ခင်ဗျား အပုံကြီး တိုးတက်နေပြီ။ ရည်ရွယ်ချက်ကို မပြောနိုင်တာ ထားလိုက်အုံး။ သူထည့်မှန်း ရိပ်မိတာ တော်လှပေပြီ။ သူ့ရည်ရွယ်ချက်ကိုတော့ တွေးစရာ အမျိုးမျိုးရှိတာပဲ။ သို့သော် တခုသေချာတာကတော့ ဒီအဘိုးကြီးကို ကြည့်မြင်တိုင် သွားစေချင်တာတော့ ထင်ရှားတယ်။ သူ့အမွေရမှုဆိုတာကတော့ မျှော်လင့်ဖို့ မရှိကြောင်းကို ကျုပ်က ဖွင့်ပြော



www.burmeseclassic.com

www.burmeseclassic.com


လိုက်မယ်လို့ ကြံ သော ရဲ့။ သို့သော် မပြောပဲ ထားတာက သာကောင်းလိမ့်မယ်လို့ စဉ်းစားမိတာနဲ့ မပြောလိုက်တော့ဘူး။ ကိုင်း နက်ဖြန်ပေါ့ ကိုသိန်းမောင်။ နက်ဖြန်ခါတော့ ဒီအမှု သဲကွဲသွားတော့ မှာပေါ့"

x x x

နောက်တနေ့ နံနက်၌ ဦးစံရွှားသည် အစောကြီးပျောက်သွား၍ ၇ နာရီထိုးပြီးမှ အိမ်သို့ ပြန်ရောက်လာလေရာ သူ၏ မျက်နှာမှာ အရေးကြီးဟန် လက္ခဏာနှင့် ဂုဏ်ယူကြီးလျက် ရှိသည်ကို တွေ့ရလေ၏။

ရှား။ ။"ဒီ အမှုကလေးက ကျုပ်တို့ ထင်သလို ပေါ့တော့တော့ ကိစ္စမျိုး မဟုတ်ဘူးဗျို့ ကိုသိန်းမောင်။ ကျုပ်နဲ့အတူ လိုက်မယ်ဆိုယင် အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်စရာ ရှိကြောင်း ကြိုတင်ပြီး ပြောထားပါတယ်။ လိုက်ချင်မှပဲ လိုက်ဗျာ ကိုသိန်းမောင်"

ကျွန်။ ။"ပြောဖို့မလိုပါဘူး ဦးစံရှား။ ဒီလောက် ပေါင်းလာခဲ့ကြမှ ကျွန်တော့် အကြောင်း သိလောက်ရောပေါ့"

ရှား။ ။"ဒီလို ပြောလိမ့်မယ်ဆိုတာ ကျုပ် သိပြီးသားပါပဲ။ သို့သော် ကျုပ်ကတော့ ဝတ္တရား အတိုင်း သတိပေးရတာပေါ့"

ကျွန်။ ။"နေစမ်းအုံးဗျာ။ အသက်အန္တရာယ် စိုးရိမ်ရတယ်ဆိုတာက ဘယ်လိုဘက်က စိုးရိမ် ရတာလဲဗျ"

ရှား။ ။"စိုးရိမ်ရပုံ ဒီလိုလေဗျာ။ ကိုဆွမ်းပို့ အမည်ခံလာတဲ့ ရွှေဘိုသား ရွှေနေဆိုတဲ့ လူက တခြား မဟုတ်ဘူးဗျ။ ဒေးဖိုးသိန်းတို့နဲ့ ပြိုင်ဘက် အာဋ္ဌာဝက မောင်ကလေး ဆိုတဲ့ အကောင်တဲ့ဗျ။ ထောင်ကို အိမ်ဦးကြမ်းပြင် သဘောထားပြီး လူသတ်မှု နှစ်ကြိမ် သုံးကြိမ် ဖြစ်ခဲ့ဖူးတဲ့လူတဲ့။ သက်သေ မထင်မရှားလို့ လူသတ်မှုနဲ့ ကြိုးစင်မတက်ရပဲ လိမ်လည်မှု၊ ဓါးမြမှုနဲ့ ထောင်သုံးလေးခါ ကျဖူးဆိုပဲ။ ကျုပ်တို့ မိတ်ဆွေ အင်းပက်ဖော် ကိုအုန်းဖေက လူဆိုးရာဇဝင်တော့ သိပ်ကျေတဲ့လူဗျ။ လူပုံပြောလိုက် ခါရှိသေး၊ ချက်ကနဲ ထောက်ပြောလိုက်တာပဲ။ လက်ယာဘက် အထက်အံသွားမှာ ရွှေကွပ်ထားတယ် မဟုတ်လားတဲ့ ကျုပ်တို့လဲ သတိပြုမိသားပဲ။ ခင်ဗျားလဲ မြင်လိုက်တယ် မဟုတ်လား"

ကျွန်။ ။"သူရယ်လိုက်တဲ့ အခါမှာ တခါနှစ်ခါ ကျွန်တော် သတိပြုလိုက်မိပါတယ်"

ရှား။ ။"ဒါနဲ့ ကျုပ်က ကိုအုန်းဖေကို လူပုံပန်းပြောပြတော့ ကိုအုန်းဖေက လူဆိုးစာရင်း ဖိုင်တွဲကို ဆွဲထုတ်ပြီး သူ့ဓာတ်ပုံကိုပြတော့ အသေအချာပါပဲဗျာ။ ကျုပ်တို့လူ ဖြစ်နေတာပါပဲ။ ပုလိပ်စာရင်းမှာ တော့ သူ့နာမည်ဟာ 'အာဋ္ဌာဝက မောင်ကလေး' ခေါ်တယ်။ 'ခြောက်လုံးပြူး ဘဌေး' လို့ ခေါ်တယ်။ 'လက်မခနွေး ပိုးတွေး' လို့လဲ ခေါ်သတဲ့။ လူဆိုးချင်း ရင်ဆိုင်လိုက်ယင် သူက အလျင်ဦးအောင် ဆော်လိုက် တာချည်းပဲတဲ့။ သူ့ဖိုင်တွဲမှာတော့ အသက် ၃၈၊ ဇာတိ ရွှေဘိုသား။ ရန်ကုန်သက် ၆ နှစ်။ အရပ် ၅ ပေ ၆ လက်မ။ အသားညိုညို။ လူလုံး ခပ်တုတ်တုတ်တဲ့ဗျ။

"လွန်ခဲ့တဲ့ ၅ နှစ်လောက်က ဖဲဝိုင်းမှာ စကားများပြီး လူဆိုးစာရင်းဝင် 'ရွှေသွားတောင်' ကို ဓါးနဲ့ ထိုးသတ်ဖူးသတဲ့ဗျ။ ရွှေသွားတောင် ဆိုတာကလဲ ငွေစက္ကူ လုပ်တတ်တယ်လို့ နာမည်ကြီးနေတဲ့ကောင် ဆိုကပဲ။ ဖဲဝိုင်းကိစ္စတုန်းကတော့ တောင်က အလျင်စပြီး ကြုံးဝါးပါတယ်ဆိုတဲ့ သက်သေများ ထွက်ဆိုချက် အရ ကိုယ့်ကိုယ်ကို ကာကွယ်ခြင်း ဖြစ်တယ်လို့ တရားသူကြီးက အယူရှိပြီး ကြိုးစင်မတက်ရပဲ ထောင်ဒဏ် ၅ နှစ်တည်း ချလိုက်သတဲ့။ အဲဒီဟာ ကျုပ်တို့ လူပဲဗျ။ ဒီလူနဲ့ ကျုပ်တို့ ရင်ဆိုင်ကြရမယ့် ကိစ္စပဲ"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်။ ။"သူ့အကြံ ဘာလဲဗျ"

ရှား။ ။"နည်းနည်းပါးပါးတော့ ကျုပ်ရိပ်မိပါပြီ။ ဦးဆွမ်းပို့နေတဲ့ တိုက်ရှင်ကို ဗီဇဝါလမ်းမှာ ကျုပ်သွားတွေ့ကြည့်တော့ အဲဒီတိုက်ခန်းမှာ ဦးဆွမ်းပို့မနေမီက ကိုသံဒိုင်ဆိုတဲ့လူတယောက် နေတယ်တဲ့ဗျ။ အလုံးအရပ် ထောင်ထောင်မောင်းမောင်း ရွှေသွားတွေ အပြည့်စိုက်ပြီး အလုပ်ကတော့ ပွဲစားလို့ ပြောသတဲ့။ တနေ့သဉ္ဇာတော့ အဲဒီ ကိုသံဒိုင်ဟာ တခါတည်း ပျောက်သွားပြီး နောက်ထပ် သတင်းမရလေတော့ နောက်ဆုံးမှာ အိမ်ရှင်က အင်စပက်တော်ကြီး ဦးဆွမ်းပို့ကို အငှားချထားလိုက်ခြင်း ဖြစ်ပါတယ်တဲ့။ အိမ်ရှင်က ပြောပြလို့ ကျုပ် သိခဲ့ရတယ်။

"ကိုအုန်းဖေက ပြောတော့လဲ မားထိုးခံရပြီး ပွဲချင်းပြီး သေသွားတဲ့ ရွှေသွား တောင်ဆိုတာလဲ အလုံးအရပ် ထောင်ထောင်မောင်းမောင်းနဲ့ ရွှေသွားတွေ အပြည့်စိုက်ထားတယ် ပြောတယ်။ ဒီတော့ကာ ဒီတိုက်ခန်းမှာနေဖူးတဲ့ ကိုသံဒိုင်ဆိုတာနဲ့ မားထိုးခံရပြီး သေသွားတဲ့ ရွှေသွားတောင်ဆိုတာနဲ့ လူတယောက်တည်း ဖြစ်လိမ့်မယ်လို့ ကျုပ်ထင်တယ်။ အဲဒါ အဆက်တခု မဟုတ်လားဗျာ"

ကျွန်။ ။"ဒီ့နောက် အဆက်ကကောဗျာ"

ရှား။ ။"ဒီ့နောက်အဆက်ကိုတော့ ကျုပ်တို့ အခုသွားပြီး ကြည့်ကြရမှာပေါ့ ကိုသိန်းမောင်"

သို့နောက် ဦးစံရှားသည် စားပွဲအံဆွဲတွင် ထည့်ထားသော ခြောက်လုံးပြူးသေနတ်ကို ထုတ်ယူပြီး လျှင် ကျွန်တော့်လက်သို့ ပေးအပ်၍ ကိုယ်တိုင်မူကား ခပ်နွဲ့နွဲ့ရှိ၍ အဖျားတွင် ခဲသီးတပ်ထားသော ကြိမ်ထုတ်ကို ဆွဲယူလေ၏။

ရှား။ ။"ကျုပ်အဖို့တော့ သေနတ်မကြိုက်ဘူးဗျ။ ဒီတုတ်ကိုပဲ ကျုပ်အားကိုးတယ်။ ခင်ဗျားသာ သေနတ်ကိုင်ပေတော့။ သို့သော် ကျုပ်တို့လူက လက်မြန်တယ်ဗျနော်။ ယီးတီးယားတား လုပ်ယင် လက်မနှေးနဲ့ဗျ။ ဦးအောင်သာ ဆော်ချလိုက်။ ကိုင်း လာဗျို့။ ၇နာရီခွဲလုပြီ။ ကျုပ်တို့သွားဖို့ အတော်ပဲ"

ကျွန်ုပ်တော်တို့သည် တက္ကစီတစီးနှင့် ဘိုလိန်းလမ်းသို့သွားကြ၍ အင်စပက်တော် ဦးဆွမ်းပို့၏ တိုက်ကလေးသို့ ရောက်သောအခါ ၈ နာရီခတ်တင်း ရှိနေခဲ့လေပြီ။

တက္ကစီကို လွှတ်လိုက်ပြီးနောက် တိုက်ထဲသို့ ဝင်သွားကြသောအခါ ဦးဆွမ်းပို့မှာ ဖားဖိုမှ မီးများကို ငြိမ်းသတ်ပြီးနောက် ကြည့်မြင်တိုင်သို့သွားရန် အဝတ်များ လဲလှယ်လျက်ရှိသည်ကို တွေ့ရလေ၏။

ဦးစံရှားက အင်္ဂါရုတ်မှုတ်စုပုရပိုက်ကို ဖတ်ရှုရန်လာရောက်ခြင်းဖြစ်ကြောင်း ပြောသဖြင့် ဦးဆွမ်းပို့သည် မတ်ဘက်ဗီရိုကြီးမှ ပုရပိုက်ကိုထုတ်ပေး၍ တတ်နိုင်ပါက မိမိပြန်လာသည့်တိုင်အောင် စောင့်ဆိုင်းယင်း ဖတ်ရှုနေရစ်ရန် မှာထားပြီးလျှင် ခတ်ရထားနှင့် လိုက်ပါသွားလေ၏။

သွားခါနီးတွင် ဦးစံရှား၏ သွန်သင်ချက်အတိုင်း ဦးဆွမ်းပို့သည် သူ၏ တိုက်ခန်းတံခါးကို အပြင်မှ သော့နှင့် ပိတ်သွားလေ၏။

တံခါးပိတ်ပြီးသည်နှင့် တပြိုင်နက် ဦးစံရှားသည် ကျွန်တော်၏ လက်ကို ကိုင်ဆွဲကာ ဗီရိုကြီးထဲသို့ သွင်း၍ နှစ်ယောက်စလုံး အောင်းနေကြပြီးနောက် ဗီရိုတံခါးကို မခေ့တစေ့ ပိတ်ထားလေ၏။

ထို့နောက်—

ရှား။ ။(လေသံဖြင့်) "ဒီလို ကိုသိန်းမောင်ရဲ့၊ ကျုပ်တို့ ရွှေဘိုသား အကြံက အင်စပက်တော်ကြီးကို သူ့အိမ်မှာ မနေပဲ အခြားတပါးကို သွားအောင်လုပ်တဲ့ အကြံပဲ။ အဘိုးကြီးက တလတကြိမ် ပင်စင်လခ ထုတ်ဖို့ကလွဲပြီး ဘယ်ကိုမှ မသွားတတ်ဘူးဆိုတာ သူသိလေတော့ လခထုတ်သည့်တိုင် တယ

www.burmeseclassic.com



လုံးလုံး မစောင့်ချင်တာနဲ့ ဦးဆွမ်းပို့ သုံးယောက်ရအောင် ရှာနိုင်ယင် လယ်မြေရမလေး ဘာလေးနဲ့ ညာဏ် ထွင်ပြီး သူ စီစဉ်ထားတာပဲ။

"ဦးဆွမ်းပို့ရဲ့နာမည်ကို အိမ်ရှေ့က ဆိုင်းဘုတ်မှာ သူမြင်တာနဲ့တပြိုင်နက် ဒီနာမည်မျိုး ရှားပါးတဲ့ အဖြစ်ကို သူရိပ်မိလေတော့ ဒီအကြံကို ထွင်လိုက်ဘာနဲ့တူတယ်။ သူထွင်လိုက်ပုံကလေးကလဲ တယ်မဆိုးလှ ဘူးဗျ။ ကျုပ်တို့ကသာ ရိပ်မိတယ်။ အဘိုးကြီးကတော့ ငွေရပေါက်နဲ့ မြူပြီး လှိမ့်လိုက်တော့ ကောင်း ကောင်းကြီးလိမ့်ပြီး ယုံကြည်သွားရှာတယ် မဟုတ်လား၊ တော်တော် ညာဏ်သွားတဲ့လူဗျ"

ကျွန်။ ။"နေပါအုံးဗျာ။ သူက ဘာလိုချင်လို့ ဒီလိုလုပ်တာလဲ"

ရှား။ ။"အဲဒါ ကျုပ်တို့ ခဏနေ သိရမှာပေါ့၊ ကျုပ် ထင်မြင်ချက်ကတော့ သူ့အကြံဟာ အင်စပက်တော်ကြီးနဲ့ ပတ်သက်တယ် မထင်ဘူး။ သူသတ်လိုက်တဲ့ ရွှေသွား တေင်ခေါ် သံဒိုင်ခိုတဲ့လူနဲ့ ပတ်သက်တယ် ထင်တယ်။ သံဒိုင်နဲ့ ဒီလူနဲ့ဟာ ကြံဖော်စည်ဘက် ဖြစ်လေသလား မဆိုနိုင်ဘူး။ ဒီတိုက်ခန်း ထဲမှာ အင်စပက်တော်ကြီး မသိပဲ သူလိုချင်တဲ့ ပစ္စည်းတခုခု ရှိဟန်တူတယ်။ အဲဒီ ပစ္စည်းဟာကလဲ ကွယ်လွန်သူ သံဒိုင်ခေါ် ရွှေသွားတေင်ရဲ့ပစ္စည်း ဖြစ်ဟန်တူတယ်။ ကိုင်း၊ သို့သော် မကြာခင်ပဲ ကျုပ်တို့ သိကြရပါတော့မယ်"

ထို့နောက် ကျွန်တော်တို့သည် စကားစကိုဖြတ်၍ ငြိမ်ဝပ်စွာ ပုန်းလျှိုးနေကြလေရာ ၁၅ မိနစ်ခန့် ကြာသောအခါတွင် အိမ်ရှေ့တံခါး၌ ခတ်ထားသော သော့ခလောက်ကို ကိုင်တွယ်သည့် လက္ခဏာနှင့် ဂျောက်ဂျောက် ဂျက်ဂျက် အသံများကို ကြားရသဖြင့် နားစွင့်နေကြလေ၏။

နောက်တခဏတွင် တံခါးဖွင့်လိုက်သည့် အတွက်ကြောင့် အခန်းတွင်းသို့ အလင်းရောင် တိုးဝင်လာ သည်ကို ဗီရိုတံခါးကြားမှ ကျွန်တော်တို့ မြင်ကြရလေရာ ဗီရိုကြီးမှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း အတန်း အဆင့်များ မရှိသဖြင့် ကျွန်တော်တို့မှာ မတ်တတ်ရပ်လျက်ပင် ကြည့်နေနိုင်ကြလေ၏။

နောက်တခဏတွင် တံခါးကို တဖန် စေ့ထားလိုက်ပြီးနောက် တိုက်ခန်းထဲသို့ ရွှေဘိုသား ဝင်လာ သည်ကို တံခါးကြားမှ ကျွန်တော်တို့ တွေ့မြင်ကြရလေရာ ထိုသူသည် အခန်းအခြေအနေကို ထိုမှ ဤမှ လှမ်းကြည့်ပြီးနောက် မိုးကာအင်္ကျီကို စားပွဲပေါ်တွင် တင်ထားလိုက်လေ၏။

ထို့နောက် ထိုသူသည် အချိန်မဖြုန်းလိုသော အမူအရာမျိုးနှင့် ကြမ်းပေါ်၌ခင်းထားသော သိုးမွေး ကော်ဇောဟောင်းကြီးကို လိပ်ထားလိုက်ပြီးနောက် ကြမ်းပေါ်တွင် ဒူးထောက်လျက် ခင်းထားသော ပျဉ်ပြားများကို တချပ်စီ သေချာစွာ ကြည့်လေ၏။

အတန်ငယ် ကြာလတ်သော် ထိုသူသည် ဘောင်းဘီတို အိတ်ထဲမှ သံမဏိ ကိရိယာတခုကို ထုတ်ယူ၍ ကြမ်းပျဉ်တချပ်ကို ကလန့်လိုက်သည်တွင် ဂျတ်ကနဲ အသံတခု ပေါ်ထွက်လာ၍ တတောင်ပတ်လည်ခန့် ကျယ်ဝန်းသော အပေါက်တခု ပွင့်သွားသည်ကို အံ့ဩစွာ တွေ့မြင်ကြရလေ၏။

ထိုအခါ ရွှေဘိုသားသည် မီးခြစ်ကိုခြစ်၍ အသင့် ယူဆောင်လာခဲ့သော ဖယောင်းတိုင်ကို ထွန်း ညှိပြီးနောက် ထိုအပေါက်မှ အောက်သို့ ဆင်းသွားလေ၏။

ဤတွင် ဦးစံရှားသည် ကျွန်တော့်အား လက်တို့ ခေါ်၍ ဗီရိုကြီးထဲမှ ထွက်လာပြီးလျှင် ကြမ်း ပေါက်ရှိရာသို့ တတ်နိုင်သမျှ ဖြည်းညင်းစွာ လျှောက်လာကြလေ၏။

သို့ရာတွင် ယင်းတိုက်မှာ အလွန် အိုပြီဖြစ်သောကြောင့် ကြမ်းပျဉ်များသည် ကျွီးကျွီး ကျီကျီ မြည်သွားဟန် လက္ခဏာ ရှိပေရကား ရွှေဘိုသား၏ ဦးခေါင်းသည် ကြမ်းပေါက်ပေါ်သို့ ရုတ်တရက် ပေါ်ထွက်လာ၍ ထိုမှ ဤမှ လှမ်းမျှော်ကြည့်ရှုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ကျွန်တော်တို့ နှစ်ယောက်ကို မြင်လိုက်ရာတွင် ထိုသူသည် ယလှန် ဒိတ်ထိုးသော လက္ခဏာနှင့် အံကြိတ်ကာ ပြုံးကြည့်လိုက်ပြီးမှ သူ၏ ဦးခေါင်းသို့ တည့်တည့်ကြီး ချိန်ထားသော ကျွန်တော်၏ လက်မှ သေနတ်ကို မြင်လိုက်ရသည်တွင်မှ သွားကိုဖြီးကာ ပြုံးချလိုက်လေ၏။

ရွှေ ။ (ပေါ်အေးအေး အမူအရာနှင့် ကြမ်းပေါ်သို့ တက်လာပြီးနောက်) "ခင်ဗျား တို့က ကျွန်တော့်ထက်ပါးလို့ ကျွန်တော့်အကြံကို ရိပ်မိသွားကြပေတာပလေ။ ကိုယ့်ထက် ဉာဏ်သာတဲ့လူကို အရှုံးပေးရတာ ပမ်းမနည်းပါဘူးဗျာ။ ကျွန်တော့် ဝါဒက ကိုယ်သာ ကိုယ့်၊ သူသာ သူ"

ယင်းသို့ ပြောပြောဆိုဆိုနှင့် အလှန် သွက်လက်သော ရွှေဘိုသားသည် ခါးထဲ၌ ဝှက်ထားသော သေနတ်ကို ဖြတ်ကနဲ ဆွဲထုတ်လိုက်သည်နှင့် 'ဒိုင်း ဒိုင်း' ဟူသော အသံနှစ်ချက် ပေါ်ထွက်လာပြီးနောက် ကျွန်တော်၏ ပခုံးစွန်းမှာ မီးစနှင့်ထိုးလိုက်သကဲ့သို့ ပူကနဲ ဖြစ်သွားသည်ကို သိလိုက်ရသည်နှင့်အတူ ခေါက်ကနဲ မြည်သော အသံတချက်ကို တပြိုင်တည်းကဲ့သို့ ကြားလိုက်ရ၍ ကြမ်းပေါ်သို့ ဟပ်ထိုး လဲကျသွားသော ရွှေဘိုသားကို မြင်လိုက်ရလေ၏။

စင်စစ်မှာ ရွှေဘိုသားက သေနတ်ကိုဆွဲထုတ်၍ ပစ်တော့မည်ဟု ချိန်တွယ်ခွင့် မရမီပင် ဦးစံရှား၏ ကြိမ်လုံးအဖျားမှ ခဲသီးလုံးသည် ရွှေဘိုသား၏ ဂျိစောင်းသို့ ခေါက်ကနဲ ထိလိုက်ခြင်း ဖြစ်သောကြောင့် ချိန်သား ကောင်းစွာမရပဲ ကျွန်တော်၏ ပခုံးစွန်းကို ကျည်ဆန်ပွတ်မှန်သွားခြင်း ဖြစ်လေသည်။

နောက်တခဏ၌ ဦးစံရှားသည် ကြမ်းပေါ်တွင် မှောက်လျက် လဲနေသော ရွှေဘိုသား၏ လက်မှ သေနတ်ကို ယူပြီးနောက် ခပ်ယိုင်ယိုင်ဖြစ်သွားသော ကျွန်တော့်အား ပွေ့ဖက်ကာ ကုလားထိုင်တလုံး ပေါ်သို့ တင်ထားပြီးမှ—

"ဘယ်ထိသွားသလဲ ကိုသိန်းမောင်၊ ဘုရား သိကြား မလို့ ဘယ်မှ မထိဘူးလို့ ကြားပါရစေဗျာ" ဟု စိုးရိမ်အားကြီးသော အသံဖြင့် ကျွန်တော့်အား တုန်တုန်ယင်ယင်နှင့် မေးမြန်းလေ၏။

ထိုအခါ ကျွန်တော့်မှာ ခက်ထန် တင်းမာသော စိတ်သဘော ရှိဟန်တူသည့် ဦးစံရှားကဲ့သို့သော ပုဂ္ဂိုလ်က ကျွန်တော့်အတွက် အသည်းနှလုံးတွင် ထိခိုက်၍ ယုယကြင်နာ စိုးရိမ်ကြီးစွာသော သံနေသံထားဖြင့် မေးမြန်းခြင်း ခံရသည့်အတွက် ဤဒဏ်ရာမျိုး တချက်မက ၁၀ ချက်မျှ ခံရစေကာမူ ခံ၍ကျိုးနပ်သည်ဟု အောက်မေ့မိလေ၏။

ကျွန်တော်သည် ဦးစံရှား၏ မျက်လုံးများတွင် မျက်ရည်များဝဲလျက်ရှိသည်ကို မြင်လိုက်ရခြင်း အားဖြင့် သားမယား မရှိ၊ အိမ်ထောင်ရက်သားလည်း မပြုဖူးသော ဦးစံရှားသည် နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့သည့် မိတ်ဆွေဦးဖြစ်သော ကျွန်တော့်အပေါ်တွင် မည်မျှ ချစ်ခင်တွယ်တာခြင်းရှိသည့် အဖြစ်ကို ရိပ်မိရလေသည်။

ခွေးသည် သခင်ကို မော့ကြည့်သကဲ့သို့ ကျွန်တော်သည် ဦးစံရှားကို မော့ကြည့်မိခဲ့လေရာတွင် ထိုကဲ့သို့ မော့ကြည့်ခြင်းခံရသော ဦးစံရှား၏ ကျွန်တော့်အပေါ်၌ထားရှိသော မေတ္တာစိတ်မှာ မသေးငယ်လှသည့် အဖြစ်ကို သိရသဖြင့် ရင်ထဲ၌ လိုက်သွားသည့်တိုင်အောင် နှစ်သိမ့်အားရမိပေတော့သည်။

ကျွန်ုပ် ။ "နေပါဘူးခင်ဗျာ။ ပခုံးစွန်းကလေး နည်းနည်းပွတ်သွားတာပါ"

ဦးစံရှားသည် ကျွန်တော်၏ အပေါ်ဝတ်အင်္ကျီကိုချွတ်မနေတော့ပဲ ကျည်ဆန်ထိမှန်သော အပေါက်ပေါ်မှ တခါတည်း ဆုတ်ဖြဲကြည့်၍ အရိုးသို့မစိုက်ပဲ အရေပြားနှင့် အသားအနည်းငယ်မျှ ပြတ်သွားသော ဒဏ်ရာကို တွေ့မြင်သည်တွင်မှ စိုးရိမ်ခြင်း သက်သာရာရသည့် အမူအရာနှင့် ရွှေဘိုသားထံသို့ ရုတ်တရက် လှည့်၍—

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ဗျာ။ အသားကလေး နည်းနည်းပြတ်သွားရုံလောက်ရှိခဲ့လို့ပေါ့။ နို့မို့ ယင်တော့ ဒီတိုက်ခန်းထဲက ခင်ဗျား အသက်နဲ့မထွက်ရဘူး။ အခလောင်းဖြစ်ပြီး ထမ်းထုတ်ရမယ် နားလည်ရဲ့လား" ဟု ကြုံးဝါးလိုက်သေး၏။ ထို့နောက်မှ—

"ကိုင်း ကိုယ့်လူ၊ ဘာများ ပြောစရာရှိသေးသလဲ" ဟု ရွှေဘိုသားအား ဆက်လက် မေးမြန်းလေရာ ထိုသူသည် မည်သို့မျှ ပြန်မပြောပဲ ကြမ်းပေါ်တွင် လဲလျက်ရှိရာက ဦးစံရှားအား စိန့်စိန့်ကြည့်နေလေ၏။

ကျွန်တော်သည် ကြမ်းပေါက်အစွန်းသို့သွား၍ အောက်သို့ငုံ့ကြည့်လိုက်ရာ ရွှေဘိုသားထွန်းညိုထားခဲ့သော ဖယောင်းတိုင်၏ အလင်းရောင်ဖြင့် ပုံနှိပ်စက် သဏ္ဍာန်ရှိသော စက်ကလေးတလုံး၊ စက္ကူလိပ်များ၊ ဆေးပုလင်းများကို တွေ့မြင်ရသဖြင့် ဦးစံရှားက—

"ငွေစက္ကူ အတုလုပ်တဲ့ ကိရိယာ တန်ဆာတွေဗျ" ဟု ပြောလေ၏။

ထိုအခါမှ ရွှေဘိုသားသည် ကြမ်းပေါ်မှထ၍ ကုလားထိုင်တလုံးတွင် ထိုင်ပြီးလျှင်—

"ဟုတ်ပါတယ်ခင်ဗျာ။ ဒီဟာတွေဟာ ကိုသံဒိုင်ရဲ့ ပစ္စည်းတွေပါပဲ။ ဂျာမနီသွားခင်ပြီး သူ့ဟာ သူ ဆင်ထားခဲ့တဲ့ ကိရိယာတွေပါပဲ။ ဟိုအထုပ်ကလေးတွေက တဆယ်တန်စက္ကူထုပ်ကလေးတွေပါ၊ သုံးချင်ရာမှာသုံး စွဲပါတယ်။ တထုပ်မှာ အချပ် ၁၀၀ ဆိုတော့ ၅ ထုပ်မှာ ငွေ ၅၀၀၀ ဝိတန်ပါတယ်။ ဒီတော့ကာ ဒီငွေ ၅၀၀၀ ကို ခင်ဗျားတို့ယူပြီး ကျွန်တော့်ကို ချမ်းသာပေးကြပါခင်ဗျာ"

ရှား။ ။(ရယ်မောလျက်) "ဒီလိုနဲ့ ဘာရမလဲ ကိုမောင်ကလေးရယ်။ မမှန်တဲ့ ငွေစက္ကူ ၅၀၀၀ ဝိ နဲ့ ကျုပ်တို့ကို ခင်ဗျားက လာဘ်ထိုးနေတာပေါ့လေ။ ဒါထက် ဒီ ကိုသံဒိုင်ကို ခင်ဗျား သတ်ပစ်တယ် မဟုတ်လား"

ရွှေ။ ။"သူက စ လုပ်လို့ ကျွန်တော်က ကာကွယ်ကြောင်း ထင်ရှားသောတော့ ထောင် ၅ နှစ် ကျခဲ့ပြီး ကျွန်တော် လွတ်ခဲ့ရပါတယ်။ စင်စစ်မှာ သူ့ကိုသတ်တဲ့အတွက် ကျွန်တော့်ကို ထောင်မချပဲ ရွှေတံဆိပ်ကြီးကြီးပေးဖို့ ကောင်းပါတယ် ခင်ဗျာ။ ခုနေအခါ သူရှိနေယင် တတိုင်းပြည်လုံးမှာ သူ့စက္ကူတွေ ပလူပျံသလိုပေါ့ပြီး အစိုးရမှာ အခက်တွေ့ဖို့ သေချာပါတယ်။ သူ့အကြောင်းကို သိကြပေမယ့် သူ့ကိရိယာတွေကို ဘယ်မှာ ဝှက်ထားတယ်ဆိုတာ ကျွန်တော် တယောက်တည်း သိပါတယ်။

"အဲဒါကြောင့် ထောင်က လွတ်လာတဲ့နောက် ဒီနေရာလာကြည့်တော့ အင်ဂပက်တော်အဘိုးကြီး ရောက်နေတာတွေ့လို့ ဒီအကြံနဲ့ သူ့ကိုဖယ်ထုတ်ခြင်း ဖြစ်ပါတယ်။ ကျွန်တော် သတ်ချင် လှယ်သားပဲ။ သို့သော် ကျွန်တော့်ဝါသနာက ကိုယ့်စပ်စပ် မထိပဲ သူများကို မလုပ်ရက်လို့ သားယားညွှင်းပျောင်းနည်းနဲ့ ညာဏ်ဆင်ပြီး တခြားသွားအောင် ဖယ်ထုတ်ရခြင်း ဖြစ်ပါတယ်။ ဒါထက် နေပါအုံးဗျ ဦးစံရှား။ ခင်ဗျားက ကျုပ်ကို ဘာအပြစ်ရှိလို့ ဖမ်းနိုင်တာလဲ၊ ဆိုစမ်းပါအုံးဗျ"

ရှား။ ။"လယ်ငင်းအပြစ်ကတော့ မိတ်ဆွေ ကိုသိန်းမောင်ကို သေနတ်နဲ့ပစ်တဲ့ အပြစ်ပေါ့ ကိုမောင်ကလေး။ ဒီ့ပြင် ဘာအပြစ်ရှိသေးတယ်ဆိုတာတော့ ဌာနာရောက်တဲ့ အခါမှာ ကိုအုန်းဖေတို့ ပြောပြလိမ့်မယ်"

ထိုခဏ၌ အရပ်သားများသည် သေနတ်သံကြားကြသဖြင့် ထိုမှ ဤမှ စုံစမ်းကြပြီးနောက် ဦးဆွမ်းပို၏ တိုက်ခန်းကို ချဉ်းကပ်လာကြလေ၏။

ထိုလူအုပ်ထဲတွင် ပုလိပ်သားတယောက်လည်း ပါလာသည်နှင့် ဦးစံရှားသည် ထိုသူမှတဆင့် အနီးဆုံး ဌာနာသို့ အကြောင်းကြား၍ တရားခံ ရွှေဘိုသားကို ပုလိပ်အရာရှိများလက်သို့ အပ်လိုက်လေ၏။

---

ဆာတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော် ဦးဆွမ်းပို့ ပြန်ရောက်လာသောအခါ ကြော်ငြာတွင် ညွှန်ကြားထားသောအိမ်မှာ အဝီစိတွင်း အင်ဂျင်နီယာ၏ နေအိမ်မဟုတ်ပဲ ဆေးပြင်းလိပ်ရုံတခု ဖြစ်နေကြောင်း တွေ့ခဲ့ရသဖြင့် စိတ်အပျက်ကြီး ပျက်သွားခဲ့ရှာ၏။

ထို့နောက် ဦးစံရှားကပြောသဖြင့် အဖြစ်အပျက်အလုံးစုံကို ကြားသိရသောအခါ ဦးဆွမ်းပို့မှာ ခေါင်းလုံးရွှေကျေး၍ ထွက်ချပ်လမ်း ပေါက်ရချေတော့မည် ဟူသော မျှော်လင့်ချက်ကြီး ပျက်သွားသည့်အတွက် ကုလားထိုင်ပေါ်တွင် ငိုင်လျက်သား ကျသွားရှာလေတော့၏။

ရွှေတိုသား အင်ဂျာဝက မောင်ကလေးမှာ ငွေစက္ကူအတုလုပ်သမားများ၏ လောကတွင် အလွန်နာမည်ကြီးခဲ့သော ဂျာမန်စက်ကို အာပေါ်အောင် ဖော်ပေးဖော် ရသည့်အတွက် ပုလိပ်ဘက်က လူများ၏ ကျေးဇူးတင်ခြင်း ခံရသော်လည်း တရားသူကြီးကမူ ပုလိပ်နှင့် သဘောမတူနိုင်သည်ဖြစ်ခဲ့၍ မကြာမီက လွတ်လာခဲ့သော ထောင်နန်း၌ စံမြန်းရန် အမိန့်ဒီကရီ ချမှတ်လိုက်လေတော့သတည်း။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၁၈။ ထူးဆန်းသော နားရွက်ပြတ် နှစ်ခု*

အလွန်ပူအိုက်သော နွေရာသီ ကဆုန်လဆန်းခါ၈ တနေ့၌ ကျွန်တော်နှင့် မိတ်ဆွေကြီး ဦးစံရှားတို့သည် ဘရုတ်ကင်းလမ်း တိုက်ခန်းအတွင်း ပက်လက်ကုလားထိုင် တလုံးစီတွင် ထိုင်လျက် ယမန်နှစ်က ကလော မြို့၌ နွေရာသီ သုံးလမျှ နေခဲ့ရသောအဖြစ်ကို လွမ်းဆွတ်တမ်းတကာ စမြုံ့ပြန်သောအနေဖြင့် ပြောဆို နေကြရာမှ ဦးစံရှား၏အမည်နှင့် စာတစောင် ရောက်လာသည်ဖြစ်၍ ကျွန်တော်သည် နံနက်ခင်းက မအားလပ်သဖြင့် မဖတ်ရသေးပဲ ချထားခဲ့ရသော သတင်းစာကို ကောက်ယူဖတ်ရှုစဉ် ဦးစံရှားလည်း ၎င်း၏ စာကို ဖွင့်၍ ဖတ်လေ၏။ သို့ရာတွင် ကျွန်တော်သည် သတင်းစာတွင် သတင်းဘူးဟူ၍ မတွေ့ရပဲ အင်္ဂလန်သို့ ဦးပု၊ ဦးဘဖေနှင့် ဦးထွန်းရှိန်တို့ ကိုယ်စားလှယ် အဖြစ်နှင့် သွားခဲ့ကြသည့် နိုင်ငံရေး သတင်းများဖြင့် သာလျှင် သတင်းစာ ကော်လံပြည့်အောင် ရှည်လျားစွာ ရေးသား ဖော်ပြထားသည်များကိုသာ တွေ့ရသဖြင့် သတင်းစာကို ပစ်ချ၍ ဦးစံရှားဘက်သို့ လှမ်းကြည့်လိုက်လေ၏။ ဦးစံရှားမှာ စာကိုချထား၍ မျက်မှောင်ကြုတ်ကာ စဉ်းစား စိတ်ကူးနေသည်ကို တွေ့ပေရကား ကျွန်တော်သည် မျက်နှာချင်းဆိုင် တိုက်ခေါင်မိုးပေါ်သို့ လှမ်းကြည့်ယင်း အပူရှိန်ကြောင့် ကောင်းကင်သို့ အငွေ့များ တချောင်းချောင်း ပျံတက်လျက်ရှိသည်ကို မြင်သဖြင့် ရေးကနှင့် မတူပဲ တနှစ်ထက်တနှစ် အပူရှိန် ဒီကရီ တက်လျက်ရှိသော ရန်ကုန်မြို့ကြီး အကြောင်းသို့ စဉ်းစားမိ၍ ကျွန်တော်ရောက်ဖူးခဲ့သည့် အလွန်ပူပြင်းလှသော ရေနံချောင်း၊ ပခုက္ကူ၊ ရွှေဘို အစရှိသည့် ဒေသများတမျှ ပူပြင်းလျက် ရှိချေပြီတကားဟု အောက်မေ့မိလေ၏။

ထိုမှတဖန် မျက်စိ ညောင်းပြန်သည်နှင့် ကျွန်တော်သည် တိုက်ခေါင်မိုးများကို ကြည့်နေရာမှ မျက်စိအာရုံကိုဖြတ်၍ အတွင်းသို့ မျက်နှာလှည့်ပြီးလျှင် ပက်လက်ကုလားထိုင်ပေါ်တွင် ခပ်မှိန်းမှိန်းထိုင်ယင်း ရောက်တတ်ရာရာ စိတ်ကူးလျက်ရှိပြန်ရာ "မှန်တယ် ကိုသိန်းမောင်၊ ဘယ်လိုကျော်ကြားတယ် ဆိုပေမယ့် နောက်ဆုံးမှာ မြေကြီးအောက် လက်စသတ်ကြရတာချည်းပဲ"ဟု ဦးစံရှားက ပြောလိုက်သဖြင့် ကျွန်တော်ကလည်း "ဟုတ်ပါရဲ့ဗျာ၊ သခ်ါရချည်းပါပဲ"ဟု ပြန်ပြောလိုက်မိလေ၏။

ထို့နောက်မှ ကျွန်တော်သည် စကားလက်စမရှိပဲ ကျွန်တော်၏ စိတ်ထဲ၌ ဖြစ်ပေါ်လျက်ရှိသော စိတ်ကူးအတိုင်း ဦးစံရှားက ဖော်ထုတ်ပြောဆိုလိုက်ခြင်းဖြစ်သည်ကို စဉ်းစားမိသဖြင့် အလွန်အံ့သြလျက်

* ဉာဏဝဍ္ဍုကို ရူမဝမဂ္ဂဇင်း၊ ၁၉၄၉၊ ဇူလိုင်၊ အမှတ် ၂၆ တွင် ပထမဆုံး ပုံနှိပ်ဖော်ပြသည်။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၄ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၂ တို့တွင် ထပ်မံဖော်ပြပါရှိသည်။ မူရင်းမှာ The Cardboard Box ဖြစ်သည်။

www.burmeseclassic.com



ဆိတ်ကန်ဖြစ်ကာ မျက်လုံးပြူး၍ ကြည့်မိပြီးနောက် "ကောင်းပါပေ့ဆရာကြီးရယ်။ ခင်ဗျား ဘယ့်နှယ် လုပ်သိသလဲ။ ဘယ်တွေ့ ဝိဇ္ဇာနန အဘိညာဏ်များ ရနေရော့လားဗျာ။ လုပ်စမ်းပါအုံး။ ကျွန်တော်ဖြင့် နည်းနည်းမှ မရိပ်မိအောင် ဖြစ်နေပြီဗျာ" ဟု ဖွင့်ဟ ဝန်ခံရာတွင် ဦးစံရွှေလည်း ကျွန်တော်၏ အံ့ဩခြင်းကို မြိန်ရှက်စွာ အရသာခံဘိတ်ခဲသော သူ၏ ဝါသနာအတိုင်း ဆေးတံကို ဆေးထည့်ယင်း တခိခိ ရယ်မောနေလေ၏။

"အဘိညာဏ်မဟုတ်ပါဘူး ဆရာကြီးရဲ့၊ ဒီလောက်လဲ အထင်ကြီး မနေပါနဲ့။ ခင်ဗျားကို ကျုပ်က လူကဲခတ် ယူတာပါဗျ"

"ဒါဖြင့် သူတို့ပြောတဲ့ တယ်လီပသီဆိုတဲ့ ပညာမျိုးလားဗျာ"

"ဒါလဲ မဟုတ်ပါဘူး။ ကျုပ်ဟာက ရိုးရိုးစိတ်ကူးဉာဏ်ပါဗျာ"၊

"ကူးပဲ ကူးသွန်းလှဗျာ။ ကျွန်တော်ဖြင့် နားမလည်နိုင်အောင် ဖြစ်နေပြီ။ တဆိတ်လောက် လင်းစမ်းပါအုံးဗျာ"

"ဟိုတနေ့က အင်္ဂလိပ်စုံထောက်ဝတ္ထုဆရာကြီး အီဒေပိုးအကြောင်း ပြောပြတုန်းက လူတယောက်ရဲ့ အမူအရာကြည့်ပြီး သူ့စိတ်အကြံကို အကဲခတ်နိုင်တယ်ဆိုတော့ ခင်ဗျားက ဝတ္ထုထဲမှာမို့ ကြံဖန်ပြီး ရေးယင် ဖြစ်တာပေါ့လို့ မယုံ့တယ်နဲ့ ပြန်ပြောသေးတယ် မဟုတ်လား"

"အဲဒါကတော့ လူတယောက်ဟာ လမ်းလျှောက်သွားယင် ကျောက်ခဲတလုံးကို ခြေထောက်နဲ့ တိုက်မိသွားပြီး ကောင်းကင်ကို မော့ကြည့်ဆို မဟုတ်လားဗျာ။ အဲဒါက အကဲခတ်မယ်ဆိုယင် စဉ်းစား စရာ အနံခြမ်းသာ ရှိသေးတယ်ဗျ။ အခုတော့ ကျွန်တော်က ဘယ်မှမသွားပဲ ကုလားထိုင်ပေါ်မှာ ထိုင်နေ လျက်ကနဲ့ ခင်ဗျား ဘယ့်နှယ်လုပ်ပြီး ကောက်နုတ်ချက် ထုတ်နိုင်သလဲဗျာ"

"ခင်ဗျားကိုယ်ကြီးက ထိုင်နေပေမယ့် ခင်ဗျားမျက်လုံးက ငြိမ်ငြိမ်မနေဘူး ဆရာကြီးရဲ့။ မျက်နှာ ထားကလဲ ရှိသေးတယ်။ ခင်ဗျားမျက်နှာမျိုးကလဲ ကြည် ကြည်သလို၊ မရှင် မရှင်သလို ဖော်ပြနေလေ တော့ အကဲခတ်ရတာ သိပ်ဟန်ကျတယ်ဗျ"

"လုပ်စမ်းပါအုံးဗျာ။ ဒီတချက်တော့ ကျွန်တော်အံ့ဩတယ်ဗျာ။ လွန်ရော"

"ခုနင်က အသောအတွင် ခင်ဗျားစိတ်ကူးတွေကို ခင်ဗျား မှတ်မိသေးရဲ့လား"

"အခုမကန့်ပူသွန်းလို့ ဟိုတုန်းက ရောက်ခဲ့ဖူးတဲ့ အလွန်ပူပြင်းတဲ့ ရေနံချောင်းတို့၊ ပခုက္ကူတို့၊ ရွှေဘိုတို့တာတွေ စိတ်ထဲမှာ ပေါ်လာတော့ ကျွန်တော် မှတ်မိပါတယ်"

"ဒီနောက်တော့ ခင်ဗျားက တိုက်အတွင်းဘက်ကို မျက်နှာလှည့်လိုက်တယ် မဟုတ်လား။ ခင်ဗျား က ကျုပ်ကို သတိမပြုမိပေမယ့် ကျုပ်က စာရွက်ချပြီး စဉ်းစားနေရာက ခင်ဗျားကို အမှတ်မဲ့ကြည့်နေ မိတယ်။ ရှေးဦးစွာ ခင်ဗျားက တိုက်နံရံကို လှမ်းကြည့်လိုက်တော့ ဘိလပ်သွားဖူးတဲ့ မြန်မာ ကိုယ်စား လှယ်ကြီးသုံးဦး ဖေ၊ ပု၊ ရှိန်တို့ ဓာတ်ပုံကို မြင်မိတယ် မဟုတ်လား။ ဒီနောက်တခါ ဦးဥတ္တမပုံတော်ကို ခင်ဗျားလှမ်းကြည့်ပြန်တယ်။ ဒီနောက် ခင်ဗျားနဲ့ ကျုပ်နဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံကို လှမ်းကြည့်ပြန်တယ်။ ဦးဥတ္တမပုံတော်ကို နောက်တကြိမ် ကြည့်ပြန်တော့ ခင်ဗျားမျက်လုံးက ဓာတ်ပုံမှာ စိုက်မနေပဲ လက်ဝဲ ဘက်နဲ့ လက်ယာဘက်တွေကို တချက်စီ လှမ်းကြည့်သေးတယ် မဟုတ်လား။

"ဒီအခါမှာ ခင်ဗျားစိတ်ကူးက ဘာလဲဆိုတော့ ဦးဥတ္တမကိုယ်တော်ကြီးရဲ့ ပုံတော်ကို အလယ်က ထားပြီး ကိုယ်စားလှယ်သုံးယောက်ရဲ့ ဓာတ်ပုံနဲ့ ကျုပ်တို့ဓာတ်ပုံကို ဝဲယာက ခြံရံထားရ ကောင်းလိမ့်မယ်လို့ ခင်ဗျား စဉ်းစားမိတယ် မဟုတ်လား။ ဒါနဲ့ ခင်ဗျားက ဒီစိတ်ကူးအတိုင်း ချက်ချင်း ထလုပ်မယ်လို့ ကုန်း



www.burmeseclassic.com

www.burmeseclassic.com



ထလိုက်ပြီးမှ မန္တေတုန်းက တူကို ဟိုဘက်ခန်းက ငှားသွားတာ သတိရလေတော့ နေပါစေအုံးဆိုပြီး ပြန်ထိုင်ချလိုက်တယ် မဟုတ်လား။ ပြီးတော့မှ တခါ ကိုယ်စားလှယ်ကြီး သုံးယောက်ရဲ့ ဓာတ်ပုံကို ကြည့်ပြန်ရာက နေပြီး ခင်ဗျာ့မျက်နှာဟာ နည်းနည်းညိုးသွားတာ ကျုပ်မြင်လိုက်ရတယ်။ ခင်ဗျာ့မျက်လုံးကလဲ ဓာတ်ပုံမှာ အလယ်တည့်တည့် မဟုတ်လှဘူး။ ဦးထွန်းရှိန်ဘက်ကို ခပ်စောင်းစောင်း ကြည့်နေတယ်။ ပြီးတော့ မျက်နှာ ညိုးသွားရုံတွင် မကသေးဘူး။ ဦးခေါင်းကိုတောင် နည်းနည်းယမ်းလိုက်သေးတယ်။ ဘာလဲဆိုတော့ ခင်ဗျာ့စိတ်ထဲမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ တိုင်းပြည်မှာ ရှမ်းရှမ်းတောက် ကျော်ကြားလာတဲ့ ကျောင်းဆရာ ဦးထွန်းရှိန် ကွယ်လွန်သွားတဲ့အကြောင်းကို သတိရလာလို့ စိတ်ထဲမှာ လောကကြီးရဲ့ မရေရာတဲ့သဘောကို စဉ်းစားမိပြီး သံဝေဂဖြစ်လာတဲ့ အဓိပ္ပာယ်ပဲလို့ ကျုပ် စဉ်းစားယူနိုင်တာပေါ့ဗျ"

"မှန်ပါပေ့ဗျာ။ သွေးထွက်အောင် မှန်ပါပေတယ်။ ဓာတ်ပုံတွေကို နေရာရွှေ့ချိတ်ဖို့ရော၊ တူအကြောင်းရော အားလုံး မှန်ပါပေတယ်ဗျ"

ထိုအခါ ဦးစံရှားမှာ မိမိ၏အတတ်ကို တပည့်ဖြစ်သူအား ရှင်းပြသော်လည်း အံ့သြလျက်ပင် ရှိနေသေးသော တပည့်၏မျက်နှာကိုကြည့်ယင်း အရသာခံလျက်ရှိသည့် မျက်လှည့်ဆရာကဲ့သို့ မြိန်ရှက်စွာ ပြုံးလျက် ရှိလေ၏။

"ဒါတွေက ကျုပ်အဖို့ သိပ်အဆန်းကြီး မဟုတ်ပါဘူးဗျာ။ ခင်ဗျားက မယုံနိုင်သလို မျက်နှာထား မျိုးလုပ်နေလို့သာ ကျုပ်က အစွမ်းပြလိုက်တာပါ။ ကိုင်း၊ ဒါထက် ဟောဒီမှာ ပြဿနာတခု ရောက်နေပြန်ပြီဗျို့။ ဒီဟာကတော့ ခင်ဗျာ့စိတ်ကို အကဲခတ်ရသလောက် လွယ်ကူလှမယ် မဟုတ်ဘူးထင်တယ်။ ခင်ဗျား ခုနက ဖတ်နေတဲ့ သတင်းစာထဲမှာ ပဲခူးမြို့ ဗိုင်းဂနိုင်းရပ်ကွက်က မစ္စဂါလင်ဆိုတဲ့ ဗိုလ်ကပြားမတယောက်ဟာ ထူးဆန်းတဲ့ အထုပ်တခု စာတိုက်ကရတယ်ဆိုတဲ့အကြောင်း မတွေ့လိုက်ဖူးလားဗျာ"

"သတိမထားလိုက်မိပေါင်ဗျာ။ ဦးထွန်းရှိန်ကွယ်လွန်တာနဲ့၊ ဖေ၊ ပု၊ ရှိန်တို့ ကိုယ်စားလှယ်သုံးဦး အင်္ဂလန်သွားစဉ်တုန်းက အဖြစ်အပျက်တွေကို အသစ်လုပ်ပြီး ပြန်ထည့်နေတာနဲ့ ခပ်ပျင်းပျင်းရှိလို့ ကျွန်တော် စေ့စေ့စပ်စပ် မဖတ်ချင်တော့ပဲ ပြန်ချထားလိုက်မိတယ်"

"ဘယ်မှာလဲဗျ သတင်းစာ။ ပေးစမ်းပါအုံး"

ဦးစံရှားသည် ကျွန်ုပ်တော်လှမ်းပေးသော သတင်းစာကို လှန်လှော ရှာဖွေပြီးနောက် "ဟော ပါသားပဲဗျ။ နားထောင်၊ ကျုပ် ဖတ်ပြမယ်"ဆို၍ အောက်ပါအတိုင်း ဖတ်ပြလေ၏။

## ကြောက်မက်ဖွယ် ထူးဆန်းသော ပါဆယ်ထုပ်

ပဲခူးမြို့၊ ဗိုင်းဂနိုင်း ရပ်ကွက်တွင် နေထိုင်လျက်ရှိသော အင်္ဂလို အင်ဒီးယန်း(ဗိုလ်ကပြားမ) မစ္စဂါလင် ဆိုသူမှာ လူမြောင် လူနှောက်များ၏ ပြက်ရယ်ကျီစယ်ခြင်း ခံရသည့် လက္ခဏာနှင့် စာတိုက်မှ ပါဆယ်ထုပ်တခုရရှိကြောင်း။ မစ္စဂါလင်သည် စက္ကူနှင့် ရစ်ပတ်၍ ထုပ်ထားသော ပါဆယ်ထုပ် တခုကို စာပို့ကုလားထံမှရရှိသဖြင့် စက္ကူများကို ဖြေကြည့်လိုက်သောအခါတွင် ဂိုးဖလိဝ် စီးကရက်သံဗူးဝါတလုံး ပေါ်ထွက်လာသည်ကို တွေ့ရကြောင်း။ ထို့နောက် သံဗူးကို ဖွင့်လိုက်ရာတွင် ဆားများ ပေါ်ထွက်လာ၍ မစ္စဂါလင်သည် သံဗူးကို စားပွဲပေါ်၌ မှောက်သွန်ချလိုက်သောအခါ လူ၏ နားရွက်နှစ်ခု ပေါ်ထွက်လာသည်ကို ထိတ်လန့်အံ့သြစွာနှင့် တွေ့မြင်ရကြောင်း။ နားရွက်များမှာ မကြာသေးမီအတွင်းက လှီးဖြတ်ထားသည့် လက္ခဏာနှင့်တူ၍ တွန့်လိမ်ခြင်းမရှိပဲ လတ်ဆတ်စွာ ရှိနေသည်ဆိုကြောင်း။ ပါဆယ်ထုပ်တွင် ရန်ကုန်စာတိုက်



www.burmeseclassic.com

www.burmeseclassic.com


တံဆိပ် ပါရှိသည်ဖြစ်၍ ရန်ကုန်မြို့မှ တင်ပို့လိုက်ဟန်တူကြောင်း။ သို့သော် တင်ပို့သူ၏အမည် နေရပ် စသည်တို့ မပါရှိကြောင်း၊ မစ္စဂါလင်မှာ အသက် ခြောက်ဆယ်ခန့်ရှိ အပျိုကြီးဖြစ်၍ လွန်ခဲ့သော လေး ငါးနှစ်ခန့်က ရန်ကုန်မြို့ စတော့ကိတ်လမ်းတွင် နေထိုင်ခဲ့ဖူးကြောင်း၊ ထိုစဉ်အခါက မစ္စဂါလင်သည် ဆေးကျောင်းသား သုံးလေးယောက်တို့ကို ထမင်းလခနှင့် ကျွေးခဲ့ဖူးရာ နောက်ဆုံးတွင် ကျောင်းသားလူငယ်များ၏ မူးယစ် ဆူပူခြင်းများကို သည်းမခံနိုင်သဖြင့် ယင်းတို့ကို အိမ်မှ ဖယ်ထုတ်လိုက်ရသည် ဆိုကြောင်း၊ အဆိုပါ ဆေးကျောင်းသားသည် အိမ်ရှင် မိန်းမကြီးအပေါ်၌ အကျိတ်အခဲ မကျေနိုင်သဖြင့် နောက်ပြောင် ခြောက်လှန့်လိုသော သဘောနှင့် ယင်း နားရွက်နှစ်ဘက်ကို စာတိုက်မှ ထည့်ပေးလိုက်သည်ဟု ပုလိပ် အရာရှိများက ခွေးဆလျက်ရှိကြောင်း၊ ဆေးဘက်ဆိုင်ရာ ဆရာဝန်များအဖို့မှာ လူ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစုံတခုကို ရနိုင်ဖို့ မခဲယဉ်းသဖြင့် ယုတ္တိရှိသယောင် ဖြစ်နေကြောင်း၊ ယခုအခါ၌ စုံထောက် ကိုအုန်းဖေသည် ယင်းအမှုကို လိုက်လံစုံထောက်ရှိလျက်သဖြင့် မကြာမီ ပေါ်ပေါက်လိမ့်မည်ဟု မျှော်လင့်ဖွယ် ရှိကြောင်း။

စသည်တို့ပင် ဖြစ်လေသည်။ ဦးစံရှားသည် အထက်ပါ သတင်းကို ဖတ်ပြပြီးနောက်—

"ကိုင်း၊ သတင်းစာကတော့ ဟုတ်ပါပြီ။ မိတ်ဆွေ ကိုအုန်းဖေ့ဆီက စာကို ဖတ်ပြအုံးမယ်၊ နားထောင်ဗျ"

အမှုကလေးမှာ ဆရာကြိုက်တတ်သော အမှုမျိုးဖြစ်၍ ချက်ချင်းပင် သတိရမိပါသည်။ ကျွန်တော်တို့ ကိုယ်တိုင် သည်းခံ၍ အလုပ် လုပ်လျှင် ရှင်းလင်းနိုင်ရမည့် မှုချ ဖြစ်သော်လည်း သဲလွန်စ လုံလောက်စွာ မရနိုင်သည့် အတွက်ကြောင့် ဆရာ၏ အကူအညီကို အလိုရှိပါသည်။ ပါဆယ်ထုပ် ပေးပို့လိုက်သောသူနှင့် ပတ်သက်၍ ရန်ကုန်စာတိုက်ကြီးတွင် စုံစမ်းပါသော်လည်း ထိုနေ့က ပါဆယ်ထုပ် အမြောက်အမြား လက်ခံရရှိသည် ဖြစ်သောကြောင့် ပါဆယ်စာရေးသည် ယင်း အထုပ်ရှင်ကို မမှတ်မိပဲ ရှိနေသည်ဟု သိရှိရပါသည်။ ဆေးကျောင်းသားများ၏ နောက်ပြောင်ခြင်းဆိုသော တွေးဆချက်မှာ ယုတ္တိ ရှိသော်လည်း ဆရာ့ကို မတိုင်ပင်ရသေးမီ တာဝန် မယူလိုသည်ဖြစ်၍ စောင့်မျှော်လျက် ရှိပါသည်။ ဆရာကြွလာနိုင်လျှင် ဌာနာမှဖြစ်စေ၊ မစ္စဂါလင်၏ နေအိမ်မှဖြစ်စေ ကျွန်တော် စောင့်နေပါမည်။

စသည်ဖြင့် ဖတ်ပြလေ၏။ ထို့နောက် ဦးစံရှားက ဆက်လက်၍—

"ဘယ့်နှယ်လဲ ကိုသိန်းမောင်။ ဘာကိစ္စများ အထူးရှိသေးသလဲ။ လိုက်နိုင်ရဲ့ မဟုတ်လားဗျ"

"ပဲခူးကို မဟုတ်လား။ လိုက်နိုင်ပြီလားဗျ။ ဘာနဲ့ သွားကြမလဲ"

"ပြွန်တံဆာလော်ကယ်နဲ့ လိုက်ကြတာပေါ့ဗျာ။ ကိုင်း၊ ဒါဖြင့်လဲ အဝတ်ကလေး ဘာကလေး...."

× × ×

ဦးစံရှားသည် ကိုအုန်းဖေထံသို့ ကြေးနန်းတစောင် ရိုက်ကြားလိုက်ပြီး ဖြစ်သောကြောင့် ကျွန်တော်တို့ မီးရထား ဆိုက်ရောက်လာသောအခါတွင် ကိုအုန်းဖေမှာ ဘူတာရုံမှ ကြိုဆိုလျက်ရှိလေ၏။ ကျွန်တော်တို့သည် ဇိုင်းဂနိုင်းရပ်ကွက်သို့ ခြေကျင် လျှောက်သွားကြ၍ မစ္စဂါလင်၏နေအိမ်သို့ ရောက်ကြရာတွင် ယင်း၏ နေအိမ်မှာ အလွန်မကျယ်ဝန်းသော်လည်း ဆင်ဝင်ကလေးတွင် ဖြူစင်သော ခန်းဆီးများ၊ ပြောင်လက်သော စားပွဲကုလားထိုင်များဖြင့် သပ်သပ်ရပ်ရပ်ရှိသည်ကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မစ္စဂါလင်မှာ ဆင်ဝင်ဧည့်ခန်းတွင်ထိုင်လျက် လက်လုပ် စက်ကလေးဖြင့် အထည်အဝတ်များ ချုပ်လုပ်လျက်ရှိလေရာ အသက် ၄၀ ခန့်ရှိ၍ ခပ်ဖိုင့်ဖိုင့်ရှိသော်လည်း အရုပ်လည်း မဆိုး၊ ချောလည်း မချောလှပဲ ခပ်ရိုးရိုးအမူအရာရှိ၏။ ဗိုလ်ကပြားများအဖို့ ချောခြင်း အရုပ်ဆိုးခြင်းထက် ယောကျ်ားတို့၏ စိတ်ကို ဆွဲဆောင်တတ်သော အမူအရာရှိခြင်းသည် ပိုမိုအရေးကြီးလှသည်ဖြစ်ရာ မစ္စဂါလင်မှာ အရုပ် မဆိုးပါပဲလျက် ရိုးလွန်းသော အမူအရာရှိသည့်အတွက်ကြောင့် အိုရွယ်သို့တိုင်အောင် အပျိုကြီး ဖြစ်နေ ရဟန် တူသည်ဟူ၍ ကျွန်တော် စဉ်းစားမိသည်။

ဗိုလ်ကပြားများနှင့် ဗိုလ်များတို့သည် အချိန်အရွယ်ရှိစဉ် အတွင်း၌ အပျိုနှင့် လူပျိုတို့ လွတ်လပ်စွာ ရောနှောဆက်ဆံတတ်သော အလေ့အကျင့်ရှိကြသည်ဖြစ်ရာ ရိုးတိုးတိုး အမူအရာရှိသော မိန်းမများမှာ လူကြိုက်နည်းသဖြင့် အရမကြိုက် အကြိုက်မရ ဖြစ်ကြရပြီးလျှင် နောက်ဆုံး၌ အပျိုကြီးအဖြစ်နှင့် အသက် ထက်ဆုံး နေကြရလေတော့သည်။ သို့ဖြစ်၍ ယင်းတို့အနက်တွင် မြန်မာများထက် အပျိုကြီး အလွန်ပေါ များလေတော့သည်။

အနောက်တိုင်းသူများအဖို့၌ လင်ရစိမ့်သောငှာ ယောကျ်ားကို မြှူရခြင်း တည်းဟူသော အလုပ် သည့် အလွန်အရေးကြီးလှပေရာ ယင်းအတတ်၌ မကျွမ်းကျင်သော မိန်းမသည် အလျှင်း လင်မရနိုင်သည် မဟုတ်သော်လည်း မိမိနှင့် အဆင့်အတန်း တူညီသော လင်ယောက်ကျ်ားကို ရဖို့ အလွန်ခဲယဉ်း၏။ စဉ်းစား ဉာဏ်ရှိ၍ အောက်တန်းသို့ ဆင်းမယူလိုသော မာနရှိခဲ့လျှင် ထိုမိန်းမမှာ အပျိုကြီးအဖြစ်နှင့် ကိုယ့်ဝမ်းစာ ကိုယ်ရှာရလေတော့သည်။

မစ္စဂါလင်သည် ကျွန်တော်တို့၏ အဖော် ကိုအုန်းဖေကို မြင်သည်နှင့်တပြိုင်နက် စိတ်ရှုပ်သော အမူအရာနှင့် အင်္ဂလိပ်ဘာသာဖြင့်—

"တခါတည်း ယူသွားပါ ဆိုတော့လဲ ယူမသွားဘူးရှင်။ ခဏ ခဏ လာကြည့်နေရတာကို။ အိမ်ထဲမှာ မထားပါဘူး။ ကျွန်မ ရွံလွန်းလို့ နောက်ဖေးက မီးသွေးတဲထဲမှာ ထားပါတယ်။ ဟဲ့ ဖွားရှင် ရေ၊ လိုက်ပြလိုက်ပါကွယ်။ ယူယင်လဲ ယူသွားပါတော့ရှင်"

"ယူပါ့မယ် မစ္စဂါလင်။ ဒီက ကျွန်တော့်မိတ်ဆွေ မေးစရာရှိယင် မေးရအောင်လို့ မယူသေးပဲ ထားတာပါခင်ဗျာ။ သည်းခံပါ။ ဒီတခါတော့ ယူသွားပါတော့မယ်။ စိတ်ချပါ"

"ဘာများ မေးစရာရှိလို့လဲ။ ကျွန်မ ဘာမှ မသိရပါဘူးလို့ ပြောပြီးပြီဟာပဲ"

ထိုအခါ ဦးစံရှားသည် လူပျိုကြီး ဖြစ်စေကာမူ မိန်းမနှင့် စကားပြောသည့် အခါများတွင် အလိုက်သင့် အလျားသင့် ပြောတတ်သော ဝါသနာ ရှိသည့်အလျောက်—

"မှန်ပါတယ် မစ္စဂါလင်။ နဂိုကမှ စက်ဆုပ်စရာကြီး ဖြစ်ရတဲ့အထဲမှာ ခဏခဏ လာမေးနေကြ တော့ စိတ်တိုမယ်ဆိုလဲ တိုလောက်စရာပေပခင်ဗျာ"

"ဟုတ်ပါရဲ့ရှင်။ ကျွန်မ ဝါသနာက စကားနည်းနည်းနဲ့ အေးအေးဆေးဆေး ကုပ်ကုပ်ကလေး နေတတ်ပါလျက်နဲ့ ဟိုက လာမေး၊ ဒီက လာမေး၊ သတင်းစာထဲ ထည့်လိုထည့်၊ ဘယ်လောက်ရှုပ်သလဲ ရှင်။ ရှင်တို့ ကြည့်ချင် နောက်ဖေးလိုက်ပြီး ကြည့်ချေကြပါ၊ ဒီအထဲတော့ ယူမလာကြပါနဲ့ ရှင်တို့"

"စိတ်ချပါ မစ္စဂါလင်"

ကျွန်တော်တို့သည် အစေခံမလေး ဖွားရှင်နှင့်အတူ လိုက်သွားကြ၍ အိမ်နောက်သို့ ရောက်ကြသော အခါ ထင်း၊ မီးသွေး၊ ထင်းရှူးသေတ္တာစုတ် အစရှိသည့် တိုလီမိုလီပစ္စည်းများ သိုလှောင်ထားသော တဲကလေးရှေ့တွင် ရပ်ကြ၍ ဖွားရှင် ယူပေးသော ပစ္စည်းများကို ကြည့်ကြလေ၏။ ယင်းတို့မှာ ဘန်ချည်ကြိုး

www.burmeseclassic.com



တချောင်း၊ စက္ကူစုတ်များနှင့် ဂိုးဖလိပ် သံဗူးတဗူးဖြစ်လေရာ ကိုအုန်းဖေက "ဆရာ့ဝါသနာကို ကျွန်တော် သိလေတော့ ချည်တဲ့ကြိုးရော၊ ထုပ်တဲ့စက္ကူတွေရော လွှင့်မပစ်ဖို့ တမင် မှာထားရတယ်ဆရာ" ဟု ပြောလေ၏။

ဦးစံရှားသည် ရှေးဦးစွာ ဘန်ချည်ကြိုးကို နမ်းကြည့်၍ "အရက်စော် နံသလိုလိုပါလားဗျ" ဟု ပြောလိုက်ရာ ကျွန်တော်နှင့် ကိုအုန်းဖေတို့က ကောက်ယူ နမ်းကြည့်သည်တွင် အရက်နံ့ ငွေ့ငွေ့ကလေး ရှိသည်ဟု ထင်ကြရ၏။ သို့သော် ဦးစံရှားက ထုတ်ဖော်၍ မပြောခဲ့လျှင် စဉ်းစားမိကြမည်ပင် မဟုတ်ချေ။ ထို့နောက် ဦးစံရှားသည် သံဗူး၌ ရစ်ပတ်ပါသည်ဆိုသော စက္ကူများကို ဖြန့်ကြည့်၍ "စက္ကူတွေက ဗလာမဟုတ်ဘူးဗျို့။ ပုံစံစက္ကူတွေပါကလား။ မှန်းစမ်း။ ဩော်၊ ဟုတ်တယ်ဗျို့။ ဆေးဝတီကုမ္ပဏီက ကုန် တင် ကုန်ချ ပုံစံတွေပါကလား။ ခင်ဗျား သတိပြုမိသလား ကိုအုန်းဖေ"

"ဟုတ်ကဲ့၊ သတိထားမိပါရဲ့ ဆရာ"

"ပြီးတော့ ကြိုးကိုလဲ ကြည့်စမ်း။ ခေါနဲ့ဖြတ်တာလဲ မဟုတ်၊ အထုံးကို ဖြေထားတာလဲ မဟုတ်၊ ကတ်ကြေးနဲ့ ကိုက်ထားတာဗျ။ အဖျားက ခပ်ဖွာဖွာဖြစ်နေတယ်။ တွေ့လား"

"ဟုတ်ပါတယ် ဆရာ"

"လိပ်စာပုံ ကြည့်စမ်းဗျို့။ လက်ရေးမဟုတ်ဘူး။ ပုံနှိပ်စာလုံး သုံးထားတယ်။ မစ္စ အဲဗစ်ဂါလင်၊ နံပါတ် ၂၅၊ ဗိုင်းဂနိုင်းရပ်၊ ပဲခူးမြို့တဲ့။ မင်လုံးထုပုံကြည့်တော့ ရီသိနစ် တပ်ထားတဲ့ ဖောင်တိန်နဲ့ ရေးဟန်တူရဲ့၊ မင်ကတော့ တော်တော်ညံ့တယ်။ တနေရာမှာ ပိုစမင်းရဲ့ ချွေးထိလို့ထင်ရဲ့၊ ခပ်ပျက်ပျက် ဘောင် ဖြစ်နေတယ်။ တွေ့လား။ ဗိုင်းဂနိုင်းကို ကောနဲ့ စာလုံးပေါင်းမယ်လုပ်ပြီးမှ တဝက်လောက်မှာ သတိရလို့ ဂျီနဲ့ ပြင်ပေါင်းသွားတာ တွေ့ရဲ့လား။ လက်ရေးကတော့ ယောကျ်ားလက်ရေးပဲ။ အင်္ဂလိပ်စာ သိပ်တတ်တဲ့ အထဲက မဟုတ်ဘူး။ သံဗူးကတော့ ဂိုးဖလိပ် စီးကရက် ၅၀ ဝင်ဗူးပဲ။ အောက်နားဆီမှာ လက်မအရာတခုတွေ့ရဲ့။ ပါဆယ်ထုပ်ရှင်လား၊ ပိုစမင်းလားတော့ မဆိုနိုင်ဘူး။ ဗူးထဲက ဆားကတော့ နိုင်ငံခြားဆား မဟုတ်ဘူးဗျို့၊ ငါးပိသိပ်တဲ့ ပြည်တော်ဖြစ် ဆားနဲ့တူရဲ့။ ဩော် အထဲကတော့ ဒီဟာတွေ ပဲ့ကိုး"

ဦးစံရှားသည် သံဗူးထဲမှ ဆားများကို သွန်ချ၍ အတွင်း၌ရှိသော နားရွက် နှစ်ခုကို ထုတ်ပြီးလျှင် ဓါးပိုက်ဆောင် မှန်ဘီလူးကလေးနှင့် သေချာစွာ ကြည့်နေလေရာ ကျွန်တော်နှင့် ကိုအုန်းဖေတို့သည် တဘက်တချက်ဘွင်ရပ်လျက် နားရွက်များနှင့် ဦးစံရှား၏မျက်နှာကို တလှည့်စီ ကြည့်နေကြလေ၏။ နောက်ဆုံး၌ ဦးစံရှားသည် နားရွက်များကို သံဗူးထဲသို့ ပြန်ထည့်၍ ဆေးတဆုံကို မီးညှိပြီးလျှင် အငွေ့ ချောင်းချောင်းထွက်အောင် ရှူဖွာယင်း စဉ်းစားစိတ်ကူးလျက် ရှိလေ၏၊ ထို့နောက်မှ ကိုအုန်းဖေဘက်သို့လှည့်၍—

"နားရွက်နှစ်ဘက်ဟာ လူတယောက်တည်းရဲ့ နားရွက်တစုံ မဟုတ်ဘူး ဆိုတာတော့ ကိုအုန်းဖေ သတိပြုမိရဲ့ မဟုတ်လား"

"ပြုမိပါတယ်ဆရာ။ သို့သော် ဆေးကျောင်းသားများ ကျီစားတာ ဖြစ်ခဲ့လို့ရှိယင် သူတို့လူစုအဖို့မှာ နားရွက်တဖြာစီရဖို့ ဘာခဲယဉ်းမလဲ ဆရာ"

"မခဲယဉ်းတာကတော့ မှန်ပါတယ်။ သို့သော် ဒီအမှုက လူငယ်များ နောက်ပြောင် ကျီစားထားတဲ့ အမှု မဟုတ်ဘူး ကိုအုန်းဖေရဲ့"

"ဆရာ့ဟာ သေချာရဲ့လား ဆရာ"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"သောချာသလောက်ပါပဲ။ ဆိုကြပါစို့၊ ဆေးကျောင်းသားများက ရင်ခွဲရုံထဲကယူတဲ့ နားရွက်တွေဖြစ်ခဲ့လို့ရှိယင် ဆေးရုံများထုံးစံမှာ အလောင်းကို မပုပ်မသိုးစေရအောင် ဆေးထိုးတဲ့အလေ့ ရှိတယ်ဗျ။ ဒီနားရွက်တွေ ဘာဆေးနံ့မှ မရဘူး။ ပြီးတော့ လှီးဖြတ်တဲ့ ဓားကလဲ တော်တော်တုံးပုံရတယ်။ ဆေးကျောင်းသားလက်ချက်ဆိုယင် ဒီအလုပ်မျိုးအတွက် လက်နက်ကောင်းတွေ ရှိလေတော့ တိတိရိရိ ဖြတ်ရမယ်။ အခုတော့ လှီးသားတဲ့နေရာမှာ ဖွာလန်ကျဲနေတယ်ဗျ။ တချက်ကလဲ ဆေးကျောင်းသားတယောက်ဟာ မပုပ်မသိုးရအောင် လုပ်ချင်တယ်ဆိုယင် အရက်ပျံတို့ဘာတို့သုံးမှာမယ်။ အခုလို ငါးပိလုပ်တဲ့ ဆားကိုတော့ သုံးမယ် မထင်ဘူး။ ကျုပ်တွေးတဲ့ အတိုင်းပါပဲ ကိုအုန်းဖေ၊ ဒီအမှုဟာ ကျီစားတဲ့ အလုပ်မဟုတ်ဘူး။ လူသတ်မှုနဲ့ တူတယ်ဗျ"

ကျွန်ုပ်တော်မှာ ဦးစံရွှေး၏စကားကို ကြားရသည့်အတွက် ကြောက်မက်ဖွယ်ကောင်းသော လူသတ်ယောကျ်ား၏ လက်ချာကို မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် မြင်လျက်ရှိသော်လည်း ကိုအုန်းဖေမှာမူ မယုံ့တယုံ ရှိနေသေးသည့်အမူအရာဖြင့် ဦးခေါင်းကိုယမ်းကာ စဉ်းစားစိတ်ကူးလျက်ရှိလေ၏။ ထို့နောက်—

"ကျီစားတယ်ဆိုတဲ့ တွေးလုံးဟာတော့ သဘောမကျနိုင်စရာ အချက်ကလေးတွေ ရှိတာကို ကျွန်တော် ရိပ်မိပါတယ်။ နို့ပေမယ့် ဆရာ ပြောတဲ့ လူသတ်မှုဆိုတာ သာပြီး ကန့်ကွက်စရာတွေများသေးတယ် ဆရာ။ မစ္စဂ္ဂါလင်ဟာ အပျိုကြီးအဖြစ်နဲ့ ကျောင်းဆရာမ လုပ်နေတုန်းကရော၊ သူ့အဖေ ညီတယောက်သေလို့ အမွေရပြီး ဘီအိုစီကုမ္ပဏီက ရှယ်ယာအမြတ်ကလေးနဲ့ စားသောက်ပြီးနေတော့ရော အင်မတန် အေးအေးချမ်းချမ်းနေဘတ်တဲ့ မိန်းမတယောက်ပဲ ဆရာရဲ့။ သူက ဘယ်သူနဲ့မှ ရန်မဖြစ်ဖူးလို့ ရန်သူလဲ မရှိဘူးတဲ့ဆရာရဲ့။ ဒီတော့ သူ့ကို အခုလောင့်အယှက်ပေးလိုတဲ့ သဘောနဲ့ ရန်သူတဦးတယောက်က ဒီနားရွက်တွေ ဖြတ်ပို့လိုက်တဲ့ဖို့ဟာ မခဲယဉ်းဘူးလားဆရာ။ သို့သော် မစ္စဂ္ဂါလင်ဟာ သူသိလျက်နဲ့ ကျွန်တော်တို့ကို ဖွင့်မပြောပဲ ဖုံးကွယ်ထားတဲ့ အချက်များ ရှိလိမ့်မယ်လို့ ဆရာတွေးမိလို့လား"

"ဒီလိုတော့ မထင်ပါဘူး။ ကျုပ် ကောက်ခဲ့တဲ့ရသလောက်တော့ အင်မတန်ရိုးတဲ့ မိန်းမနဲ့ တူပါရဲ့"

"ဒါဖြင့် ဘယ်လိုလူက ဒီဟာတွေ သူ့ဆီ ပို့မှာလဲ ဆရာ"

"အဲဒါ ကျုပ်တို့ စုံစမ်းဖို့ လိုတာပေါ့ဗျ၊ ကျုပ်အယူကတော့ လူနှစ်ယောက်ကိုသတ်ပြီး နားရွက်တခုစီ ဖြတ်ပို့လိုက်တယ် ထင်တာပဲ။ ကျုပ်တော့ ဒီအယူကို အခြေတည်ပြီး သဲလွန်စပေါ်အောင် လိုက်ချင်တာပဲ။ နားရွက် နှစ်ခုအနက် တခုဟာက မိန်းမနားရွက်နဲ့ တူတယ်ဗျ၊ ခပ်သေးသေးပဲ။ နားပေါက်လဲပါတယ်"

"နားပေါက်ပါယင် ဗမာမိန်းမပေါ့ ဆရာ"

"ဒါ မပြောနိုင်ဘူး။ တချို့ ကပြားမတွေလဲ နားပေါက်နဲ့ပဲ။ မစ္စဂ္ဂါလင်မှာ နားပေါက်ပါတာ ခင်ဗျား သတိပြုမိတယ်မဟုတ်လား။ အမေက ဗမာမဆိုတော့ တချို့ကပြားမတွေ ငယ်ငယ်ကနားဖောက်ကြတယ်ဗျ။ ဒီ့ပြင် နားရွက်တခုကတော့ တော်တော်လဲ ကြီးတယ်၊ နားပေါက်လဲမပါဘူး။ ယောကျ်ားနဲ့ပဲ တူပါရဲ့။ ကျုပ်အထင်ကတော့ သေပြီးမှ အလောင်းက ဖြတ်ယူတယ် ထင်တာပဲ။ အရှင်လတ်လတ် ဖြတ်ယူတယ်ဆိုယင် ခုလောက်ရှိ အဖြတ်ခံရတဲ့ လူတွေက ဆူနေရောပေါ့။ ဒါထက် ဒီကနေ့ သောကြာနေ့ နေ့၊ ပါဆယ်ထုပ် ရတာက ကြာသပတေးနေ့မှာ ရတယ်ဆိုတော့ ဗုဒ္ဓဟူးနေ့က ပို့လိုက်ဟန်တူရဲ့။ ဒီတော့ နားရွက်တွေဖြတ်ခြင်းဟာ တနင်္လာ၊ အင်္ဂါနေ့လောက် ဖြစ်မှာပဲ။ လူတွေကိုသတ်ပြီး နားရွက်တွေ ဖြတ်ပို့တယ်ဆိုယင် သတ်တဲ့လူ ကိုယ်တိုင်ကလဲ့လို့ ဘယ်သူ့ဆီ့ မှာလဲဗျာ။ ဒီတော့ ပါဆယ်ထုပ်ပို့တဲ့လူကို တွေ့အောင် ရှာနိုင်ခဲ့လို့ရှိယင် သတ်တဲ့လူကို အထူးရှာနေဖို့ မလိုဘူးပေါ့။ သို့သော် ဒီနားရွက်တွေ ဖြတ်ပို့ခြင်းဟာ



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် အရေးကြီးတဲ့ ရည်ရွယ်ချက် တခုခု ရှိရမယ်ဗျ။ သတ်ပြီးကြောင်း သေချာအောင် သက်သေပြလိုသောကြောင့် သော်လည်းကောင်း၊ သို့တည်းမဟုတ် မစ္စဂါလင်ကို ညှဉ်းဆဲလိုသောကြောင့် သော်လည်းကောင်း တခုခု ဖြစ်ရမယ်လို့ တွေးဖို့ရှိတာပဲ။ ဒီလိုဆိုယင် ဘယ်သူ ဘယ်ဝါ ဆိုတာကို ဒီမိန်းမ သိရမယ်။ သို့သော် သူ့ကြည့်ရပုံက သိတဲ့လက္ခဏာမရှိဘူး။ အကယ်၍ သူသိခဲ့လို့ရှိယင် ပုလိပ်ကို တိုင်ခေနစရာ အလုပ်မရှိဘူး။ နားရွက်တွေကို တူးမြှုပ်ပစ်လိုက်ယင် ကိစ္စပြီးသွားတာပဲ။ အခုတော့ သူက ပုလိပ်တိုင်ထားတယ်ဆိုတော့ တော်တော် အစဉ်းစားရ ကျပ်နေတာပဲဗျ"

ဦးစံရှားသည် အထက်ပါ စကားများကို ပြောနေစဉ် ဝင်းထရံပေါ်မှ မျှော်၍ လမ်းပေါ်သို့ ကြည့်လျက်ရှိရာ စကားအဆုံးတွင် မစ္စဂါလင်အား မေးမြန်းရန် စကား အနည်းငယ် ရှိသည်ဆို၍ အိမ်တွင်းသို့ ဝင်မည်ပြုသည်တွင် ကိုအုန်းဖေက ထိုမိန်းမနှင့်တွေ့ဆုံရန် အလိုမရှိဟုပြောပြီးလျှင် ပုလိပ်ဌာနာမှ စောင့်နေပါမည်ဆိုကာ ထွက်သွားလေ၏။

ကျွန်တော်နှင့် ဦးစံရှားတို့သည် အိမ်တွင်းသို့ ဝင်သွားကြသောအခါ မစ္စဂါလင်မှာ လက်လှည့်စက်တွင် အပ်ချုပ်လျက်ပင် ရှိသေးရာ ကျွန်တော်တို့ ဝင်လာသည်ကို မြင်သောအခါတွင် စက်ကို လက်နှင့် ဘရိတ်အုပ်ကာ ရပ်ထားလိုက်လေသည်။

"တခုခုများလို့ ထင်ပါရဲ့ရှင်။ ကျွန်မဆီပို့တဲ့ ပါဆယ်ထုပ် ဟုတ်မယ် မထင်ပါဘူး။ ပုလိပ်တွေကတော့ ကျွန်မ ဒီလို ပြောတာကို မယုံကြဘူးရှင့်။ ရယ်လို့ချည်း နေကြတယ်။ ကျွန်မကို မုန်းတဲ့လူ တယောက်မှ မရှိပဲနဲ့ ဘယ်သူက ကျွန်မ စိတ်ညစ်အောင် လုပ်ချင်မှာလဲရှင်"

"ကျွန်တော်လဲ ဒီလိုပဲ သဘောရပါတယ် မစ္စဂါလင်။ ကျွန်တော့် အထင်ကတော့...."

ဦးစံရှားသည် စကားကို ဆုံးအောင် မပြောပဲ ရုတ်တရက် ရပ်တန့်ကာ မစ္စဂါလင်၏ မျက်နှာကို နံဘေးမှ စိုက်ခေးလျက် ကြည့်နေသဖြင့် ကျွန်တော်လည်း ဦးစံရှား၏မျက်နှာကို မော့ကြည့်လိုက်မိလေ၏။ ဦးစံရှား၏ မျက်နှာ၌ အံ့သြခြင်းနှင့် မိမိတွေးထင်သည့်အတိုင်း ဟုတ်မှန်နေသည်ကို တွေ့ရသည့်လက္ခဏာဖြင့် ကျေနပ်ခြင်းတို့သည် ထင်ရှားစွာ ဖြစ်ပေါ်လျက်ရှိရာ မစ္စဂါလင်က သူ၏မျက်နှာကို လှည့်လိုက်သောအခါတွင်မှ ဦးစံရှားလည်း မျက်နှာထားတမျိုး ပြင်လိုက်လေ၏။ ကျွန်တော်သည် မစ္စဂါလင်၏ ဖြူးသား တည်ကြည်သော မျက်နှာနှင့် ခပ်ရိုးရိုး ဝတ်ဆင်ထားသော အဝတ်အစားများကို ကြည့်ပါသော်လည်း မည်သည့်အချက်ကို ဦးစံရှား တွေ့ရသဖြင့် အထက်ပါ မျက်နှာမျိုး ဖြစ်ပေါ်သွားသည်ဟု မတွေးနိုင်အောင် ရှိလေတော့သည်။

"ကျွန်တော် မေးစရာလေး တခု နှစ်ခုလောက်...."

"တယောက်လာ မေး၊ တယောက်လာ မေးနဲ့ ကျွန်မဖြင့် စိတ်ညစ်လှပါပြီ။ ကိုင်းပါရှင်၊ မေးပါတော့"

"ခင်ဗျားတို့မှာ ညီအစ်မ သုံးယောက် မှတ်တယ်"

"ရှင် ဘယ့်နှယ် သိသလဲ"

"အခန်းထဲ ကျွန်တော် ဝင်လာလာချင်း ခင်ဗျားတို့ သုံးယောက် တွဲရိုက်ထားတဲ့ ဓာတ်ပုံကို မြင်မိလို့ မျက်နှာချင်း ဆင်တူတာနဲ့ ညီအစ်မတွေလားလို့ တွေးမိတာပါပဲ။ ဟုတ်တယ် မဟုတ်လား မစ္စဂါလင်"

"ဟုတ်ပါတယ်၊ ကျွန်မက အကြီးဆုံး ဆူဆင်ပါတဲ့။ တယောက်က ဆာရာတဲ့၊ တယောက်က မေရီတဲ့။ ညီအစ်မတွေပါ"

"ယောဟိုက စုံတွဲကကော၊ မေရီနဲ့ သူ့ခင်ပွန်း မှတ်တယ်"

---

တတိယအကြိမ်

www.burmeseclassic.com



"ရှင် တယ် မျက်စိစူးပါကလား"

"ကျွန်တော့်အလုပ်က မျက်စိစူးဖို့ လေ့ကျင့်ထားရပါတယ်။ ခင်ဗျား မတ် ဝတ်ထားတာ ဘာယူနီဖောင်းလဲ။ ရေဝတီသင်္ဘောကုမ္ပဏီက အရာရှိ မှတ်တယ်"

"ဟုတ်ကဲ့။ မာလိန်အလုပ် လုပ်ပါတယ်။ မေရီနဲ့ ရစတုန်းက သူ့မယားကို ချစ်လွန်းလို့ ကြာရှည် မခွဲနိုင်ပါဘူးဆိုပြီး မန္တလေး စာပို့ကြီးမှာ မာလိန်ကြီး ရာထူးကို လွှတ်ပြီး မြစ်ဝကျွန်းပေါ်ဘက် သွားတဲ့ ကုတ္တိုသင်္ဘောကလေး တစင်းမှာ မာလိန်ကလေး အလုပ်ကို ဆင်းလုပ်တဲ့ လူပရှင်။ အတော်ရူးတဲ့ လူ တယောက်ပဲ"

"မြစ်ဝကျွန်းပေါ်ဆိုတော့ ပုသိမ်ဘက်လား"

"ပုသိမ်တို့၊ အိမ်မဲတို့၊ ဓနုဖြူတို့ ခဏ ခဏ ပြောင်းနေရတာမဟုတ်ပဲရှင်"

"ခုကော ခင်ဗျ"

"ခုတော့ ဘိုကလေးသင်္ဘောဆို ထင်ပါရဲ့"

"အင်္ဂလို အင်ဒီးယန်း ဖြစ်မှာပေါ့"

"ဟုတ်ပါတယ်။ ကျွန်မနဲ့လဲ အင်မတန် ခင်ဖူးပါတယ်။ ဂျင်မိက အရက် မသောက်ယင် လူထဲမှာ အကောင်းဆုံးတယောက်ပါပဲ။ ဒါပေမယ့် သူ့ဟာက အရက်ကလေး နည်းနည်းမူးမိယင် ဘယ်သူ့မှ လူမထင်တော့ဘူး။ မသောက်တော့ပါဘူးလို့ ခဏခဏ ကတိထားပြီး ခဏ ခဏ ဖောက်ဖျက်ပင်တဲ့ လူ တယောက်ပဲ။ ခုတလောမှာ သူတို့ဆီက စာမရလို့ ဘယ်လို အခြေအနေ ဖြစ်နေတယ်လို့ ကျွန်မ မသိရ တော့ပါဘူး"

မစ္စဂါလင်မှာ စကားနည်းသူတယောက် ဖြစ်သော်လည်း စကားနည်းသူတို့၏ သဘာဝ အတိုင်း မိမိတို့ စိတ်နှင့်တွေ့သော အခြင်းအရာများနှင့် ပတ်သက်၍ စကား စပ်မိသောအခါတွင် ကရားရေသွန် ပြောချင်တတ်သည် ဖြစ်ရကား ပြောယင်းဆိုယင်းပင် အာရှင်လာသည်ဖြစ်၍ မတ်တော်မောင် မာလိန် ဂျင်မ်ဘာတင် အကြောင်းများကို အသေးစိတ်၍ ပြောဆိုလေတော့သည်။ သူ၏စကားများအရ ကျွန်တော် တို့ အကဲခတ်ရသော် ဂျင်မ်ဘာတင်သည် အစ်မအကြီးဆုံးဖြစ်သူ မစ္စဆူဆင်ဂါလင်နှင့် ရှေးဦးစွာ ချစ်ကြိုက် ပြီးမှ အငယ်ဆုံးဖြစ်သူ မေရီဂါလင်နှင့် ထိမ်းမြားလက်ထပ်ခြင်း ဖြစ်ဟန်တူသည်ဟု ကျွန်တော်တို့ ရိပ်မိနိုင် ပေ၏။ ထို့နောက် မစ္စဂါလင်သည် ရန်ကုန်မြို့ စတော့ကိတ်လမ်း၌ နေစဉ်က ထမင်းလခနှင့် ကျွေးဖူးသည့် ဆေးကျောင်းသား သုံးယောက်တို့က ဟော့ရမ်း သော့သွမ်းပုံများကို ခရေစေ့တွင်းကျ ပြောပြလေရာ ဦးစံရှားသည် နှုတ်ဆိတ်သော လူများထံမှ စကား 'အောက်' ယူသောအလုပ်တွင် ပထမတန်း ကျွမ်းကျင်သူ တယောက် ဖြစ်သည့်အတိုင်း နာရီဝက်မျှ မကြာမီအတွင်း မစ္စဂါလင်၏ ရှေးဟောင်းနှောင်းဖြစ်များကို စုံလင်စွာ သိရှိခဲ့ရပေတော့၏။

ဦးစံရှား၏ စကား 'ချူ' နည်းမှာ အခြားမဟုတ်။ တဘက်သား ပြောပြသည့်စကားများ အနက် ပျင်းရိငြီးငွေ့ဖွယ်သော အကြောင်းအရာများ ပါရှိစေကာမူ သန်းဝေခြင်းမရှိပဲ အလွန်စိတ်ပါဝင်စားခြင်း ရှိသော မျက်နှာထားမျိုးဖြင့် နားထောင်လျက် တချက်ချက်တွင် အလွန် အဆစ်အပိုင်းကျသော စကား တလုံးတလေဖြင့် ထောက်၍ ပေးခြင်းမျှ ဖြစ်ပေ၏။ ထို့ကြောင့် ဦးစံရှားနှင့် တွေ့ရလျှင် စကားမပြောတော့ ပါဘူးဟူ၍ သန္နိဋ္ဌာန်ချထားသော လူများပင် အာရှင် လျှာသွက်လျက် ရှိသည်ကို ကြိမ်ဖန်များစွာ ကြုံခဲ့ရ ဖူးလှလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နေပါအုံး မစ္စဂါလင်ရဲ့။ ခင်ဗျားညီမလတ် မစ္စဆာရာဂါလင်ကလဲ အိမ်ထောင်မရှိဘူးဆို။ ဒီလိုဆိုယင် အပျိုကြီး ညီအချင်း အတူတူ နေကြဖို့ မကောင်းဘူးလား ခင်ဗျာ"

"ဩော်၊ ရှင်က ဆာရာအကြောင်း မသိရှာပဲကိုး။ သိပ်ဆိုးတဲ့ မိန်းကလေးပဲရှင်။ ဒီအိမ်မှာ သူလာနေဖူးသေးတာပဲ။ နေမဖြစ်လို့ ခွဲထွက်သွားတာ ဘာကြာသေးသလဲ။ ညီမအကြောင်း မကောင်းပြောရတာ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းရသလို နေလို့ မပြောချင်ပါဘူးရှင်။ ဆာရာက သူများနဲ့မတူဘူး။ စွာလဲ စွာချင်သေးရဲ့။ ချေးများလိုက်တာကလဲ လွန်ပါရောရှင်။ ဘယ်သူမှ သူ့ကို တည့်အောင် မပေါင်းနိုင်ဘူး ရှင်"

"သူ့ညီမ မေရီနဲ့ကော မသင့်မြတ်ကြဘူးလား"

"တခါတုန်းကတော့ သူတို့ညီအစ်မ သင့်မြတ်လှတယ်ဆိုပြီး အတူတူ နေလိုက်ကြပါသေးတော့။ အခုတော့ ဘာဖြစ်သာကြတယ် မဆိုနိုင်ဘူး။ ဆာရာက ဂျင်မီ့အကြောင်းလဲ အကောင်း မပြောဘူး။ သူ့ညီမ မေရီ့အကြောင်းလဲ အကောင်း မပြောဘူးရှင့်။ ကျွန်မ အသင်ကတော့ သူတို့သင်မယား အထဲမှာ ဆာရာက ဝင်စွက်လေတော့ ဂျင်မီကလဲ ငေါက်ထုတ်။ မေရီကလဲ ကျေးဇူးမတင်။ အဲဒီလို ဖြစ်ခဲ့ကြ ထင်ပါရဲ့ရှင်"

ထို့နောက် ဦးစံရှားသည် ညီမအသတ် ဆာရာ၏ နေအိမ်ကိုမေး၍ မစ္စဂါလင်အား အနှောင့်အယှက်ပေးရသည့်အတွက် ဝမ်းနည်းကြောင်းဖြင့် လောကဝတ်စကား ပြောပြီးလျှင် နေအိမ်မှ ထွက်လာခဲ့ကြလေ၏။ ဆာရာဂါလင်မှာ ပဲခူးမြို့ ရုံးကြီးအရှေ့ဘက်တွင် နေထိုင်ကြောင်း သိခဲ့ရသဖြင့် ကျွန်တော်တို့သည် မြင်းရထားတစီးနှင့် ထိုနေရပ်သို့ ထွက်လာခဲ့ကြလေ၏။

ကြေးနန်းရုံးရှေ့သို့ ရောက်သောအခါ ဦးစံရှားသည် မြင်းရထားကို ခေတ္တရပ်စေ၍ ကြေးနန်းတစောင် ရိုက်ခဲ့ပြီးလျှင် တလမ်းလုံး စကားမပြောပဲ နှုတ်ဆိတ်စွာနှင့် ထိုင်၍ လိုက်လာလေ၏။ ညွှန်ကြားလိုက်သော နေအိမ်ရှေ့သို့ ဆိုက်ရောက်သောအခါ ဦးစံရှားသည် မြင်းရထားကို မလွှတ်သေးပဲ ရပ်ဆိုင်းနေရန် မှာထား၍ အိမ်ပေါ်သို့ တက်မည်ပြုသည်တွင် သားရေအိတ်ငယ်ကို ကောက်ဆွဲလျက် အိမ်ပေါ်မှ ဆင်းလာသည့် အိန္ဒိယတိုင်းရင်းသား ဘာသူဘယောက်နှင့် လှေကားတွင် ဆုံမိကြလေ၏။

"မစ္စဂါလင် ရှိပါသလား"

"ရှိတော့ ရှိတယ်၊ နို့ပေမယ့် သိပ်နေမကောင်းဘူး မိတ်ဆွေ။ မနေ့တုန်းက သူ့စိတ်ကို ဘာက ဘယ်လို ထိခိုက်သွားတယ် မဆိုနိုင်ဘူး။ ဦးနှောက်နည်းနည်း ပျက်နေတယ်။ ကျွန်တော်က ဆရာဝန်ပါပဲ။ အမှန်အတိုင်း ဖွင့်ပြောရယင် ကျွန်တော့်လူနာကို ဘယ်သူနဲ့မှ အတွေ့မခံစေလိုဘူး။ ကိစ္စ သိပ်အရေးမကြီးယင်တော့ သည်းခံစေလိုဘယ်ဗျာ။ ဖြည်းဖြည်းမှ တွေ့ကြတာပေါ့"

ထို့နောက် ဘာသူဆရာဝန်သည်း ခပ်သုတ်သုတ် လျှောက်သွားလေရာ ဦးစံရှားလည်း ကျွန်တော်၏ မျက်နှာကို လှမ်းကြည့်ပြီးနောက် "တွေ့မဖြစ်ဖူးဆိုယင်လဲ မတွေ့ပဲနေကြရုံ ရှိတာပေါ့လေ။ ဟုတ်ဘူးလား ကိုသိန်းမောင်"ဟု သွားဖြီကာ ရယ်မောလျက် ပြော၏။

"တွေ့ရတောင် ခင်ဗျားမေးတာကို ဘာမှ ပြောနိုင်မယ် မထင်ပေါင်ဗျာ"

"ကျုပ်က မေးစရာလဲ မရှိပါဘူး။ ကြည့်ရုံလောက် ကြည့်ချင်တာပါပဲ။ သို့သော် တော်ပါပြီလေ။ ကျုပ်သိချင်တာကလေးကိုလဲ သိပြီးပါပြီ။ ဟော့ ဂယ်ရီပါလား။ ခေါက်ဆွဲဆိုင်ကောင်းကောင်း မောင်းပို့စမ်းကွာ။ ဗိုက်ကလေးတောင့်မှ ကိုအုန်းဖေဆီ သွားကြစို့လားဗျာ ကိုသိန်းမောင်"

ဒုတိယအကြိမ်

www.burmeseclassic.com



ခေါက်ဆွဲကြော်ဆိုင်၌ ကျွန်တော်တို့သည် တောက်တောက်ကြော်နှင့် ခေါက်ဆွဲများ မှာယူစားသောက်လျက် ရှိကြစဉ် ဦးစံရှားသည် အမှုနှင့် ပတ်သက်သော စကားဆို၍ တခွန်းမျှ မပြောပဲ မန္တလေး ရွှေမြို့တော်မှ ဒေဝဣန္ဒာဘွဲ့ခံ စောင်းကောက်ဆရာ မောင်မောင်ကြီးဆိုသော ပုဂ္ဂိုလ်ကြီး၏ လက်သံအကြောင်းကို ဝေဖန်ပြောဆိုလျက်ရှိရာ သူ၏ ဝေဖန်ချက်များကို တူရိယာပြိုင်ပွဲများတွင် ပညာသည်ဆိုသော အချို့ပုဂ္ဂိုလ်များ၏ ဝေဖန်ချက်များထက်ပင် လေးနက်ထိရောက်သည်ဟု အောက်မေ့မိလေတော့သည်။

စင်စစ်မှာ ဦးစံရှားသည် မန္တလေးသို့ တကြိမ်ရောက်ခဲ့စဉ်က ဒေဝဣန္ဒာ၊ စိန်ပေဒါ၊ စန္ဒရားဆရာ ညွန့် အစရှိသော နိုင်ငံကျော် ဂီတဆရာကြီးများနှင့် တွေ့ဆုံနှီးနှောခဲ့ဖူးရုံသာမက ယင်း ပုဂ္ဂိုလ်များနှင့် ပတ်သက်သည့် အဖြစ်အပျက် အတိုအထွာကလေးများကိုပင် ပွဲကျအောင် ပြောပြနိုင်ပေ၏။

ညနေစောင်းအချိန်တွင် ကျွန်တော်တို့သည် ဌာနသို့ ရောက်ကြသောအခါ အသင့်စောင့်မျှော်လျက်ရှိသော ကိုအုန်းဖေနှင့် တွေ့၍ "ဆရာ့ဖို့ ကြေးနန်းတစောင် ရောက်နေတယ် ဆရာ" ဟု ဆိုကာ ကြေးနန်းတစောင်ကို ပေးသဖြင့် ဦးစံရှားသည် ဖွင့်ဖတ်၍ "နေရာကျသွားပဲ" ဟု ဆိုကာ အိတ်ထဲသို့ ထည့်ထားလိုက်လေ၏။ ထိုအခါ ကိုအုန်းဖေက—

"ဘယ့်နှယ်လဲဆရာ။ ဘာများ တွေ့ခဲ့ရသလဲ"

"လိုသမျှတော့ အားလုံး တွေ့ခဲ့ရပြီဗျို"

ကိုအုန်းဖေလည်း နားမလည်သော မျက်နှာထားဖြင့် ငေးကြည့်နေပြီးမှ—

"ဘယ်လို ပြောလိုက်တာလဲ ဆရာ"

"ဘယ်လိုပြောဆို ကျုပ်အဖို့တော့ ဒီအမှု ပြီးသွားပြီဗျ"

"လက်လျှော့ပြီဆိုတဲ့ သဘောလားဆရာ"

"ဘယ်က ဟုတ်မှာလဲဗျ။ အားလုံး ချောမောပြီဆိုတဲ့ သဘောပါ"

"တကယ်လား ဆရာ"

"ဩော်၊ ကျုပ် ဘယ်တုန်းကများ ရွတ်ဖူးလို့လဲ။ ပြီးခဲ့ပါပြီ ကိုအုန်းဖေရဲ့"

"ပြီးခဲ့ပုံ မိန့်စမ်းပါဦး ဆရာ"

"ကျုပ်ထင်တဲ့အတိုင်း လူသတ်မှုဆိုတာ အမှန်ပဲဗျ။ မျက်စိနဲ့ မြင်ရသလောက် သေချာနေပါပြီ ကိုအုန်းဖေရဲ့"

"တရားခံ ဘယ်သူလဲ ဆရာ"

ဦးစံရှားသည် စားပွဲမှ စက္ကူလေးတရွက်ကို လှမ်းယူ၍ ဖောင်တိန်နှင့် အနည်းငယ် ရေးခြစ်ပြီးလျှင် စာရွက်ကို ကိုအုန်းဖေသို့ လှမ်းပေးလိုက်လေ၏။

"တရားခံကတော့ အဲဒီလူပဲ။ သို့သော် နက်ဖြန်ညထက်စောပြီး သူ့ကို ဖမ်းလို့ မဖြစ်သေးဘူး ထင်တယ်။ ဒါထက် တခုတော့ ကျုပ်ပြောချင်တယ်ဗျာ။ ဒီအမှုနဲ့ပတ်သက်ပြီး ကျုပ်နာမည်တော့ လုံးလုံး မပါပါစေနဲ့။ ဘာကြောင့်လဲဆိုတော့ ကျုပ်က ခဲခဲယဉ်းယဉ်း ဆောင်ရွက်ရတဲ့ အမှုမျိုးမှာမှ နာမည်ယူချင်တာဗျ။ ဒီလောက် ချောင်တာမျိုးတော့ ကျုပ်အဖို့ ဒီလောက် အရေးမပါလှဘူး။ ကိုင်း လာဗျို ကိုသိန်းမောင်၊ မီးရထား မီကောင်းပါသေး ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဌာနာမှ ထွက်လာကြစဉ် ကိုအုန်းဖေမှာ ဦးစံရှားရေးပေးခဲ့သော စာရွက်ကလေးကို လက်ထဲတွင် ဆုပ်ညှစ်လျက် မျက်လုံးကြောင်တောင်နှင့် ပါးစပ်ဟကာ ငေးကျန်ရစ်ခဲ့လေတော့၏။

× × ×

ထိုညဉ့် ကျွန်တော်တို့သည် ထမင်းစားသောက်ပြီးသဖြင့် ဆေးလိပ်တလိပ်စီနှင့် ပက်လက်ကုလားထိုင်ပေါ်တွင် ဇိမ်ယူလျက် ရှိကြစဉ်—

"ဒီလိုဗျ ကိုသိန်းမောင်ရဲ့။ ကျုပ်တို့ ဆောင်ရွက်ခဲ့တဲ့ ပဲခူးအမှုကလေးဟာက အဖြစ်အပျက်ကို အဆုံးကနေပြီး အစရောက်အောင် ပြောင်းပြန်လှန်ပြီး စဉ်းစားယူရတဲ့ အမှုကလေးမျိုးကိုဗျ။ တရားခံကို လက်ရဖမ်းဆီးပြီးတဲ့နောက် အဖြစ်အပျက်ကို အသေးစိတ်ပြီး ကျုပ်ဆီ ရေးပို့လိုက်ဖို့ ကိုအုန်းဖေဆီ ကျုပ်မှာလိုက်ပါပြီ။ မိတာကတော့ မိမှာပါပဲ။ ကျုပ်တို့ ကိုအုန်းဖေက သူကိုယ်တိုင် ညာဏ်ထုတ်ပြီး စဉ်းစားတဲ့နေရာမှာ ဦးနှောက်ကောင်းကောင်း မရှိပေမယ့် အမဲလိုက်ခွေးကိုပြောတာမျိုးလို လက်ညှိုးထိုးပြတဲ့ အမဲကိုတော့ မရ ရအောင် လိုက်တတ်တဲ့ အစွမ်းတော့ ရှိပေတယ်ဗျ။ ဒါကြောင့်လဲ သူ့ပုလိပ်ဌာနာမှာ သူ နာမည်ကြီးပေတာပဲ"

"ခနပါဦးဗျာ။ ခင်ဗျားအမှုက လက်စ မသိမ်းရသေးဘူး မဟုတ်လား"

"အရေးကြီးတဲ့ အချက်တွေ ဟူသမျှတော့ ဆုံးခန်းတိုင်နေပါပြီ ကိုသိန်းမောင်။ နားရွက်နှစ်ဘက်အနက် တဘက်ဟာ ဘယ်သူဘယ်ဝါရဲ့ နားရွက်လို့ ကျုပ်မပြောနိုင်သေးပေမယ့် တယောက်ကိုတော့ ပြောနိုင်ပြီ။ လက်သည်ကိုလဲ သိရပြီ။ ဒီတော့ ပေါ်လောက်ပြီ မဟုတ်ဘူးလားဗျာ"

"ဒီလိုဆိုယင်တော့ တော်ပါပြီထားတော့ဗျာ။ ဒါထက် လက်သည်ဆိုတာကတော့ မာလိန် ဂျင်မီဘာတင်ကို ခင်ဗျား ထင်တယ် မဟုတ်လားဗျာ"

"ထင်ရုံလောက် မကပါဘူး ဆရာကြီးရယ်။ အတော်သေချာပါတယ်"

"ခင်ဗျားကသာ သေချာတယ် ပြောတယ်၊ ကျွန်တော်ဖြင့် တပ်တပ်အပ်အပ် စွပ်စွဲရလောက်အောင် ဘာတခုမှ မတွေ့ရပေါင်ဗျာ"

"ကျုပ်အဖို့တော့ မျက်စိနဲ့ ကိုယ်တိုင် မမြင်ရတာ တမည်လောက် ကျန်တော့တာပဲဗျ။ အပုံကြီးကို သေချာတယ်။ ဒီလိုလေဗျာ။ အဖြစ်အပျက်ကလေးကို ကျုပ်ပြန်ပြီး ဇာတ်လှန်ပြောပါဦးမယ်။ အမှုကို ကျုပ်တို့ စလိုက်တော့ ဘယ်သူဘယ်ဝါကို မသင်္ကာဘူးလို့ ကျုပ်တို့စွပ်စွဲစရာ လုံးဝမရှိပဲ လွတ်လပ်စွာ စဉ်းစားနိုင်ခွင့် ရကြတယ်မဟုတ်လား။ ဒီအချက်ဟာ သိပ်အရေးကြီးတယ်ဗျ။ မသင်္ကာတဲ့လူ ရှိထားပြီဆိုမှဖြင့် ကိုယ့်ဘင်ကြေးနဲ့ မညီ ညီအောင် အတင်းဖျစ်ညှစ်ပြီး အံကိုက်ဖို့ ကြိုးစားတတ်လေတော့ လွဲစရာရှိယင် ပါစင်အောင် လွဲချော်ကုန်ရောဗျ။ ဒီအမှုကလေးမှာတော့ ကျုပ်တို့စိတ်က သန့်သန့်ရှင်းရှင်းနဲ့ ရောက်သွားပြီး မြင်ရတွေ့ရတဲ့ အပေါ်ကမှ ကောက်နုတ်ချက် ထုတ်ရတာဖြစ်လို့မို့ သိပ်နေရာကျတယ်ဗျ။ ဒီတော့ ကျုပ်တို့ ဘာတွေ့သလဲ။ ကလီကမာ ပလီဆန်းပြား မတတ်တဲ့ မိန်းမ တယောက်ရယ်၊ သူ့ ညီမနှစ်ယောက်နဲ့ တွဲပြီး ရိုက်ထားတဲ့ ဓာတ်ပုံတခုရယ် ကျုပ်တို့ တွေ့ရတယ်။ ဓာတ်ပုံကို မြင်မြင်ချင်းဟို ပါဆယ်ထုပ်ဟာ ဆူဆင်ဂါလင့်ဖို့ ရည်ရွယ်တဲ့ အထုပ်မဟုတ်ပဲ သူ့ညီမ တယောက်အတွက် ပို့လိုက်တာများ ဖြစ်နေမလားလို့ ကျုပ်စဉ်းစားမိတယ်။ ဒီအတိုင်း မှန် မမှန်ကို နောင်အခါမှာ သိရလိမ့်မယ်ဆိုတဲ့ သဘောနဲ့ အသာဖယ်ထားပြီး ပါဆယ်ထုပ်ကို ကျုပ်တို့ သွားကြည့်ကြတယ်"

ဆောတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါပေတယ်ဗျာ"

"အထုပ်မှာ ပတ်ချည်တဲ့ကြိုးဟာ အရက်စေ့ နံ့တာတော့ အရေးမကြီးဘူး ထားလိုက်ပါတော့။ ပတ်ထားတဲ့ စက္ကူတွေဟာ ဗလာစက္ကူလဲမဟုတ်၊ ရှောဝတီမီးသင်္ဘော ကုမ္ပဏီက ပုံစံတွေ ဖြစ်နေတော့ ကုမ္ပဏီအလုပ်သမားတယောက်များ ဖြစ်လေမလားလို့ စဉ်းစားမိတယ်။ အထုပ်မှာ တပ်ထားတဲ့လိပ်စာကို ကြည့်လိုက်တော့ မစ္စအက်စ်ဂ ါလင်လို့ တွေ့ရတယ်။ အထုပ် လက်ခံထားတဲ့ မိန်းမရဲ့နာမည်က မစ္စင်ဆူတင် ဂ ါလင်ဗျ။ သူတို့ထုံးစံအတိုင်း ဆူဆင်ကို အတိုကောက်နည်းနဲ့ ရေးလိုက်တာ အက်စ်လို့ ရေးရတာကိုးဗျ။ ဒီတော့ ကျုပ် ခုနင်က တွေးတဲ့အတိုင်း လူမှားပြီး လက်ခံထားလေသလားလို့ စုံစမ်းတဲ့ သဘောနဲ့ သူ့ ညီမတွေရဲ့ နာမည်တွေကို မေးကြည့်လိုက်တော့ တယောက်က မေရီဂ ါလင်တဲ့။ တယောက်က ဆာရာ ဂ ါလင်တဲ့ဗျ။ ကိုင်း၊ ဘယ့်နှယ်ရှိစ။ ဆာရာကို အတိုကောက်နည်းနဲ့ ရေးယင် အက်စ်ဂ ါလင်လို့ ရေးရမှာပဲဗျ။ ဒီတော့ အက်စ်ဂ ါလင်ဆိုယင် ဆာရာဂ ါလင်လဲ ဖြစ်နိုင်တယ်၊ ဆူဆင်ဂ ါလင်လဲ ဖြစ်နိုင်တယ်။ အဓိပ္ပာယ်တော့ ဆာရာဂ ါလင်ဆီ ပို့လိုက်တဲ့ အထုပ်ဟာ ဆူဆင်ဂ ါလင်ဆီ ရောက်နေတယ်လို့ ကျုပ် တွေးတဲ့အတိုင်း ဖြစ်နေတော့တာကိုးဗျ။ သို့သော် မသေချာသေးဘူးနော်။ ဖြစ်နိုင်တာလောက်သာ ရှိသေးတယ်။ ဟုတ်စ။ ပြီးတော့ တခုရှိသေးဘယ်။ မစ္စဂ ါလင်နဲ့ ကျုပ် စကားပြောနေတုန်းမှာ ဖြတ်ကနဲ ကျုပ် စကားတန့်သွားတာ ခင်ဗျား သတိပြုလိုက်မိတယ် ဟုတ်လား။ အဲဒါက ဒီလိုဗျ။

"ခင်ဗျားတော့ ကြားဖူးလေသလား မဆိုနိုင်ဘူး။ လူများရဲ့ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေဟာ သေသေချာချာ ကြည့်မယ်ဆိုယင် တယောက်နဲ့တယောက် မတူတဲ့ အင်္ဂါအစိတ်အပိုင်းတွေ အများကြီး ရှိတယ်။ တယောက်ရဲ့ လက္ခဏာနဲ့ တယောက် မတူဘူး ဆိုတာတော့ ခင်ဗျားကြားဖူးမှာပေါ့။ လူတသန်း ရှိယင် လက္ခဏာပေါင်း တသန်း ရှိတယ်ဗျ။ ဒါကြောင့် လက်ပုံစံယူတဲ့ အတတ် ပညာတွေ ဘာတွေ တီထွင်လို့ ဖြစ်နိုင်တာကိုးဗျ။ လက္ခဏာတင် မကဘူး၊ နားရွက်မှာလဲ တယောက်နဲ့တယောက် မတူဘူးဗျ။ ကြည့်တတ်လို့ရှိယင် ကွဲလွဲတဲ့ အချက်ကလေးတွေ မြင်နိုင်တာချည်းပဲ။ ထိုနည်းတူစွာ တယောက်နဲ့ တယောက် ကွဲလွဲခြင်းရှိသလောက် မျိုးရိုးအလိုက် တူညီတဲ့အချက်တွေလဲ ရှိတတ်တယ်ဗျ။ဆိုလိုရင်းကတော့ နားရွက်တခုနဲ့တခု ကွဲလွဲစေကာမူ ညီအစ်ကို မောင်နှမတွေဟာ မျိုးရိုးအလိုက် နားရွက်ချင်း တူချင် တူတတ်တယ်ဗျ။ ဥပမာ မျက်နှာကိုဆိုပါတော့ဗျာ။ ညီနဲ့အစ်ကိုဟာ မျက်နှာချင်းခွဲမရအောင် တူတယ် လို့ မဆိုနိုင်စေကာမူ ညီအစ်ကိုပဲလို့ စွပ်စွဲနိုင်လောက်အောင် တူညီတဲ့ အချက်ကလေးတွေ ရှိတတ်တယ် မဟုတ်လားဗျ။ ကျုပ်က ပါဆယ်ထုပ်ထဲက နားရွက်ကို ကြည့်ခဲ့တုန်းက သာမန်ကာလျံကာ ကြည့်ခဲ့တာ မဟုတ်ဘူးဗျ။ သေသေချာချာကြီး ကြည့်လာခဲ့တယ်။ ဒီတော့ကာ မစ္စဂ ါလင်ရဲ့ နားရွက်ကို ကြည့်လိုက်တဲ့ အခါမှာ ပါဆယ်ထုပ်ထဲက နားရွက်တဘက်နဲ့ တူနေတာ တွေ့ရလို့ ကျုပ် အံ့အားသင့်ပြီး ဆတ်ကနဲ ဖြစ်သွားသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော် သတိပြုလိုက်မိပါတယ်"

"နားသားထူပုံ၊ အပေါက်ဖောက်တဲ့နေရာမှာ နားဖတ်ကျယ်ပုံ၊ အရစ်ပေါ်ပုံတွေဟာ တစနစ် တည်း တတိုင်းတည်းပဲဗျ။ ဒီအချက်ရယ်၊ ညီမ တယောက်ရဲ့နာမည်က ဆာရာဆိုလို့ အက်စ်နဲ့ အတိုကောက် ရေးရတာရယ်၊ နှစ်ခု စပ်ကြည့်လိုက်တော့ အတော် ရုပ်လုံး ပေါ်လာတယ်ဗျ။ ဒီ့နောက်တခါ ဆာရာ ဂ ါလင်ဟာ ဆူဆင်ဂ ါလင်နဲ့ အတူ အတန်ကြာအောင် နေသွားဖူးတယ်ဆိုတဲ့အချက်ကို ကြားရပြန်တော့ သာပြီး ပေါ်လွင်လာပြန်တာကိုးဗျ။ အဓိပ္ပာယ်ကတော့ ဆာရာဂ ါလင်အဖို့ ပို့လိုက်တဲ့ ပါဆယ်ထုပ်ကို ဆူဆင်ဂ ါလင်က ဖွင့်ကြည့်မိခြင်း ဖြစ်တယ်လို့ ဆိုရမှာပေါ့။ နောက်ပြီးတော့လဲ အဲဒီ ဆာရာဂ ါလင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



မေရီဂါလင် လင်မယားနဲ့ အတူလိုက်ပြီး နေဖူးလို့ ရန်ဖြစ်ပြီးမှ ကွဲကွာခဲ့ကြတာလို့ဆိုပြန်တယ်မဟုတ်လား။ ကွဲလာခဲ့ပြီးတဲ့နောက် ဆာရာဂါလင်ဟာ ဆူဆင်ဂါလင်နဲ့ အတူနေပြန်သေးတယ်။ပြီးတော့မှ တခါကွဲသွားပြန်ပြီး သူ့ဘာသာ တယောက်တည်းနေတယ်ဆို မဟုတ်လား။ ဒီတော့ကာ ဂျင်မီဘာတင်က ဆာရာဂါလင်ဆီကို တစုံတခုပို့ယင် အိမ်ပြောင်းသွားတာကို မသိသေးတဲ့အတွက် လိပ်ဟောင်းအတိုင်း ရှိလိမ့်အုံးမယ်ထင်ပြီး ပို့မှာပေါ့ဗျ။ ဟုတ်ဘူးလားဗျာ"

"ဟုတ်ပါရဲ့"

"ပြီးတော့ တချက်ကလဲ ဂျင်မီဘာတင်ဆိုတဲ့ မာလိန်ဟာ အရက်လဲသောက်တတ်တယ်။ မူးတဲ့အခါမှာလဲ ရမ်းချင် တတ်တယ်လို့ ကျုပ်တို့သိခဲ့ရတယ် မဟုတ်လား။ ဒီတော့ကာ ကျုပ်က ဘယ်လို ယူဆသလဲ။ ဂျင်မီဟာ သူ့မယား မေရီနဲ့ ဒီ့ပြင် ယောကျ်ားတယောက်ယောက်ကို မသင်္ကာတဲ့အတွက် နှစ်ယောက်လုံးကို သတ်ပြီး နားရွက်ကို လှီးဖြတ်ယူခြင်း ဖြစ်ရမယ်တဲ့။ သို့သော် ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီနားရွက်တွေကို ဆာရာဂါလင်ဆီ ပို့ရပါသလဲတဲ့။ ကျုပ်အတွေးကတော့ ဆာရာဂါလင်ဟာ ဂျင်မီတို့လင်မယားနဲ့ အတူတကွ နေစဉ်က ရှုပ်ရှုပ်ယှက်ယှက် လုပ်ချင်တဲ့အတွက် မယားမေရီဟာ ဒီ့ပြင် လူတယောက်နဲ့ ချစ်ကြိုက်ရတယ်လို့ ဂျင်မီက ယူဆဟန်တူတယ်။ ဒါကြောင့် မယားရော၊ မယားခိုးပါ နှစ်ယောက်လုံး သတ်ပြီး ရှုပ်ချင်လှတဲ့ မရီးသည်ဆီကို သက်သေခံပစ္စည်းတွေ တင်ပို့လိုက်လေသလား မဆိုနိုင်ဘူးဗျ။ ကျုပ်တို့ ဗမာလူမျိုးဘော့ ဒီစိတ်ကူးမျိုး မရှိတတ်ဘူးပေါ့လေဗျာ။ ဂျင်မီဆိုတာက မျက်နှာဖြူသွေး ပါတဲ့အတွက် မျက်နှာဖြူတွေ လုပ်နည်းမျိုးနဲ့ မရီးသည်ကို ညှဉ်းဆဲဖို့ အကြံပေါ်လာလေသလား မဆိုနိုင်ဘူးဗျ"

"ဒီလိုဆိုယင်တော့ သိပ်ဆန်း နေတာပေါ့ဗျာ"

"သို့သော် ဒီ့ပြင်နည်းနဲ့ စဉ်းစားစရာတချက်ကတော့ ရှိသေးတယ်ဗျ။ မိန်းမနားရွက်ဟာက မေရီဂါလင်ရဲ့ နားရွက်ဖြစ်ကြောင်း သေချာတယ်ဆိုပေမယ့် ယောကျ်ားနားရွက်ဟာက ဂျင်မီရဲ့ နားရွက် ဖြစ်နိုင်သေးတယ်။ ဘာ့ကြောင့် ဆိုတော့ မေရီကို ပြိုင်လုကြရာမှာ ဂျင်မီက အရေးသာသွားလို့ ဖိုးကျန်ရစ်က ရန်ငြိုးဖွဲ့ပြီး လင်မယား နှစ်ယောက်စလုံး အဆုံး စီရင်တာမျိုးလဲ ဖြစ်နိုင်သေးတာကိုးဗျ။ ဒါကြောင့် ကျုပ်က ဒီအချက်ကလေး သေချာအောင် ကျုပ်တို့ မိတ်ဆွေ စုံထောက် ကိုလှမောင်ဆီ ကြေးနန်းရိုက်မေးလိုက်တယ်။ ဘယ်လိုလဲဆိုတော့ ရောဝတီ မီးသင်္ဘော ကုမ္ပဏီက မာလိန် ဂျင်မီဘာတင်နဲ့ မစ္စစ်ဘာတင်တို့ ရှိကြပါသလားလို့ စုံစမ်းပြီး အကြောင်းပြန်ဖို့ပေါ့ဗျာ။ ဒီ့နောက်မှ ကျုပ်တို့ ဆာရာဂါလင်ရဲ့အိမ်ကို သွားကြတယ် မဟုတ်လား"

"မြင်းရထား ရပ်ခိုင်းပြီး ဆင်းရိုက်ခဲ့တဲ့ ကြေးနန်းဟာ မှတ်တယ်"

"အဲဒါပဲ။ ကျုပ်ဆန္ဒက ဘာလဲဆိုတော့ ဆာရာဂါလင်ရဲ့ နားရွက်ဟာ ဘယ်လိုနေသလဲလို့ ကြည့်ချင်တာက တကြောင်း၊ ကျုပ် မေးချင်တာကလေးများ ဖြေနိုင်မလားလို့ အောက်မေ့မိလို့ တကြောင်းပဗျာ။ သို့သော် ကျုပ်မေးပေမယ့် သူပြောချင်မှ ပြောမှာပဲလို့တော့ စဉ်းစားမိပါရဲ့။ လက္ခဏာမှာတော့ ဆူဆင်ဂါလင်ဆီ နားရွက် ပါဆယ်ထုပ် ရောက်တဲ့အကြောင်းကို ဆာရာလဲ ကြားဟန်တူရဲ့။ ဆာရာကတော့ ဒီအကြောင်းကြားကတည်းက ဘယ်သူ့ဆီ ပို့တဲ့နားရွက်ထုပ်လဲဆိုတာ ရိပ်မိမှာပဲ။ ရိပ်မိတဲ့အတိုင်း ဖွင့်ပြောမယ်ဆို ပြောနိုင်မှာကိုးဗျ။ ဒါကြောင့် ကျုပ်က သူ့ကိုသွားကြည့်တာပဲ။ သို့သော် မယ်မင်းကြီးမက ပါဆယ်ထုပ်အကြောင်း ကြားကတည်းက သူ့စိတ်ထိခိုက်ပြီး အသည်းအသန်ဖျားသွားဟန် တူပါရဲ့။ ဆရာဝန်စကားအရ ဆာရာဖျားတဲ့နေ့နဲ့ ပါဆယ်ထုပ် ရောက်တယ်ဆိုတဲ့ နေ့နဲ့



www.burmeseclassic.com

www.burmeseclassic.com


တချိန်တည်းပဲဗျ။ ဒီတော့ကာ နားရွက်ထုပ် သတင်းကို ဆရာကြားသွားတယ် ဆိုတာ သေချာတဲ့အပြင် ဆရာကို မေးဖို့ ရုတ်တရက် မဖြစ်နိုင်သေးဘူးဆိုတာလဲ သေချာတယ်ဗျ”

“မှန်ပါတယ်။ ဦးနှောက် ထိခိုက်ပြီး ဖျားတယ်ဆိုတော့ မေးယင်တောင် ကတောက် ကတက်တွေ ပြောချင် ပြောနေမှာပေါ့ဗျ”

“သို့သော် အမှန်ကတော့ ဆရာကို မမေးရတောင် ကိစ္စမရှိလှပါဘူး။ ဌာနာရောက်သွားတော့ ကိုလှမောင်ဆီ ရိုက်မေးထားတဲ့ ကြေးနန်းက အဖြေရောက်နေနှင့်တာကိုးဗျ။ ကြေးနန်းထဲမှာ ဘယ်လိုလဲ ဆိုတော့ မစ္စတ်ဘာတင်ရဲ့အိမ် ပိတ်ထားတာ ၂ ရက် ၃ ရက်လောက်ရှိပြီတဲ့။ ပဲခူးမှာ သူ့ဆွေမျိုးများရှိလို့ အလည်အပတ် သွားနေတယ်လို့ ထင်ကြတယ်တဲ့။ သူ့ယောကျ်ား မာလိန် ဂျင်မီဘာတင်ကတော့ ဘိုကလေး ကုတ္တိုသင်္ဘောနဲ့ ပါသွားလို့ နက်ဖြန်တော့ ရန်ကုန်ပြန်ဆိုက်ပါလိမ့်မယ်တဲ့။ ဆိုက်တဲ့အချိန်မှာ ကျုပ်တို့လူ ကိုအုန်းဖေက ဖမ်းဆီးဖို့ကတော့ သေချာပါတယ် ကိုသိန်းမောင်။ ဖမ်းပြီးတဲ့အခါကျတော့ ကျုပ်တို့လူက အကြောင်းခြင်းရာကို လာပြောပါလိမ့်အုံးမယ်”

× × ×

နောက်တနေ့ ညစာစားပြီးချိန်တွင် ကိုအုန်းဖေသည် တိုက်ပေါ်သို့ ခြေလှမ်း ခပ်သွက်သွက်နှင့် တက်လာ၍ အခန်းထဲသို့ ဝင်လာရာတွင် ကျွန်တော်မှာ သူ၏ရွှင်ပျသော မျက်နှာကို မြင်ရခြင်းအားဖြင့် နားရွက်ထုပ် အမှုမှာ နေရာကျခဲ့ကြောင်း ရိပ်မိနိုင်ပေ၏။ သို့ဖြစ်၍ ကျွန်တော်က—

“နေရာကျခဲ့ မဟုတ်လား ကိုအုန်းဖေ”

“ဆရာနဲ့ ကျွန်တော်လုပ်တဲ့အလုပ်ပဲ။ နေရာမကျပဲ ခံနိုင်ရိုးလားဗျာ”

ဦးစံရှားလည်း ကျွန်တော်၏ မျက်နှာကို လှမ်းကြည့်၍ ပြုံးလိုက်၏။

“ဒါကြောင့် ကျုပ်က ခင်ဗျားကို အားကိုးတာပဲ”

“ဒီလိုဆရာရဲ့။ ကျွန်တော်က ရန်ကုန်ဆိပ်ကမ်းက စောင့်ဖမ်းရတာ အားမရတာနဲ့ မနက်ကတည်းက တံ့တေး သင်္ဘောနဲ့ လိုက်သွားပြီး တံ့တေးကနေ စောင့်နေတာကိုး ဆရာရဲ့။ ဘိုကလေးသင်္ဘော ရောက်လာလို့ သမ္ဗန်ကလေးနဲ့ ကပ်တက်ပြီး စုံစမ်းကြည့်တော့ မာလိန် ဘာတင်ဟာ ဘာဖြစ်တယ်မသိဘူး၊ ကယောင်ချောက်ချားဖြစ်ပြီး အလုပ်ကောင်းကောင်း မလုပ်နိုင်တာနဲ့ စာရေးတချည်း တာဝန်ယူပြီး အလုပ် လုပ်ခဲ့ရဆိုကိုး ဆရာရဲ့။ ကုတ္တိုသင်္ဘောလေးဆိုတော့ တသင်္ဘောလုံးမှာ သူပဲ အကြီးအကဲဆို ထင်ပါရဲ့။ သူပြီးယင် ပြီးတာကိုးဆရာ။ ဒါနဲ့ ကျွန်တော်က ကိစ္စရှိလို့ တွေ့ချင်တယ်ဆိုပြီး ပုလိပ်နှစ်ယောက် အခန်းဝမှာ ထားခဲ့ပြီး ဘာတင်ရဲ့ အခန်းထဲဝင်သွားတော့ ငနဲကြီးက ကုလားထိုင်မှာ သူ့လက်နှစ်ဘက် ပေါ် မေးတင်လျက်ကြီး မှိုင်ငိုင်နေတာကိုး ဆရာရဲ့။ ကျွန်တော်က ကိစ္စကို ပြောလိုက် မပြောလိုက်ချင်း ဖြုန်းဆို ထိုင်ရာက ထပြီး ယီးတီးယားတား လုပ်ချင်သေးတယ်။ နို့ပေမယ့် ကျွန်တော့်လက်က သေနတ်နဲ့ အခန်းဝက ပုလိပ်နှစ်ယောက်ကို မြင်လေတော့ အသာတကြည် လက်ထိပ်ခတ်ခံရှာတော့တာပါပဲ။ ဌာနာ ရောက်တော့ ဘာပြောသလဲ ဆိုတော့ ‘လူ့ပြည်မှာနေလို့ အကျိုးမရှိမှန်း သိတဲ့အတွက် ဖြောင့်ချက် ပေးပါတော့မယ်တဲ့’ ပြောလေတော့ ဂတ်စာရေးခေါ်ပြီး တရားခံဖြောင့်ချက် ယူကြရတာပေါ့ ဆရာ”

“ကိုင်း၊ အကျဉ်းချုပ်ကလေး ပြောပြစမ်းပါအုံးဗျာ”

“ဖြစ်ပုံက ဒီလိုတဲ့ ဆရာရဲ့။ သူတို့အဖျို့ကြီး ညီအစ်မ သုံးယောက်ရှိတဲ့အနက် ဘာတင်က အငယ်ဆုံး မရီနဲ့ အကြောင်းပါပြီး ချစ်ချစ် ခင်ခင် နေထိုင်ခဲ့ကြသတဲ့။ ညီအစ်မသုံးယောက်ထဲမှာ အကြီးဆုံး ဆူဆင်


www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော်တို့ မြင်ခဲ့တဲ့အတိုင်း မိန်းမရိုး မိန်းမကောင်းကြီး၊ သူဟာသူ အေးအေး နေတတ်တာပဲတဲ့ ဆရာ။ အငယ်ဆုံး မေရီက အကြီးဆုံးလို စိုက်လိုက်မတ်တတ်ကြီး မဟုတ်ပေမယ့် စိတ်သဘော ကောင်းသတဲ့ဆရာ။ အလတ်မ ဆာရာကတော့ ဟိုနှစ်ယောက် ကောင်းသလောက် သဘောပုပ်သတဲ့ ဆရာ။ ဒီအမူမှာ သူ ဂြိုဟ်ကောင်ပဲလို့ ပြောတယ်။ ဒါနဲ့ မေရီနဲ့ ဘာတင်ဟာ ချစ်ခင်သင့်မြတ်စွာ နေထိုင်ကြတုန်းမှာ အလတ်မ ဆာရာက အလည်ရောက်လာပြီး တနေ့ပြန်မယ်နဲ့ ရက်ဆွဲပြီး အတော်ကြာသွားသတဲ့ဆရာ။ မေရီက ရိုးရိုးလေးနဲ့ ချစ်စရာကောင်းတယ်။ ဆာရာကတော့ ထောင်ထောင်မောင်းမောင်း ခန့်ခန့်ကြီးနဲ့ ချောသတဲ့ဆရာ။ ဒါပေမယ့် ဘာတင်က သူ့မရီးအပေါ်မှာ ဘယ်တော့မှ စိတ်မကွက်မိပါဘူးတဲ့ဆရာရဲ့။ တနေ့တော့ သူ့သင်္ဘောက ခပ်စောစောဆိုက်လာလို့ အိမ်ရောက်တော့ မေရီမရှိပဲ ဆာရာတယောက်တည်းနဲ့ တွေ့ရတဲ့ဆရာ။ မေရီဘယ်သွားသလဲမေးတော့ 'ဂျင်မီတို့မျာ ဆာရာကို အနူအဝဲအောက်မေ့နေသလား' နဲ့ ခနဲ့တဲ့တဲ့ ပြောလေတော့ ဘာတင်က အားနာပါးနာနဲ့ လိုက်လျောပြီး 'ဒီလိုမဟုတ်ပါဘူး ဆာရာရယ်' ဘာရယ်နဲ့ ယောကျ်ားတို့ ထုံးစံအတိုင်း ခပ်ချော့ချော့ပြောယင်းက သူတို့ ဗိုလ်ထုံးစံအတိုင်း လက်ကလေး ဘာလေး ကိုင်ချော့တော့ ဆာရာက ဘာတင်ရဲ့လက်ကို သူ့လက်နှစ်ဘက်နဲ့ ဆုပ်တဲ့ပြီး မျက်နှာကို မော့ကြည့်လိုက်တာ ဘာတင်ဟာ သူ့မရီးရဲ့ အတွင်းသဘောကို အားလုံးရိပ်မိသွားဆိုကိုး ဆရာရဲ့။ နို့ပေမယ့် ဘာတင်က မယားအပေါ်မှာ သစ္စာမဖောက်ချင်ဘူးဆိုပြီး သူ့လက်ကို အတင်း ဆွဲနုတ်ယူလိုက်သတဲ့။ ဒီတော့မှ ဆာရာက လက်ညှိုးထောင်ပြပြီး 'သိကြရောပေါ့ ဂျင်မီရယ်'တဲ့။ ပြောပြောဆိုဆိုနဲ့ အိမ်ပေါ်က ဆင်းပြေးဆိုကိုး ဆရာရဲ့။ အဲဒီနေ့ကစပြီး ဆာရာက ဘာတင်ကို ရန်ငြိုးကြီး ဖွဲ့တော့တာပဲတဲ့ဆရာ။ ဘာတင်က သူတို့အကြောင်းကို မေရီ ဖွင့်ပြောရမှာ အားနာတာနဲ့ မြုံနေမိတော့ ဆာရာက ပြန်လဲ မပြန်ပဲ ကြိတ်ကြံနေဆိုကိုး ဆရာရဲ့။ ဒီလိုနဲ့ နေကြတော့ မေရီဟာ ဘာတင့်အပေါ်မှာ ချေးထူထူလာသတဲ့။ မယုံလိုက်တာ ဆိုလဲ လွန်ရော့တဲ့။ ဘယ်သွား သွားပြန်ပြီ၊ ဘယ်သူနဲ့တွေ့ တွေ့ပြန်ပြီ၊ တမြည်တည်း မြည်တွန်တောက်တီးနေတော့တာပဲတဲ့။ ဘယ်သူနဲ့မှလဲ စိတ်မချဘူးတဲ့။ ဒီအတောအတွင်းမှာ ဆာရာက ဘာတင်ကို ကွင်းပြီး သူတို့ ညီအစ်မနှစ်ယောက်တော့ တတွဲတည်း တွဲနေကြတော့တာပဲတဲ့။ ဒီအခါမှာ ဘာတင်က အရက် မသောက်တော့ပါဘူးလို့ ပေးထားခဲ့တဲ့ ကတိကို ချိုးဖောက်ပြီး တွင်တွင်ကြီး အရက်သောက်တော့တာပဲ တဲ့။ ဒီလို လုပ်လေလေ လင်မယား ရန်ဖြစ်ကြလေလေပေါ့ ဆရာ။ အဲဒီလို ဖြစ်နေကြတုန်းမှာ တပြား သွန်မဆင် ပြယာနာ ဝင်လာဆိုကိုး ဆရာရဲ့"

ဦးစံရှားလည်း ကျွန်တော်၏ မျက်နှာကို လှမ်းကြည့်၍ ဆေးတံကို ကောက်ယူကာ ဆေးထည့်လေ၏။

"သွန်မဆင် ဆိုတာက အကောက်ရုံးက ကာကွယ်ရေးအရာရှိတဲ့ ဆရာရဲ့။ သူတို့ အိမ် လာလာလည်တော့ အလွတ်အလပ်ဖြစ်နေတဲ့ ဆာရာကို ပိုးဖို့လို့ တင်ကြတာပေါ့ ဆရာ။ လူက ရုပ်လဲ ချော၊ အပြောလဲ လည်ပတ်၊ အောက်ဆိုက်လဲ အတော်ရတဲ့ အလုပ်ဖြစ်လေတော့ သွားလိုက်ကြတဲ့ ကပွဲ၊ ကြည့်လိုက်ကြတဲ့ ဘိုင်စကုပ်၊ မိုးမွန်သွားရောတဲ့ ဆရာ။ ဘာတင်ကတော့ ဆာရာကို ပိုးတယ်မှတ်ပြီး ကျေနပ်နေတာပေါ့လေ။ ဒါနဲ့ တနေ့သဉ္ဈတော့ ဘာတင်ရဲ့ သင်္ဘောဟာ ကုန်တင် ကုန်ချ အလုပ်နည်းတဲ့ အပတ်ဖြစ်လေတော့ ရန်ကုန်ကို ခါတိုင်းထက် ၂ နာရီလောက် စောစောဆိုက်လာသတဲ့ ဆရာ။ ဘာတင် အိမ်ရောက်လို့ အပေါ်တက်သွားတော့ ခြေသံကြားယင်ပဲ မေရီက အူယားဖားယား ပြေးလာခဲ့ပြီး တံခါး ဖွင့်လိုက်လို့ ဘာတင်ဖြစ်နေတာ မြင်ရမြင်ရချင်း မျက်နှာထားတမျိုး ဖြစ်သွားသတဲ့။ လက္ခဏာက သူကြိုက်နေတာက တယောက်၊ ရောက်လာတာက တမျိုးဖြစ်နေတာကိုး ဆရာရဲ့။ ဒီတော့မှ ဘာတင်က သူ့မယား မေရီ့



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ မသာက်ာတဲ့ စိတ်တွေ ဝင်လာတာကိုး ဆရာရဲ့။ ဘာတင်က ဆရာ ဘယ်သွားသလဲလို့ အော်ကြီး ဟစ်ကြီးနဲ့ မေးတော့ ဆရာက နောက်ဖေးဆောင်က ပြေးထွက်လာသတဲ့။ ဒီတော့မှ ဘာတင်က 'မရီး ဆရာ၊ ဒီကနေ့ကစပြီး သွန်မဆင် မလာစေနဲ့'လို့ ပြောတော့ ဆရာက ဘာကြောင့်လဲလို့ ပြန်မေးသတဲ့။ ဘာတင်က 'ဘာကြောင့်လို့ ပြောစရာမလိုဘူး။ ဒီအိမ် ကျုပ်အိမ်။ ကျုပ် မကြိုက်တဲ့လူ မလာစေရဘူး'လို့ ပြောလိုက်သတဲ့။ ဒီတော့ ဆရာက 'ကျုပ်မိတ်ဆွေကို မောင်းချယင် ကျုပ်ကိုမောင်းချတာနဲ့အတူတူပေါ့'လို့ ပြန်ပြောသတဲ့။ ဘာတင်က 'ဒါတော့ ခင်ဗျားသဘောအတိုင်း ကြိုက်သလို လုပ်နိုင်တယ်။ ဒါပေမယ့် ကျုပ် တခု သတိပေးလိုက်မယ်။ သွန်မဆင်ကို နောက်တခါ ဒီအိမ်မှာတွေ့လို့ ရှိယင် သူ့နားရွက်ဖြတ်ပြီး ခင်ဗျားဆီ ပို့လိုက်မယ်။ အဲဒါ မြဲမြဲမှတ်ထားပေတော့'လို့ ပြောလိုက်သတဲ့။ အဲဒီနေ့မှာပဲ ဆရာဟာ အိမ်ပေါ်က ဆင်းသွားသတဲ့။ နို့ပေမယ့် ဒီမိန်းမက ဘာတင်ကို မုန်းထားတဲ့ ရန်ငြိုး မကျေသေးတဲ့အတွက် ဘာတင်တို့ အိမ်နဲ့ တလမ်းခြားမှာ တိုက် တခန်း ငှားပြီး လာနေသတဲ့။ ဘာတင်တို့ အိမ်ကို သွန်မဆင် မလာရဘူး ဆိုလေတော့ မရီက ဆရာရဲ့အိမ် သွား သွားပြီး သွန်မဆင်နဲ့ တွေ့ကြသတဲ့။ ဘာတင်က ဒီအကြောင်းကို မသာက်ာလို့ ချောင်းမယ်အကြံနဲ့ ဆရာရဲ့အိမ်ကို ရုတ်တရက် တက်သွားတော့ သွန်မဆင်က အိမ်နောက်ဖေးက ဆင်းပြေးရောတဲ့ ဆရာရဲ့။ ဒါနဲ့ သူ့မယားသူ အတင်းဆွဲခေါ်လာပြီး နောက်တခါ ဆရာနဲ့ စကားပြောယင် သတ်ပစ်မယ်လို့ ကြိမ်းဝါးထားသတဲ့။ ဒီလိုနဲ့ လင်မယား နှစ်ယောက်ဟာ ကြာလေ မသင့်မြတ်လေဖြစ်ပြီး ဘာတင်ကလဲ ကြာလေ မူးလေ ဖြစ်နေတော့တာပေါ့ဆရာ။ ဒီအတောအတွင်းမှာ ဆရာလဲ ရန်ကုန်မှာ မနေတော့ပဲ သူ့အစ်မရှိရာ ပဲခူးမြို့ ပြောင်းသွားရောတဲ့။ နောက် မကြာခင်ပဲ နားရွက်ထုပ်ကိစ္စ ပေါ်ပေါက်လာတာပဲတဲ့ဆရာရဲ့။ ဖြစ်ပုံက ဒီလိုတဲ့ ဆရာ။ ဘာတင်က ဘိုကလေးသင်္ဘောနဲ့ မနက်စောစောလိုက်ဖို့ အိမ်က ထွက်လာပြီးတဲ့နောက် ကုမ္ပဏီက ခါတိုင်းသွားနေကျ သင်္ဘောဟာ သေးလွန်းတယ်၊ ခရီးသည်တွေနဲ့ ကုန်စည်တွေကို ကောင်းကောင်း မနိုင်ဘူးဆိုပြီး ဒီ့ထက်ကြီးတဲ့ သင်္ဘောတစင်းကို ဒီလမ်းသွားစေဖို့ စီမံထားလို့မို့ ထပ်တူအပျက်ခံပြီး ရက်လွှဲလိုက်သတဲ့။ ဒီတော့ ဘိုကလေးသင်္ဘောဟာ အဲဒီနေ့က မထွက်ရပဲ ဘာတင်ကလဲ သူ့ပစ္စည်းတွေ ဘာတွေကို သင်္ဘောသစ်ပေါ် ပြောင်းရွှေ့ထားခဲ့ပြီး အိမ်ပြန်လာခဲ့သတဲ့။ ဘာတင်က မြင်းရထားတစီးနဲ့ ပြန်လာလို့ အိမ်နားရောက်တော့ တက္ကစီတစီးနဲ့ ရင်ဆိုင်တွေ့လိုက်ရပြီး တက္ကစီပေါ်မှာ မရီနဲ့ သွန်မဆင်ကို ရိပ်ကနဲ မြင်လိုက်ရသတဲ့။ သူတို့ကတော့ ရယ်လား မောလားနဲ့ ပျော်သွားကြလို့မို့ သူ့ကို မမြင်ကြဘူးတဲ့။ ဒါနဲ့ ဘာတင်က မြန်မြန်ဆို မြင်းရထားရပ်။ တက္ကစီကို မီအောင် အလိုက်ခိုင်း။ မီလာတော့ မလှမ်းမကမ်းက လိုက်။ တိုးကြောင်ကလေးဘက် မောင်းကြလို့ သံတံတားကြီးနား ရောက်တော့ ရှေ့ကားရပ်လို့ ဘာတင်က သူ့ကား ရပ်ခိုင်း။ ကားပေါ်က မဆင်းသေးပဲ စောင့်ကြည့်နေ။ မရီတို့က တက္ကစီပြန်လွှတ်။ တံတားကြီးပေါ် လျှောက်သွားကြ။ ဒီတော့မှ ဘာတင်က ကားပေါ်က ဆင်း၊ ကားပြန်လွှတ်။ အသာချောင်းနေ။ တံတားဦးမှာ လမ်းပြင်ဖို့ ပုံထားတဲ့ ကျောက်ပုံကြီးထဲက အုပ်ရှစ်သီးလောက် ကျောက်ခဲတလုံး ရွေးယူ။ တံတားပေါ်မှာ တိုင်တွေကွယ်ပြီး မရီတို့အနား ရောက်အောင် ကပ်၊ သူတို့နှစ်ယောက်ကတော့ စိတ်ချလက်ချ တယောက်ခါး တယောက်ဖက်ပြီး လမ်းနံဘေးမှာ ထိုင်လို့တဲ့။ ဒီတော့မှ ဘာမှ မပြောနဲ့တော့၊ ဘာတင်က နောက်က ခြေဖျားထောက်သွားပြီး သွန်မဆင်ရဲ့ နောက်စေ့ကို ကျောက်တုံးနဲ့ ထုလိုက်တာ အုပ်ခွံပါးလို့လား မဆိုနိုင်ဘူးတဲ့ဗျ။ ကြွက်ဥအခွံလို ကချက်တည်း ခွပ်ကနဲ ကြွေကွဲသွားရောတဲ့ ဆရာ။ ပထမတော့ ဘာတင်က ကိုယ်နဲ့ ပေါင်းသင်းလာခဲ့တဲ့ မယားဖြစ်လို့မို့ မရီကိုတော့ သတ်ဖို့ မကြံပါဘူးတဲ့။ ဒါပေမယ့် သွန်မဆင် ခေါင်းကွဲပြီး လဲကျသွားသွားချင်း

www.burmeseclassic.com



မေရီက 'ဖြစ်ရလေခြင်း ဒါလင်ရဲ့'ဆိုပြီး သွန်မဆင်ရဲ့ လည်ပင်းကို ဖက်လိုက်သတဲ့။ ဒီတော့မှ 'ဒီလောက် ရှိလှတဲ့ မိန်းမ။ နင်လဲ လိုက်သွား'ဆိုပြီး သူ့ကိုပါ ကျောက်လုံးကြီးနဲ့ စီရင်လိုက်ကရောတဲ့ ဆရာရဲ့။ ဘာတင့် သဘောကတော့ သူတို့ကိုသတ်ပြီး သူလဲ သေချင်သေ၊ အဖမ်းခံရချင်ခံရလို့ သဘောထားပြီး ခပ်အေးအေး လုပ်လိုက်တာပဲတဲ့ ဆရာရဲ့။ သို့သော်လဲ ဒီအခိုက်မှာ တံတားပေါ် ဘယ်သူမှ မရှိပဲ သူတယောက်တည်း ဖြစ်နေသတဲ့။ ဒီတော့မှ ဘာတင်က အလောင်းတွေရဲ့ နားရွက်တဘက်စီ လှီးယူ။ ကျောက်တုံးကြီးကို သွန်မဆင်ရဲ့ ရှပ်အင်္ကျီအတွင်းဘက် ထိုးထည့်။ အလောင်းကို ရေထဲကန်ချ။ ဒီ့နောက် ကျောက်ခဲကလေး တွေ ကောက်။ မေရီရဲ့ အင်္ကျီထဲ ထိုးထည့်။ သူ့အလောင်းလဲ ရေထဲပစ်ချ။ အလောင်းနှစ်ခုလုံး စုန်းစုန်း မြုပ်သွားတာ ကြည့်ပြီးတော့မှ အင်္ကျီထဲ လက်နှိုက်ပြီး ခပ်ဖြည်းဖြည်း ပြန်လျှောက်လာသတဲ့ ဆရာ"

"တကယ့် လူပါပေဗျ"

"သတ္တိတော့ အတော် ကောင်းတယ် ဆရာရဲ့။ ဒါနဲ့ ဘာတင်က သင်္ဘောပြန်လာပြီး နားရွက် တွေကို ပါဆယ်ထုပ် လုပ်၊ စာတိုက်ကြီး သွားတင်ပို့။ ပြီးတော့မှ သွေးလေ ချောက်ချားကုန်ထင်ပါရဲ့ ဆရာ၊ စားလို့ မဝင်၊ အိပ်လို့ မပျော်နိုင်ပဲ သူတို့နှစ်ယောက် မျက်နှာချည်း တစ်ဝဲဝဲ ဖြစ်နေသတဲ့ ဆရာရဲ့။ တခမ္မးကလေး အိပ်ပျော်သွားပြန်ယင်လဲ အိပ်မက်ထဲမှာ သူတို့နှစ်ယောက်က သူ့နောက်တကောက်ကောက် လိုက်ခနေတာပဲတဲ့ ဆရာရဲ့။ ဒါနဲ့ ငါ ဒီလိုနေလို့တော့ မဖြစ်ဘူး။ ကိုယ့်ကိုယ်ကို သတ်သေယင်လဲ သေ၊ ဒါမှ မဟုတ်လဲ အဖမ်းခံပြီး ကြိုးစင် တက်လိုက်ရတာက တခါတည်း ဒုက္ခအေးသွားလိမ့်မယ်လို့ အောက်မေ့ပြီး ကျွန်တော်က မဖမ်းတောင်မှ ရန်ကုန်ရောက်ယင် သူ့ကိုယ်သူ အဖမ်းခံပြီး ဖြောင့်ချက် ပေးတော့မယ်လို့ ပါပဲတဲ့ ဆရာရဲ့"

"ဩော် ဒုက္ခ၊ ဒုက္ခ။ ရန်ငြိုးကြီးတာများဟာ ထင်သလို မလုပ်ရပြန်ယင်လဲ ဒုက္ခ။ ထင်သလို လုပ်ရပြီးပြန်တော့လဲ ကိုယ်ချစ်ခဲ့ ကြင်နာခဲ့ဖူးတဲ့ သားမယားဆိုတော့ တခဏကလေး အားရပြီး တော်တော် ကြာတော့ ဒုက္ခပါပဲလားဗျာ ကိုသိန်းမောင်"



www.burmeseclassic.com

www.burmeseclassic.com

# ၁၉။ ကမာရွတ်ရွာ လူသတ်မှု*

ကျွန်တော် မောင်သိန်းမောင်သည် ယခင်နှစ်ပေါင်း အတန်ကြာသည့် အခါမှစ၍ သူရိယမဂ္ဂဇင်းတွင် မိတ်ဆွေကြီး ဦးစံရွှေ၏ စုံထောက်ပုံများဟု ရေးသား၍ လူအများကို ဖတ်ရှုစိမ့်သောငှာ ရေးသားထည့်သွင်းဖော်ပြခဲ့ဖူးသည်ဖြစ်ရာ ကျွန်တော်မှာ အထက်မြန်မာပြည်သား ဇာတိဖြစ်သည့်အလျောက် မွေးရပ်ဇာတိမြေဖြစ်သည့် ရွှေဘိုနယ် မိဘများနှင့်အတူ သွားရောက်နေထိုင်သည့် အခိုက်တွင် ဦးစံရွှေနှင့် ကွဲကွာခဲ့သဖြင့် သူ၏ အမှုအခင်း အခြင်းအရာများကို ရေးသားဖော်ပြခြင်း မပြုခဲ့သည်မှာ အတန်ကြာခဲ့ပြီ ဖြစ်ပါသည်။

သို့ရာတွင် ယခုအခါ မြန်မာပြည် အောက်ပိုင်းသို့ တဖန် ပြန်ရောက်ခဲ့၍ မိတ်ဆွေကြီး ဦးစံရွှေနှင့် တွေ့ဆုံပြီးလျှင် ရှေးကကဲ့သို့ ပေါင်းသင်းဆက်ဆံခြင်း ပြုရပြန်သည်ဖြစ်ရာ ကျွန်တော်မရှိသည့်အခိုက်တွင် စုံထောက်ကြီး ဦးစံရွှေမှာ မှုခင်းများစွာတို့၌ စုံထောက်ခြင်းအမှုကို ပြုခဲ့သည် မှန်သော်လည်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည်တို့၌ ရေးသားထည့်သွင်းခြင်း မရှိရသည် ဖြစ်သောကြောင့် ယင်း အကြောင်းအရာတို့ကို ဦးစံရွှေ၏ မှတ်စုများကို ကြည့်ရှုခြင်းအားဖြင့် အခွင့်အခိုက် ကြုံကြိုက်သည့်အခါတွင် ရှေးကကဲ့သို့ အမှုများကို တခုစီ စီစဉ်၍ ရေးသားရန် ကြံစည်ခဲ့ပါသည်။

ယင်း အကြောင်းအရာတို့ကို စီစဉ်ရန်မှာမူ မိမိကိုယ်တိုင်မျက်မြင်ဒိဋ္ဌတွေ့မြင်ရသော အမှုများ မဟုတ်သဖြင့် အချိန်အနည်းငယ် ကြန့်ကြာမည်ကို စိုးရိမ်ရသည် ဖြစ်၍ ကျွန်တော်နှင့် တခုတဖန် ပြန်လည် တွေ့ဆုံပြီးသည့်အခါမှ စုံထောက်ရသည့် အမှုအခင်းတို့ကိုသာလျှင် ရှေးဦးစွာ ဖော်ထုတ်ရေးသားပေမည် ဖြစ်ပေကြောင်း။

× × ×

ချမ်းအေးသည့် ရာသီ။ တနေ့သော နံနက်ခင်း အချိန်၌ ကျွန်တော်မှာ ညဉ့်ဦးအခါ၌ အလွန် အလုပ်ရှုပ်လှသည်ဖြစ်၍ ညဉ့်နက်သည့်တိုင်အောင် စားပွဲ၌ ထိုင်ပြီးသည့်နောက် ညဉ့်နက်လှသည့်အခါမှ အိပ်ရာသို့ ဝင်သည်ဖြစ်၍ နံနက်လင်းသော်လည်း အိပ်ရာမှ မထသေးပဲ ကွေးလျက်ရှိသည်တွင် ဦးစံရွှေသည် ကျွန်တော်၏ အိပ်ခန်းသို့ ဝင်လာ၍ ကျွန်တော်၏ ပခုံးကို ကိုင်လှုပ်လျက်—

"ထလေ ထလေ ကိုသိန်းမောင်၊ အဝတ် မြန်မြန်လဲစမ်းပါ။ ကျုပ်နဲ့ လိုက်ခဲ့စမ်းပါ" ဟုပြောသဖြင့် ကျွန်တော်မှာ အေးချမ်းလှသည် ဖြစ်သောကြောင့် စောင်ခြုံကို မဖွင့်သေးပဲ အိပ်ရာမှ တွန့်လိမ်လျက်

* ဤဝတ္ထုကို ဗြိတိသျှဘားမားမဂ္ဂဇင်း၊ ၁၉၂၇၊ ဇန်နဝါရီ၊ နံပါတ် ၁ တွင် ဦးစွာပုံနှိပ်ဖော်ပြခဲ့သည်။ ဤဝတ္ထုကိုပင် မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၇ နှင့် နှလုံးလှ စာအုပ်တိုက်မှ အတွဲ ၃ တို့တွင် ပြန်လည် ဖော်ပြသည်။ မူရင်းမှာ The Abbey Grange ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှား၏ မျက်နှာကို ကြည့်လိုက်သည့်အခါ ဦးစံရှားမှာ အမှုတစုံတခုကို လက်ခံထားပြီးကြောင်း သိရှိရလေ၏။

ယင်းသို့ သိရှိရခြင်း၏ အကြောင်းမှာ ဦးစံရှားသည် တစုံတခုသော အမှုကိုမျှ မိမိ၏လက်၌ မရှိသည့်အခါ အလွန်တရာ ပျင်းရိထိုင်းမှိုင်းသော အမူအရာနှင့် လေးကန်စွာ လှုပ်ရှားသွားလာတတ်သည် ဖြစ်ရာ အမှုတခုခုကို လက်ခံပြီးသည်နှင့် တပြိုင်နက် ယုန်နံ့ရသော အမဲလိုက်ခွေးကဲ့သို့ အလွန်တရာ ဖျတ်လတ်စွာနှင့် သွက်သွက်လက်လက် လှုပ်ရှားသွားလာတတ်သောကြောင့် ဖြစ်လေသည်။

ကျွန်တော်မှာ အအိပ်ပျက်ခဲ့သည့်ပြင် ချမ်းအေးသော ရာသီလည်း ဖြစ်သဖြင့် အိပ်ရာထရန် ပျင်းရိသည်မှန်သော်လည်း ဦးစံရှား၏ အမှုအကြောင်းရင်းနှင့် ဆိုလျှင် ပျင်းရိခြင်းပျောက်ကင်းမြဲဖြစ်သည့် အတိုင်း အိပ်ရာမှ လူးလဲထ၍ နောက် ၁၅ မိနစ် အတွင်းတွင် ကျွန်တော်နှင့် ဦးစံရှားတို့သည် ရန်ကုန် မီးရထားဘူတာရုံ၌ ဒုတိယတန်း လက်မှတ်နှစ်စောင်ကို ခံယူပြီးလျှင် ရန်ကုန်မှ အင်းစိန်သို့ သွားသော လော်ကယ် ရထားပေါ်၌ ထိုင်လျက်ရှိကြလေသည်။

ရထားပေါ်၌ ထိုင်မိကြလျှင် ဦးစံရှားသည် မိမိ အင်္ကျီအိတ်မှ စာတရွက်ကိုထုတ်၍ ကျွန်တော့်အား ပြရာ ကျွန်တော်မှာ အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

ကမာရွတ် မေဗျိုလာ၊
ဒီဇင်ဘာ ၄ ရက်၊
(နံနက် ၅ နာရီ)

မိတ်ဆွေကြီး ဦးစံရှား

ကျွန်တော် အင်စပက်တော် မောင်အုန်းဖေ စာဖြင့် ရေးသား အစီရင်ခံပါသည်။ ကျွန်တော်မှာ အလွန်ထူးဆန်းသော အမှုတခု၌ စုံထောက်လျက်ရှိရာ မိတ်ဆွေကြီး အထူး သဖြင့် ဝါသနာပါရှိသော အမှုမျိုးဖြစ်သဖြင့် ဤစာကို ရလျှင်ရချင်း ကမာရွတ်ဘူတာသို့ လော်ကယ်ရထားဖြင့်လိုက်ပါလာလိမ့်မည်ဟု အထူးမျှော်လင့်ပါသည်။ကန်ထရိုက်ကတော် မခါတွန်ကို ဖြည့်၍ လွတ်ထားခြင်းမှ တပါး အခြားသော အရာများကို အခန်းတွင်းမှ ရွှေ့ပြောင်းခြင်းမပြုရန် စီမံလျက်ရှိပါသည်။ အမြန် လာပါ မိတ်ဆွေကြီး။

မောင်အုန်းဖေ
စုံထောက်ဘက် အင်စပက်တော်

ဤစာကို ဖတ်ပြီးနောက် ကျွန်တော်သည့် ကောင်းစွာ နားမလည်သေးသည် ဖြစ်၍ ယင်းအမှု အကြောင်းကို ရှင်းလင်းဖော်ပြရန် မျှော်လင့်သည့်အတိုင်း ဦးစံရှားအား ကြည့်လျက်ရှိရာ—

ရှား။ ။"အင်စပက်တော် ကိုအုန်းဖေက သူမတတ်နိုင်တဲ့ အမှုတိုင်း ကျုပ်တို့ကိုခေါ်လို့ ကျုပ်တို့ နှစ်ယောက် စုံထောက်ရတာ ၄–၅–၆ မှု ရှိသွားပြီနော်။ ခင်ဗျား မှတ်မိတယ် မဟုတ်လား"

ကျွန်။ ။"မှတ်မိရုံ တာကမလဲဗျ။ သူ့ရိယမင်္ဂဇင်းထဲမှာတောင် ကျွန်တော် အလျှင်က ရေးထည့်ခဲ့ဖူးသေးတာကပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ခြောင် ဟုတ်ပေတယ်ဗျို။ သို့သော် ခင်ဗျားရေးခဲ့ပုံက ဖတ်ကောင်းအောင်သာ စီစဉ်ပြီး ဝတ္ထု သဘောမျိုး ရေးတာကိုးဗျ။ စုံထောက်ရေးတဲ့ ပညာ အကြောင်းကို သူ့ အစီအစဉ်နဲ့ ကွက်ကွက်ကွင်းကွင်း ပေါ်ပေါက်အောင် ရေးတာ မဟုတ်ပဲကိုးဗျ"ဟု ပြောလေလျှင် ကျွန်တော်မှာ တတ်အားသရွေ့ ကောင်းနိုင်သမျှ ကောင်းအောင် ရေးသားထားခြင်း ဖြစ်ပါလျက် ယင်းကဲ့သို့ အကြိမ်ကြိမ် အဖန်ဖန် အပြစ်တင်ခံရသည်ကို အနည်းငယ် စိတ်မချမ်းသာသည့်ပြင်စိတ်ဖြစ်၍ ကျွန်တော်က "ဒါဖြင့် ကျုပ် ရေးတာကို မကြိုက်ယင် ခင်ဗျား ဘာသာ ရေးပါတော့လားဗျ"

ရှား။ ။"ရေးရမယ် ကိုသိန်းမောင်၊ စိတ်သာချ။ သနေ့တော့ ရေးရမယ်။ ကျုပ်ရေးတဲ့အခါ ကျတော့ ခင်ဗျားလို ပုံဘိုကလေးတွေ မဟုတ်ပဲ စုံထောက်ခြင်း ပညာ အကြောင်းကို စာတအုပ်တည်းနဲ့ စုံသင်အောင် ရေးရမယ်။ စိတ်သာချပါ။ ဒါထက် အခု ဒီမှုက လူသတ်မှုကပဲဗျ"

ကျွန်။ ။"သေသူက ဘယ်သူလဲဗျ"

ရှား။ ။"သေသူက ကန်ထရိုက်တာ ဘာဘူကြီး 'နတ်ပစိန်'တဲ့ဗျ။ တော်တော်ပိုက်ဆံချမ်းသာတဲ့ လက္ခဏာရှိတယ်။ စာရေးကွေ့ကြည့်ပါလားဗျ။ ကိုအုန်းဖေရဲ့စက္ကူ မဟုတ်ဘူး။ ဘာဘူကြီးအိမ်ကနေပြီး ဘာဘူကြီးစာရွက်နဲ့ ရေးပေးလိုက်တဲ့ လက္ခဏာပဲ။ စက္ကူကို ကြည့်စမ်း၊ တချပ်ကို တမူးထက် မနည်း တန်တယ်ဗျ။ စာရေးစက္ကူတချပ်ကို ပိုက်ဆံတမူးတောင် အကုန်ခံနိုင်တဲ့ လူဟာ သာမညလူ မဟုတ်ပေ ဘူးဗျ။ ပိုက်ဆံများများရှိတဲ့ လူပဲ။ လူသတ်မှုဖြစ်တာကလဲ မနေ့ည သန်းခေါင် မတိုင်မီက ဖြစ်ရမယ် မှုချပဲ"

ကျွန်။ ။"ခင်ဗျား ဘယ့်နှယ်သိနိုင်သလဲ"

ရှား။ ။"အချိန်ကို တွက်လို့ သိတာပေါ့ဗျ။ သေသောချင်း ပုလိပ်ကို တိုင်တန်းရမယ်။ ပုလိပ်က စုံထောက်ဘက် အကြောင်းကြားရမယ်။ အကြောင်းကြားပြီးမှ ကိုအုန်းဖေ သွားရမယ်။ ကိုအုန်းဖေ ရောက်တော့မှ ကျုပ်ကို အခေါ်လွှတ်ရမယ်။ ဒီတော့ ဒီဟာတွေ စီမံရယင် တညလုံး အချိန်ကုန်မှာကို ထောက်ထားပြီး ညဦး ခပ်စောစောလောက်က ဖြစ်တယ်လို့ ကျုပ်တွေးမိတယ်။ ကိုင်း ကိုင်း၊ ကမာ့ရွတ် ဘူတာရောက်လာပြီ။ ဟောဟိုက ကိုအုန်းဖေမဟုတ်လား။ ခြောင် မဟုတ်ဘူးဗျို။ ကိုအုန်းဖေ တပည့်ကပဲ"

ကျွန်တော်တို့လည်း မီးရထားမှ ဆင်းသက်ကြ၍ ကိုအုန်းဖေ စေလွှတ်သူ ပုလိပ်နှင့်အတူ လိုက်ပါ သွားကြရာ ၁၅ မိနစ်ခန့် လျှောက်မိလေလျှင် ကျယ်ဝန်းသော ဝင်းကြီး တဝင်း ကြီးကျယ်ခမ်းနားသော အိမ်ကြီးတဆောင်သို့ ဆိုက်ရောက်ကြလေ၏။

အိမ်သူအိမ်သားတို့မှာ မိမိတို့ အိမ်အတွင်း တစုံတရာ အကြီးအကျယ် ဖြစ်ပွားလျက် ရှိနေသည့် လက္ခဏာဖြင့် မရွှင်ပျသော မျက်နှာထားများနှင့် စကားတီးတိုးမျှသာလျှင် ပြောဆိုလျက် ရှိကြသည် ဖြစ်ရာ ကိုအုန်းဖေလည်း ကျွန်တော်တို့ ဝင်လာသည်ကို မြင်သည်နှင့် အိမ်ပေါက်သို့ ထွက်လာ၍—

ဖေ။ ။"ဆရာရောက်လာတာ ကျေးဇူးကြီးပါပေရဲ့ခင်ဗျား ကိုသိန်းမောင်လဲ ပါလာသကိုး။ အထက်က ဘယ်တော့က ပြန်ရောက်လာသလဲ။ နှစ်ဦးလုံး လာကြတာ ကျေးဇူးတင်ပါရဲ့ ခင်ဗျာ။ သို့သော် အခုတော့ဖြင့် အမှုက တော်တော် ရှင်းနေပြန်ပြီ။ အခုက ဒီလောက်ရှင်းယင် ဆရာ့ကိုတောင် ကျွန်တော် အခေါ်မခိုင်းပါဘူး။ ဒီလိုပါ ဆရာခင်ဗျာ။ ဘာဘူကတော်ဟာ အခုမှ သတိရလာပြီး အဖြစ် အပျက်ကို သူမှတ်မိသမျှ အကုန်ပြန်ပြောလို့ ရှင်းသင်းပါပြီ ခင်ဗျာ။ လက်စသတ်တော့ ဖိုးခေါင်တို့ လက်ချက်ကိုးဗျ"

ရှား။ ။"အလို၊ ဖိုးခေါင်တို့ သားအဖ သုံးယောက်ဟာလား"



www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။"ဒါဝစ်ပါပဲဗျာ၊ အဖေ ဖိုးခေါင်နဲ့ သား မိုက်ခဲမိုးမှောင်တို့ လက်ချက်ပါပဲ။ မလွဲပါဘူး။ လွန်ခဲ့တဲ့ တနင်္ဂနွေသာ ညနေက သူတို့ ၃ ယောက် အင်းစိန်မှာ အိမ်ဖောက်လို့ မြင်တဲ့သူများက မြင်လိုက်လို့ လိုက်ပြီး ရှာနေတုန်း ရှိသေး၊ အခု ဒီမှာ သူတို့ တိုက်သွားပြန်ပြီ။ ဒီတခါတော့ ဥစ္စာကို ယူရုံမျှမက လူကို တောင် သတ်သွားတာကိုးခင်ဗျ။ တနေ့ကတော့ တကျွန်းမှု၊ ဒီတခါတော့ စက်တိုင်မှု ဖြစ်နေပြီခင်ဗျ"

ရှား။ ။"ပွဲချင်းပြီးရောလား"

ဖေ။ ။"ပွဲချင်းပြီးဆို ဦးနှောက်တွေကို ထွက်ပြီး တခန်းလုံး ပြန့်ကြဲနေပါရောခင်ဗျာ။ သူ့တုတ်နဲ့ သူ ပြန်ရိုက်လိုက်တာ တုတ်ကို ကွေးသွားတာပဲခင်ဗျ။ ဆရာ့ဆီ စာရေးလိုက်တုန်းကတော့ ကန်ထရိုက်ကတော် မခါတွန်က ကြောက်အားကြီးပြီး သတိမရပဲ ရှိနေတာ။ အခုတော့ဖြင့် သတိရလို့ အကုန် ပြန်ပြီး ပြောလို့မို့ တော်တော်ရှင်းလင်းပါပြီခင်ဗျာ။ သို့သော် ဆရာကိုယ်တိုင်လဲ ကြားရအောင် တဆိတ် လောက် အတွင်းဝင်ပြီး အခန်းအခြေအနေကိုလဲ ကြည့်ယင်း၊ စစ်ချက်လဲ ယူယင်း ဝင်ပါအုံးခင်ဗျာ"ဟု ဖိတ်ကြားချက်အရ ကျွန်တော်နှင့် ဦးစံရှားတို့သည် အိမ်ကြီးအတွင်းသို့ ဝင်၍ ကန်ထရိုက်ကတော် မခါတွန် အား စစ်ဆေး မေးမြန်းလျက် ရှိကြလေသည်။

ယင်း ကန်ထရိုက်ကတော် မခါတွန်မှာ ဇေဒဘာရီ ကုလားမတယောက်ဖြစ်၍ ၎င်းလူမျိုး မိန်းမတို့ ကဲ့သို့ နှာတံပေါ်လွင်ခြင်း၊ မျက်လုံး၏ မည်းနက်ခြင်း၊ မျက်ခုံးမို့လျက် မျက်တောင် ကော့ခြင်း အစ ရှိသော အခြင်းအရာတို့နှင့် ပြည့်စုံခဲ့သည့်ပြင် ကိုယ်လုံးကိုယ်ပေါက်၏ ပြေပြစ်ခြင်း၊ တည်ကြည်ခန့်ညား လျက် သားနား သပ်ရပ်သော ဣန္ဒြေရှိခြင်း၊ ခြေလက်အင်္ဂါတို့၏ နုနယ် ပျော့ပျောင်းခြင်း အစ ရှိသော အခြင်းအရာတို့နှင့် ပြည့်စုံသည်ဖြစ်ရကား ကျွန်တော်တို့မှာ ထိုမိန်းမကို မြင်ရလျှင် မြင်ရချင်း သာမည မိန်းမတယောက် မဟုတ်ကြောင်းကို တခါတည်း ခန့်မှန်းနိုင်ကြလေသည်။

ယင်း မခါတွန်မှာ အသက် ၂၅ နှစ်မျှသာ ရှိသေးသည် မှန်သော်လည်း တည်ကြည် ခန့်ညားသော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့နှင့် ပြည့်စုံသည် ဖြစ်သောကြောင့် ထိုထက်ပင် အသက်အနည်းငယ် ကြီးရင့်သည်ဟု ခန့်မှန်းကြရသည်ဖြစ်ရာ သူ၏ အပါး၌ကား အသက် ၄၀ ကျော် အရွယ်ခန့်မျှရှိ၍ ပိန်ပိန် ပါးပါး အသားညည်းမည်းနှင့် နှုတ်ခမ်းဘဲ့တွဲ့ရှိသော မိန်းမကြီးတယောက်သည် မခါတွန်၏ ဖူးရောင်လျက် ရှိသော နဖူးတို့ကို ဆေးတို့ဖြင့် လိမ်းကျံနှိပ်နယ်လျက် ရှိလေ၏။

မခါတွန်မှာ သာမညအားဖြင့် ကြည့်ရှုသည်ရှိသော် ကိုယ်၏ နာကျင်ခြင်း၊ စိတ်၏ နာကျင်ခြင်း၊ စိတ်၏ ပင်ပန်းခြင်း စသည်တို့ဖြင့် တွေ့ကြုံရသဖြင့် ညှိုးငယ်လျက်ရှိသည်ဟု မှတ်ထင်ရသည်ဖြစ်ရာ သူ၏ အမူအရာမှာ အသွန်သသု ဖျော်လတ်၍ ထက်မြက်စူးရှသော မျက်စိ၏ တန်ခိုးနှင့်လည်း ပြည့်စုံကြောင်းကို ကျွန်တော်တို့ တွေ့မြင်ရလေ၏။

ကျွန်တော်တို့သည်း ထိုင်မိကြ၍ ကိုအုန်းဖေက ဦးစံရှား၏အကြောင်းကို အိမ်ရှင်အား ပြောပြ ပြီးနောက် အတ္ထုပ္ပတ္တိကို တဖန် ထပ်လောင်း၍ ဦးစံရှားအား ပြောပြပါမည့်အကြောင်းနှင့် ပြောဆို လေလျှင် မခါတွန်သည်း နဖူးကို လက်ကိုင်ပဝါဖြင့် ဖိလျက်—

တွန်။ ။"ကျွန်မ ခုနင်ကပြောခဲ့တဲ့ အတိုင်းပါပဲရှင်။ ရှင်ကပဲ ပြန်ပြီး ပြောလိုက်ပါတော့"

ဖေ။ ။"ကျွန်တော့် မိတ်ဆွေက သေချာတဲ့ လူတယောက် ဖြစ်လို့မို့"

တွန်။ ။"ကောင်းပါပြီရှင်၊ ကောင်းပါပြီ။ ဒါထက် ဟိုအခန်းထဲ ရှင်တို့ ရောက်ခဲ့ကြပြီလား"

ဖေ။ ။"ကန်ထရိုက်ကတော် ပြောရန်ရှိသမျှကို ပြောပြီး ကျွန်တော် ပြလိုက်ပါ့မယ် ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တွန်း။ ။"မြန်မြန် ကိစ္စပြီးတဲ့အောင် လုပ်ကြပါရှင်။ သူ့အလောင်းကြီးကို ဒီအတိုင်းထားရတာ ကျွန်မ စိတ်မချမ်းသာပါဘူး။ မြန်မြန်ရွှေ့လိုက်ကြပါရှင်"ဟု ပြော၍ မခါတွန်းသည် ကြက်သီးတလျက်လျက် မျက်နှာကို လက်ဝါးနှစ်ဘက်နှင့် အုပ်လိုက်သည်တွင် သူ၏အင်္ကျီတံတောင်ဆစ်ဆီ အရောက် လျှောကျ၍ ရဲရဲနီသော ဒဏ်ရာနှစ်ခုသည် ဖြူဝင်းလျက်ရှိသော အသားပေါ်၌ ပေါ်လာသည်ကို ဦးစံရွှေး မြင်ရသည်နှင့်—

"အလို၊ လက်မှာလဲ ထိခိုက်သွားပါသေးကလား"ဟု ပြောလိုက်ရာ မခါတွန်းလည်း အဝတ်နှင့် လျင်မြန်စွာ ဖုံးလိုက်ပြီးနောက်—

တွန်း။ ။"ဒီဒဏ်ရာက ဒီအမှုနဲ့ မဆိုင်ပါဘူးရှင်၊ ဒီဟာက တခြားပါ။ ကဲကဲ ကျွန်မ အဖြစ်အပျက်ကို ပြန်ပြောပါ့မယ်။ နားထောင်ကြပါရှင်"ဟု ပြောသဖြင့် ကျွန်ုပ်တော်တို့လည်း နားစိုက်လျက် ရှိကြလေ၏။

တွန်း။ ။"ကျွန်မနဲ့ ကန်တရိုက် နုထပ်စိန် ဘာဘူကြီးနဲ့ လက်ထပ်ခဲ့ကြတာ တနှစ်ကျော်လောက် ရှိခဲ့ကြတော့ အဲဒီဘနှစ်အတွင်း ကျွန်မတို့လင်မယားဟာ တယ်ပြီး သင့်သင့်မြတ်မြတ် မရှိခဲ့ပါဘူးရှင်။

"ကျွန်မကလဲ ကွယ်လို့ မပြောပါဘူး။ ကျွန်မကလဲ ကျွန်မပါပေပဲ။ သူကလဲ သူပဲရှင့်။ ကျွန်မလဲ ငယ်စဉ်တောင်ကျေး ကလေးအရွယ်က စပြီး အထက်အရပ်မှာ လွတ်လွတ်လပ်လပ် နေခဲ့ရဖူးတော့ သူတို့လူမျိုးအလိုက် အသွားအလာ၊ အနေအထိုင်မှ စ၍ စည်းကမ်း နည်းလမ်းတွေ ဘာတွေ ညာတွေနဲ့ ကျဉ်းကျဉ်းကျုတ်ကျုတ် နေထိုင်ရတော့ စိတ်မချမ်းသာဖြစ်ပြီး ကိုယ်သွားချင်ရာ သွား၊ ကိုယ်လာချင်ရာ လာနဲ့ တခါတခါလုပ်မှုဖြင့် လင်မယားချင်း အင်မတန် ဆူရ ပူရတယ်ရှင့်။

"ပြီးတော့ သူ့အပြစ်ကတော့ အားလုံး အိမ်နီးပါးချင်းများ သိတဲ့အတိုင်း အရက် အင်မတန် သောက်တဲ့ လူကြီးပဲရှင့်။

"အရက်သောက်ပြီ ဆိုမှဖြင့် ဟိုလူကို ပြောချင်၊ ဒီလူကို ပြောချင်၊ ဒီလူကို ဆိုချင်၊ ဟိုလူ ရိုက်ချင်၊ ဒီလူနှက်ချင်နဲ့ အင်မတန် ရန်လိုတဲ့ လူတယောက်ပါရှင်။ တခါတခါ ကျွန်မက သွားချင် လာချင်၊ လည်ပတ်ချင်တာနဲ့ သူက မူးယစ်တာနဲ့ ဆုံဆည်းမိတဲ့အခါကျမှဖြင့် ဘာမှ မပြောနဲ့တော့ တအိမ်လုံး မီးပွင့်အောင် ဆူတော့တာပါပဲရှင်။

"ကျွန်မလဲ အမှန်ပြောရမှာဖြင့် သူ့အနားမှာ တကပ်တည်းကပ်ပြီး မနေနိုင်ဘူးရှင့်။ ကိုယ့်အသိမိတ်ဆွေ အိမ်နီးပါးချင်းများဆီလဲ တခါ တခါ လည်ချင်ပတ်ချင် သေးတာကိုး။

"တခါတခါ နာရီဝက်လောက်ကလေး လည်မိယင်ပဲ ဟိုလူနဲ့ပေးစား၊ ဒီလူနဲ့ပေးစားနဲ့ အင်မတန် အခံခက်အောင် ပြောတတ်တဲ့ လူကြီးပါပဲရှင်။ သူနဲ့ ပေါင်းဖော်ရကတည်းက ကျွန်မဖြင့် တခါမှ အေးရတယ် မရှိပါဘူးရှင်"ဟု ပြော၍ မခါတွန်းသည် မိန်းမကြီး၏လက်မှ ရေတခွက်ကို သောက်ပြီးနောက် ဆက်လက်၍ ပြောပြန်သည်မှာ—

တွန်း။ ။"ဒါနဲ့ မနေ့ညက အကြောင်းကို ပြောရအုံးမယ်။ ကျွန်မတို့ အိပ်ခန်း အပေါ်ထပ်မှာရှင့်။ ဟောဒီက ခါလာဘီကလဲ ကျွန်မတို့ အခန်းနဲ့ကပ်လျက် အခန်းကလေးမှာ အိပ်တယ်။ ဒီ့ပြင် ဆိုက်ကုလားတွေ၊ ထမင်းချက်တွေ၊ အစေခံတွေကတော့ နောက်ဖေးက အစေခံတဲမှာပဲ အိပ်ကြတာကိုးရှင့်။

"မနေ့ညကတော့ ကိုးနာရီခွဲလောက်မှာ ဘာဘူကြီးလဲ မူးယစ်ပြီး အိပ်ခန်းဝင်သွားရော၊ အခြားအစေခံများလဲ ခိုင်းစရာ ကိစ္စမရှိတာနဲ့ အိပ်ခန်းကို အသီးသီးဝင်ကြရော၊ ခါလာဘီလဲ ညောင်းတာနဲ့

www.burmeseclassic.com



မအိပ်သေးပဲ အိပ်နေပါက သူ့အခန်းကလေးထဲမှာ လှဲနေတော့ ကျွန်မတယောက်တည်း ဒီအခန်းထဲမှာ စာအုပ်တအုပ်ဖတ်ပြီး နေလိုက်တာ ၁၁ နာရီ ထိုးသွားပါရောရှင်။

"ဒီတော့မှ ကျွန်မလဲ နည်းနည်း အိပ်ချင်သလိုရှိတာနဲ့ အိမ်ပေါ်တက်မယ်လို့ မီးတိုင်ကိုကိုင်ပြီး ထုံးစံအတိုင်း အခန်းတံခါးများ၊ ဘာများ လုံလုံခြုံခြုံ ပိတ်ပြီး ဆို့ပြီး ရှိလေသလားလို့ အခန်းစေ့အောင်လိုက်ပြီးကြည့်၊ ကြည့်လို့ ထမင်းစားခန်းထဲရောက်တော့ ပြတင်းပေါက်က အခန်းဆီးအဝတ်ဟာ လှုပ်နေတာ မြင်လို့ ဒီပြတင်းပေါက်ကို မပိတ်ရသေးပါကလားလို့ ပိတ်မယ်လို့ အလုပ်မှာ လားလား၊ အရပ်ကလဲ မြင့်မြင့်၊ အသားလဲ ညိုညိုမောင်းမောင်း၊ နှုတ်ခမ်းမွေးကောင်းကောင်းနဲ့လူတယောက် ဖြုန်းကနဲဆို ပြတင်းပေါက်က ကျော်ပြီး အခန်းတွင်း ခုန်ချလိုက်တော့ သူ့နောက်ကလဲ လူနှစ်ယောက် ထက်ကြပ်ကပ်ပြီး ပါလာတာကိုရှင့်။ ကျွန်မလဲ ကြောက်အား လန့်အားနဲ့ အော်လိုက်မယ် အလုပ်မှာ ရှေ့ဆုံးက လူကြီးက ဖျပ်ကနဲဆို ကျွန်မလက်က မီးအိမ်ကို လုပြီး လည်ပင်းကို တယောက်က ညှစ်ထားတာကိုး ရှင့်။

"ဒီတော့ ကျွန်မလဲ အတင်းရုန်းပြီး အော်မယ်လို့ အလုပ်မှာ တယောက်က ကျွန်မနဖူးကို တစုံတခုနဲ့ ရိုက်လိုက်တာနဲ့ ကျွန်မလဲ မူးပြီး ကြမ်းပေါ်လဲသွားပါရောရှင်။ ကျွန်မလဲ သတိမရပဲ လဲနေတာ တော်တော်ကြာသွားပါရောထင်ပါရဲ့။ သတိရလို့ မျက်စိဖွင့်ကြည့်လိုက်တော့ အစေခံများကိုခေါ်တဲ့ ခေါင်းလောင်းက ကြိုးနဲ့ ကျွန်မကို စားပွဲထိပ်က ကုလားထိုင်မှာ ကပ်ပြီး ချည်ထားတာ တွေ့ရပါရောရှင်။

"ဒီတော့ ကျွန်မလဲ မရုန်းနိုင်တာနဲ့ အော်မယ်လုပ်တော့ ပါးစပ်ကို လက်ကိုင်ပဝါနဲ့ ဆို့ထားလို့ မအော်နိုင်ပါဘူးရှင်။ ဒီလိုဖြစ်နေတုန်း ဖြုန်းကနဲဆို ကျွန်မယောကျ်ားက အိမ်ပေါ်ကဆင်းလာပြီး လက်က တုတ်ကြီးတချောင်းနဲ့ အခန်းထဲ ဝင်လာပါရောရှင်။ ဒီတော့ အကြီးဆုံးသူခိုးက သူ့လက်က သံတုတ်ကြီးနဲ့ ဘာဘူကြီးအတွက်ကို ချလိုက်တာ ဘာဘူကြီးလဲ ဒုံးကနဲ လဲသွားပါရောရှင်။

"ကျွန်မလဲ ဘာဘူကြီးလဲတာ မြင်တာနဲ့ ကြောက်အားကြီးပြီး မေ့သွားပါရောရှင်။ နောက် သတိရလို့ မျက်စိဖွင့်ကြည့်လိုက်တော့၊ လား လား မောင်မင်းကြီးသားက အောက်ခန်းက ပစ္စည်းရှိသမျှကို စားပွဲခင်းအဝတ်အနဲ့ထုပ်ပြီး စားပွဲမှာထိုင်တဲ့ပြီး ဘာဘူကြီး အရက်ချိုပုလင်းကိုဖွင့်ပြီး သုံးယောက်သား တယောက်ကို တဖန်ခွက်စီ သောက်နေကြတာကို တွေ့ရတာကိုးရှင့်။

"ကျွန်မ ခုနင်က ပြောတဲ့အတိုင်း လူကြီးကြီး တယောက်က နှုတ်ခမ်းမွေးကြီးနဲ့ရှင်။ ဒီ့ပြင် နှစ်ယောက်ကတော့ ခပ်ငယ်ငယ်ရှိသေးတယ်ရှင့်။ နှုတ်ခမ်းမွေးလဲ မပါဘူးရှင့်။ သူတို့ မျက်နှာတွေကလဲ ခပ်ဆင်ဆင်၊ သားအဖဆိုယင်လဲ ဆိုလောက်ပါရဲ့ရှင်။ စကား ပြောတော့လဲ တိုးတိုးကလေး ပြောကြတယ်ရှင့်။

"နောက်တော့ သူတို့ အရက်ဝတဲ့ လက္ခဏာနဲ့ ထိုင်ရာက ထပြီး သူတို့ဝင်လာတဲ့ ပြတင်းပေါက်ကပဲ ပြန်ပြီး ထွက်သွားကြပါရောရှင့်။ သူတို့သွားတော့မှ ကျွန်မလဲ ပါးစပ်က အဝတ်ကို လျှာနဲ့ ထိုးထုတ်ပြီး အော်တော့မှ ခါလာဘီတို့ရော၊ ဒီ့ပြင် အစေခံတွေရော အခန်းတွင်း ပြေးဝင်လာကြတာကိုးရှင့်။

"ကိုင်း ဒါပါပဲရှင်။ ကျွန်မမှာ စိတ်ပန်းကိုယ်ကြေဖြစ်နေတဲ့အခါမှာ ထပ်ခါတလဲလဲ အစစ်မခံပါရစေနဲ့တော့ရှင့်"

ဖေ။ ။"ဘယ့်နှယ်လဲ ဆရာ၊ မေးခွန်းထုတ်ဖို့ ရှိသေးသလား"

ရှား။ ။"ကန့်ထရိုက်ကတော်ကိုတော့ မမေးလိုပါဘူးဗျာ။ သို့သော် ခါလာဘီကိုတော့ မေးစမ်းပါရစေအုံး။ ဘယ့်နှယ်လဲ ခါလာဘီ၊ ခင်ဗျား သိသမျှ ပြောစမ်းပါဗျာ"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ဘီ။ ။''ကျွန်မလဲ မနေ့ညက ညောင်းညောင်းရှိတာနဲ့ အိပ်ရာမှာ လှဲယင်း ပြတင်းပေါက်ဘက် မျှော်ကြည့်လိုက်တော့ လူ ၃ ယောက်တော့ လမ်းမှာ မြင်မိတာပဲ။ သို့သော် ဒီလို ဖြစ်လိမ့်မယ် မထင်လို့ အရေးမယူပဲ လှဲမြဲ လှဲနေမိတယ်။ ဒီနေ့ခါက် ဘာဘူကြီး ဆင်းသွားတော့တောင် မွှေးမွှေး မွှေးမွှေးနဲ့ ခြေသံကြားသလိုလို အောက်မေ့နေတုန်း တော်တော်ကြာ မခါတွန်က အော်လိုက်တဲ့ အသံ ကြားတော့မှ ဖြုန်းကနဲဆို အိပ်ရာကထပြီး အိမ်အောက်ဆင်းသွားတော့ ခါတွန်ပြောတဲ့အတိုင်း ခါတွန်မှာတော့ ကုလားထိုင်မှာ တုပ်လျက်၊ ဘာဘူကြီးကတော့ ကြမ်းပေါ်မှာ လဲလျက် တွေ့ရတာပါပဲရှင်။ ကိုင်း ကိုင်း၊ တော်ကြာပါတော့။ ခါတွန်လဲ တညလုံး မအိပ်ရရှာဘူး။ အိပ်ချင်လှရှာပါတော့မယ်။ သည်းခံကြပါတော့ရှင်''ဟု ပြော၍ ခါလာဘီသည် မခါတွန်အား အခန်းပြင်သို့ ယုယကြင်နာလှသည့် အမူအရာနှင့် တွဲတူ၍ အိမ်ပေါ်သို့ ခေါ်သွားလေ၏။

ယင်းတို့ တက်သွားလျှင် ကိုအုန်းဖေက—

''အဒေါ်ကြီးက မခါတွန်ကို အင်မတန် ချစ်ရှာတယ် ဆိုကပဲဗျာ။ ငယ်ငယ်လေးကတည်းက အဒေါ်ကြီးနဲ့ အတူနေ၊ အဒေါ်ကြီးလက်ပေါ်မှာ ကြီးလာလေတော့ ဘယ်တော့မှ မခွဲပဲ သမီးရင်းသားရင်းလို မှတ်နေတော့တာဆိုကပဲ ဆရာရဲ့။ ကိုင်း၊ ကိုင်း။ ဒါထက် ထမင်းစားခန်းကို သွားပြီး ကြည့်လိုက်ကြအုံးစို့ရဲ့''

ထို့နောက် အင်စပက်တော် ကိုအုန်းဖေလည်း ကျွန်တော်နှင့် ဦးစံရှားတို့ကို စားပွဲခန်းသို့ ခေါ်လာခဲ့ရာ ဦးစံရှားမှာ ဆေးဝါးအထက်၌ အလွန်တရာ ကျွမ်းကျင်လိမ္မာသော သမားတော်တဦးကို ပင့်ဖိတ်လာသည့်အခါ ခြေဦး အကြောတင်သောလူနာကို ကုသရန် ပြောသော အခါ၌ ယင်း ဆေးဆရာ၏ စိတ်ပျက်သည့် မျက်နှာထားကဲ့သို့ ဦးစံရှားမှာလည်း ခက်ခဲနက်နဲသော အမှုကို တွေ့ရမည် အထင်နှင့် လိုက်လာခဲ့သည်တွင် သာမညအမှုကို တွေ့ရသည်ဖြစ်၍ များစွာ စိတ်မပါပဲ စိတ်ပျက်သော အမူအရာဖြင့် စားပွဲခန်းသို့ လိုက်ပါလာခဲ့လေ၏။

နုထပ်စိန်ဘာဘူကြီးမှာ မီးရထားလမ်း ဖောက်လုပ်ခြင်း၌လည်းကောင်း၊ မြူနီစီပယ် ဈေးရုံကြီးများကို တည်ဆောက်ခြင်း၌လည်းကောင်း၊ တံတား အမျိုးမျိုး၊ အဆောက်အအုံ အမျိုးမျိုး တို့ကို ဆောက်လုပ်ခြင်း၌လည်းကောင်း၊ အလုပ်ကြီး အမျိုးမျိုးတို့ကို ကန်ထရိုက်ဆွဲ၍လုပ်ခဲ့ရာ အလွန်တရာလည်း နားလည်သည်ဖြစ်၍ မြတ်စွန်းသည်ချည်းသာလျှင် ဖြစ်လေရကား ဥစ္စာကြေးငွေဖြင့် လွန်စွာ ခိုင်လုံသူ ပုဂ္ဂိုလ်တဦးဖြစ်သောကြောင့် ခမ်းနားကောင်းမွန်စွာ နေထိုင်ခဲ့သည်ဖြစ်ရာ ၎င်း၏ စားပွဲမှာလည်း ဥရောပတိုက်သား အရာရှိကြီးတို့၏ အခန်းကဲ့သို့ လူ၏ အသုံးအဆောင် အိမ်ထောင်မှု ပရိဘောဂ အမျိုးမျိုးတို့ဖြင့် ရှင်းလင်း ပြင်ဆင်လျက်ထားသည်ကို ကျွန်တော်တို့ တွေ့မြင်ရလေ၏။

ကြမ်းပြင်၌ကား အလွန်တရာ ထူထပ် ကောင်းမွန်သော တိုက်ကော်ဇောကြီးတို့ဖြင့် ခင်းကျင်းလျက် ခုတင်ပုံကြီး၊ ခုတင်ပုံငယ်၊ ဘီရိုကြီး၊ ဘီရိုကလေး၊ စားပွဲကြီး၊ စားပွဲကလေးမှစ၍ အမျိုးမျိုးသော အသုံးအဆောင်တို့သည် သူ့နေရာနှင့် သူ့နေရာ သေသပ်စွာရှိလျက် စားပွဲ၏ ထိပ်တည့်တည့်တွင် အလွန်ကြီးမား၍ နောက်မြင့်မြင့်ရှိသော ကုလားထိုင်ကြီး၌မူ ကြိုးနီတစသည် တင်လျက်ရှိသည်ဖြစ်ရာ ထိုကြိုးနီမှာ မခါတွန်ကို ချည်နှောင်ထားရာမှ လျှော့ကျ၍ ကျန်ရစ်သည့် လက္ခဏာဖြင့် အထုံးတို့မှာ မပြေပဲ ကြိုးမှာ ခွေလျက် ရှိလေသည်။

အခန်း၏ အလယ် ကျားရေတချပ်ပေါ်၌ကား အသက် ၄၀ ကျော်ကျော် အရွယ်ခန့်မျှရှိ၍ ၀၀ တုတ်တုတ် နှုတ်ခမ်းမွေး ကောင်းကောင်းနှင့် ဘာဘူကြီး၏ အလောင်းသည် ပက်လက်ကြီး လန်လျက်


www.burmeseclassic.com

www.burmeseclassic.com



လက်သီးတို့မှာ နှစ်ဘက်ပြိုင်ကာ ကောင်းကင်သို့ ချိန်ရွယ်ပြီးလျှင် အရောင်အဆင်း ကင်းမဲ့သော မျက်လုံးတို့ဖြင့် ကောင်းကင်သို့ ပြူးလျက် ကြည့်နေသည်ကို တွေ့မြင်ကြရလေ၏။

ဘာသူကြီးမှာ အိမ်အောက်မှ လူသံကြားသဖြင့် ဆင်း၍လာကြည့်သည့်အခါ အိပ်ရာမှလာခဲ့သည့် လက္ခဏာနှင့် ရှပ်အင်္ကျီနှင့် နံငယ်တို့ဖြင့်သာလျှင် ဝတ်ဆင်လျက်ရှိရာ သူ၏ အနီးမှာကား ကွေးလျက်ရှိသော သံတုတ်ကြီးတချောင်းသည် တည်ရှိသည်ဖြစ်၍ ဦးစံရှားလည်း ယင်းတုတ်ကို ကောက်ယူ၍ လက်ပေါ်၌ ဆပြီးလျှင်—

ရှား။ ။"ဦးဖိုးခေါင်ဟာ တော်တော်ဗလကောင်းတဲ့ လူယောက်ပေပဲ။ ကြည့်စမ်း၊ နည်းတဲ့တုတ်လုံး မဟုတ်ဘူး။ ဒီတုတ်တောင် ကွေးအောင်ရိုက်နိုင်တဲ့လူဟာ တကယ့် ဗလပေပဲဗျ"

ဖေ။ ။"ဟုတ်တယ်ဆရာ။ ကျွန်တော်တို့ စုံထောက်ဘက် လူဆိုးစာရင်းမှာ သူ့နာမည်နဲ့ သူ့အကြောင်းပါတယ်။ ထောင်ထောင်မောင်းမောင်းနဲ့ ဗလကောင်းပြီး ရက်လဲ ရက်စက်တဲ့ လူတယောက်ပဲ ဆရာ။ ထောင်ကို နှစ်ခါ ကျဖူးတယ်"

ရှား။ ။"ဒါဖြင့် သူ့ကို ရှာဖို့ ခင်ဗျားတို့ ခဲယဉ်းဖို့ မရှိဘူးပေါ့"

ဖေ။ ။"မခဲယဉ်းပါဘူး ဆရာ။ မကြာခင် တွေ့မှာပါပဲ။ သို့သော် ကျွန်တော်တခု အံ့ဩတာက သူ့ကို မခေါတ္တန်မြင်ယင် သူ့ရုပ်အင်္ဂါကို ကျွန်တော်တို့ စုံထောက်ဘက်က သိရှိပြီးဖြစ်လို့ ပြောပြတာနဲ့ သူပဲဆိုတာ သိမှာကို မစိုးရိမ်ပဲ ရဲရဲဝံ့ဝံ့ ရုပ်ဆင်းကို မဖျက်ပဲ ကြံစည်ဝံ့တာကို ကျွန်တော်အံ့ဩပါရဲ့ ဆရာ"

ရှား။ ။"မှန်တယ် ကိုအုန်းဖေ။ တကယ်လို့ဆိုယင် ဘာသူကြီးကိုမှမက မခေါတ္တန်ကိုပါ အဆုံးစီရင်ဖို့ကောင်းတယ်"

ကျွန်။ ။"ဒီလိုထင်ပါရဲ့ဗျာ။ မခေါတ္တန်က မူးပြီးလဲသွားတော့ သတိရလာတာကို သူတို့ မသိတဲ့အတွက် သူတို့ကို မမြင်ပေဘူးလို့ အောက်မေ့တယ် ထင်ပါရဲ့ဗျာ"

ရှား။ ။"ဒါလဲ တွေးဖို့ရှိတယ်။ ဒါထက် ဒီဘာသူကြီးကကော ဘယ့်နှယ်လဲ။ သူ့အကြောင်း ကျုပ်နည်းနည်း ကြားဖူးတယ်။ တော်တော်ဆိုးဘယ် ဆိုပါကလား"

ဖေ။ ။"ဘာသူကြီးကတော့ မမူးတဲ့အခါမှာ လူအေး လူကောင်းကြီးပါပဲဗျာ။ မူးတဲ့အခါ ကျမှဖြင့် အင်မတန်ထန်တဲ့ လူကြီးတယောက်ပဲ။ တခါလဲ မခေါတ္တန့်ခွေးကို အရှင်လတ်လတ် ရေနံဆီလောင်းပြီး မီးရှို့သတဲ့။ တခါတော့လဲ ခါလာကြီးကို ဖန်ခွက်နဲ့ပေါက်သတဲ့။ ဒီတုန်းကလဲ တော်တော်ပိုက်ဆံကုန်ရှာသေးတယ်။ သနားတော့ သနားလိုက်ပါရဲ့။ သို့သော်လဲ သေတာလဲ ခပ်ကောင်းကောင်း ထင်ပါရဲ့ဗျာ။ ဘာကြည့်တာလဲ ဆရာရဲ့"

ဦးစံရှားသည် ကိုအုန်းဖေစကားပြောနေခိုက်တွင် မခေါတ္တန်ကို ချည်နှောင်၍ထားသော ကြိုးထုံးကို သေချာစွာ ကြည့်ရှုပြီးနောက် ယင်း ကြိုးပြတ်နှင့်တကွ ကြိုးကိုဆွဲ၍ ဖြတ်ယူသော ကြိုးစကိုလည်း မော့ကြည့်လျက် ရှိလေ၏။

ရှား။ ။"ဒီကြိုးက ဘယ်နဲ့ဆက်သွယ်တဲ့ ကြိုးလဲဗျ"

ဖေ။ ။"ဒီကြိုးက အခေစံတဲက ခေါင်းလောင်းကလေးနဲ့ ဆက်သွယ်တဲ့ ကြိုးပါပဲဆရာ။ ကိစ္စရှိတဲ့အခါမှာ ဒီကြိုးကို ဆွဲလိုက်ယင် အခေစံတဲက ခေါင်းလောင်းက မြည်ပါတယ် ဆရာ"

ရှား။ ။"မနေ့ညက ခေါင်းလောင်းကမြည်တော့ အခေစံတွေ မကြားဘူးလား"

ဖေ။ ။"အခေစံတွေ ခပ်ဝေးဝေးက လည်းနေကြတယ်တဲ့ ဆရာရဲ့"

တတိယအကြိမ်

www.burmeseclassic.com



ရှား။ ။"အစေခံတွေ လည်တာ မလည်တာကို အမှန်မသိပဲ ဒီခေါင်းလောင်းကို အရမ်းဆွဲပြီး ဖြုတ်ဝံ့တာ ကျုပ် အံ့ဩလှတယ်ဗျာ"

ဖေ။ ။"ကျွန်တော်လဲ ဒီအကြောင်းကို တွေးမိပါတယ်ဆရာ။ ကျွန်တော့် အထင်ဏတော့ အစေခံတွေ လည်အောင်စောင့်ပြီး သူတို့လည်တော့မှ အိမ်တွင်းဝင်လာကြတယ်လို့ ကျွန်တော် ထင်ပါတယ်"

ရှား။ ။"ဒါဖြင့် ခင်ဗျားပြောပုံတော့ သူခိုးများက အိမ်တွင်းကို မဝင်မီကတည်းက ဒီကြိုးကို ဖြတ်ယူရလိမ့်မယ်လို့ တင်ကူးပြီး သိနှင့်တယ်ပေါ့လေ။ ဒီလိုဆိုယင် ဒီကြိုးကိုမဖြတ်ပဲ ကြိုးတချောင်းယူခဲ့မှာပဗျာ။ မဟုတ်ဘူးလား ကိုသိန်းမောင်"

ကျွန်။ ။"တော်တော် စဉ်းစားရ ကြပ်တဲ့ဟာပဲဗျာ"

ရှား။ ။"ကဲလေ ကဲလေ၊ အရေးမကြီးပါဘူး၊ ရှိပါစေ။ သူခိုးများဝင်လာတာက ဒီပြတင်းပေါက်လားဗျ" ဟု မေး၍ ဦးစံရှားသည် ပြတင်းပေါက်ကို ဖွင့်၍ အပြင်သို့ကြည့်ယင်း—

"ခြေရာတော့ မတွေ့နိုင်ဘူးဗျို့။ မြေကြီးက တယ်ပြီးမာတယ်။ ဒါထက် ဘာများပါသွားသတဲ့လဲ"

ဖေ။ ။"များများတော့ မပါဘူးတဲ့ဆရာရေ့၊ ငွေဇွန်းတွေ၊ ငွေခက်ရင်းတွေနဲ့ ဒီ့ပြင်စားပွဲခန်းက တိုလီမိုလီ ပစ္စည်းကလေးတွေလောက်ပဲ ပါသွားတယ်။ မခါတွန်တွေးပုံကတော့ ဘာဘူကြီးသေသွားတဲ့အတွက် ခိုးမှုမက လူသတ်မှုဖြစ်ပြီး နေလေတော့ သူခိုးများက သူတို့ဟာသူတို့ ကြောက်ပြီး အိမ်ပေါ်က ပစ္စည်းတွေကို မရှာဖွေပဲ တွေ့သလောက်ကိုသာ စုဆောင်းပြီး ထွက်ပြေးကြတယ်လို့ ထင်သတဲ့။ ကျွန်တော်လဲ ဒီလိုပဲထင်ပါတယ် ဆရာ"

ရှား။ ။"အင်း၊ ဟုတ်လောက်စရာရှိပါရဲ့။ သို့ပေမယ့် သူတို့ အရက်များကိုတောင် သောက်သေးတယ်ဆို"

ဖေ။ ။"ကြောက်တာနဲ့ နည်းနည်းရဲဆေးတင်တာ ထင်ပါရဲ့ ဆရာ"

ရှား။ ။"ဒီဖန်ခွက်သုံးခွက်လား၊ သူတို့သောက်တာ။ ခင်ဗျား မကိုင်သေးဘူးနော်"

ဖေ။ ။"မကိုင်ပါဘူးဆရာ။ အနားက အရက်ချိုပုလင်းလဲ သူတို့သောက်သွားတဲ့ ပုလင်းပါပဲ"

ရှား။ ။"မှန်းစမ်း၊ ကျုပ်ကြည့်စမ်းမယ်။ အလို ဘယ့်နှယ်ဟာလဲကရို"

ဖန်ခွက်သုံးခွက် စားပွဲပေါ်၌ ယှဉ်ကပ်လျက်ရှိရာ နှစ်ခုသော ဖန်ခွက်တို့မှာ အရက်ချို စွန်းပေရုံမျှရှိ၍ တခွက်မှာမူ အောက်၌ အရက်ချိုမှ အရက်အနည်းငယ် ထိုင်လျက် ကျန်ရစ်သည်ကို တွေ့မြင်ရလေ၏။

ဖန်ခွက်တို့၏အနီးတွင် အရက်တဝက်ခန့်မျှ ရှိသော ပုလင်းတခုရှိသည်ဖြစ်ရာ ပုလင်းအနီး၌လည်း ဖော့တခုရှိပေ၏။

ဦးစံရှားလည်း ယင်းအရာဝတ္ထုတို့ကို ကြည့်ယင်း ကြည့်ယင်း ယခင်က စိတ်မပါ လက်မပါရှိသော အမူအရာသည် အလျှင်း ပျောက်ကွယ်၍ အလွန်တရာ စိတ်အာရုံစိုက်လျက်ရှိသော အနေဖြင့် သေချာစွာ ကြည့်ရှုနေရာမှ ဖော့ကို ကောက်ယူ၍—

ရှား။ ။"ဒီဖော့ကို သူတို့ ဘယ့်နှယ် ဖွင့်သတဲ့လဲ"

ဖေ။ ။"ဟိုစားပွဲကလေးထဲက အံဆွဲထဲမှာ ဝက်အူလှည့်ကြီးတခု ရှိတယ်"

ရှား။ ။"ဒီဟာနဲ့ ဖွင့်တယ်လို့ မခါတွန်က ပြောသလား"

ဖေ။ ။"ပုလင်းကို ဖွင့်စဉ်အခါက မခါတွန်က မြောပြီးနေသတဲ့ ဆရာရဲ့"

ရှား။ ။"အမှန်ပြောရမှာဖြင့် သူခိုးတွေ ဒီဝက်အူကြီးကို အသုံးပြုတဲ့လက္ခဏာ မရှိဘူး။ ၆ လက်ထွက် မောင်းချခါးက ဝက်အူကို အသုံးပြုဟန်ရှိတယ်။ ဖော့ပိတ်ကို ကြည့်စမ်း။ သူတို့ နှစ်ကြိမ်တိုင်တိုင်



www.burmeseclassic.com

www.burmeseclassic.com


ဝက်အူ ခွဲပဲ ဖော့ပြုတ်ပြီး ထွက်လာခဲ့တယ်။ တကယ်လို့ ဒီဝက်အူကြီးနဲ့ လှည့်ထုတ်လို့ရှိယင် တခါတည်းနဲ့ ထွက်ခဲ့ရမယ်ဗျ။ အခုတော့ သူတို့သုံးတဲ့ ဝက်အူက တလက်မ သာသာကလေးရှိတဲ့ မောင်းချောက ဝက်အူကလေးပဲ။ ဒီလူတွေကို ဖမ်းမိတဲ့အခါ ၆ လက်ထွက် မောင်းချောတချောင်း မုချတွေ့လိမ့်မယ်''

ဖေ။ ။''ဟုတ်ပါပေ့ဆရာ''

ရှား။ ။''နေအုံး။ ဒီဖန်ခွက် သုံးခွက်ကို ကြည့်ရပုံ ကျုပ် တယ်ပြီး သဘောမကျဘူး။ သူခိုး သုံးယောက်လုံး အရက်သောက်နေတာကို မခါတွန် သေသေချာချာ မြင်သတဲ့လား''

ဖေ။ ။''မြင်ပါသတဲ့ဆရာ''

ရှား။ ။''မြင်ရိုးမှန်လဲ ပြီးရော့ပေါ့လေ၊ ဘာမှ ပြောစရာ မရှိပေဘူးပေါ့။ သို့ပေမယ့် ဒီဖန်ခွက် သုံးခွက်က နည်းနည်းထူးဆန်းပါတယ်ဗျာ။ ထူးဆန်းတဲ့အချက်ကို ခင်ဗျားတို့ မတွေ့ဘူးလား။ ရှိပါစေလေ၊ ရှိပါစေ။ ကပ်ကပ်သပ်သပ် လိုက်ကြည့်တဲ့လူမို့လို့ ကြိုကြိုကြားကြားမြင်ပြီး ကပ်ကပ်သပ်သပ် တွေးတတ်တာ ထင်ပါရဲ့။ ကိုင်း ပြန်အုံးမယ် ကိုအုန်းဖေ။ ကျုပ်နေတယ်လို့ အပိုပါပဲ။ နောက်ထပ် ထူးထူးဆန်းဆန်းများ တွေ့ပြန်လို့ ရှိယင်လဲ ကျုပ်ကို အကြောင်းကြားတာပေါ့။ လာ ကိုသိန်းမောင်၊ ကျုပ်တို့ ပြန်လိုက်ကြအုံးစို့''

ကျွန်တော်တို့သည် အင်းစိန်မှ လာသော လော်ကယ်ရထားဖြင့် ပြန်လာကြရာ မီးရထားပေါ်တွင် ဦးစံရှားသည် ယင်းအမှုတွင် မိမိ စိတ်မကျေနပ်ဖွယ် အခြင်းအရာ တစုံတခုကို တွေးတောနေသည့် လက္ခဏာဖြင့် မျက်မှောင်ကြုတ်ကာ ဆေးတံကို ရှုံဖန်ရှုံခါ ဖွာလျက်ရှိရာ မီးရထားသည် ကြည့်မြင်တိုင် ဘူတာရုံသို့ ဆိုက်ပြီးနောက် တရွေ့ရွေ့ ထွက်စပြုသည်တွင် ဦးစံရှားသည် ကျွန်တော်၏ အင်္ကျီစကို ဆွဲ၍ ရထားပေါ်မှ ခုန်ချသွားလေ၏။ ကျွန်တော်တို့သည် စင်္ကြံပေါ်၌ ရပ်လျက် ကျန်ရစ်သဖြင့် မီးရထားလည်း ထွက်သွားလေလျှင်—

ရှား။ ။''ကျုပ် စိတ်မကျေနပ်ဖူးဗျာ ကိုသိန်းမောင်၊ ဘယ်နည်းနဲ့မှ ကျုပ်စိတ်မကျေနပ်နိုင်ဘူး။ ဒီအမှုဟာ သူတို့ပြောတဲ့အတိုင်း ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူးဗျာ။ သူတို့ ထွက်ချက်ဟာ သူတို့ဟာနဲ့ သူတို့ တော့ ကိုက်ပါရဲ့။ သို့ပေမယ့် ဖန်ခွက်သုံးခွက်ကို ကျုပ် စိတ်ထဲက မကျေနပ်ဘူးဗျာ။

''သူတို့ထွက်ဆိုချက်တွေ၊ ထင်မြင်ချက်တွေကို ကျုပ် မကြားရပဲ ကျုပ်ဘာသာ ကျုပ် ဒီအမှုကို စုံထောက်ရမယ်ဆိုယင် တစစတော့ ကျုပ် မုချ ဆွဲမိရမယ်။ လာပါအုံးဗျာ ကိုသိန်းမောင်၊ မီးရထား မလာမီ ဒီခုံပေါ်မှာ ထိုင်စမ်းပါအုံး။ ကျုပ် ပြောပြစမ်းပါအုံးမယ်။

''ရှေးဦးစွာ သူတို့ ပြောစကားတွေ၊ ထင်မြင်ချက်တွေကို ခင်ဗျားစိတ်ထဲက နှင်ထုတ်လိုက်ပါ။ ပြီးတော့လဲ သူတို့မှာ အဆင်းအင်္ဂါရုပ်ဟာ အင်မတန် လှည့်စားတတ်တယ်ဗျနော်။ ဒီတော့ကာ မခါတွန်က လှပချောမောတဲ့အတွက် သူ့ပြောစကားများကိုပဲ ဟုတ်တန်ရာ၏လို့လဲ တခါတည်း မယူ သင့်ဘူးဗျနော်။ ဟုတ်သင့်မှ ဟုတ်ရမယ်။

''ကိုင်း၊ ခင်ဗျားစဉ်းစားဖို့ ကျုပ် ပြောပြမယ်။ သူတို့ စွပ်စွဲတဲ့ ဖိုးခေါင်တို့ သားအဖ သုံးယောက် ဟာ လွန်ခဲ့တဲ့ ၇ ရက်လောက်အတွင်း အင်းစိန်မှာ တိုက်ဖောက်ပြီး ခိုးစဉ် အခါက သူတို့ရဲ့ ရုပ်လက္ခဏာ အကြောင်းကို သတင်းစာများမှာ ပါလေတော့ သူခိုးမလာပဲလျက် သူခိုးလာတယ်လို့ ဆင်လုံးထုတ်ချင်တဲ့ လူများဟာ ဒီသားအဖ သုံးယောက်ကို ဆင်ပြီး စွပ်စွဲမယ်ဆိုယင် မစွပ်စွဲတတ်ပေဘူးလားဗျာ။

''အမှန်ကို ပြောရမှာဖြင့် အင်းစိန်မှာ ငွေနှစ်သောင်းကျော်လောက် ရသွားပါလျက် ဒီရက်အတွင်း မှာ လာပြီး ခိုးကြပြန်တယ် ဆိုတော့ နည်းနည်း မခဲယဉ်းဘူးလားဗျာ။ သူခိုးဆိုတဲ့ လူမျိုးဟာ များသော



www.burmeseclassic.com

www.burmeseclassic.com


အားဖြင့် လက်ထဲမှာ ငွေရှင်နေတဲ့ အခါမျှာ ရက်ဆက်ပြီး ခိုးခဲ့တယ်။ ဒီ့ပြင် တချက်ကလဲ သူခိုးလာတယ် ဆိုယင် ဒီလောက် စောစောကြီး လာဖို့ အပုံကြီး ခဲယဉ်းတယ်။ ပြီးတော့လဲ သူခိုးများဟာ မိန်းမသား တယောက်နဲ့ တွေ့ယင် ရိုက်ခြင်း၊ နှက်ခြင်း မလုပ်တတ်ဘူးဗျ။

"ဘာကြောင့်လဲဆိုတော့ မိန်းမဆိုတာမျိုးက ရိုက်လိုက်ယင် လွှတ်ကနဲဆို အော်တတ်တားကိုး။ အော်ယင် သူတို့ အကြံအစည် ပျက်မယ်။ ဒါကြောင့် သူတို့ မိန်းမကို ရိုက်ခဲ့တယ်။

"ဒီ့ပြင် တချက်ကလဲ သူတို့က လူများကို နိုင်လောက်ယင် တယ်ပြီး သတ်ခဲ့တယ်ဗျ။ ပြီးတော့လဲ လူတယောက်လုံး သတ်ပြီးမှ ငွေဇွန်းကလေး၊ ငွေခက်ရင်းကလေးလောက်နဲ့ ကျေနပ်ပြီး ထွက်သွားတယ် ဆိုတာလဲ အင်မတန် ခဲယဉ်းတယ်။

"နောက်ဆုံးတချက်ကတော့ ဒီလိုလူကြမ်း သုံးယောက်ဟာ အရက်ကလေး တပုလင်းကိုတောင်မှ ကုန်အောင် သောက်မသွားဘူးဆိုတာ လား လားမှ ကျုပ် မကျေနပ်ဘူးဗျာ။ ကိုင်း ကိုသိန်းမောင်၊ ခဲယဉ်းတဲ့ အချက်တွေနဲ့ မကျေနပ်တဲ့ အချက်တွေ အားလုံး စုကြည့်လိုက်တော့ ခင်ဗျား ဘယ့်နှယ် သဘောရသလဲ"

ကျွန်။ ။"ဟုတ်သဗျို၊ တခုစီ တခုစီ ကြည့်လိုက်တော့ ဒီလောက် မဟုတ်လှဘူး။ အားလုံး ပေါင်းကြည့်တော့ အပုံကြီး ခဲယဉ်းတယ်ဗျာ"

ရှား။ ။"ပြီးတော့ ဖန်ခွက် သုံးခွက်ကိုလဲ ကြည့်စမ်းပါအုံးဗျာ"

ကျွန်။ ။"ဖန်ခွက် သုံးခွက်က ဘာဖြစ်သလဲဗျာ"

ရှား။ ။"ခင်ဗျား မျက်စိထဲမှာ မြင်သေးရဲ့လား"

ကျွန်။ ။"မြင်ပါတယ်ဗျာ"

ရှား။ ။"လူသုံးယောက် တခွက်စီ ကိုင်ပြီး သောက်ကြတယ်ဆိုတာ ခင်ဗျား ယုံကြည်ရဲ့လား"

ကျွန်။ ။"ဘာ မယုံကြည်စရာ ရှိသလဲဗျာ။ ခွက်တိုင်းမှာ အရက်တွေ စွန်းနေတာ ကျုပ်တို့ မြင်သားကပဲ"

ရှား။ ။"မှန်တယ်။ သို့သော် သုံးခွက်အနက်က တခွက်မှာသာ အနယ်တွေထိုင်နေတာ ခင်ဗျား မြင်တယ် မဟုတ်လား"

ကျွန်။ ။"မြင်ပါတယ်ဗျ။ နောက်ဆုံး ထည့်သောက်တဲ့ ဖန်ခွက်မို့လို့ အနယ်ပါလာပြီး ထိုင်ကျန်ရစ်တာပေါ့"

ရှား။ ။"မဟုတ်ဘူး ကိုသိန်းမောင်၊ မဟုတ်ဘူး။ ပုလင်းမှာ အနယ်ပြည့်လျက် ရှိပါလျက် နှစ်ခွက်မှာ လုံးလုံး အနယ်မပါပဲ တခွက်မှာသာ အနယ်ပါတယ်လို့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး ကိုသိန်းမောင်။ အခုလို ဖြစ်ဖို့ နည်းလမ်း နှစ်လမ်းသာ ရှိတယ်။ နည်းလမ်း တခုကတော့ ပထမခွက်နဲ့ ဒုတိယခွက်ကို ငှဲ့ပြီးနောက် ပုလင်းဟာ တခုခုနဲ့ ခိုက်မိလို့ လှုပ်သွားပြီး တတိယခွက်မှာ အနယ် ပါလာ တယ်လို့ တွေးဖို့ရှိရဲ့။ သို့သော် ဒီလိုလဲ ဟုတ်ပုံမရဘူး။ ဒီ့ပြင် တနည်းပဲ ရှိတော့တယ်"

ကျွန်။ ။"ဘာလဲဗျာ"

ရှား။ ။"သောက်စဉ်အခါက လူနှစ်ယောက်သာ သောက်ပြီး ဖန်ခွက်နှစ်ခွက်ကိုသာ သုံးတယ်။ သို့ပေမယ့် သုံးယောက်သောက်တယ် ထင်အောင်လို့ နှစ်ခွက်ထဲက အကျန်ကို တတိယခွက်ထဲ လောင်းထည့် ခဲ့တယ်။ အခုလို ကျုပ်တွေးတဲ့အတိုင်း မှန်ခဲ့လို့ရှိယင် ဒီအမှုဟာ ကိုအုန်းဖေ ထင်တဲ့အတိုင်း အမှုရှင်းကလေး မဟုတ်ဘူး။ အမှုရှုပ်ကြီးဖြစ်တဲ့အကြောင်း ထင်ရှားတဲ့အပြင် ခါလာဘီနဲ့ မခါတွန်တို့နှစ်ယောက် တိုင်ပင်


www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျုပ်တို့ကိုလိမ်ကြတဲ့ လက္ခဏာနဲ့ တူပါတယ်။ ဘာပြုလို့ လိမ်သလဲဆိုတော့ တကယ်သတ်တဲ့သူကို သူတို့ သိလျက် ဖုံးဖိချင်တဲ့ သဘောနဲ့ လိမ်ပြောတာနဲ့ တူတယ်''

ကျွန်။ ။''သူတို့ ကိုယ်တိုင်များ သတ်လေသလားဗျာ''

ရှား။ ။''မဟုတ်တာဗျာ ကိုသိန်းမောင်ကလဲ။ ဒီသံတုတ်ကြီးကို ကွေးအောင် ဒီမိန်းမတွေ ရိုက်နိုင်ပါ့မလားဗျ။ ကိုင်း ဒီတော့ ကျုပ်တို့ ဒီအမှုကို အရင်းအမြစ်ကျအောင် လိုက်လို့ခဲ့ယင် ဒီ မိန်းမ နှစ်ယောက်ကို အကူအညီ မတောင်းပဲ ကျုပ်တို့ဘာသာ ကျုပ်တို့ အကြံထုတ်ရမယ်။ ဟော အဆင်သင့်ပဲ၊ မီးရထားလဲ လာပြီ''

ကျွန်တော်တို့သည် လော်ကယ် ရထားဖြင့် တဖန်ပြန်၍ လိုက်သွားကြသဖြင့် မေဗျိုလာ အမည်ရှိ အိမ်ကြီးသို့ ရောက်ကြလျှင် အိမ်သူ အိမ်သားတို့မှာ များစွာ အံ့ဩလျက်ရှိကြရာ ကိုအုန်းဖေမှာလည်း ကိစ္စတခုနှင့် ပုလိပ်ဌာနသို့ သွားရောက်ခိုက် ဖြစ်သည်နှင့် ဦးစံရှားသည် စားပွဲခန်းသို့ ဝင်ပြီးလျှင် အပေါက်များကို သေချာစွာ ပိတ်ပြီးနောက် ယခင်က အမှုများကို စုံထောက်စဉ် အခါကကဲ့သို့ အခန်း၏ အခြေအနေကို ကြမ်းပေါ်၌ ဒူးထောက်လျက် ကွက်စိတ်ချ၍ ကြည့်ရှု စစ်ဆေးလေ၏။

ကျွန်တော်မှာ ထိုကဲ့သို့ ဦးစံရှားက သေချာစွာ စစ်ဆေးကြည့်ရှုလျက်ရှိစဉ် ကုလားထိုင်တခုပေါ်မှာ ထိုင်လျက် ယင်း၏ ပြုမူပုံတို့ကို အကဲခတ်လျက်ရှိရာ ဦးစံရှားသည် ပြတင်းပေါက် အနီး ခန်းဆီး၊ ကော်ဇော၊ ကုလားထိုင်၊ စားပွဲ၊ ကြိုး အစရှိသော အရာတို့ကို တခုပြီးလျှင် တခု ကိုင်တွယ် ကြည့်ရှုလျက် ရှိသည်ကို တွေ့မြင်ရလေ၏။

ဘာဘူကြီး၏ အလောင်းကိုမူ ကြမ်းပေါ်မှ ရွှေ့ပြောင်း၍ ပြီးလေပြီဖြစ်ရာ အခြင်းအရာ ဝတ္ထုတို့မှာမူ နံနက် အခါက ကျွန်တော်တို့ တွေ့မြင်ခဲ့ရသည့်အတိုင်းပင် ရှိလေသည်။

ဦးစံရှားလည်း အဆိုပါ အရာဝတ္ထုတို့ကို သေချာစွာ ကြည့်ရှုပြီးနောက် ကုလားထိုင် တခုပေါ်သို့ တက်၍ ယင်းကုလားထိုင်မှ တိုင်ကပ် မီးအိမ်ကိုင်းကို လက်ဖြင့် ဆွဲလျက် ကိုင်းပေါ်သို့ မိမိ တကိုယ်လုံး ရောက်အောင် ကြိုးစား၍ တက်ပြီးမှ ခေါင်းလောင်းကြိုးပြတ်ကို လက်ဖြင့် လှမ်းလေရာ ဦးစံရှား၏ လက်နှင့် ကြိုးပြတ်မှာ လက်လေးသစ်ခန့်မျှ ကွာလျက်ရှိသည်ကို တွေ့ရလေသည်။

ထို့နောက် ဦးစံရှားလည်း မိမိ ဒူးထောက်လျက်ရှိသော တိုင်ကပ် မီးအိမ် သံကိုင်းကို သေချာစွာ ကြည့်ရှုပြီးလျှင် မိမိ ရှာဖွေသည့် အရာကို တွေ့ရှိသည့် မျက်နှာထားမျိုးနှင့် ကုလားထိုင်ပေါ်သို့ ဆင်းလာခဲ့လေ၏။

ကြမ်းပေါ်သို့ ရောက်လျှင် ဦးစံရှားက—

''နေရာကျပြီ ကိုသိန်းမောင်၊ ကျုပ် အကုန်ရိပ်မိပြီ။ တော်တော်ကောင်းတဲ့ အမှုကလေးပဲဗျ။ ကံကောင်းလို့ဗျာ၊ ကျုပ် အထင်မှားတော့မလို့။ ကဲ ကဲ တခု နှစ်ခုလောက် ရှာလို့တွေ့ယင် အကုန်လုံး ပေါ်တော့မယ်''

ကျွန်။ ။''ဘယ်သူများလဲဆိုတာ ခင်ဗျား ရိပ်မိပြီလား''

ရှား။ ။''အများကြီး မဟုတ်ဘူး ကိုသိန်းမောင်၊ တယောက်တည်းရယ်ဗျ။ တယောက်တည်း ပေမယ့် တော်ယော် ညာဏ်များတဲ့ လူပဲ။ ဗလကောင်းကောင်း အရပ်အမြင့်က အနည်းဆုံး ၅ ပေ ၁၁ လက်မလောက် ရှိတယ်။ ပေါ့လဲ ပေါ့ပါး၊ ညာဏ်လဲ ညာဏ်သွားတယ်။ တော်တဲ့လူပဲဗျို့။ မနက်က မိန်းမတွေပြောတဲ့ စကားတွေဟာ တခြား မဟုတ်ဘူး။ သူ့ဆင်လုံးတွေပဲဗျ။ သို့သော် သူ ဘယ်လို ဖုံးပေမယ့် ဟော ဟိုကြိုးက အကုန်ဖော်နေတယ်ဗျ''

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ ။"ဘယ့်နှယ် ဖော်ပုံလဲဗျ"

ရှား။ ။"ဒီလိုဗျ၊ ခေါင်းလောင်းကြိုး အနောင်းကို ရုတ်တရက်ဆောင့်ဆွဲလိုက်ယင် ဘယ်နေရာက ပြတ်မယ် ထင်သလဲ။ ပျဉ်ပြားစွန်းနဲ့ ကပ်နေတဲ့ နေရာက ပြတ်မယ်မဟုတ်လားဗျာ။ အခုတော့ ကြည့်စမ်း။ ဘယ်နေရာက ပြတ်သလဲ။ ပျဉ်စွန်းနဲ့ ၃ လက်မလောက်ကွာပြီး ပြတ်တာ တွေ့တယ် မဟုတ်လားဗျာ"

ကျွန်။ ။"ဒီနေရာက ပွန်းတဲ့နေရာမို့ ထင်ပါရဲ့ဗျာ"

ရှား။ ။"ခင်ဗျား တော်တယ် ကိုသိန်းမောင်။ သို့သော် ပြတ်ပါလာတဲ့ ကြိုးစနေရာက ခင်ဗျား ပြောတဲ့အတိုင်း ပွန်းနေပုံရတယ်။ ကျန်ရစ်တဲ့ ကြိုးစနားကတော့ ပွန်းတာကို ကျုပ် မတွေ့ဘူး။ ဒီတော့ ဘယ်လို တွေးသလဲတဲ့။ ဒီလူဟာ ကြိုးကိုလိုချင်တယ်။ လိုချင်သော်လဲ အခေစခံတွေ့ ကြားမှာစိုးလို့ ဆွဲပြီး မဖြတ်ဝံ့ဘူး။

"ဒီတော့ ဘယ့်နှယ်လုပ်သလဲ။ ကျုပ် ခုနင်က လုပ်သလို ကုလားထိုင်ပေါ်ကို တက်ပြီးမှ တိုင်ကပ် မီးအိမ်ကြီးရဲ့ ကိုင်းကို ဆွဲပြီး တကိုယ်လုံးရောက်တော့မှ ဒူးထောက်ပြီး ကြိုးကို လှီးဖြတ်တာကိုးဗျ။ ကြိုးစကို ခင်ဗျား ခုနင်က မြင်တဲ့အတိုင်း ကျုပ်လက်နဲ့ မီဖို့ ၃ ပေနဲ့ ဂ လက်မ ရှိတယ်။ ဒီတော့ ဒီလူဟာ ၅ ပေနဲ့ ၁၁ လက်မ ရှိရမယ်။ စားပွဲထိပ်က ကုလားထိုင် နောက်မှီမှာ ဘာလဲဗျို့။ ကြည့်စမ်း ကိုသိန်းမောင်"

ကျွန်။ ။"သွေးဗျို့ ဦးစံရှား"

ရှား။ ။"အစစ်ပဲဗျ။ ဒါတခုတည်းပဲ မခါတွန် ပြောစကားကို ကျုပ်တို့ ယုံကြည်ဖို့ မရှိဘူး။ ဒီကုလားထိုင်ပေါ်မှာ သူ့ကိုကပ်ပြီး တုပ်ထားတဲ့ နောက်မှ ဘာဘူကြီးကို ရိုက်သတ်ယင် ဘယ့်နှယ်နည်းနဲ့ ဒီနေရာကို သွေးစဉ်နိုင်သလဲဗျ။ မဟုတ်ဘူး ကိုသိန်းမောင်၊ ဘာဘူကြီးကို သတ်ပြီးမှ သူ့ကို ကုလားထိုင် ပေါ် တုပ်ထားကြောင်း ထင်ရှားတယ်ဗျ။ ကိုင်း၊ ကိုင်း တော်ပါပြီ။ ခါလာတီကြီးကိုသာ စကား တခွန်း နှစ်ခွန်းလောက် မေးဖို့ ကျန်ပါတော့တယ်"

ထို့နောက် ကျွန်တော်တို့သည် စားပွဲခန်းမှ ထွက်လာခဲ့ပြီးလျှင် ခါလာတီနှင့် တွေ့လိုကြောင်းကို အစေခံ တယောက်အား ပြောပြလေရာ တခဏကြာလျှင် ခါလာတီသည် အိမ်ပေါ်မှ ဆင်းလာလေ၏။

မိန်းမကြီးလည်း ကျွန်တော်တို့ကို မြင်လျှင်—

"ဘာလဲ၊ ရှင်တို့ မပြီးကြသေးဘူးလား။ တော်တော်ကြာယင်း တခေါက်လာယင်း၊ တော်တော် ကြာယင်း တခေါက်လာယင်းနဲ့ ရှုပ်လိုက်ကြတာရှင်တို့"ဟု ပြောလေရာ ဦးစံရှားလည်း စကားမပြောလို သော သူတို့၏ စကားကို မရ ရအောင် ချိုသာသောအမူအရာဖြင့် ပြောဆိုသည့် အရာ၌ အလွန်စွမ်းလှသော လူတယောက်ဖြစ်သည့်အတိုင်း အဒေါ်ကြီးအား ချော့မော့တာ လှည့်ပတ်၍မေးမြန်းလေလျှင် ခါလာတီမှာ စိတ်တိုခြင်း ပျောက်ကင်း၍ ဦးစံရှား မေးသမျှကို အောက်ပါအတိုင်း ဖြေကြားလေ၏။

"ကျွန်မကို ဖန်ခွက်နဲ့ ပေါက်တာက ဒီလိုပါရှင်။ မခါတွန်ကို သူက ခွေးမလေး၊ ဝက်မလေးနဲ့ ငေါက်ငမ်းခြိမ်းခြောက်လုပ်လေတော့ ကျွန်မက မခါတွန်ရဲ့ မောင်ကြီး ဒီမှာရှိယင် ဒီလိုပြောဝံ့မယ် မဟုတ် ဘူးလို့ ဝင်ပြီးတော့ ပြောလိုက်တာနဲ့ ကျွန်မကို ဖန်ခွက်နဲ့ လှမ်းပြီး ပေါက်တယ်ရှင့်။

"ကျွန်မကိုတော့ ဖန်ခွက်နဲ့မကလို့ ဘာနဲ့ပေါက်ပေါက် ကျွန်မ ဒီလောက် အရေးမကြီးပါဘူး။ မခါတွန်ကို နှိပ်နှိပ်စက်စက် ဆိုလွန်း ပြောလွန်း ရိုက်နှက်လွန်းလို့သာ ကျွန်မ ဒီလောက် သူ့ကိုမုန်းတာပါ။

"မခါတွန် လက်မောင်းမှာ ရှင်တို့ မနက်က မြင်တဲ့ ဒဏ်ရာကလဲ အခြားမဟုတ်ဘူး၊ သူ့ လက်ချက် ပဲရှင့်။ နေ့ရှိသမျှ ညရှိသမျှ နှိပ်စက်နေလို့ ဘယ်မှာ ကောင်းနိုင်ပါ့မလဲရှင်။ ခမျာကလေးကလဲ တတ်နိုင် သမျှ ကြိတ်ပြီး ခံရှာတာပါပဲရှင်။ ကျွန်မကိုတောင် အကုန် မပြောဘူး။ ဒင်းကတော့ ခံလေ၊ ကဲလေ၊ ခံလေ



www.burmeseclassic.com

www.burmeseclassic.com



ကဲလေ။ ဒီလောက်ထောင် များတော့ ဘယ်မှာ ကောင်းနိုင်တော့မှာလဲရှင်။ ဟိုအရင် မြင်စ တွေ့စက တော့ အမယ်လေး ချိုလိုက်တဲ့ မျက်နှာ ခွေးလျက်တော့မယ့်အတိုင်း။ ခမျာကလေးက အထက်ဆွေ ရောက်စ မို့လို့ အဟုတ်မှတ်ယူပြီး မှားလိုက်ရှာလေတယ်ရှင်။

"မှားသလေ က် ကျွန်မပြောမပြနိုင်ဘူး။ ဒီလိုမှန်းသိယင် ကိုယ့်ဘာသာကိုယ် မန္တလေးမှာ နေမြဲ တိုင်း နေခဲ့ယ အကောင်းသား။ သူ့ဒေါ်ဒေါ်များနဲ့ တွေ့ရအောင်လို့ ရန်ကုန်ကို တခေါက် အလည် ဆင်းပြီးလာခဲ့။ သူ့ဒေါ်ဒေါ်များ လှော်တာနဲ့ ခမျာကလေး ပါရရှာတာပါပဲရှင်"

ရှား။ ။"မနှစ်က ဘယ်သလောက်မှာ ဆင်းလာကြသလဲ"

ခါ။ ။"မနှစ်က တော်သလင်းက စာပို့သင်္ဘောနဲ့ စုန်ခဲ့ပါတယ်ရှင်။ ပခုက္ကူမှာလဲ သူ့ အမျိုးများရှိလို့ သင်္ဘောဘပတ်လောက် ဝင်ခဲ့ပါသေးတယ်။ ဆင်းခဲ့တာက တော်သလင်းလ၊ ဘာဘူ ကြီးနဲ့ရတာက ပြာသိုလ ဆိုတော့ အခုမှ တနှစ်တိတိ ရှိပါသေးတယ်။ မခါတွန်နဲ့ တွေ့ချင်သေးတယ် မဟုတ်လား။ တွေ့တာပေါ့ရှင်။ သို့သော် စကားရှည်ရှည်ကြီးတော့ မေးလား မြန်းလား မလုပ်ပါနဲ့တော့ ရှင်။ ခမျာမှာ သနားစရာ ဖြစ်နေပါတယ်"

ခါလ ဘီသည် အိမ်ပေါ်သို့ တက်သွား၍ မခါတွန်ကို ခေါ်ခဲ့လေလျှင်—

တွန်။ "ဘာလဲရှင့်၊ ကျွန်မကို မေးစရာရှိပြန်ပြီလား"

ရှား။ ။"များများမေးဖို့ မရှိပါဘူးခင်ဗျာ။ ကန်ထရိုက်ကတော်ကြီးမှာ သောကများဖို့ ဖြစ် နေတဲ့အခါကြီးမှာ ကျွန်တော်တို့က အချည်းနှီး အကြောင်းမဲ့ နှောင့်ယှက်ခြင်း မပြုလိုပါဘူး။ သို့သော် ကျွန်တော့် မိတ်ဆွေကဲ့သို့ယုံကြည်ပြီး အလုံးစုံပြောကြားခဲ့လို့ရှိယင် ကျွန်တော်ကလဲ ယုံကြည်ထိုက်ကြောင်း ကို ထင်ရှားအောင် ပြပါမယ်ခင်ဗျာ"

တွန်။ ။"ဘာလုပ်ချမှာလဲရှင့်"

ရှား။ ။"ကျွန်တော့်ကို မှန်တဲ့အတိုင်း အကုန်ပြောပြပါ"

တွန်။ ။"ဘာတဲ့ ဦးစံရှားရှင်"

ရှား။ ။"ဒါတွေလုပ်မနေပါနဲ့ ကန်ထရိုက်ကတော်ကြီးခင်ဗျာ။ ကျွန်တော့် အကြောင်းကိုလဲ နည်းနည်းပါးပါး ကြားပါလိမ့်မယ်။ ကျွန်တော်တင်မြင်သမျှကို ပြောရမှာဖြင့် ကန်ထရိုက်ကတော်ကြီး စကားဟာ တလုံးမှမမှန်ဘူးခင်ဗျ"ဟု ပြောလိုက်လေလျှင် ခါလာဘီနှင့် မခါတွန်တို့မှာ အလွန်အံ့သြသော မျက်နှာဖြင့် အတန်ကြာအောင် ကြည့်နေကြပြီးနောက် ခါလာဘီက—

"ဘယ်ရှိုင်းတဲ့ လူတယောက်ပါလား။ မခါတွန်နဲ့ ကျုပ်က မဟုတ်တရုတ်တွေ လုပ်ကြံပြီး ပြော တယ်လို့ မောင်က ဆိုချင်တာပေါ့လေ" ဟု မေးလေလျှင် ဦးစံရှားက ထိုင်ရာမှ ထ၍—

ရှား။ ။"ကိုင်း ခင်ဗျားတို့ ဘာမှ ပြောစရာမရှိကြဘူးဆိုပါတော့၊ ဟုတ်စ"

ဘီ။ ။"ပြောစရာရှိတာ အကုန်ပြောပြီးပြီ၊ ဘာမှ ပြောစရာမရှိဘူး"

ရှား။ ။"စဉ်းစားပါအုံး ကန်ထရိုက်ကတော်ကြီး ခင်ဗျာ။ မှန်တဲ့အတိုင်း ဖွင့်ပြောကြယင် ကောင်းပါလိမ့်မယ်ထင်တယ်"

တွန်။ ။(တစုံတခုကို ပြောတော့မည်ကဲ့သို့ စဉ်းစားနေပြီးမှ အကြံရပြန်၍) "ကျွန်မတို့သိသမျှ အကုန်ပြောပြီးပါပြီရှင်"

နောက်တခဏ၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် အိမ်မှထွက်၍လာကြရာ ဝင်းကြီးအတွင်း၌ ရေခန်း လျက် ရှိန့်တို့နှင့်သာ ပြည့်နေသော ရေကန်ကြီးတခု၏ အလယ်တွင် ရှိုတို့သည် ပိန်၍ ဝင်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com

မြင်သဖြင့် ဦးစံရှားလည်း ယင်းဓရကန်ကို အတန်ကြာအောင် ငေးစိုက်ကာ ကြည့်ပြီးနောက် ကမာရွတ်ဘူတာသို့ လျှောက်လာခဲ့ကြလေသည်။

လမ်းခရီးတွင် အင်စပက်တော် ကိုအုန်းဖေ၏ တပည့်နှင့်တွေ့၍ ဦးစံရှားသည် စက္ကူ၌ စာအနည်းငယ် ရေးသား၍ ကိုအုန်းဖေပြန်လာသောအခါ ပေးရန် အပ်နှံပြီးလျှင်—

"တည့်ယင်လဲတည့် မတည့်ယင်လဲ လွဲရှံ့ပေါ့လေ။ ထင်တော့ဖြင့် တည့်လိမ့်မယ်လို့ ထင်တာပဲ။ သို့သော် ကိုအုန်းဖေကိုတော့ အကုန်ပြောလို့ မဖြစ်သေးဘူး။ ကိုင်း ကိုင်း၊ ကျုပ်တို့ ရေဝတီ မီးသင်္ဘောကုမ္ပဏီရဲ့ အလုပ်တိုက်ကို သွားဖို့ ကိစ္စကလေး ရှိပြန်တယ်ဗျ။ ဒီကကိစ္စပြီးယင် ပြီးပါရောဗျာ"

ကျွန်တော်တို့သည် မီးရထားနှင့် ရန်ကုန်သို့ပြန်လာကြ၍ ဘူတာရုံမှတဖန် ရေဝတီ မီးသင်္ဘောကုမ္ပဏီအလုပ်တိုက်သို့ သွားရောက်၍ ကိုယ်စားလှယ်ကြီးအား မိမိ၏ အမည်ကိုပြောပြရာ ကိုယ်စားလှယ်ကြီးကလည်း ဦးစံရှား၏အကြောင်းကို ကြားဖူးသည်နှင့် ကောင်းမွန်စွာ နေရာထိုင်ခင်း ပေးပြီးနောက် ကိစ္စကို မေးမြန်းရာ ဦးစံရှားလည်း လွန်ခဲ့သည့်နှစ် တော်သလင်းလအတွင်း မန္တလေးမြို့မှ ရန်ကုန်သို့ ဆိုက်ကပ်သော စာပို့သင်္ဘောများ၏ စာရင်းနှင့်တကွ ယင်းသင်္ဘောပေါ်၌ လိုက်ပါလာသူ ဒုတိယတန်းခရီးသည်တို့၏ အမည်စာရင်းကို ကြည့်လိုကြောင်းနှင့် တောင်းခံလေသည်။

ကိုယ်စားလှယ်ကြီးကလည်း ထိုလအတွင်း စာပို့သင်္ဘောလေးစင်းမျှ ဆိုက်ကပ်သည် ဖြစ်၍ ယင်းတို့၏ အမည်နှင့်တကွ ပထမတန်း၊ ဒုတိယတန်း ခရီးသည်တို့၏ အမည်စာရင်းများကို ထုတ်၍ပြလေရာ ဦးစံရှားသည် ဒုတိယတန်းခရီးသည်တို့၏ စာရင်းကို ရှာဖွေသည်တွင် မခါတွန်နှင့် ခါလာဘီတို့သည် ၇၂၀ ါ အမည်ရှိ စာပို့သင်္ဘောနှင့် လိုက်ပါလာကြောင်းကို တွေ့ရှိရလေ၏။

ထို့နောက် ဦးစံရှားသည် သင်္ဘောအရာရှိတို့၏ အမည်စာရင်းကို ကြည့်ရှုပြန်ရာ ယင်းသင်္ဘော၌ ထိုအခါက လိုက်ပါသူ သင်္ဘောစာရေး မောင်စမန်အင်၏ အတ္တုပ္ပတ္တိကိုမေးမြန်းရာ မောင်စမန်အင်မှာ အသက် ၂၆ နှစ်ခန့်မျှရှိ၍ အမှုထမ်းရွက်သည်မှာ ၆ နှစ်ခန့်ရှိပြီ ဖြစ်ကြောင်း၊ ထိုသူငယ်မှာ အလုပ်ဝတ္တရားကို ကောင်းမွန် ကျေပွန်စွာ ဆောင်ရွက်သူတဦး ဖြစ်၍ မည်သည့်အခါမျှ ပြစ်တင်စကား ပြောကြားရဖူးသည် မရှိသောကြောင့် သင်္ဘောစာရေးတို့အနက် အကောင်းဆုံးသော စာရေးတယောက် ဖြစ်ကြောင်း၊ ယခုအခါ၌ ထိုစာရေးလေးမှာ 'ဟင်ဒူစတန်' သင်္ဘောပေါ်သို့ ပြောင်းရွှေ့ထားသည်ဖြစ်ရာ ထိုသင်္ဘောမှာလည်း မနက်ဖြန်ပင် ရန်ကုန်မှ ထွက်ခွာမည်ဖြစ်ကြောင်း၊ မောင်စမန်အင်မှာ ယခုအခါ ရန်ကုန်၌ ရှိသည်ဖြစ်၍ မကြာမီအတွင်း သင်္ဘောသို့ ဆင်းလာမည်ဖြစ်ကြောင်းဖြင့် ကိုယ်စားလှယ်ကြီးက ပြောဆိုလေလျှင် ဦးစံရှားသည် စာတစောင်ကိုရေး၍ မောင်စမန်အင် ရောက်လာသည့်အခါ ပေးအပ်ပါမည့် အကြောင်းနှင့် ပြောဆိုအပ်နှံ၍ ကိုယ်စားလှယ်ကြီးအားလည်း ကျေးဇူးတင်စကား ပြောကြားပြီးလျှင် မြင်းရထားနှင့် ပုလိပ်ဌာနသို့ မောင်းနှင်လာခဲ့လေ၏။

ပုလိပ်ဌာနသို့ ရောက်လျှင် ဦးစံရှားသည် မြင်းရထားကိုရပ်စေ၍ ဆင်းမည်ပြုပြီးမှ အကြံတခုရသည့်လက္ခဏာဖြင့် မဆင်းပဲ ဆက်လက်၍ မောင်းနှင်စေပြီးလျှင်—

"မတော်သေးပါဘူး ထင်ပါရဲ့လေ၊ ဝရမ်းထုတ်တာက မခက်ဘူး၊ နှုတ်ဖို့ဆိုတော့ အင်မတန်ခက်တယ်။ ဖမ်းသင့်မှ ဖမ်းမှ တော်မယ်ထင်ပါရဲ့။ ကြည့်ရအုံးမှာပဲ" ဟု ပြောဆိုယင်း မြင်းရထားသည် ကျွန်တော်တို့ နေထိုင်ရာဖြစ်သော လမ်းသို့ ဆိုက်ရောက်လေ၏။

---

ဟာတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ညနေခင်းအချိန်တွင် အင်စပက်တော် ကိုအုန်းဖေသည် တိုက်ပေါ်သို့ ပျာယီးပျာယာ တက်လာ၍—

ဖေ။ ။"ဆရာ စုန်းအဘော်များ တတ်တာ ဘယ်လောက် ကြာပြီလဲ။ ဟုတ်ပါရဲ့ ဆရာရယ်၊ ကျွန်တော်ဖြင့် အခါခါ ဆရာ့ကို ပယောဂဆရာလိုလို၊ မှော်ဆရာလိုလို အောက်မေ့မိတယ်။ ဝင်းတွင်းက ရေကန်အလယ်က ရွှံ့တွေထဲမှာ ခိုးရာပါ ပစ္စည်းများ ရှိတယ်ဆိုတာ ဆရာ ဘယ့်နှယ် သိသလဲ"

ရှား။ ။"ကျုပ် ထင်ချက်ပါပဲ။ အမှန်သိတာ မဟုတ်ပါဘူး"

ဖေ။ ။"ထင်ချက်ကလဲ တည့်ပါပေ့ ဆရာ၊ ဆရာက ရှာဖို့ စာရေးပြီး မှာခဲ့တဲ့အတိုင်း ကျွန်တော် ရှာလိုက်တာ တွေ့နေပြီ ဆရာရဲ့"

ရှား။ ။"ကောင်းပါလေရဲ့ဗျာ"

ဖေ။ ။"ဆရာက ကောင်းတာဟုတ်ရဲ့ ဆရာ၊ ကျွန်တော့်မှာတော့ ခုမှ အမှုက သာပြီး ရှုပ်ထွေးနေပြန်ပြီ။ လူကိုသတ်ပြီး ပစ္စည်းခိုးယူပြီးမှ ရတဲ့ပစ္စည်းကို ရေကန်ထဲ လွှင့်ပစ်ခဲ့တာ ဘယ့်နှယ်သူခိုးမျိုးလဲ ဆရာရဲ့"

ရှား။ ။"ဆန်းတော့ ဆန်းပေတာပဲဗျာ။ သို့သော် ခိုးယူစဉ်အခါက တကယ်မယူလိုပဲနဲ့ သူခိုးထင်အောင်လို့ သူခိုးယောင်ဆောင်ပြီး ယူလာခဲ့ရတဲ့ လူမှာတော့ ဒီရေကန်ဟာ တော်တော် ပစ်ချဖို့ ကောင်းတဲ့ ရေကန်လို့ ကျုပ်တွေးတယ်ဗျ"

ဖေ။ ။"မခိုးချင်ပဲနဲ့ ခိုးရတာလို့ ဆရာဘယ့်နှယ်ကြောင့် ထင်နိုင်သလဲ ဆရာ"

ရှား။ ။"ဒါတော့ ကျုပ်အတွေးကိုးဗျ။ တည့်ချင်တဲ့အခါလဲ တည့်တာပေါ့"

ဖေ။ ။"ဒီဟာများတော့လဲ တည့်ပဲ တည့်လွန်းလှတယ် ဆရာရယ်"

ရှား။ ။"ကျုပ်အတွေးတည့်တဲ့အတွက် ပစ္စည်းတွေ ခင်ဗျားရှာလို့ရယင် ခင်ဗျား နာမည်ကောင်းဖို့ပဲ မဟုတ်လားဗျ"

ဖေ။ ။"နာမည်ကောင်းတာက ကိစ္စမရှိပါဘူး ဆရာ၊ ဖိုးခေါင်တို့ သားအဖ သုံးယောက်ကို မနေ့ညကတည်းက ပျဉ်းမနားမြို့မှာ မိထားပြီတဲ့ ဆရာရဲ့။ ဒီတော့ ကျွန်တော်တို့ထင်တဲ့အတိုင်း သားအဖ သုံးယောက် ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး။ အထင်လွဲကုန်ပြန်ပြီ ဆရာရဲ့"

ရှား။ ။"ဖိုးခေါင်တို့ သားအဖ သုံးယောက် မဟုတ်ယင် ဒို့အပြင် သားအဖ သုံးယောက် ဖြစ်ကောင်းပါသေးဗျာ"

ဖေ။ ။"ဖြစ်တန်ကောင်းပါလေးရဲ့ ဆရာ ကဲ ကျွန်တော်သွားအုံးမယ် ဆရာရေ့"

ရှား။ ။"အရင်လိုလှချေကလားဗျ၊ ထမင်းစားသွားပါအုံးဗျာ"

ဖေ။ ။"မစားနိုင်ဘူး ဆရာရေ၊ ဒီအမှုက လွယ်သလိုလိုနဲ့ ခက်ပြီးနေတော့ ကျွန်တော် အင်မတန် အခံရခက်နေတယ်၊ မပေါ်ယင် မနေဘူး ဆရာရေ့"

ရှား။ ။"ပေါ်ပါလိမ့်မယ်ဗျာ၊ စိတ်ချပေါ့"

ကျွန်တော်နှင့် ဦးစံရှားတို့သည် ညစာ ထမင်း စားသောက်ကြပြီးနောက် ဦးစံရှားသည် ကုလားထိုင်၌ ပက်လက်လှန်ကာ ဆေးတံကို ဖွာယင်း အတန်ကြာ စိတ်ကူး၍ နေပြီးနောက်—

ရှား။ ။"ကိုသိန်းမောင်"

ကျွန်။ ။"ဗျာ"

ရှား။ ။"ကျုပ်တို့အမှုတော့ ပေါ်ချိန်တန်ပြီဗျို့"

ကျွန်။ ။"ဘယ်တော့လဲဗျာ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ခဏလေးနေယင် ပေါ်တော့မယ်။ ဒါထက် ကိုအုန်းဖေကို ကျုပ်က စကားကုန် မပြောတာ ဘယ့်နှယ်ထင်လဲ"

ကျွန်။ ။"ပြောဖို့ အချိန်မတန်သေးလို့ပဲလို့ ကျွန်တော် ထင်မိတယ်ဗျ"

ရှား။ ။"ဒါလဲ ဟုတ်ပါရဲ့။ သို့သော် ဒီလိုရှိတာကိုး ကိုသိန်းမောင်ရဲ့။ သူတို့ကတော့ အစိုးရ အမှုထမ်းဖြစ်တယ်။ ကျုပ်ကတော့ အစိုးရအမှုထမ်း မဟုတ်ဘူး။ သူတို့မှာတော့ လူဆိုးကို ဖမ်းမိတယ် ဆိုယင် ရုံးကို ပို့ရမယ်။ မပို့ယင် သစ္စာဖောက်ရာကျမယ်။ သူ့လခကို လိမ်ပြီးစားရာလဲကျမယ်။ ကျုပ်မှာ တော့ ရုံးကို ပို့ချင်မှ ပို့နိုင်တယ်။ ကျုပ်ကိုယ်တိုင် ပို့သင့် မပို့သင့်ကို ဆင်ခြင်ပြီးမှ ပို့သင့်မှ ကျုပ် ပို့နိုင်တာကိုး ကိုသိန်းမောင်ရဲ့။ အခု ဒီအမှုမှာလဲ ရှေးဦးစွာ ကျုပ်ဆင်ခြင်ဖို့ အမှုနဲ့ တူနေတယ်ဗျ"

ကျွန်။ ။"ဘယ်တော့ ဆင်ခြင်ရမှာလဲဗျာ"

ရှား။ ။"အခုပါပဲဗျာ၊ အခုပါပဲ။ ဟော အောက်က တက်လာတဲ့ ခြေသံဟာ ကျုပ်တို့လူနဲ့ပဲ တူတယ်"

ထိုသို့ စကားပြောဆိုနေကြသည့်အတွင်း လူတယောက်သည် လှေကားမှတက်လာ၍ ကျွန်တော်တို့ ရှိသော အခန်းသို့ ရောက်လျှင် အခန်းတံခါးကို အပြင်မှခေါက်လျက်ရှိသည်နှင့် ဦးစံရှားက "ဝင်ခဲ့လေ"ဟု ပြောလိုက်ရာ အလွန်တရာ ထွားကျိုင်းခန့်ညားလှ၍ 'မြန်မာဆင်ဒို' ဟု ခေါ်ဝေါ်လောက်အောင် ခွန်အားဗလနှင့် ပြည့်စုံဟန် လက္ခဏာရှိသော လူတယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

ထိုသူမှာ အသက် ၂၆ ခန့်မျှ ရှိသည်ဖြစ်ရာ အရုပ်အဆင်းမှာ လွန်မင်းစွာ ချောမောလှသည် မဟုတ် သော်လည်း အလွန်တရာ အဆင်ပြေလှသော မျက်နှာရှိလျက် မျက်လုံးပြူးပြူး၊ မျက်ခုံးတန်းတန်း၊ နှုတ်ခမ်းမွေး ရေးရေးသာရှိ၍ ကိုယ်လုံးကိုယ်ပေါက်မှာလည်း ထွားကျိုင်း ကြီးမားသည် မှန်သော်လည်း အလုံးအရုပ်မျှလျက် လွန်စွာ အချိုးအစားကျသည့်ပြင် ပေါ့ပါးဖျတ်လတ်သည့် အမူအရာလည်း ရှိပေ၏။

ထိုသူသည် အခန်းတွင်းသို့ ဝင်လာလျှင် ကျွန်တော်တို့ နှစ်ယောက်အား အကဲခတ်လျက်ရှိရာ ဦးစံရှားက ကုလားထိုင်တခုကို လက်ညှိုးညွှန်လျက်–

"ထိုင်လေ မောင်စမန်အင်၊ ကျုပ်စာကို ရတယ်မှတ်တယ်" ဟု ပြောသောအခါ ထိုသူသည် ကုလားထိုင်တွင် ထိုင်ပြီးနောက်–

အင်။ ။"ရပါတယ်ခင်ဗျာ၊ ရလို့ ခင်ဗျားမှာတဲ့ အချိန်မှာ ကျွန်တော် လာခဲ့ပါတယ်။ ကျွန်တော်လဲ တော်တော်ပါးပြီလို့ မှတ်တာ၊ ခင်ဗျားကိုတော့ မမီပေဘူးဗျာ။ ကိုင်း ကိုင်း၊ ကျွန်တော့်ကို ဘယ်လိုပြုမယ်ဆိုတာ သိပါရစေဗျာ။ မြန်မြန် အမိန့်ရှိပါ"

ရှား။ ။"ဆေးလိပ်သောက်ပါအုံးလေ မောင်စမန်အင်၊ ဖြည်းဖြည်းပေါ့။ အရင်မလိုပါနဲ့ မောင်။ မောင့်ကို သာမည လူဆိုးတယောက်လို့ ကျုပ် ထင်မှတ်ခဲ့လို့ရှိယင် ဆေးလိပ်တွေ ဘာတွေ ကျုပ် တည်မနေပါဘူး။ ကိုင်း ကိုင်း၊ ကျုပ်ကို ဟုတ်တိုင်းမှန်ရာ ပြောပြစမ်းပါအုံး။ သို့သော် သတိ ထားနော်၊ မှန်မှန်ပြောမှ ကျုပ်ကြိုက်တယ်။ မှန်မှန်ပြောယင် ကောင်းတယ်။ မှန်မှန်မပြောယင် မောင် ဒုက္ခရောက်ပြီပဲ မှတ်တော့"

အင်။ ။"ဘယ်အကြောင်းလဲ ခင်ဗျာ"

ရှား။ ။"မနေ့ညက အကြောင်းပေါ့မောင်၊ မနေ့ညက ကာမရှုတ် 'မေဗျိုလာ'ဆိုတဲ့ အိမ်မှာ ဖြစ်ပျက်တဲ့အကြောင်းကို အလုံးစုံ ကျုပ် သိချင်တယ်။ သို့သော် ကျုပ် သတိပေးလိုက်မယ်နော်။ မှန်တာကို



www.burmeseclassic.com

www.burmeseclassic.com


တသဝေမှ မတိမ်းစေနဲ့။ ကျုပ်လဲ သိတန်သလောက် သိပြီးဖြစ်လေတော့ မှန်မှန်ပြောတယ် မပြောဘူး ဆိုတာ ကျုပ်သိနိုင်တယ်။ ကိုင်း ပြောစမ်း''

မောင်စမန်အင်သည် ဦးစံရွှေ ပြောစကားများကို အတန်ကြာအောင် စဉ်းစား တွေဝေနေပြီး နောက်—

''ကိုင်း ဖြစ်ချင်တာဖြစ်၊ ကျုပ် ပြောပါတော့မယ်''ဟု ဆိုကာ အောက်ပါ အဖြစ်အပျက်များကို ပြန်ပြောင်း ပြောဆိုလေသည်။

''ခင်ဗျားကို ကြည့်ရတာ ဂုဏ်သရေရှိ လူကြီးလူကောင်းနဲ့ တူတယ်။ ပြောပြီး စကားများကို ဖျက်မယ့်လူမျိုးလဲ ဟုတ်ပုံမရဘူး။ဒီတော့ ကျွန်တော်မှန်နိုင်တဲ့အတိုင်း အစမှအဆုံးတိုင် ပြောပါတော့မယ်ဗျာ။

''သို့သော် ဒီလိုရှိတယ်။ ကျွန်တော့်အတွက် ဆိုလို့ဖြင့် ဘာကိုမှ ကြောက်ရွံ့ခြင်းမရှိ၊ စိုးရိမ်ခြင်းလဲ စိုးစဉ်းမျှ မရှိပါဘူးဗျာ။ အမှန်ပြောရမှာဖြင့် ဒီလူမျိုးကို နောက်ထပ် ၁၀ ယောက်လုံး ကျွန်တော် ဒီလို လုပ်မှာချည်းပဲ။ ပြုမိလေခြင်း၊ ဖြစ်ရလေခြင်းလို့များ လားလားမျှ ကျွန်တော် မအောက်မေ့ဘူး။ သို့သော် ကန်ထရိုက် ကတော်၊ အဲလေ မခါတွန် အတွက်ကြောင့်သာ ကျွန်တော် ပူပန်မိပါတယ်။

''ဒီ အဲကောင်ကြီးမျိုးကို သတ်ရလို့တော့ ၁၀ ကောင် သတ်ရပါစေ၊ သူ့သတ်လို့ ကျွန်တော် သေရမယ်ဆိုယင် ၁၀ သက် သေပါစေ၊ မကြောက်ပါဘူး။ သို့သော် ကျွန်တော့်ကို အကြောင်းပြုပြီး မခါတွန် ဒုက္ခရောက်ရှာမှာကိုသာ ကျွန်တော် ပူပန်မိပါတယ်။

''ကိုင်း ကိုင်း၊ အစမှအဆုံးတိုင် နားထောင်ကြပါ ခင်ဗျာ။ နားထောင်ပြီး ကျွန်တော် ဆိုး မဆိုးကို ချင့်ချိန်တော်မူကြပါ။ ဒီလိုပါ ခင်ဗျာ။ ကျွန်တော်က မနှစ်က 'ဂျာဝါ' ဆိုတဲ့ စာပို့ သင်္ဘောကြီးမှာ သင်္ဘောစာရေးလုပ်နေတုန်း ပခုက္ကူကနေ မခါတွန်နဲ့ ခါလာဘီတို့ တက်ပြီး စီးနင်းလိုက်ပါခဲ့ကြပါတယ်။

''သူတို့လဲ သင်္ဘောပေါ် ရောက်လို့ကုန်းတောင်နုတ်ပြီးပါရော မခါတွန်ရဲ့ လက်ဆွဲသားရေအိတ်က ကုန်းပေါ်မှာ မေ့ပြီး ကျန်ရစ်ပါရောခင်ဗျ။ ကျန်ရစ်လေတော့ လုပ်ကြပါအုံး၊ ရပ်ကြပါအုံးနဲ့ ခါလာဘီကြီးက အော်နေလေတော့ ကျွန်တော်က သနားတာနဲ့ ခရာသီကုလားတယောက်ကို ပိုက်ဆံကလေး နည်းနည်းပေး၊ ရေထဲခုန်ချပြီး သားရေအိတ်ကိုကူးယူဖို့ ခိုင်းပေးတာနဲ့ ကျွန်တော့်ကို ကျေးဇူးတင်ပြီး မိတ်ဆွေ ဖြစ်လာကြတာကိုး ခင်ဗျ။

''သူတို့ကလဲ ဒုတိယတန်းအခန်းက စီးလေတော့ ကျွန်တော်လဲ အလုပ်နည်းနည်းအားတဲ့အခါမှာ သင်္ဘောပဲ့ပိုင်း သွားသွားပြီး စကားစမြည် ပြောယင်းဆိုယင်းနဲ့ လူချင်းရင်းပြီး အဒေါ်ကြီးကလဲ ကျွန်တော့်ကို တူကလေးလို၊ မခါတွန်ကလဲ မောင်လို ချစ်ခင်ပြီး လာကြတာကိုး ခင်ဗျ။

''ကျွန်တော်ကတော့ အမှန်ပြောရမှာဖြင့် မြင်ကတည်းကစပြီး ချစ်ခင်စုံမက်ခဲ့တာ မှန်ပါတယ် ခင်ဗျာ။ သို့သော် မခါတွန်ရဲ့ မျက်နှာထားမျိုးက တော်တော့်လူ ချစ်ကြိုက်စကား ပြောဝံ့တဲ့ မျက်နှာ ထားမျိုး မဟုတ်ပဲဟာကိုးခင်ဗျ။

''ကျွန်တော်လဲ တနေ့ထက် တနေ့ အကျွမ်းဝင်သည်ထက် ဝင်လာလေလေ၊ သူ့အပေါ် မေတ္တာပိုပြီး သက်ဝင်လေလေ၊ မေတ္တာသက်ဝင်ကြောင်းကို ဖွင့်ပြီးပြောဖို့ ခဲယဉ်းလေလေ ဖြစ်တော့တာကိုး ခင်ဗျ။ ဒီလိုနဲ့ ၃–၄ ရက်ကြာလို့ ရန်ကုန်ကိုသာ ရောက်ပါရောခင်ဗျာ၊ ပြောကို မပြောလိုက်ရဘူး။

''ရန်ကုန်ကို ရောက်ပြန်တော့လဲ သူတို့ ဘယ်အရပ်မှာ တည်းခိုမယ် ဆိုတာ သူတို့ ကိုယ်တိုင်ကလဲ ကောင်းကောင်းမသိ၊ သူတို့ ဒေါ်ဒေါ်များက လာပြီး မော်တော်ကားနဲ့ ကြိုသွားလေတော့ ကျွန်တော့်မှာ သင်္ဘောပေါ်က ငေးပြီး ကျန်ရစ်တော့တာပါပဲ ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လဲ မန္တလေးနဲ့ ရန်ကုန်သွား သင်္ဘောမှာ လိုက်ရလေတော့ ရန်ကုန်ကို ခဏခဏ ရောက်ပါရဲ့။ ရောက်လို ရောက်တဲ့အခါတိုင်း သူတို့အကြောင်းကို စုံစမ်းသော်လဲ လုံးလုံး သတင်းမရဘူးခင်ဗျ။

"ဒီလိုနဲ့ တခေါက်ထက်တခေါက်၊ တလထက်တလသာ ကြာကြာပြီး လာခဲ့ရ၊ လွန်ခဲ့တဲ့ နှစ်လလောက်ကမှ သိမ်ကြီးဈေးနားမှာ ခါလာဘီကြီးနဲ့ အခန့်သင့်တွေ့လို့ မေးကြည့်တော့ မခါတွန်လဲ ကန်ထရိုက် ဘာဘူကြီးနဲ့ရတာ ၄-၅-၁၀ လလောက် ရှိသွားပြီတဲ့။ ပစ္စည်းဥစ္စာမှာလဲ ဆိုဖွယ်ရာမရှိအောင် ချမ်းသာတယ်တဲ့။ ကြားရတော့ ကျွန်တော့်မှာ ကျွန်တော့်အတွက် ဝမ်းနည်းပက်လက် ဖြစ်ရရိုးမှန်သော်လဲ ကိုယ်ချစ်ခင်စုံမက်တဲ့ မိန်းကလေးတဦးတယောက် ချမ်းချမ်းသာသာနဲ့ တင့်တင့်တယ်တယ် နေနိုင် ထိုင်နိုင်တယ်ဆိုတာ သိရယင် သူ့အတွက် ဝမ်းသာမိပါရဲ့ ခင်ဗျာ။

"အမှန်ပါပဲ။ ကိုယ်နဲ့လွဲတာ လွဲပါစေတော့၊ ကိုယ့်ထက်သာတဲ့လူနဲ့ရလို့ သူ့မှာ ချမ်းသာသွားတယ် ဆိုယင်ဖြင့် ကျွန်တော် ကျေနပ်ပါရော ခင်ဗျာ။

"ဒါနဲ့ သူများလို ခဲလေသမျှ သဲရေကျတွေ ဘာတွေ မအောက်မေ့ပဲ ကိုယ့်အချစ် ကိုယ်မျိုသိပ်ပြီး ဒီအကြောင်း မစဉ်းစားပဲနဲ့ သင်္ဘောလိုက်ပြီးနေခဲ့၊ နောက်တခေါက် ရန်ကုန် ပြန်ရောက်တော့ ကွမ်းခြံဘူတာမှာ ခါလာဘီကြီးနဲ့ တခါ ပြန်တွေ့ပြန်ရော ခင်ဗျာ။

"ဒီတခါတော့မှ ခါလာဘီကြီးက မီးရထားစောင့်ယင်း မခါတွန်ကလေး ညှဉ်းပန်း နှိပ်စက်ခြင်း ခံနေရတာတွေ၊ အကြိမ်းအမောင်း ခံရတာတွေ၊ အရိုက်အနှက် ခံရတာတွေ အကုန်ပြန်ပြီး ပြောပြတာကိုး ခင်ဗျ။ ပြောပြတာကြားရတော့ ကိုယ်ကဖြင့် အသက်တမျှ အမြတ်တနိုး ချစ်ခင်စုံမက်နေတဲ့ မိန်းကလေး တဦးတယောက်ကို ဘာမဟုတ်တဲ့ အရက်သမား ဘာဘူစုတ်တယောက်က ငွေဂုဏ်ရောက် ငေါက်လား ငန်းလား၊ ရိုက်လား နှက်လားနဲ့ သွေးထွက်သံယို ဖြစ်အောင် နှိပ်စက်နေတယ်ဆိုတော့ ဘာပြော ကောင်းမလဲ ခင်ဗျာ။ ကျွန်တော့်မှာ အသားဆတ်ဆတ်တုန်ပြီး သွေးများပွက်ပွက်ဆူလုမတတ် ဖြစ်သွားတာပဲ။

"ဒါနဲ့ ကျွန်တော်လဲ ခါလာဘီကြီးနဲ့ အလည်လိုက်ပြီးသွားတော့ လင်မယား နှစ်ယောက်စလုံးပဲ ကျွန်တော် တွေ့ခဲ့ပါရဲ့။ တွေ့တော့ ငနဲကြီးက ကျွန်တော့်ကို မျက်စောင်းတထိုးထိုးနဲ့ မာန်လုပ်ပြီးနေတာကိုး ခင်ဗျ။ သူက မာန်လုပ်ပေမယ့် ကျွန်တော်ကတော့ ခပ်အေးအေးပဲ မေးစရာရှိတာ မေး၊ ပြောစရာ ရှိတာ ပြော။ ၁၀ မိနစ်လောက် ထိုင်ပြီး ကျွန်တော်လဲ ပြန်ခဲ့ပါရော ခင်ဗျာ။

"နောက်တနေ့တော့လဲ တခါ သင်္ဘော မထွက်သေးတာနဲ့ ကမာရွတ်ကိုသွားပြီး လည်ပြန်တော့ ဘာဘူကြီးမရှိခိုက် ကြုံနေတာကိုးခင်ဗျ။ ကျွန်တော်လဲ အမှန် ပြောရမှာဖြင့်ခင်ဗျာ၊ အပျိုစဉ်အခါက ဘယ်လိုပင် ချစ်ခင်စုံမက်ခဲ့သော်လဲ သူ့မှာ လင်နဲ့ သားနဲ့မို့ မတော်တဲ့စကားမျိုးကို ကျွန်တော် မပြောပါဘူး။ မိတ်ဖြစ် ဆွေဖြစ် စကားများလောက်ကိုသာ ကျွန်တော်တို့ ပြောကြပါတယ်။ နောက်ပြီး သွားခါနီးကျတော့မှ မခါတွန်က သူ့ကို ချစ်ခင်စုံမက်ရိုး မှန်ခဲ့လို့ရှိယင် သူ့အိမ်ကို နောက်နောင် ဘယ်အခါမှ မလာခဲ့ဖို့ အကြောင်း တောင်းပန်ပြီး လွှတ်လိုက်တာကိုး ခင်ဗျာ။

"ကျွန်တော်လဲ သူက မလာစေချင်တာကို မလာပါဘူးလို့ အောက်မေ့ပြီး နောက်ဆုံးအကြိမ် နှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။ မနေ့ကတော့ မန္တလေးက သင်္ဘောဆိုက်ပြီး လာတော့ ကျွန်တော့်စိတ်ထဲ ဘယ့်နှယ်ဖြစ်ဘယ် မဆိုနိုင်ပါဘူးခင်ဗျာ။ ဘာဘူကြီးကို မုန်းတဲ့နတ်များက ကျွန်တော့်ကို တိုက်တွန်းလို့ ထင်ပါရဲ့၊ မခါတွန်မျက်နှာကိုလဲ မမြင်ရ မနေနိုင်လောက်အောင် ဖြစ်နေတော့တာကိုးခင်ဗျ။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျွန်တော် သဘောဆိုက်လို့ အလုပ်ရှင်းလင်းပြီး ညတွင်းချင်း ကမာရွတ်ကို လော်ကယ် ရထားနဲ့ လိုက်သွားတာကိုး ခင်ဗျ။ လိုက်သွားစဉ်အခါကတော့ ကျွန်တော့်စိတ်ကူးက ဘယ်လိုလဲဆိုတော့ မခါတွန် မျက်နှာကို အိမ်ပြင်က ဖြစ်စေ နေပြီး မြင်ရယင် တော်ပြီလို့ အောက်မေ့ပြီး ချောင်းကြည့်ဖို့ လောက် စိတ်ကူးနဲ့ ကျွန်တော် လာခဲ့ခြင်း ဖြစ်ပါတယ်။

"ဒါနဲ့ ကမာရွတ်ဘူတာ ရောက်ပြီး သူတို့အိမ်ရောက်တော့ အိမ်အောက်မှာ မခါတွန်တယောက် တည်း မီးခွက်နဲ့ စာဖတ်နေတာကို ကျွန်တော် အပြင်ဘက်ကနေပြီး မြင်တာကိုး ခင်ဗျ။ ဒီတော့ ကျွန်တော်က မှန်ပြတင်းပေါက်ကို အပြင်ကနေပြီး တုတ်ကလေးနဲ့ ခြစ်တာကိုး ခင်ဗျ။ ခြစ်သံကို ကြားကြားချင်း မခါတွန်က စာဖတ်ရာက မော့ကြည့်ပြီး မှန်ပြတင်းက ကျွန်တော့်မျက်နှာကို မြင်လို့ ကျွန်တော်မှန်း သိ တာနဲ့ ခေါင်းယမ်းပြီး လက်ပြတာကိုး ခင်ဗျ။

"ကျွန်တော်လဲ ဒီလောက် အပင်ပန်းခံပြီး လာခဲ့လို့ ဒီလောက် အခွင့်သာနေတာကို တွေ့လျက်နဲ့ စကား တခွန်းမှ မပြောရ မပြန်ဘူးလို့ အောက်မေ့ပြီး မဖွင့်မချင်း ခြစ်နေလေတော့ မခါတွန်က တံခါး ကို ထဖွင့်တာကိုး ခင်ဗျ။ ကျွန်တော်လဲ စားပွဲခန်းထဲ ဝင်လာပြီး မခါတွန် ကိုယ်တိုင်က နှိပ်စက် ညှဉ်းပန်း ခံရတာတွေကို ပြောပြီးနောက် ဒီကနေ့ပဲ ဆေးလိပ်မီးနဲ့ လက်မောင်းကို ထိုးတဲ့ ဒဏ်ရာများကို ပြတော့ ကျွန်တော်မှာ ဘာဘူကြီး အသားကို အစိမ်းများ ဝါးပြီး စားချင်သလိုလို ဖြစ်ပြီးနေတုန်းမှာပဲ ဖြုန်းကနဲ ဆို ဘာဘူကြီးကိုယ်တိုင် သံတုတ်ကြီးကိုင်ပြီး အခန်းထဲ ဝင်လာတယ်။ 'ခွေးမသား၊ နင် သေပေတော့' ဆိုတဲ့ပြီး ကျွန်တော့်ကို သံတုတ်နဲ့ ချတာကိုး ခင်ဗျ။ ချတုန်းကတော့ ခေါင်းကို ချလိုက်တာပါပဲ။ သို့သော် ကျွန်တော်က ရှောင်လိုက်တာနဲ့ ပခုံးကို ထိသွားတယ်။ ကြည့်ပါ ခင်ဗျာ၊ သူ့ ဒဏ်ရာ"ဟု ပြော၍ မောင်စမန်အင်သည် အင်္ကျီ ကြယ်သီးများကို ဖြုတ်ပြီးနောက် သပြေသီးမှည့်ကဲ့သို့ ရှိနေသော ပခုံးမှ ဒဏ်ရာကို ပြလေ၏။

ထို့နောက် တဖန် ဆက်လက်၍ ပြောပြန်သည်မှာ—

"ကျွန်တော့် ဗလမျိုးမို့လို့သာ ခံနိုင်ပါတော့တယ် ခင်ဗျာ၊ တော်တော့ လူဖြင့် ဒီတချက်တည်းနဲ့ပဲ တုံးကနဲ နေသောက်ပါရဲ့။ ဒီတော့ ကျွန်တော်က နဂိုက သူ့ကိုစိတ်ပေါက်နေတဲ့ အတွင်း ကိုယ့်ကို တချက် စပ်စပ်ထိပြန်တော့ သူသေသေ ကိုယ်သေသေ ဆိုပြီး အတင်းဝင်ပြီးလုံး၊ လုံးတော့ သူ့လက်က သံတုတ်ကို ချပါရော ခင်ဗျာ။

"ဒီတော့ သူက လက်နက်မရှိလို့ စားပွဲ အံထိုးထဲမှာ ထားတဲ့ မောင်းချခားကြီးကို ဆွဲထုတ်ပြီး ကျွန်တော့်ဆီကို အတင်းဝင်ပြန်တာကိုး ခင်ဗျ။ ဒီတော့ ကျွန်တော်က သံတုတ်ကို မြှောက်တဲ့ပြီး တအား ချလိုက်တာ သူ့ခေါင်းဟည့်တည့်ကြီး ထိပြီး အော်တောင် မအော်နိုင်ပဲ တုံးကနဲ တခါတည်း ပွဲချင်းပြီး ရှာပါရော ခင်ဗျာ။ ကိုင်း ဒါပါပဲခင်ဗျာ။ ကျွန်တော့်သတ်တာ အမှန်ပါပဲ။ သတ်မိတဲ့အတွက် ကျွန်တော်ဖြင့် နည်းနည်းမှ ဝမ်းမနည်းပါဘူး ခင်ဗျာ"

ရှား။ ။"နောက်ပြီးတော့ကောဗျာ"

အင်။ ။"ဘာဘူကြီးလဲ သေရော၊ ခါလာဘီကြီးလဲ ဆင်းလာပါရောခင်ဗျာ။ ခါလာဘီ ဆင်း လာတော့ မခါတွန်မှာ ကြောက်အားကြီးပြီး တက်တော့မယ်လို ဖြစ်နေလို့ ဘာဘူကြီးသောက်တဲ့ အရက် ချို တပုလင်းကို ဖွင့်ငှဲပြီး ပါးစပ်ထဲ နည်းနည်း လောင်းထည့်ရတာကိုး ခင်ဗျ။ ကျွန်တော်လဲ နည်းနည်း လောက် သောက်မိပါရဲ့။ ခါလာဘီကြီးကဖြင့် ခင်ဗျာ နည်းနည်းမှ တုန်လှုပ်ပုံ မရဘူး။

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"ဒါနဲ့ ကျွန်တော်နဲ့ ခါလာဘီနဲ့ နှစ်ယောက် တိုင်ပင်ပြီး သူခိုးများ လက်ချက်ထင်အောင် စီမံကြတာကိုး ခင်ဗျ။ ဒီတော့မှ ခါလာဘီကလဲ မခါတွန်ကို အကြံအစည်များ ပြောပြနေတုန်း ကျွန်တော်က ခေါင်းလောင်းကကြိုး တက်ပြီးဖြတ်၊ ဖြတ်ပြီး ပွန်းပြတ် ပြတ်တာနဲ့ တူအောင် အစကို ပွန်းအောင်လုပ်။ ဘာကြောင့်လဲဆိုတော့ သာမည လူဟာ ဘယ်နည်းနဲ့မှ ခေါင်းလောင်းကြိုးကို မီအောင် တိုင်ကပ် မီးအိမ်ထားနေပြီး မလှိုးနိုင်ဘူးခင်ဗျ။

"ကျွန်တော်က အားကစားခဲ့တဲ့ လူမို့လို့ တက်ပြီး လှီးနိုင်တာကိုးခင်ဗျ။ ခေါင်းလောင်းကြိုး လှီးဖြတ်ပြီး မခါတွန်ကို ကုလားထိုင်မှာ တုပ်ပြီး ဇွန်းကလေး၊ ခက်ရင်းကလေးများကို အဝတ်နဲ့ ထုပ်၊ ထုပ်ပြီး အင်းစိန်က ရထားလာပြီးမှ အော်ကြဖို့ မှာခဲ့ပြီး ထွက်လာခဲ့တာကိုး ခင်ဗျ။ ဝင်းထဲရောက်တော့ ဇွန်းထုပ်ကလေးကို ရေကန်ထဲ ပစ်ချပြီး ဘူတာရုံကြီးသွား၊ ရထားလာတော့မှ ရထားနဲ့ ရန်ကုန် ပြန်ခဲ့တာကိုး ခင်ဗျ။ ကိုင်း ဒါပါပဲခင်ဗျာ"

ရှား။ ။"ကိုက်ပါရဲ့၊ ကိုက်ပါရဲ့။ ကျုပ်တွေးတဲ့အတိုင်းပါပဲ။ မခါတွန်ကို ချည်နှောင်တဲ့ကြိုး ထုံးပုံက သာမည ကြိုးထုံးပုံ မဟုတ်ဘူးဗျ။ ဆလင်ထုံးလို့ ခေါ်တယ်။ သင်္ဘောက ဆလင်များမှ ထုံးတတ်တယ်။ ပြီးတော့ မခါတွန်တို့က သတ်တဲ့ လူကို ဖုံးဖိလိုပုံကို ထောက်တော့ ကေနဲ့ သူနဲ့ ချစ်ဖူး ကြိုက်ဖူးတဲ့ မိမိနဲ့ ဂုဏ်ရည်တူ သင်္ဘောက လူတယောက်ပဲလို့ ကျုပ်တွေးမိတယ်။

"ပြီးတော့ သူတို့ကလဲ အထက်အရပ်က သင်္ဘောကို တကြိမ်တည်း စီးပြီး လာဖူးကြောင်း ပြောသံ ကြားရတော့ အမှန်မုချ သင်္ဘောက လူနဲ့တွေ့ယင် ဒီအခါက တွေ့ရလိမ့်မယ်လို့ ကျုပ် တွေးမိတယ်။ သင်္ဘောက လူဆိုယင် ဘယ်လိုထဲကလဲတဲ့၊ တွေးဖို့ရှိပြန်တယ်။ အမှန်မုချ ခရာသီလို၊ဆလင်လို၊ အောက်တန်းစားထဲက မဟုတ်နိုင်ပါဘူး။ ဒီလိုဟာမျိုးကို မခါတွန်က မုချ ချစ်ကြိုက်မယ် မထင်ဘူး

"ဒီတော့ ဘယ်သူရှိသလဲ။ သင်္ဘောစာရေးပဲ ရှိတာပဲ။ ဒါနဲ့ ရေဝတီတိုက်ကိုသွားပြီး စာရင်းကို လှန်ပြီး ကြည့်တော့ မခါတွန်ကလဲ ဇေဒဘာရီ၊ ဟိုအပတ် သင်္ဘောစာရေးကလဲ မောင်စမန်အင်၊ ဒီတော့ ကျုပ်ဖြင့် အတပ်လောက် စွပ်စွဲဝံ့တော့တာပဲ။ စွပ်စွဲတဲ့အတိုင်းလဲ တည့်ရဲ့ မဟုတ်လားဗျာ ကိုသိန်းမောင်"

ကျွန်။ ။"တည့်ပါပေ့ဗျာ"

BURMESE CLASSIC .com

အင်။ ။"ကိုင်း ဒါထက် ကျွန်တော့်ကို ဘယ့်နှယ်လုပ်ကြမလဲ"

ရှား။ ။"ကျုပ် တတ်နိုင်သလောက် ပြောရမှာဖြင့် မောင်စမန်အင်ကို ထွက်ပြေးဖို့ ၃ ရက် ခွင့် ပေးရမှာပေါ့"

အင်။ ။"၃ ရက်စေ့တော့ ပုလိပ်ကို တိုင်မယ်ပေါ့လေ"

ရှား။ ။"ဒါပေါ့"

အင်။ ။(စိတ်ဆိုးသော မျက်နှာထားဖြင့် ထိုင်ရာမှ ထ၍) "ဘာလုပ်ဖို့လဲဗျ။ ခင်ဗျား ခွင့်ပေးတာ ကျုပ်ကို ထွက်ပြေးဖို့ ခွင့်ပေးပေမယ့် မခါတွန်ကို အကြံတူ ညာဏ်တူဆိုပြီး ပုလိပ်က ဖမ်းပြီး ချုပ်မှာပေါ့ဗျ။ ကိုင်းဗျာ၊ စကား ရှည်မနေပါနဲ့၊ ပုလိပ်လက်ပို့မှာဖြင့် ခုချက်ချင်း ပို့ပါတော့။ ၃ ရက်တွေ ဘာတွေ ခွင့်ပေးမနေပါနဲ့"ဟု ပြောလေလျှင် ဦးစံရှားသည် အားရသော အမူအရာဖြင့် ထိုင်ရာမှ ထ၍ မောင်စမန်အင်၏ ပခုံးကို လက်နှင့် ပုတ်ပြီးလျှင်—

ရှား။ ။"မောင့်အကဲ စမ်းတာပါ မောင်ရယ်၊ တကယ်မလုပ်ပါဘူး။ ကိုင်း ကိုင်း ပုလိပ်ဘာသာ ပုလိပ်သိလို့ရှိယင် သိပါစေတော့။ ကျုပ် ပယောဂကြောင့်ဖြင့် မသိစေရပါဘူး။ မောင့်ကို ကျုပ်တို့ ရှီးတွင်ပဲ

www.burmeseclassic.com



စီစဉ်လိုက်ရမှာပေါ့။ ကိုင်း မောင်စမန်အင်ဆာ တရားခံ၊ ကိုသိန်းမောင်က ဂျူရီလူကြီး၊ ကျုပ်က တရားသူကြီး ဆိုကြစို့ရဲ့။ ဘယ့်နှယ်လဲ ဂျူရီလူကြီးမင်း၊ တရားခံသည် အပြစ်ရှိပါသလော၊ အပြစ်မရှိပါသလော''

ကျွန်။　။''အပြစ်မရှိကြောင်းပါ ခင်ဗျာ''

ရှား။　။''ကိုင်း ဒါဖြင့် လွတ်စေဗျား''

× × ×

နောက် ၆ လခန့်မျှ ကြာရှိသောအခါတွင် မောင်စမန်အင်နှင့် မခါတွန်တို့ လက်ထပ်မင်္ဂလာဆောင်နှင်းကြကြောင်း ကြားသိရပြီးနောက် ဦးစံရှားထံသို့လည်း ကျေးဇူးတင်သည့် စာတစောင်ရေးသား ပေးပို့လိုက်သည်ကို တွေ့ရှိရပေသတည်း။

ဒုတိယအကြိမ်

www.burmeseclassic.com